www.burmeseclassic.com



# နေနွယ်ဇင်မြင့်

ဖွဲ့ရစ်သိုင်းခြုံထားတတ်လေသည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# နေနွယ်ဇင်မြင့်

# ဖွဲ့ရစ်သိုင်းခြုံတတ်လေသည်

(ဒုတိယအကြိမ်)


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

BURMESE CLASSIC .com

"ကဲ ... အရမ်းလှသွားပြီ"

ထိုက်က သူ့ဝသီအတိုင်း လှိုက်လှဲစွာပြောချလိုက်သည်။

နေချိုနုနုဆိုသည့် သရုပ်ဆောင် မင်းသမီးလေး၊ ကြော်ငြာအလှမယ်လေးကို မျက်နှာအလှ၊ ဆံပင်အလှ ပြင်ဆင်ပေးပြီးတိုင်း၊ သူ့ စိတ်တိုင်းကျသွားပြီဆိုတိုင်း လက်နှစ်ဖက်မြှောက်၍ လှိုက်လှိုက်လှဲလှဲကလေး ပြောတတ်သည်။ အဲသည်လိုပြောပြီးပြီ ဆိုလျှင် နောက်ထပ် တို့ဖတ်တစ်ချက် ရိုက်ဖို့မလို၊ ဆံနွယ်လေး တစ်ခွေ ပြင်ဖို့မလိုတော့အောင် လှပကြော့ရှင်း သပ်ရပ်ခိုင်မြဲသွားရပြီဖြစ်ပါ၏။

"လှလိုက်တာမှ အရမ်း အရမ်းကိုလှတာပါပဲရှင်"

"ထိုက် တော်လို့ပါ"

"နဂိုရှိလို့ နကိုင်းတွေ ထွက်ချင်တိုင်း ဖြာထွက်နေတာပါနော်"

www.burmeseclassic.com

www.burmeseclassic.com



အလှဖန်တီးရှင်တွေ နာမည်ကြီးပြီဆိုလျှင် မိန်းမလျှာထဲက ဖြစ်နေတတ်ကာများ၏။ ထိုက်တစ်ယောက်သာလျှင် နာမည်ကလေးဖောက်ထွက်လာသည့် မိန်းမသားစစ်စစ်ဖြစ်သည်။ သို့ပေမဲ့ ထိုက်ခမျာ သူ့စန်းကလေး ပွင့်ချင်သလောက်ပွင့်ခွင့်မသာခဲ့ရရှာပါ။ နေချိုနုနုနောက်ကို လျှောက်လိုက်နေရသည်။ နေချိုနုနု ရုပ်ရှင်ရိုက်ရာ၊ ဗီဒီယိုရိုက်ရာ၊ စီးပွားရေးကြော်ငြာရိုက်ရာ နေရာတွေ၊ ပြက္ခဒိန်ရိုက်သည့်အခါများ၊ ပြီးတော့ နေချိုနုနု တက်ရောက်ရသည့် ပွဲနေပွဲထိုင် အခမ်းအနားတွေအတွက် အလှဖန်တီးသူ ပညာရှင်အဖြစ် လိမ်းခြယ်ထုံးဖွဲ့ပေးရတာနှင့်ပဲ ထိုက်မှာ အချိန်ပိုဆိုတာ မရှိသလောက် ရှားသွားရသည်။

ထိုက်၏အနုပညာစွမ်းပကားတွေက နေချိုနုနုလေးတစ်ယောက်တည်းအတွက် သီးသန့်လိုဖြစ်နေရသည်မို့လည်း ထိုက်၏ အောင်မြင်မှုတွေနှောင့်နှေးတန့်နားနေရ၏။ ဒီအတွက် နေချိုနုနု အရမ်းအားနာနေရပါ၏။

"ထိုက်ရယ် ... ထိုက်ကို နေချို အရမ်းအားကိုးတာပါ၊ နေချို့အလှထဲမှာ ထိုက်မရှိလို့ မဖြစ်ဘူး"

နေချိုနုနုက အလှအပမျက်နှာလေးကို မှန်နှင့် နီးကပ်စွာ ရှေ့တိုးကြည့်လိုက်၊ နည်းနည်းပါးပါးခွာ၍ နောက်ဆုတ်ကြည့်လိုက်လုပ်ရင်း ကိုယ့်အလှကိုယ် ပီတိကျလျက်ရှိ၏။

"အလှထဲမှာ ထိုက်မရှိလို့ မဖြစ်ပေမယ့် ဘဝထဲမှာကျတော့ ကျော်မရှိလို့ မဖြစ်ဘူးလေ"

"အို ... သွား"



နေချိုနုနု ပါးပြင်မှာ သွေးကြောလေးတွေ လှုပ်ရှားသွားကြသည်။ မျက်နှာကလေး ဖျဉ်းခနဲပူ၏။ ရှက်စနိုးလေးခံစားရသည်။

'ကျော်'တဲ့။

နာမည်ရင်းက ကျော်တိုင်းကျော်။ သူ့အကြောင်းကိုတွေးတော့ ရှက်စနိုးလေး ပူဖျဉ်းဖျဉ်းလေး ခံစားရတာ မှန်ပေမယ့် ရင်ထဲမှာ ဝုန်းဒိုင်းကြဲအောင် သူ့အကြောင်းက စိတ်ဝင်စားဖွယ်သိပ်မရှိသည့် ရိုးရိုးစင်းစင်းဖြစ်ရပ်တွေပဲဖြစ်၏။

မိဘချင်း ရင်းနှီးသည်။ လူငယ်ချင်း ရင်းနှီးသည်။ ခင်မင်သည်။ အသက်ချင်းက မတိမ်းမယိမ်း။ ကျော်က ကျောင်းနေနောက်ကျ၍ အသက်နည်းနည်းပိုကြီးသည်။ ကျောင်းမှာ အတန်းတူတူမို့ စာကျက်လည်း အတူတူ။ နောက်တော့ ကျော့်မိဘတွေနယ်ပြောင်းသည်။ လူကြီးချင်း၊ လူငယ်ချင်း ဖုန်းတွေဆက်ကြ၊ စာတွေရေးကြ၊ သူတို့က ရန်ကုန်သို့ မကြာခဏရောက်သည်။ နေ့ချိုတို့ကတော့ နယ်ဘက်ခရီးသွားတာ ရှားသည်မို့ သူတို့ထံ သိပ်မရောက်ဖြစ်ခဲ့ပါ။ ဆယ်တန်းအတူတူအောင်တော့ နေချိုက စီးပွားရေးကြော်ငြာ သရုပ်ဆောင်အလှမယ်ကလေးအဖြစ်နှင့် အနုပညာလောကထဲကို စတင်ခြေချသည်။

ဖေဖေ ကွယ်လွန်ခဲ့တာလည်းပါ၏။ ဝန်ထမ်းမို့ ရာထူးဘယ်လောက်ကြီးကြီး လခဘယ်လောက်များများ မတော်မတရား လာဘ်မစားထားလျှင်ပင် ကိုယ့်ကျောထောက်နောက်ခံမရှိလျှင် ရာထူးကြီး ဖခင် ကွယ်လွန်ချိန်မှာ ကျန်ရစ်သူမိသားစု စီးပွားပျက်၊ အခြေအနေပျက်ကြရတာများ၏။ လခစားကျူသည်

www.burmeseclassic.com

www.burmeseclassic.com



လလည်းကုန် ငွေလည်းကုန် ဖြစ်တတ်မြဲလေ။ နေချိုတို့ ဖေဖေ ရာထူးကြောင့် နေခွင့်ရသည့်အိမ်က ဖယ်ပေးရပြီး နေဖို့ထိုင်ဖို့ တောင် ခက်သွားရသေးသည်။ စီးပွားရှာဖို့တာဝန်က နေချိုလေး ဦးခေါင်းထက်သို့ ကျလာသည်။ ကျော်တို့မိသားစုနှင့် ဖေဖေ့မိတ် ဆွေ ဘဘထွန်းက ကူညီခဲ့လို့သာ။

ဘဘထွန်းက အနုပညာဖြင့် စီးပွားဖြစ်ထွန်းနေ သည်။ ရုပ်ရှင်ကုမ္ပဏီရှိသည်။ ဗီဒီယိုကားတွေ ထုတ်လုပ်ဖြန့်ချိ သည့် ဒါရိုက်တာကြီးလည်းဖြစ်၏။ စီးပွားရေးကြော်ငြာတွေကို လည်း လက်ခံရိုက်ကူးပေးသည်။ ဘဘမှာ တူသား ဆွေမျိုးအုပ်စု ကလည်း တောင့်သည်မို့ ပွဲနေပွဲထိုင် မင်္ဂလာအခမ်းအနားမှတ် တမ်းတင် ဗီဒီယိုတွေလည်း လိုက်ရိုက်ပေးသေးသည်။ ထိုလုပ်ငန်း များမှာ အသုံးပြုဖို့ စက်ပစ္စည်းအားလုံးနှင့် စတူဒီယိုပါရှိသည်။ ဘဘသည် စီးပွားရေးတောင့်တင်းသည်။ အနုပညာလောကမှာ နာမည်ပျက်မရှိသော လူရှင်ရှိသေခံရသည့် အနုပညာသည်ကြီး လည်းဖြစ်သည်။

"ဘဘ ကျောထောက်နောက်ခံနဲ့ ဒီလောကထဲ ဝင်လာရင် ဘယ်သူကမှ စော်ကားမော်ကားမလုပ်ရဲဘူး၊ နှိမ်တာတွေ တွန်းတာတွေလည်း မလုပ်ရဲဘူး၊ သမီး ဝါသနာပါရင် ဒါကလည်း သမာအာဇီဝတစ်ခုပဲ"တဲ့။

နေချိုနုနုက မင်းသမီးဖြစ်ချိန်မှာ ကျော်က နိုင်ငံခြား သို့ထွက်ခဲ့သည်။ 'သမီးတောင်းမင်္ဂလာ'ကို ကျော် ထွက်မသွားခင် မှာကတည်းက နှစ်ဖက်မိဘတွေ မျက်နှာချင်းဆိုင်လျက် တိတ်ဆိတ် စွာ ကျင်းပဖြစ်ခဲ့၏။ သတင်းစာထဲ မထည့်ပေမယ့် နှစ်ဖက်ဆွေမျိုး



စု အနည်းအကျဉ်းလောက်ကိုသာ အသိပေးခဲ့ပေမယ့် ကျော်သည် နေချို့ဘဝခရီးမှာ အတူလျှောက်လှမ်းမည့် ခရီးဖော်ဆိုတာ သတ်မှတ် ပြီးဖြစ်သွားသည်။

"နေချို ငါ့ကိုကြိုက်ရဲ့လား"

ဘယ်လိုမှ ကဗျာမဆန်သည့် ကျော့်ဝါကျကို နေချို က ဟက်ဟက်ကလေး ရယ်မောပစ်ခဲ့သည်။

"နင့်လိုပဲ ရှိမှာပေါ့"

"ငါတော့ နည်းနည်းပါးပါးကြိုက်တယ်"

"အဲဒီလောက်ပဲ"

"ဒီလောက်ဆို တော်ပြီ"

ကျော်က တမင်မခံချင်အောင် ပြောသည်။

တစ်ယောက်က ခေါင်းထု၊ တစ်ယောက်က ဆံပင်ဆွဲ၊ အပြန်အလှန် နှိပ်ကွပ်ပစ်လိုက်ကြပြီးသည့်နောက်ပိုင်းမှာ စေ့စပ် ကြောင်းလမ်းခြင်း ခိုင်မြဲသွားခဲ့၏။ နေချိုနုနု အနုပညာလောကမှာ နည်းနည်းပါးပါး လူသိများလာသည်။ အထွတ်အထိပ်သို့မရောက် သေးပေမယ့် အောင်မြင်စပြုလာ၏။ နေချိုနုနုဆိုသည့် နာမည်က ပရိသတ်နှုတ်ဖျားမှာ ရေပန်းစားလာခဲ့သည်။ နေချိုနုနုတို့ စီးပွား ရေးအခြေအနေ ပြန်လည်ခိုင်မတ်လာသည်။ ခြံလေးသင့်ရုံ တစ် ကွက်နှင့် တစ်ထပ်ခွဲတိုက်လေးတစ်လုံး ပိုင်ပြီး၊ ကားလေးက တစ်စီး၊ လက်ဝတ်လက်စားကလေးတွေ ပြည့်ပြည့်စုံစုံဖြစ်လာသည်။

ကျော်က ကျောင်းတစ်ဖက်တက်ရင်း အလုပ်လည်း လုပ်၏။ ကျော်တို့ကျတော့ ကျောထောက်နောက်ခံရှိ၏။ ကျော့် ဖေဖေက နေချို့ဖေဖေလို ရာထူးကြီး လခစား မဟုတ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျော့်မေမေက သူဌေးသမီး။ အမွေတွေရထားသည်။ ကိုယ်ပိုင်ဝင်းနှင့် ခြံနှင့် ရောမတိုက်ကြီးနှင့် ကားကောင်းကြီးတို့ကို မူလကပင်ပိုင်ခဲ့၏။

"ကျော် ပို့တဲ့ပိုက်ဆံတွေကို အန်တီတို့ မသုံးဘူး၊ နေချို့အတွက် မြေတစ်ကွက်ဝယ်ထားတယ်၊ နည်းနည်းတောင်သေးနေလို့ သိပ်စိတ်တိုင်းကျတာ မဟုတ်သေးဘူး၊ ဖြည်းဖြည်းမှ ငွေလိုက်ပြီး အကြီးနဲ့လဲ ရမယ်"တဲ့။

ကျော်ပြန်လာချိန်မှာ ကျော့်မိဘတွေက ရန်ကုန်ထိဆင်းမကြိုနိုင်ခဲ့ပါ။ ကျော် ပြန်လာချိန်နီးခါမှ ကျော့်မေမေတော်တော်လေး နေမကောင်းဖြစ်သည်။ ဝမ်းကိုက်ပြီး အသည်းယောင်၏။ ဆေးဝါးအချိန်မီကုသနိုင်သည်မို့ စိုးရိမ်ဖွယ်မရှိသော်ငြား အိပ်ရာထဲမှာ ငြိမ်ငြိမ်လေး နားနေရမည်။ ခရီးမသွားရဟုဆရာဝန်ကြီးက မိန့်၏။ ကျော့်ဖေဖေကလည်း ရန်ကုန်သို့ ဆင်းမလာခဲ့ပါ။

"သမီးပဲ ကြိုပေးပါကွယ်၊ ရန်ကုန်မှာ တစ်ရက်လောက်ငနေချင်နေပါစေ၊ တစ်ရက်ထက်တော့ ပိုမနေခိုင်းနဲ့၊ အန်တီတွေ့ချင်လှပြီ၊ သားနဲ့ ခွဲနေရတာ သုံးနှစ်ကြီးများ"တဲ့။

နေချိုနုနုတောင် အဝေးသင်မှာ ဒုတိယနှစ်အောင်ခဲ့ပြီ။

"ငါပြန်လာပြီး လက်ထပ်ပြီးရင် နင် မင်းသမီးဆက်မလုပ်ရတော့ဘူး၊ ငါ့မိန်းမကို သူစိမ်းယောက်ျားဖက်နေတာ ငါက ကြည့်နိုင်တဲ့ကောင်မဟုတ်ဘူး၊ ဒါတော့ ပြတ်ပြတ်ပဲ"တဲ့။

ကျော်က ရာဇသံပစ်ထားသည်။ အဲသည်ကိစ္စတော့ အကြိတ်အနယ် ဆွေးနွေးမှုဖြစ်မည်။ မြေတောင်မြှောက်ပေးခဲ့သူ



ဘဘ၏သဘောထားကလည်း အရေးပါအရာရောက်သည်။ မေမေကတော့ အအေးလွန်အမျိုးသမီးကြီးမို့ အားလုံး၏ဆုံးဖြတ်ချက်သည် မေမေ့သဘောထားဖြစ်နေမှာသေချာ၏။

စင်စစ် ... နေချိုနုနု မင်းသမီးစလုပ်ကတည်းကိုက ကျော် သဘောမတူခဲ့ပါ။ ကျော့် မေမေကလည်း ကန့်ကွက်ချင်သည်။

"ဒီတစ်နည်းပဲရှိတယ် ကျော်၊ ငါ့ပညာ ဆယ်တန်းအောင်ရုံလေးနဲ့ စားဖို့ ဝတ်ဖို့ထား၊ အိမ်လခဖိုးပြည့်အောင်တောင်ရမှာမဟုတ်ဘူး၊ အနုပညာဆိုတာ တစ်သောင်းမှာတစ်ယောက် ဖြစ်ထွန်းအောင်မြင်တာမျိုးလည်း မဟုတ်ဘူး၊ ကိုယ်ကျင့်တရား မပျက်ယွင်းဖို့ပဲလိုတယ်၊ အောင်မြင်မယ်သာဆိုရင် သမ္မာအာဇီဝထဲမှာ တော်တော်ဝင်ငွေကောင်းတဲ့အလုပ်"

"ဩော် ... နင်က ဝါသနာပါလို့မဟုတ်ဘဲ ပိုက်ဆံရချင်လို့ကိုး"

"ဝါသနာမပါဘဲ ဖွဲ့မရှိဘဲ လုပ်လို့ရတဲ့ အနုပညာအလုပ်မရှိပါဘူး ကျော်၊ ရှိရင်ပြစမ်းပါ၊ ဝါသနာနဲ့ဖွဲ့က မရှိမဖြစ်မို့ ထည့်မပြောတော့တာ"

အဲသည်လို အတိုက်အခံလုပ်ခဲ့ရတာလေးတွေ 'နေချိုနုနု'ဆိုပြီး နာမည်ကလေးတစ်ခုရလာတော့လည်း အမောပြေခဲ့ရတော့သည်။

"နင့်လိုမှတ်လို့လား ကျော်"

ကျော့်ကို ရန်တွေ့ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်က မလည်ဘဲ ရှုပ်ချင်သူ မဟုတ်ပါ။ မွတ်နေအောင်လည်ပြီး တော်တော်ရှုပ်ချင်သူဖြစ်သည်။ တစ်ဦးတည်းသောသားမို့ ဆယ်တန်းမအောင်ခင်ကတည်းက ဟိုရှုပ်ရှုပ် သည်ရှုပ်ရှုပ်ကလေးတွေရှိသည်။ နေချို မကြိုက်ဆုံးကတော့ ကျော် လက်သုံးစကားပဲဖြစ်သည်။ 'အပျော်'တဲ့။

"အဲဒီလက်သုံးစကားကို တစ်သက်လုံးမသုံးနဲ့"

အဲသည်တုန်းက ကျော့်ကို မယ်လမင်းဆေးလိပ်ခွက်နှင့် ကောက်ပေါက်ခဲ့ဖူးသည်။

"တကယ်ကြိုက်ရင် တကယ်ယူ"

"ကြည်ဖြူတယ်ပေါ့"

"ဘာလို့ မကြည်ဖြူရမှာလဲ၊ မိန်းကလေးတစ်ယောက်အပေါ်မှာ တန်ဖိုးမထား စော်စော်ကားကားစကားမျိုး ဘယ်တော့မှမသုံးနဲ့၊ ငါလည်း မိန်းကလေးပဲ၊ မိန်းကလေးဘက်ကနာတယ်"

"နင့်ကိုပဲ ယူမှာ"

"ငါ့ကိုယူချင်ရင် ငါ့တစ်ယောက်တည်းကိုပဲကြိုက်၊ ငါ့ကိုမယူချင်ရင်လည်း နင်ယူချင်တဲ့မိန်းကလေးတစ်ယောက်တည်းကိုပဲကြိုက်"

"တည်တည်တံ့တံ့ပေါ့လေ"

အဲသည်နေ့ကစ၍ ကျော်က နေချို့ကို 'အတည်လေး'ဟု တစ်ခါတစ်ရံ စခေါ်သည်။ 'အပျော်'ဆိုတာကို မကြိုက်သည့်မိန်းကလေးအတွက် ခေါ်စရာအမည်ကို 'အတည်လေး'ဟု သတ်မှတ်၍ စာရေးလျှင် 'အတည်လေးရေ'ဟု အစချီတတ်သည်။



"ကောင်မလေးတွေ ကိုယ်တိုင်ကိုက ညိုမြကွ"

အဲသည်ဝါကျကို ကျော်ပြောပြီး ကျော့်ကို သုံးရက်တိတိ စကားမပြောဘဲ နေလိုက်သည်။ 'ညိုမြ'ဆိုသည့်ဝေါဟာရ ဘယ်တုန်းက စတင်ပေါ်ပေါက်ခဲ့မှန်း နေချို မသိပါ။ အဓိပ္ပာယ်ကတော့ ယောကျ်ားလေးတစ်ယောက်ရှေ့မှာ ဟန်ရေးတပြပြ၊ အသံတပေးပေး၊ ရေလာမြောင်းဖောက်၊ ဆွတ်ပါတော့မောင်ရဲ့ ကြွေချင်တယ်ဆိုတာမျိုးဟု နေချို နားလည်သည်။ မိန်းမသားသိက္ခာကို အလွန်ထိပါးသည့် စကားလုံးဖြစ်၏။

"မလည်ရှုပ်လုပ်မနေနဲ့ ညစ်ပတ်ပုံကြီးတက်နည်းမိမှ တစ်ကိုယ်လုံး နံသွားမယ်၊ တို့ကတော့ လှည့်မကြည့်ရေးချ မကြည့်ထဲက"

ဘယ်လောက်ပြောပြော ကျော် နည်းနည်းပါးပါး ရှုပ်ရှုပ်ထွေးထွေးနေတတ်တာကို သိသည်။ ကျော့်စကားကို လက်မခံချင်ပေမယ့် ကျော်ပြောသည့်အတိုင်း တချို့တလေက 'ညိုမြ'ဖြစ်နေကြတာလည်း အမှန်ပါ။ သည်တော့ ကျော့်လို လူမျိုးအတွက် အခွင့်အရေးတွေ တစ်ထောကြီး ရသွားတော့သည်။ အဲဒါတွေကြောင့်များ ကျော့်အပေါ် ရင်မခုန်မိတာလား မပြောတတ်ပါ။ ကျော်သည် ပွဲကိုင်ကောင်းလျှင် ခရီးဖြောင့်မည့်လှေလို လူစားထဲမှာတော့ပါသည်။

ခုတော့ ကျော် ပြန်ရောက်တော့မည်။ ခုချိန်ဆို ကျော် ဇန်ကောက်လေဆိပ်မှာ နားနေလောက်ပါပြီ။ ဓိမ်ခံနေကျသူဌေးသားမို့ သူများတွေလို လေဆိပ်အဆောက်အအုံထဲမှာ ငုတ်တုတ်ထိုင်ပြီးစောင့်မနေမှာ သေချာသည်။ မြန်မာပြည်သို့ ဆက်လက်စီးနင်းရမည့် လေယာဉ်ချိန်မတိုင်မီ အခန်းငှားပြီး ရေချိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးတစ်မောအိပ်ကာ အစားကောင်းတွေမှာယူစားသောက်နေမှာ လည်း သေချာသည်။ ဘာပဲဖြစ်ဖြစ် ‘ငါးပိရည်ကောင်းကောင်းဖျော် ထား၊ ငါးပနော်လေးမီးဖုတ်ပြီး ခြွေထည့်ထား၊ ကြက်သွန်ဖြူနဲ့ ရေတ်သီးစိမ်း ပါပစေ’ဆိုသည့် ဖုန်းထဲမှ အမှာစကားလေးကိုတော့ သဘောတကျ အရှိသား။

“သွားတော့မလား”

ထိုက်က ပခုံးလေးကို သာသာပုတ်၍ မျက်တောင် လေးလန့်ဖျပ်ခတ်ရသည်။

“သွားမှ”

“ထိုက် လိုက်ပို့ပေးဖို့မလိုဘူးမဟုတ်လား၊ အလုဆုံးပြင် ပေးလိုက်ပြီပဲ”

“ရတယ်လေ”

ထိုက်က အပျိုကြီးမမဖြစ်၏။ သူ့ကို ‘မမ’ခေါ်လျှင် မကြိုက်။ ထိုက်ခေါ်မှကြိုက်သည်မို့ ထိုက်ခေါ်နေရပေမယ့် နေချို့ ထက် လေးငါးခြောက်နှစ်လောက် ပိုကြီးသည်။ အပျိုကြီးပီပီ သူများသမီးရည်းစားစုံတွဲတွေကြားမှာ သူက အရှက်သည်းကာ အိုးနင်းခွက်နင်း ဖြစ်နေတတ်သည်မို့ သူ့ကိုထားပစ်ခဲ့တာ သူ့ကို ကူညီရာရောက်၏။

“စီးတော်ယာဉ်က အသင့်ရောက်နေတာကြာပြီ”

မာစီဒီးစ်၊ ကိုးဆယ့်သုံးခုနစ်ပုံစံ စိုလက်နေသည့် အနက်တောက်တောက်၊ နံပါတ်က (၇က)နှင့်စသည်ဆိုမှ တန်ဖိုးကို တွက်သာကြည့်ပေတော့။ ဤကားကို နေချို မစီးနိုင်သေးပါ။ နေချို့ကားက သူများတန်းတူ ခြောက်သိန်း ခုနစ်သိန်း အလွန်ဆုံး



တန်သည့်ကားပါ။ ကျော့မေမေက သူ့သားမွေးရပ်မြေကို ခြေချ သည်နှင့် စတိုင်လ်ကျသွားရအောင် ကြို၍ ဝယ်ပေးလိုက်သည့်ကား ဖြစ်သည်။ ယာဉ်မောင်းပါ တစ်ခါတည်းငှားပြီးသား။ သားတော် မောင် ရန်ကုန်မှ မိဘရပ်ထံသို့ ထိုကားနှင့်ပင် မောင်းထွက်လာဖို့ စီစဉ်သည်။ ကျော့ဖေဖေက စီစဉ်ရတာပေမယ့် ငွေထုတ်သူက ကျော့မေမေ။

“နေချို့ဘဝလေးက ပျော်စရာကောင်းပါတယ်၊ ပန်းခင်း လမ်းမှာ ချစ်သူက ကြိုနေတာ”

ထိုက်က ကဗျာဆန်နေသည်။

“လောလောဆယ်မှာတော့ နေချိုက သွားကြိုရမှာရှင့်”

“ကြိုပေါ့”

“နေကာမျက်မှန် တပ်မသွားနှင့်”ဟု ထိုက်ကပြော သည်။ တမင်ရုပ်ဖျက်တာ လူသိပြီး ပိုကြည့်ကြမှာတဲ့။

“ရိုးရိုးမျက်မှန်လေးတပ်သွား”

နေချိုမှာ ဒီဂရီမပါသည့် မှန်သားကြည် မျက်မှန်တစ်ခု ရှိသည်။ မင်းသမီးမှန်း လွယ်လွယ်ကူကူနှင့် မမှတ်မိစေချင်သည့် အခါမှာတပ်ဖို့ ထိုက် စီစဉ်ပေးထားခြင်းဖြစ်၏။

“မျက်မှန်ဟာ မျက်နှာပုံပန်းကို တော်တော်ပြောင်းလဲသွား စေတာ”

“အင်းပါ”

နေချို မျက်မှန်ကြည်လေး ကောက်တပ်ပြီး မှန်ကို တော့ နှစ်ချက်တိတိ ငုံ့ကြည့်ဖြစ်အောင် ကြည့်လိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးကွ"

"ဟုတ်မယ် မထင်ပါဘူး၊ မင်းသမီးဆိုရင် အရမ်းစွတ်ပြင်ထားမှာပေါ့၊ ဒီလို တစ်ယောက်တည်းရော လာမလား၊ ပြီးတော့ မျက်မှန်နဲ့"

"နေချိုနုနုလေ"

"အေးပါ၊ တူတာပါ"

ကားတံခါးဖွင့်၍အဆင်း ကားကြီးက လှော်ခနဲလိမ့်ထွက်၊ နေချိုက ခြေတစ်လှမ်းစလိုက်ချိန်မှာပဲ ဝေဖန်သံကို ကြားလိုက်ရသည်။ မပြုံးမိအောင်သတိထားရင်း ရင်ထဲကတော့ ကျိတ်ပြုံးဖြစ်လိုက်သေးသည်။ ထိုက်က အဲသည်လိုတော်တာ။ ပြင်ထားဆင်ထားမှန်းသိသာအောင် ပွဲထိုင်တက်မိတ်ကပ်မျိုးနှင့် ရွှန်းစက်နေအောင်လည်း ပြင်တတ်၏။ စိတ်ရှည်လက်ရှည် မျက်နှာလိမ်းချိန်တစ်နာရီနီးပါးယူပြီး ပြင်ပေးလိုက်တာပေမယ့် သိပ်ပြင်ထားတာမဟုတ်သလို သဘာဝအလှလိုလို ထင်ရအောင်လည်း ပြင်တတ်၏။ သည်နေ့ မိတ်ကပ်က အချိန်အကြာကြီးယူပြီးမှ မပြင်ဘဲလှသောအလှမျိုးဖြစ်အောင် ဖြီးလိမ်းပြင်ဆင်ထားတာ လူမသိအောင် ပြင်ပေးလိုက်သော မိတ်ကပ်မျိုးဖြစ်၏။

ဒီဂရီမပါပေမယ့် ဒီဂရီမျက်မှန်ကို မှန်သားချည်းသက်သက်တပ်ခဲ့သည့် မျက်မှန်ကလည်း လူတွေထင်ယောင်ထင်မှားဖြစ်ဖို့ အထောက်အကူ အများကြီးပေးသည်။ ဤမျက်မှန်အစား



နေကာမျက်မှန် မည်းမည်းစိမ်းစိမ်းတို့၊ ဆီးညိုတို့၊ မီးခိုးတို့ တပ်လာခဲ့လျှင်တောင် နေချိုနုနုမှန်း သိသာနေနိုင်ပါသေးသည်။

"တစ်သောင်းမှာ တစ်ယောက်မရနိုင်တဲ့ အောင်မြင်မှုမျိုးတို့ရထားတာမို့ လွယ်လွယ်နဲ့တော့ မစွန့်ချင်ဘူး ကျော်ရယ်"

လက်ထပ်ပြီးလျှင် မင်းသမီးမလုပ်ရတော့ဟုဆိုသည့် ကျော့်ထံမှာ 'အသနားခံလွှာ' တင်ထားသည်။ ကျော့်ကို ကြောက်လွန်းလို့တော့ မဟုတ်ပါ။ ကျော်ပဲ တစ်သက်လုံးက 'နင်''ငါ'ပြောလာခဲ့တာ ခုထိ၊ ခုမှ လူကြားမကောင်းမှာစိုးလို့ 'နင်'အစား 'ကျော်'ဆိုတာလေး များများထည့်သုံးပေးဖြစ်ပေမယ့် ကိုယ့်ကိုယ်ကျတော့ 'နေချို'လို့ မသုံးဖြစ်သလောက်ပါပဲ။ 'ငါ'ဆိုတာပဲ နှုတ်ကျိုးလို့ နေတော့၏။

အခက်သား။

လေဆိပ်ဧည့်ဆောင်မှာ ဖြည်းဖြည်းလေး ထိုင်ချရင်း ရင်ကလေး ငြိမ့်ငြိမ့်ခုန်တာ ကျော့်ကြောင့်တော့ မဟုတ်ဘူးဟု ရင်ထဲမှာ ကျိတ်ငြင်းချင်သေး၏။ တစ်ယောက်တည်းမို့ နေချိုနုနုစစ်စစ်ဖြစ်ပါလျက် မဟုတ်သည်သို့။ ဒက်ထိကြီးများ လာနှုတ်ဆက်လျှင် ပြောင်ပြောင်ကြီး ငြင်းချလိုက်ဖို့ စိုင်းပြင်းနေရတာကြောင့် ရင်ထဲ နည်းနည်းပါပါး လှုပ်ရှားတာဟု ဆိုချင်၏။

"တစ်ယောက်တည်း ဖြစ်ပါ့မလား"

မေမေ စိတ်ပူတာကို 'ဒါမှ လူတွေ မမှတ်မိမှာ မေမေရဲ့၊ အခြေအရံ တစ်မြုံတစ်မကြီးနဲ့ ထင်ထင်ရှားရှားကြီးဖြစ်နေမှာပေါ့'ဟု ပြောခဲ့တာလေ။ ကွက်ကြည့် ကွက်ကြည့်လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသူတွေကို အရိုးခံမျက်နှာပေးလေးနှင့် ပြန်ငေးနေလိုက်၏။ မသိကျိုးကျွန်လေး၊ ဘာမှ နားမလည်သူလေးလို သရုပ်ဆောင်ရတာများ ဘယ်လောက်ခက်တာမှတ်လို့။

"နင်က ငါ့ကို ချစ်လို့လား"တဲ့။

ဖုန်းဆက်စဉ်က ကျော့်မေးခွန်းကို ဒေါသလေးကဲ၍ ပြေခဲ့၏။

"အောင်မယ် ... ဘာလို့ ချစ်ရမှာလဲ"ဟု။

"ဒါဖြင့် ငါပြန်လာရင် လက်ထပ်မယ်လို့ ဘာဖြစ်လို့ ကတိပေးသေးလဲ"

"လူကြီးတွေက စီစဉ်တဲ့ဟာကို"

"နင်မကြိုက်ရင် ငြင်းနိုင်ခွင့်ရှိတာပဲ"

"သိပ်ကြီးကျယ်မနေနဲ့ ကျော်၊ ကျော်မဟုတ်ဘဲ တစ်ခါမှ မမြင်ဖူးတဲ့လူတစ်ယောက်ဖြစ်နေဦး၊ မေမေ စီစဉ်တာဆိုရင် ငါက ငြင်းမှာမဟုတ်ဘူး၊ သိတယ်မဟုတ်လား၊ တို့မှာက အမေတစ်ခု သမီးတစ်ခု"

"ဘယ်သူ့မှာ အမေနှစ်ခု ရှိနေလို့လဲ"

"ကျော်တို့က မိစုံဖစုံလေ"

"ငါကတော့ နင့်ကို ကြိုက်ကိုကြိုက်တာ"

"အို ... ကျော်စုတ်"

"ချစ်တောင်ချစ်သေး"

"သွား ... မပြောနဲ့"

"ရက်တယ်ပေါ့"

"လုပ်မနေနဲ့"



"နင်လည်း ကြိုက်ပါတယ်ဟာ၊ ချစ်လည်းချစ်နေမှာ၊ ငါ သိပါတယ်၊ ဝန်ခံစရာမလိုဘဲ အဆင်ပြေသွားတော့ နင်က ရှက်ချင်ယောင်ဆောင်နေတာ မဟုတ်လား"

"ကျော်နော် ဖုန်းချလိုက်တော့မယ်"

"လက်ထပ်ပြီးရင် မောင်လို့ခေါ်ရမယ်"

"တစ်သက်လုံး မခေါ်ဘူး"

"ကိုယ့်ကိုယ်ကိုယ် အချစ်လေးကလို့ ပြောရမယ်"

"တစ်သက်လုံး မပြောဘူး"

"ခေါ်လာပြောလာတဲ့နည်းတွေ ငါ့မှာ အများကြီးရှိတယ်"

"သိပါတယ်၊ လူလည်ကြီးသားသမီး"

"နင့်စကားကို ဖေဖေနဲ့တိုင်မယ်"

"မလည်လို့လား"

"မနာလိုစရာမရှိပါဘူး၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်စွံတာ"

"ဒါပဲလား၊ ဖုန်းချလိုက်တော့မယ်"

တယ်လီဖုန်းကို ခွပ်ခနဲချပစ်ခဲ့သည်။ ပင်လယ်ရပ်ခြား၊ ရေမြေတောတောင် သမုဒ္ဒရာတွေ ကျော်ဖြတ်ပြီး၊ ငွေကုန်ကြေးကျခံရတယ်လို့။ ပိုက်ဆံကုန်ရကျိုးနပ်အောင် စကားကောင်းလေးများ ပြောပါတော့လား။ တကယ်တော့ အဲဒါ စကားကောင်း မဟုတ်ပေမယ့် စကားမှန်တွေလည်း ဖြစ်နိုင်ချေရှိသည်။ ရှုပ်ရှုပ်ယှက်ယှက် ပျော်တတ်သည့် ကျော်တစ်ယောက် အနောက်၏ သမီးပျို ကဲကဲဆတ်ဆတ်လေးတွေနှင့် ဘယ်လောက်များ စည်းလွတ်ဝါးလွတ် ဖြစ်နေလိမ့်မလဲ မသိနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



“အကည်လေး မြန်မာ့မြေကို နင်းဝဲ့အချိန်ကစပြီး လက်ရှိ ရည်းစားအားလုံးပြတ်ပြီ၊ နင့်တစ်ယောက်တည်း၊ တစ်ယောက်ဆိုမှ တစ်ယောက်တည်း”

အဲသည်လိုလည်း ပြောဖူးသေးသည်။ ပြီးတော့ ဟီးခနဲ တစ်ချက်ရယ်ကာ ‘ချစ်တယ်ကွ’ဟု ရှက်စနိုးအော်ခဲ့သေးသည်။ သူ့လိုလူကများ ရှက်ရတယ်လို့။

“ဟော့ ... သတိထား၊ တစ်နေရာရာကနေ ကင်မရာခိုးချိန်ပြီး ရိုက်နေတာဆိုရင် ပါသွားဦးမယ်”

“ပါချင်နေတာ”

ကောင်မလေးနှစ်ယောက်။

ကိုယ်က မင်းသမီးမို့ သူတို့ကို ကောင်မလေးနှစ်ယောက်ဟု လူကြီးသူမ နေရာကလိုလို ပြောဖြစ်လိုက်ပေမယ့် စင်စစ် ရွယ်တူ မတိမ်းမယိမ်းတွေပဲဖြစ်နိုင်သည်။ သူတို့နှစ်ယောက်လုံး နှစ်ဆယ်မပြည့်နိုင်သေးသလို ကိုယ်လည်း နှစ်ဆယ်ပြည့်ရုံလေးရယ်။ ဖေဖေသာ ရှိသေးလျှင်တော့ စီးပွားရေးမှာ ဖေဖေက ဦးဆောင်နေမှာမို့ ကိုယ်က ကလေး၊ ကျောင်းသူစစ်စစ်လေးဖြစ်ကာ မေမေ့ရင်ခွင်ကို ခေါင်းမှေ့လို့ ကောင်းလိုက်မယ့်ဖြစ်ခြင်း။

ခုတော့ ကလေးသာသာ ကျောင်းသူတစ်ပိုင်း၊ အလုပ်သမားတစ်ပိုင်း ဖြစ်နေရသည်။ လက်ရှိဘဝကို နေချို ဘဝင်မကျပါဟုပြောချင်၏။ သို့ပေမဲ့ မက်မောသည်။ ကံကောင်းအကြောင်းလှလွန်းလို့ ပြည်သူချစ်အနုပညာရှင်ဖြစ်ခဲ့ရတာလေ။ ပံ့ပိုးမှုတွေလည်း ပါသည်။ ‘အမိ’ ကောင်းကောင်းကြီးရခဲ့တာလည်း တစ်ကြောင်းပေါ့။ ပရိသတ်က ချစ်ခင်အားပေးသည့် ကျေးဇူးတွေလည်း မနည်းမနော။



ကိုယ့်ဗီဇသွေးထဲမှာပါလာသည့် အနုပညာပေါ်မှာ ကိုယ်က ပင်ပန်းကြိုးစားရတာလည်း အတိုင်းထက်အလွန်ဖြစ်၏။

“တစ်ယောက်တည်းဆိုတော့ မဟုတ်ဘူးထင်တယ်”

“ဟုတ်ပါတယ်”

“မျက်မှန်နဲ့”

“ဇာတ်လမ်းထဲမှာ မင်းသမီးက မျက်စိမှုန်နေတာ ဖြစ်မယ်”

“မိတ်ကပ်လည်း သိပ်မပါဘူး”

“ဒါတော့ဟုတ်တယ်”

“နေချိုနုနု အစစ်ဆိုရင်တော့ ရုပ်ရှင်ရိုက်တာမဟုတ်ဘဲ သူ့ကိစ္စနဲ့သူလာတာဖြစ်မယ်”

“ဒီလိုတော့ တစ်ယောက်တည်းလာမယ်မထင်ဘူး၊ မင်းသမီးပဲ နောက်က တစ်ပြုံကြီးပါမှာပေါ့၊ လူတောထဲ တစ်ယောက်တည်းဝင်ရင် တစ်စစီဖြစ်သွားမယ်”

“ဘာဖြစ်လို့ ဖြစ်ရမှာလဲ”

“ပြေငြိမ်းဈာပနတုန်းက လိုက်ပို့တဲ့မင်းသား မင်းသမီးတချို့ အင်္ကျီစုတ်တဲ့သူကစုတ်၊ အညိုအမည်းစွဲတဲ့သူကစွဲဆို”

“ဘာဖြစ်လို့လဲ”

“ပရိသတ်ကချစ်တာကိုး၊ အင်္ကျီလေးဖမ်းဆွဲ၊ လက်မောင်းသားလေး လှမ်းကိုင်လုပ်တာပဲ၊ အများနဲ့လုလုပ်ရတော့ အကြမ်းပတမ်းတွေ ဖြစ်ကုန်တာတဲ့”

“ဒါဆိုရင်တော့ ဒါ နေချိုနုနု မဟုတ်လို့ဘဲ နေမှာနော်”

“တူတာကလည်း အရမ်းပဲကွာ၊ သွားမေးကြည့်မလား”

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။

တိုက်ရိုက်ကြီးလာမေးလျှင် ဇွတ်မှိတ်ငြင်းနိုင်ပါ့မလား။ ကိုယ့်ကိုချစ်သည့် ပရိသတ်အပေါ်မှာ လိမ်လည်လှည့်ဖြားရာရောက်မည်။ ဟုတ်ပါတယ်ဟု ဝန်ခံပြန်လျှင် နောက်ပိုင်းပြဿနာတွေ ပေါ်လာနိုင်သည်။ ကိုယ်က ခင်ပွန်းလောင်းကို လာကြိုရတာလေ။ ဒါကို စာနယ်ဇင်းဆရာသမားတွေထဲက တစ်ယောက်ယောက်များ သိသွားလျှင် ခုနေ အနားမှာ တစ်ယောက်ယောက်များရှိနေလျှင် ဓာတ်ပုံရိုက်သွားမှာသေချာသည်။ ဒါကြောင့် မကြိုချင်ပါဘူးဟု ငြင်းခဲ့သေးတာလေ။

"မရဘူး၊ အတည်လေးကိုယ်တိုင် လာမကြိုရင် နောက်ထွက်မယ့်လေယာဉ်ပျံနဲ့ ပြန်လိုက်သွားမယ်"

"သိပ်ရှိုးမနေနဲ့၊ ခရီးသွားတာ ဒီလောက်မလွယ်ဘူး"

ငြင်းခဲ့သံကို မေမေကြားတော့ မေမေက ဆုံးဖြတ်ချက်ဝင်ချသည်။

"ကြိုရမှာပေါ့သမီး၊ ကိုယ်လက်ထပ်ရမယ့် ခင်ပွန်းလောင်းပဲ"တဲ့။

"ကျော်စုတ် ကျော်ပဲ၊ သူ့ကြောင့်"

အတွေးထဲမှာ ဒေါသလေး ကဲကဲဆတ်လာရသလို ရင်ကလေးများတောင် ခုန်ချင်ခုန်ချင် ဖြစ်လာရတော့သည်။ ကျော်ဆိုသည့် ငယ်သူငယ်ချင်းဟာ ကိုယ့်ခင်ပွန်းလောင်းဆိုပဲ။ ကျော်တို့က လူလည် လူပွေလေး။ ရည်းစားက ခပ်များများ။ အနောက်ယဉ်ကျေးမှုထဲမှာ သုံးနှစ်နီးပါး သွားစိမ်ခဲ့စဉ်က ဘယ်လောက်များ သောင်းကျန်းလို့ ကောင်းလိုက်မလဲ။ ဒါတွေကို ခွင့်



လွှတ်ရမှာ ဝန်လေးသားပါ။ သို့ပေမဲ့ ခွင့်လွှတ်ပြီးသားလို့လည်း ခံစားရသည်။ လူကြီးမိဘတွေ စီမံလာသည့် ငယ်သူငယ်ချင်းတစ်ယောက်ဟာ ကိုယ့်အတွက် ခင်ပွန်းလောင်းတစ်ယောက် ဖြစ်လာမယ်ဆိုဟာ စိတ်ချလိုက်မိတာပါပဲလား။

"ဟော ..."

ခါးကလေးယောင်ယမ်း၍ မတ်သွားရသည်။ လေယာဉ်ဆိုက်ပြီလေ။ အချက်ပြမီးနီလေးလင်းကာ လေယာဉ်ဆိုက်ပြီဖြစ်ကြောင်းပြနေသည်။ ကြိုဆိုသူတွေ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ တချို့ ပြည့်ပဆိုက်ရောက်ထိ ဝင်ခွင့်ရသူတွေ ဝင်သွားကြသည်။ ဝင်ခွင့်မရသူတွေ မတ်တတ်ရပ်လျက် ဟိုမော့ သည်ကြည့်။ ခြေဖျားထောက်သူထောက် ထွက်လာမည့် အပေါက်ဝနားနှင့် အနီးဆုံးတိုးဝှေ့သူကတိုးဝှေ့၊ လေယာဉ်ဆိုက်စဉ်က အပေါ်ထပ်စင်မြင့်မှ တက်ကြည့်ကြပြီး ပြည်ပဆိုက်ရောက်ခန်းမ ခရီးသည်တင် ဘတ်စ်ကားကြီး ဆိုက်တာနှင့် အပေါ်ထပ်မှ ပြန်ပြေးဆင်းလာကြသူတွေကလည်း အများသား။

လူအုပ်တွေကြားထဲ ဝင်ရောက်တိုးဖို့ စိုးစိုးရွံ့ရွံ့ဖြစ်မိသည်မို့ ခြေဖျားလေးပဲထောက်ကာ မော့ကြည့်မိသည်။

"လေယာဉ်ပျံလှေကားချ တံတားဖွင့်တာနဲ့ အရင်ဆုံးဆင်းလာမှာငါ၊ ဘတ်စ်ကားကြီးပေါ် အရင်ဆုံးတက်မှာငါ၊ အဲဒီဘတ်စ်ကားကြီးပေါ်ကနေ အရင်ဆုံး ခုန်ဆင်းမှာငါ၊ လူဝင်မှုကြီးကြပ်ရေးတို့၊ အကောက်ခွန်တို့ကို အရင်ဆုံး စစ်ဆေးခံမှာ ငါ၊ အဲဒီအပေါက်ထဲက အရင်ဆုံးထွက်လာမယ့်သူဟာ ငါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျော့် အားပါးတရ စကားသံတွေ နားထဲ အုလာမိသည်။ မည်သူမျှ ထွက်မလာနိုင်သေးဘဲ ကြိုဆိုသူများကတော့ ကြိုကြလှ မျှော်ကြလှပြီ။ ကိုယ့်လူကိုယ်ကြိုရင်း နေချိုနုနုကိုလည်း လှည့်ကြည့် ကွက်ကြည့် လုပ်ကြသည်။

"နေချိုနုနုနဲ့ တူလိုက်တာ"

"နေချိုနုနုကွ၊ ဘယ်သူ့လာကြိုတယ်မသိဘူး"

တချို့ မသေချာ။ တချို့က သေချာစွာပြောကြသည်။ ကိုယ်မဟုတ်သလို၊ မသိနားမလည် မျက်နှာပေးလေး လုပ်ပစ်လိုက်သည်။ မင်းသမီးပဲ ဘာခက်တာမှတ်လို့။ သည်လောက် အမူအရာတော့ အပျော့ပေါ့။ လွမ်းခန်းတွေမှာ ပရုတ်ဆီအဖြူကို လက်ကိုင်ပဝါ ထောင့်ချွန်းလေးမှာသုတ်ပြီး မျက်ဝန်းထောင့်မှာသုတ်ဖို့ မလိုပါ။ အန္တရာယ်ကင်း ဘေးရှင်းဆိုကာ မျက်စဉ်းကို တစ်စက်ချင်း ခတ်ပြီးမှ မျက်ရည်ပေါက်စက် လက်ကျခဲ့ရသူလည်း မဟုတ်ပါ။

သဘာဝကျဖို့ ခက်ခဲလှသည့် မျက်ရည်ကိုတောင် အစစ်အမှန်ထုတ်နိုင်ခဲ့သူပါ။ ဘယ်သူတွေ ဘာပြောပြော မင်းသမီး မဟုတ်သလိုနေပြဖို့က မင်းသမီးတစ်ယောက်အတွက် လွယ်ကူလွန်းနေ၏။

"ကျော့်"

အသံထွက်ခေါ်မသွားမိအောင် အချိန်မီ ထိန်းလိုက်နိုင်သည်။ နှုတ်ခမ်းလေးနစ်ခုပဲ လှုပ်ရှားသွား၏။ ရင်ထဲ လှုပ်ခနဲခုန်သည်။ ခုမှပဲ ကျော့်ကို ကြိုဆိုခြင်းအတွက် ရင်ခုန်လှုပ်ရှားရတော့သည်။ ကျော့် ... သူပြောထားသည့် စကားအတိုင်း ကတိ



တည်စွာ ရှေ့ဆုံးမှထွက်လာသည်။ ယောကျ်ားတစ်ယောက်အနေနှင့် အရပ်ရှည်လှသည်ဟု မဆိုနိုင်သော လူပုတစ်ယောက်လည်း မဟုတ်သော သူ့အရပ် ငါးပေရှစ်လက်မခွဲကို ခြေဖျားထောက်ပြီး မြောက်ကြွ မြောက်ကြွ လျှောက်လာသည်။

နေချိုနုနုက မြန်မာအမျိုးသမီးတွေထဲမှာ အရပ်မြင့်သည်။ ငါးပေနှင့် ခြောက်လက်မ၊ စီးထားသည့် လေဒီရှူးက သုံးလက်မဖြစ်သည်။ နဖူးထိပ်မှာ ဆံပင်ကို အမောက်လိုထောင်ထားတာကလည်း တစ်လက်မလောက် မြင့်ဦးမည်။ စုစုပေါင်း အမြင့်အစွင့် ငါးပေ ဆယ်လက်မလောက် ရှိနေမည်။ ကျော့် တစ်လက်လောက်မြင့်သည့် ရှူးဖိနပ်ကို စီးခဲ့မည်ဆိုလျှင်တောင် နေချိုနုထက်ပုနေပြီဆိုတာကို ရှားရှားပါးပါး အချိန်လေး စက္ကန့်ပိုင်းထဲမှာ တွေးဖြစ်၏။

"ဟေး ... အတည်လေး"

လက်တစ်ဖက်မြှောက်၍အော်လိုက်သည်။ ပြေးလွှား တွန်းတိုးထွက်လာဖို့အတွက် ရှေ့မှာပိတ်နေသည့် ကြိုဆိုသူများကို တော်တော်ကြမ်းကြမ်း တွန်းဖယ်မှရမည်။ ရိုင်းရိုင်းပျပျ ဖြစ်မှာစိုးသည်မို့ ကျော့်က ဖြည်းဖြည်းပဲ တိုးထွက်၏။

"အတည်လေး၊ အတည်လေးရေ"

ဖြည်းဖြည်းသာတိုးပေမယ့် ကျော့် အာကျယ်၏။ ပါးစပ်က မနားတမ်းအော်နေသည်။ နေချိုက ရှေ့သို့တိုးမသွားတော့ပါ။ လူအုပ်နောက်မှာပဲ တောင့်တောင့်ကလေးရပ်ကာ ပြုံးပြနေ၏။ မြင့်မြင့်စွင့်စွင့် အတည်လေးကို ကျော့် မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အတည်လေး"

ကျော် လူအုပ်အပြင်ဘက်သို့ရောက်လာသည်။ နေချို့ဘေးမှာ သူလွယ်လာသည့်အိတ်ကို ဘုတ်ခနဲ ပစ်ချသည်။ လက်နှစ်ဖက်ကို သိုင်းယှက်ကာ နေချို့နနကို ဆွဲဖက်လိုက်တော့သည်။

"အို ... ကျော်"

ရုတ်တရက်မို့ ဆွေ့ခနဲ ပါသွားရသည်။ နေချို စိတ်တိုသွားသည်။

"ဒါ မြန်မာပြည်"

ဒေါသနှင့်ပြောကာ ခပ်ကြမ်းကြမ်းပဲ ရုန်းထွက်၏။ ကျော်က ဟီးခနဲရယ်ကာ အင့်ခနဲနေအောင် တစ်ချက်ညှစ်ပြီးမှ လွှတ်ပေးလိုက်၏။

"သူများတွေလည်း ဒီလိုပါပဲ"

ပွေ့ပွေ့ဖက်ဖက် ကြိုနေကြသူတွေရှိပါသည်။ မြန်မာထဲကတော့ ညီအစ်မတွေ မောင်နှမတွေ သားအမိတွေပဲဖြစ်မည်။ နိုင်ငံခြားသားတချို့ ပွေ့ဖက်ကာ ပါးချင်းဘယ်ညာအပ်နေတာတွေကတော့ သာမန် အသိမိတ်ဆွေတွေလည်း ဖြစ်နိုင်ပါ၏။

"ဘာဆိုင်လဲ"

နေချို့နှနှ မျက်စောင်းထိုးရင်း ဒေါသတကယ်ထွက်သွားရသည်။

"ခေတ်မမီလိုက်တာကွာ"

ကျော်က အရှက်ပြေပြော၏။

"ဒါမျိုးခေတ်တော့ တစ်သက်လုံး မမီပေါင်"

"ဒါလားကွာ၊ ရုပ်ရှင်မင်းသမီး၊ မင်းသားနဲ့ကျတော့ ဖက်ပြီး"



"ကျော် ..."

ကျိတ်ဆိတ်ပစ်လိုက်ပေမယ့် ကျော့်အသံကြီးကို လူတချို့ကြားဖြစ်အောင် ကြားသွားကြသည်။ အစကတည်းက ထင်ယောင်ထင်မှား သေချာလုနီးပါးတွေအတွက် လုံးဝ သေချာသွားတော့သည်။

ခရီးသည်ကြိုဆိုသူတွေ ဆိုပေမယ့် ကွဲကွာနေတာကြာပြီဖြစ်သည့် သွေးသားရင်းချာလောက်ကိုသာ အထူးမျှော်လင့်ကြတာဖြစ်၏။ မိတ်ဆွေကို ကြိုဆိုသူများ၊ အမိကကြိုသူနှင့် အဖော်လိုက်လာသူများကျတော့ ကိုယ်ကြိုရမည့် ခရီးသည်ထက် 'မင်းသမီး'ဆိုတာကို စိတ်ဝင်စားကြသည်။ လှည့်ကြည့်လိုက်သည့် မျက်ဝန်းတွေက စုပြုံကျတော့သည်။

"လာ ... လာ"

ကျော့်လက်မောင်းကိုဆွဲလိုက်သည်။ ကျော်က သူ့အိတ်ကို ကောက်ကိုင်၏။

"နေဦး ဟိုမှာ သေတ္တာနှစ်လုံးပါသေးတယ်"

နေချိုက မြန်မြန်လေး ပြန်ထွက်ချင်ပြီမို့ ကျော့်လက်မောင်းကို ဆန္ဒစောစွာ ဆွဲဆုပ်ထား၏။ ကျော့်မှာကျတော့ တွန်းလှည်းကလေးပေါ်တင်၍ အလုပ်သမားတစ်ယောက်တွန်းလာပေးသည့် သူ့သေတ္တာနှစ်လုံးကို နောက်ဆံတင်းနေရသည်။ ဖြည်းဖြည်းပဲ ထွက်ချင်၏။

"မြန်မြန်လာကွာ"

"အေးဆေးပေါ့"

ကျော်က မျက်နှာပိုးကို မသေပါ။

www.burmeseclassic.com

www.burmeseclassic.com



"အတည်လေး ငါ အရမ်းပျော်တယ် သိလား"

ခြော် ... ကျော် ပျော်နေလိုက်တာ။ သူ တကယ်ပဲ ကိုယ့်ကို ချစ်ရှာသည်။ ကိုယ့်အနေနှင့်ကတော့ လူကြီးမိဘစိတ်ကြိုက်တွေ့သူ၊ ကိုယ့်ငယ်သူငယ်ချင်းတစ်ယောက်ကို 'ငြင်းပယ်ရန်မလိုပါ' အဆင့်နှင့် ကြည်ဖြူလက်ခံခဲ့သည်။ အဲသည်အဆင့်ကို ကျော်လွန်၍ 'ချစ်'မိသွားဖို့ဆိုတာ တော်တော်လွယ်ကူမည့် အပြောင်းအလွဲဟုလည်း ယုံကြည်ပါသည်။

ကျော့်ကို ချစ်လိုက်ပါတော့မည်လေ။

ဆုံးဖြတ်ပြီးမှတော့ ရင်ဆိုင်လိုက်ဖို့ပဲရှိတော့သည်။ လူတွေသိချင်လည်း သိပါစေတော့။ မသိစေချင်လို့လည်း ရမှမရတော့တာ။ ကျော့်အသံကျယ်ကြီးက ထုတ်လွှင့်ပြီးသွားခဲ့ပြီ။ လူတွေအားလုံးလောက်နီးပါး သူတို့ကိစ္စ သူတို့စွန့်လွှတ်ကာ နေချိုနုနုနှင့် ကျော်တို့စုံတွဲကို ဝိုင်းလိုက်ကြပြီး မျက်ဝန်းတွေ ပြူးပြဲကြည့်ကုန်ကြပြီ။ သည်လူအုပ်ထဲကနေပြီး တိုးထွက်ဖို့တောင် လွယ်ပါ့မလား။

"ဟာ ... နေချိုနုနုက သူ့လူကို လာကြိုတာ"

"စောစောက ဖက်တောင်ဖက်လိုက်ကြသေးတယ်"

"ပုဂ္ဂိုလ်က သိပ်မမိုက်ဘူးကွ နည်းနည်းပုတယ်"

"သဘော်သားထင်တယ်"

"ကျပ်တန် ... ကျပ်တန်ပါလား၊ လက်မှတ်ထိုးခိုင်းရအောင်"

"အခြေအနေမှဲ့လိုက်တာ၊ ငါးရာတန်ထုတ်စမ်းပါ၊ ငါးရာတန်နဲ့ လက်မှတ်ထိုးမယ်"

"တို့ကတော့ လက်ဝါးပေါ်ပဲ"

"ချွေးထွက်တော့ပျက်ရော"



"တတ်နိုင်ဘူး"

ဆယ်ကျော်သက်ကောင်မလေးတွေ ရှေ့သို့တိုးဝှေ့ရောက်လာကြသည်။ စကားသံလေးတွေ ကြွက်စီ ကြွက်စီညံ၏။ ယောက်ျားလေးတွေကကျတော့ စိတ်ဝင်စားပေမယ့် မင်းသမီးတစ်ယောက်ကို ပြေးလာနှုတ်ခွန်းဆက်ဖို့အတွက် ဝန်လေးကြ၏။ လူကြီးပိုင်း၊ လူလတ်ပိုင်းတချို့ကလည်း စိတ်ဝင်စားသည်။ အော်တိုလက်မှတ်ထိုးခိုင်းဖို့ မဟုတ်ပေမယ့် ခြေတစ်လှမ်းအကြွကစလို့ ငေးကြည့်ဖို့ စိတ်ဝင်စား၏။

"အောင်မြင်လှချည်လား"

အတည်လေးကို လူထုက ချစ်ကြတာ မျက်မြင်ကိုယ်တွေ့ဖြစ်သွားရသည့် ကျော်က ဝမ်းသာဂုဏ်ယူစွာပြောလိုက်သည်။ ထုံးစံအတိုင်း အသံကျယ်ကြီးနှင့်ပဲဖြစ်၏။

"တိုးတိုး ကျော်ရယ်"

နေချိုနုနု စိတ်ညစ်သွားရသည်။ လူအုပ်ထဲမှ မြန်မြန်တိုးထွက်နိုင်ရန် ကျော့်လက်မောင်းကို ဆုပ်ကိုင်ထားဆဲက လွှတ်ချဖို့ မေ့လျော့စွာ ကိုင်မြဲဖြစ်နေ၏။

"ကျော်"

ခေါ်သံတစ်ခု မလှမ်းမကမ်းမှ ဝေ့ဝဲပျံတက်လာသည်။ သို့ပေမဲ့ အနီးအနားတစ်ဝိုက်က အကုန်လုံး ကြားနိုင်၏။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



"ကျော်"

ကျော်ပါလား။ လူတွေ ရှုန်းရှုန်းစုသည်မို့ လှည့်ကြည့်လိုက်မိတော့ မင်းသမီး နေချိုနုနုကို အလျင်တွေ့သည်။ နေချိုနုနုနှင့်တွဲလျက် ပြီးတော့မှ ကျော့်ကို တွေ့ခြင်းဖြစ်သည်။ ကျော်ဆိုသည့် ကျော့်ကို 'အေမီ' သတိတရရှိနေဆဲဖြစ်ပါ၏။ ကျော်ကတော့ အေမီဆိုသည့် နာမည်ကိုတောင်မှ အမှတ်ရသေးရဲ့လားမသိ။ ပျော်တတ်သော ကျော်၊ ပိုက်ဆံသုံးနိုင်သော ကျော်သည် ချစ်စရာကောင်းသော ကျော်လည်းဖြစ်ခဲ့၏။ ဘဝတစ်သက်တာ လက်တွဲဖို့ထိ စိတ်ကူးမယဉ်ဘူးဘဲထား ဟူတူရှိနေစဉ် ကာလအတွင်းလေးမှာကိုပဲ ပျော်စရာ၊ ရွှင်စရာ ချမ်းမြေ့မှုပေါင်းများစွာကို ဖန်တီးပေးတတ်သော ကျော် ဖြစ်ခဲ့၏။

ဟိုနေ့ကပဲ ...

အင်းလျားလိတ်ဟိုတယ်မှာ ကျင်းပသည့် မင်္ဂလာဆောင်တစ်ခုမှာ လက်ဖွဲ့စာရင်း ကူးရေးပေးဖို့သွားရင်း ကျော့်ကို ပြင်းပြင်းထန်ထန်ကလေး သတိရခဲ့သေးသည်။ မင်္ဂလာဆောင်က အချစ်ဆုံးသူငယ်ချင်းရဲ့အစ်မ။ သူငယ်ချင်းက သူ့အစ်မ သတို့သမီးဘေးမှာ သတို့သမီးအရံ လုပ်ပေးရမည်မို့ အေမီတို့အဖွဲ့က ကျေးဇူးတင်ကတ်ပြားလေးများ ကမ်းဖို့၊ လက်ဆောင်ပစ္စည်းများ ဆီးကြိုယူငင်ဖို့ စာရင်းရေးဖို့ တာဝန်ကျသည်။



ရန်ကုန်မင်္ဂလာဆောင်တွေက 'နေရာရရန် စောစောကြွ'မှဖြစ်၏။ ဆယ့်နှစ်နာရီမှ စတင်မည့် မင်္ဂလာပွဲအတွက် ဆယ့်တစ်နာရီကတည်းက အင်းလျာလိတ်ဟိုတယ်ခန်းမကြီးမှာ လူပြည့်သလောက်ဖြစ်နေပြီ။ အေမီတို့အဖွဲ့က အစောကြီးသွားရသည်။ သတို့သားနှင့် သတို့သမီးက ရောက်ရှိမလာကြသေးပါ။

"တစ်နာရီမှာ ပွဲထုတ်မယ်"

သတို့သမီးအမေက ဧည့်သည်ကြိုရင်းပြောတာ ကြားလိုက်သည်။ သတို့သမီးနှင့် သတို့သားက ရောက်မလာကြသေးပါ။ နာရီကြည့်တော့ ဆယ့်နှစ်နာရီခွဲ အဲသည်အချိန်မှာ ကားတွေ လေးငါးစီးဆိုက်လာသည်။ မျက်နှာလိမ်းခြယ်ပြီး၊ ဆံထုံးထုံးပြီး၊ ထိုင်မသိမ်းဝတ်ပြီး၊ တောင်ရှည်ပုဆိုးဝတ်ပြီး၊ ခေါင်းပေါင်းပေါင်းရုံသာကျန်သည့် သတို့သားနှင့်တကွ အားလုံး ပြင်ပြီးဆင်ပြီး လူပျိုရံတွေ အပျိုရံတွေပါ ဆင်းလာကြသည်။

"အချိန်မှားပြီထင်တယ်"

အေမီတို့ သတို့သမီးမဟုတ်သည်မို့ မျက်လုံးပြူးကြရသည်။ သူတို့အုပ်စုတွေက အေမီတို့အုပ်စုကို ကျော်ဖြတ်လျက် သတို့သမီး သတို့သားနားနေခန်းထဲသို့ ဝင်သွားကြတော့သည်။

"မမှားဘူး၊ အဲဒါ နောက်တစ်ချိန်မှာ ဆောင်မယ့် စုံတွဲ"

"ဆန္ဒစောလှချည်လား၊ ရှေ့ပွဲက သတို့သား သတို့သမီးတောင် ရောက်မလာသေးဘူး၊ နောက်ပွဲက သတို့သားနဲ့ သတို့သမီးက ရောက်နေပြီ"

"ဆန္ဒစောတာမဟုတ်ပါဘူး၊ စိတ်လောကြီးတာပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေချည်းဆိုတော့ အရာရာကို ပျော်စရာရှုထောင့်ကချည်းမြင်၏။ ဖြစ်ရပ်တိုင်းသည် ဟာသရသမြောက်နေ၏။ ကိုယ့်မင်္ဂလာပွဲက လူစုံနီးပါးရောက်နေပြီမို့ နောက်ထပ်ဝင်လာသူတွေ ပါးပါးကျဲကျဲဖြစ်သွားသည်။ လက်ဖွဲ့စာရင်းရေးသည့် အေမီလည်း ဘောလ်ပင်ကို ချထားရသည်။ အဲသည်အချိန်မှာ နောက်ပွဲအတွက် သတို့သားက တောင်ရှည်ပုဆိုးတကားကားနှင့် ထွက်လာသည်။ အုပ်စုလိုက် ရပ်ထားသည့် သူတို့ကားတွေဆီသွား၏။ ပြန်လာတော့ လက်ထဲမှာ ဆယ်လူလာဖုန်း ပါလာသည်။ လမ်းတစ်လျှောက် နှိပ်လာ၏။ သူတို့နားနေခန်းထဲ ပြန်မဝင်ဘဲ ကော်ရစ်ဒါဘေးမှ သစ်ပင်ရိပ်မှာ ခဏရပ်ပြီး ဖုန်းဆက်တော့သည်။

အေမီတို့အဖွဲ့က လိုက်ငေးကြ၏။

သတို့သားကြီးက တစ်နေရာပြောပြီး၊ နောက်တစ်နေရာသို့ခေါ်ပြန်သည်။ ပြောပြန်သည်။ ပြီးတော့တစ်ခါ နောက်ထပ်တစ်နေရာဖြစ်မည်။ ခေါ်ပြန်သည်။ ပြောပြန်သည်။ နောက်ထပ်တစ်ခါ စုစုပေါင်း လေးကြိမ်တိတိခေါ်၍ပြော၏။ တစ်နေရာတည်းကိုပဲ ပြောပြီး နောက်ထပ်မှာစရာတစ်ခု ထပ်သတိရ၍ ထပ်ခေါ်၊ ထပ်သတိရပြန်ပြီး ထပ်ခေါ်၊ လေးကြိမ်သတိရပြီး လေးခါခေါ်တာထက် လေးနေရာသို့ တစ်နေရာပြီးတစ်နေရာဆက်တာ ဖြစ်ဖို့ပိုများသည်။ နောက်ဆုံးတစ်ခါ တော်တော်လေးကြာ၏။

"ခုပဲ မင်္ဂလာဆောင်တော့မယ်၊ တောင်ရှည်ပုံဆိုးတောင်ဝတ်ပြီးနေပြီ၊ ဆယ်လူလာနဲ့ ဘယ်တွေ ဆက်နေရတာလဲ မသိဘူး"



"ကားပေါ်ထားခဲ့တဲ့ဖုန်းကို သွားယူပြီး ကိုယ့်အခန်းထဲ မဝင်ဘဲ စင်္ကြံဘေးက လူရှင်းတဲ့သစ်ပင်ရိပ်မှာ ဆက်တာ၊ သတို့သမီး မသိစေချင်တဲ့ကိစ္စ ဖြစ်ရမယ်"

"သေချာတယ်၊ ရည်းစားဟောင်းတွေကို ခုမှ ကမန်းကတန်း ဖြတ်နေတာ"

"လေးယောက်တောင်"

"နောက်ဆုံးတစ်ယောက်က သံယောဇဉ်မပြတ်နိုင်ဘူးထင်တယ်၊ ခုထိဖြတ်ရတုန်း"

ဝါးခနဲ ရယ်လိုက်ကြသည်။

ဟိုခမျာဖြင့် ဘာတွေအရေးတကြီး အချိန်မမီရှာသည်မို့ စီစဉ်ရသည်မသိ။ အေမီတို့အဖွဲ့ကတော့ ပျော်လိုက်ကြသည်။

သည်အချိန်လေးမှာ ကျော့်ကို ဖျတ်ခနဲ သတိရလိုက်ခြင်းပါ။

"မင်္ဂလာဆောင်ခန်းမထဲ ဝင်ခါနီးကျမှ လက်ကျန်ရည်းစားတွေကို ကိစ္စတုံးဖြတ်တော့မယ်"

ကျော့်စကားသံက နားစည်ကို လာရောက်ပုတ်ခတ်သည်။ ကျော် မြန်မာပြည်မှ ထွက်ခွာသွားတာ သုံးနှစ်။ မသွားခင်အချိန်ထိ အေမီနှင့် ကျော်တို့ ချစ်သူတွေဘဝမှာ ရှိခဲ့ကြသည်။ အဲသည်အချိန်မှာ ကျော့်လက်ကျန်ချစ်သူက အေမီတစ်ယောက်တည်းမကတာလည်း အေမီ အသိပါ။ ပဂ္ဂီလေ။ အေမီနှင့်ညီမဝမ်းကွဲ။

"စာရေးမှာလား ကျော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ စိတ်ချ လုံးဝမမျှော်နဲ့၊ မိဘဆီတောင်ရေးဖြစ်မှာမဟုတ်ဘူး၊ တို့လောကမှာ အချီးကျူးဆုံးက စာရေးဆရာတွေ သိလား၊ ရေး့ရေးနိုင်လွန်း"

"ပြောတော့မယ် ကျော်ကလဲ"

"ဘယ်တော့ပြန်လာမှာလဲ ကျော်"ဆိုတော့ "ရောက်တဲ့အချိန်ပဲ"တဲ့။

ကျော် တော်တော်ကြီး ပေါ့ပေါ့ဆဆ ပြောခဲ့သည်။

"ကျော်က အေမီကို မချစ်ပါဘူး"

"အေမီလောက်ပါပဲ၊ တူတူပေါ့၊ အေမီက ကိုယ့်ကိုချစ်သလောက် ကိုယ်က အေမီကို ပြန်ချစ်ပါတယ်"

"အေမီက ပိုတယ်"

"ဟုတ်လား ကျေးဇူးပဲ"

ကျော်ဆိုသည့် ကျော်မှာ ရည်းစားတွေ တစ်ချိန်မှာလေးငါးယောက်လောက် ရှိတတ်တာ။ ကျော်က ဖုံးဖိထားသူမဟုတ်ပါ။ "သူလား အဲဒါလည်း ချစ်သူပဲ ... ဟီး"ဟု ပြော၍ ရယ်နေတတ်ခဲ့သည်။

"ဘယ့်နှယ်ကွယ်၊ ခင်ဗျားတို့ မိန်းမတွေကျတော့ အခွင့်အရေးက နည်းနည်းနောနောကြီးမဟုတ်ဘူး၊ ခေါင်းခေါက်ရွေးမယ်၊ ခေါင်းခေါက်ရွေးမယ်နဲ့၊ စကားပုံကလည်းရှိသေး၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့၊ အဲဒါကျွန်တော်တို့ယောက်ျားတွေကို ချေးချပစ်တဲ့စကားပုံခင်ဗျ၊ သိလား ..."



"ဖိုးကျော်တို့ကတော့ ရည်းစားမှာသက်စေ့၊ ဇနီးမယားမှာတစ်ဦးတည်း၊ ယူပြီးပြော့ဆိုတာနဲ့ ရာသက်ပန်ရိုးမြေကျပဲ"တဲ့။

မိန်းမသားတွေအပေါ်မှာ တော်တော်ကြီးကို ပေါ့ပျက်ပျက် သဘောထားတတ်သည့် ကျော့်ကို စက်ဆုတ်ရွံ့မုန်းကြသူတွေရှိပေမယ့် တချို့တလေကျတော့ ကျော့်သံယောဇဉ်ပင့်ကူအိမ်ထဲမှာ တဝဲလည်လည် ငြိတွယ်ခဲ့ကြသည်။ ရုပ်ရှင်ကြည့်၊ ဈေးသွား၊ မုန့်စား၊ ပျော်ပွဲစားတွေထွက်၊ ကားကြီးတစီးစီးရပြီး ကုန်ကျစရိတ်အားလုံး ကျော့်တာဝန်၊ ပူဆာတတ်လျှင် ကြွေသေးသည်။

"ကျော် နိုင်ငံခြားသွားတော့ ရည်းစားတွေ အားလုံး ဖြတ်ခဲ့မှာလား"

"တို့က မင်္ဂလာဆောင်ခန်းမထဲဝင်ခါနီးကျမှ လက်ကျန်ရည်းစားတွေကို ကိစ္စတုံးဖြတ်တော့မယ်"

အဲသည်တုန်းက ကျော်ပြောခဲ့တဲ့စကားပါ။ ခုတွေ့နေရသည့် သတို့သားလုပ်နေပုံက ကျော့်စကားနှင့် သွား၍ ကိုက်ညီနေသည်။ ဤသတို့သားကတော့ သူ့ကိစ္စနှင့်သူ အလုပ်ရှုပ်တာဖြစ်နိုင်ပါသည်။ ကျော်ဆိုလျှင်တော့ ရင်ဖုံးအင်္ကျီဝတ်ပြီး၊ တောင်ရှည်ပုဆိုးဝတ်ပြီးရုံမျှမက ခေါင်းပေါင်းပါပေါင်းပြီး သတို့သမီးနှင့် လျှောက်လှမ်းရန် လက်လာချိတ်ဖို့ တံတောင်ဆစ်ကလေး ကွေးပေးပြီးမှ ...

"ဟိုးထား ... ဟိုးထား၊ ခဏနေပါဦး၊ ဆယ်လူလာလေးတစ်ဆိတ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ လက်ကျန်ရည်းစားတွေဖြတ်ရမှာ သေချာသည်။

အေမီကိုယ်တိုင်ကလည်း သူငယ်ချင်းလိုလို၊ အရင်းနီးဆုံးလူလိုလို၊ ချစ်သူလိုလိုနှင့် တွဲသွားတွဲလာလုပ်ရင်း၊ ကိုယ့်ကိုယ်ကိုယ်လည်း အထိမခံထိန်းရင်း၊ ခေါင်းခေါက်ဖို့ လက်ဆစ်တရွယ်ရွယ်လုပ်နေသူပဲမို့ ကျော့် ပေါ့ပေါ့တန်တန်စကားတွေအတွက် နာကြည်းမနေဖြစ်တော့ပါ။ ကျော့်ကိုတော့ အများထဲမှာ ရှေ့ဆုံးက နေရာပေးထားခဲ့ဖူးသည်။ ကျော်ကသာ ရာသက်ပန်ဆိုလျှင် အေမီ ငြင်းပယ်ဖို့မရှိပါ။ ခုပဲ တိုက်ဆိုင်မှုဖြစ်ရပ်ကလေးတစ်ခု တွေ့တာနှင့် ကျော့်ကိုသတိရလိုက်တာ ကြည့်ပေါ့။

အဲသည်လို ရင်ထဲမှ လုံးဝထုတ်ပယ်ပစ်လိုက်ဖို့ ခက်ခဲနေသေးသည့် ကျော်က ဗီဒီယိုမင်းသမီးပေါက်စ၊ ချက်ချင်းနာမည်တက်စပြုကာ ရုပ်ရှင်ကားကြီးတွေတောင် ရိုက်နေရပြီ၊ နောက်နှစ်လောကကျလျှင် အကယ်ဒမီတောင် ချိန်ချင်ချိန်တော့မှာဆိုသည့် ‘နေချိုနုနု’နှင့် တွဲလို့ပါလား တွဲလျက်ပါလား ကျော်ရယ်။

✧ ❦ ✧

“ကျော်”

ခေါ်သံနှင့်အတူ လူတွေကြားထဲ ခပ်ကြမ်းကြမ်းကလေး ဝင်ရောက်လာခဲ့သူက ကျော့်လက်မောင်းတစ်ဖက်ကိုပါ တုံ့ခနဲဆောင့်ဆွဲလိုက်၏။ မင်းသမီးအပေါ်မှာ စိတ်ဝင်စားနေကြသူတွေ၊ မျက်ဝန်းတွေ၊ အာရုံတွေအားလုံး မင်းသမီးဘေးမှ အမျိုးသားအပေါ် စုပြုံကျရောက်သွားတော့သည်။ နေချိုနုနုကိုတစ်လှည့်၊ ကျော့်ကိုတစ်လှည့် ကြည့်ကြ၏။ ကျော်ဟုခေါ်ကာ အတင်းတိုးဝှေ့ဝင်ရောက်လာသူ၊ ကျော့်လက်မောင်းတစ်ဖက်လုံးကို ပိုင်နိုင်စွာ ဆောင့်ဆွဲလိုက်သူ အမျိုးသမီးကိုတစ်လှည့်။ လူသားသုံးဦးကို တစ်လှည့်စီကြည့်လိုက်ကြသည်။



“ကျော့်ကို လာကြိုတာ”

“အေမီ”

ကျော့်နှုတ်ခမ်းလှုပ်ရုံ ခေါ်လိုက်ဖြစ်၏။ တစ်ဖက်လက်မောင်းမှ အဆုပ်အကိုင် လျော့ကျသွားတာကို ချက်ချင်းသတိထားမိသည်။ လှည့်ကြည့်သည်။ အတည်လေးက သူ့လက်ကို ဖြုတ်ချလုနီးပါး လျှော့ချ၏။

“ကျော်သွားပြီး ခြောက်လအကြာမှာ မွေးတဲ့ ကျော့်သမီးလေး လွန်ခဲ့တဲ့ခြောက်လက နှစ်နှစ်ပြည့်တယ် ကျော်၊ မွေးနေ့ပွဲကို ဖခင်မပါဘဲ ကျင်းပလိုက်ရတယ်”

“ဘာတွေ ပြောနေတာလဲ”

“ပဂ္ဂီလေ၊ အေမီ့ညီမတစ်ဝမ်းကွဲ ပဂ္ဂီနဲ့ ကျော်တို့ရဲ့သမီးလေးအကြောင်းကိုပြောနေတာ၊ ပဂ္ဂီက မနက်ကလည်း ကျော့်ကို ကြိုဖို့ပေါ့၊ ရေမိုးချိုးအလှပြင်လုပ်တာ”

ကျော် မျက်ခုံးနှစ်ခု ကျုံ့ကျသည်။ အေမီ ဘာတွေလာပြောနေတာလဲ၊ အေမီ့စကားတွေက အဓိပ္ပာယ်ဘယ်လောက်ရှိလဲ၊ မှန်ကန်ရာခိုင်နှုန်း ဘယ်လောက်ပါမလဲ၊ ပဂ္ဂီနဲ့ကိုယ်နဲ့ ဘာမှ မပတ်သက်ဘူးလို့ ငြင်းရဲတဲ့သတ္တိ ကိုယ့်မှာရှိသလား။

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပစ်ဖို့ ကိုယ့်လိပ်ပြာသန့်သလား။ မငြင်းမဆန် နေပြန်တော့ရော ကိုယ်က ဓားခုတ်ရာမှာ လက်လျှိုပြီးသားဖြစ်သွားမှာလား။

ထားတော့။

ပြဿနာတွေအားလုံး ကိုယ့်ပခုံးပေါ်မှာချည်းတာဝန်ကျသည်ဆိုလျှင်တောင် လောလောဆယ် ကိုယ်ဦးစားပေးရမှာက အတည်လေး။

"ရေချိုးခန်းထဲချော်လဲလို့၊ ခါးဆစ်ရိုးကိုထိတာ၊ ခါးနာပြီး မထနိုင်ဘူး၊ အဲဒါနဲ့ အေမီက ကျော့်ကို လာကြိုရတာ"

"ကိုယ်ပြန်လာမယ်ဆိုတာ မင်းတို့ ဘယ်လိုသိလဲ"

"ကျော်ကတော့ နိုင်ငံခြားမှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါး သွားနေတာတောင် အချိုးက မပြောင်းဘူး၊ ပျော်တတ်နောက်တတ်တုန်းပဲ၊ ကြောင်လည်းကြောင်ပါရဲ့၊ ကျော်ပဲ ဖုန်းဆက်ထားတဲ့ကိစ္စကို"

"အေမီ ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး"

"ကျော်"

ကျော့်အသံ နည်းနည်းကျယ်သွားသည်။ လူတွေ နဂိုကမှ စိတ်ဝင်စားရသည့်အထဲ။ မျက်လုံးတွေအားလုံး စုပုံကျရောက်ကာ ကိုယ်လုပ်ဖို့အလုပ်၊ လုပ်လက်စတန်းလန်းတွေအားလုံး တန့်နားသွားကြသည်။ စိတ်ဝင်စားမှုကို လူသားသုံးဦးထံ အလုံးအရင်းနှင့် ပို့လွှတ်သည်။ နေချိုနုနုက အားဖျော့ထားသည့် သူ့လက်ချောင်းလေးတွေနှင့် ကျော့်လက်မောင်းကို တင်းတင်းဆုပ်လိုက်သည်။ ကျော် ... ဟု တိုးတိုးခေါ်ကာ သတိပေးသည်။ ဘာတွေပဲဖြစ်ဖြစ်၊ ဖြစ်ခဲ့ဖြစ်ခဲ့၊ ကျော် ရင်ဆိုင်ဖြေရှင်းရမည့်နေရာက လူပုံအလယ်မှာ မဟုတ်ဘူးလေ။



နေချိုနုနု ငိုချင်လာသည်။ ကြေကွဲဝမ်းနည်း၏။ လူအုပ်စုကြီးကြားထဲမှာ အရှက်တကွဲ အကျိုးနည်းတော့ဖြစ်ပါပြီ။

"ကျော်"

အေမီကလည်းခေါ်၏။ ကျော့်လက်မောင်းနှစ်ဖက်ကို မိန်းမသားနှစ်ဦးက တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်ထားကြသည်။ အေမီ့မျက်ဝန်းတွေမှ ဒေါသနှင့်နာကြည်းရိပ်တွေစွန်း၏။ နေချိုနုနု နာကျင်ကြေကွဲသည်။ အရှက်သည်းသည်။ နေချိုနုနုကို လူတွေ မမှတ်မိကြပါစေနဲ့လို့ မပြည့်နိုင်မှန်းသိသည့် ဆုတောင်းကိုသာ ကျိတ်ဆုတောင်းရတော့မည်။

"အို"

လျှပ်စစ်မီးခွက်တစ်ခု ဖျတ်ခနဲ လင်းသွားသည်။ ဘယ်သူ ဓာတ်ပုံရိုက်လိုက်သလဲ။ ဒုက္ခပါပဲ။ ကျော့်ကို မိန်းမသားနှစ်ယောက်က လက်မောင်းတစ်ဖက်ဆီဆုပ်လျက် အပြိုင်လုဆွဲနေသည့် မှတ်တမ်းတင်ဓာတ်ပုံကြီးတစ်ခု ပီပြင်သွားခဲ့ပြီလေ။

"အစစ်ပဲ၊ အဲဒါ နေချိုနုနု၊ စတေပုံတောင်လှမ်းရိုက်လိုက်ပြီ၊ ဗီဒီယိုကင်မရာက ဘယ်နေရာကနေ ချိန်ထားမှန်းမသိဘူးကွ"

လူအုပ်ထဲမှ အသံတစ်ခု ထွက်လာ၏။

"အတည်လေး ... လာ"

ကျော်က နေချိုနုနုကို လှည့်ပြော၏။ အေမီ့ကို လုံးဝ လျစ်လျူရှုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျော်"

အေမီက မကျန်ခဲ့ပါ။ ကျော့်လက်မောင်းကို မြဲမြဲ ဆုပ်လျက်ပါလာ၏။

"ကျော်က ဒီလိုလား"

အေမီ့မျက်နှာပြင်က ရန်သူတွေ့၍ ပေါက်သတ်ဖို့ ပြင်ဆင်လိုက်သည့် မြွေဟောက်တစ်ကောင်နှင့်တူ၏။

"ဒီမှာ ... မအတည်လေးရဲ့"

ကျော်က အတည်လေးဟု ခေါ်လိုက်သံကို နားထဲမှာ သဲကွဲစွာကြားခဲ့ပုံရသည်။

"နာမည်က အတည်လေးတဲ့၊ မင်းသားကအသစ်၊ ဒီဘက်က ဒုတိယဇာတ်လိုက်မလည်း အမူအရာကောင်းတာပဲ"

အေမီ သူ့ဆံပင်တိုတိုလေးတွေကို ဝဲခနဲဆောင့်ခါ၍ မောင်းတင်၏။

"အတည်ပဲဖြစ်ဖြစ်၊ အပျော်ပဲဖြစ်ဖြစ်၊ မင်းဟာ ကျော့်ရဲ့ နံပါတ်စဉ်ဘယ်လောက်မြောက်ဖြစ်မလဲမသိဘူး၊ ကိုယ်ရည်မနှမ်းခင် ကိုယ့်ဘဝကို ပြန်ကယ်တင်ပေါ့၊ နွမ်းပြီးပြီဆိုရင်လည်း ပဂ္ဂိကတော့ ပထမတရားဝင်ဇနီးပဲ၊ သမီးတောင် နှစ်နှစ်ကျော်ပြီ"

ငယ်ထိပ်တည့်တည့်ပေါ်သို့ မိုးကြိုးပစ်လေ၏။ နေချိုနှနှ၏ဦးခေါင်း ရှစ်စိပ်ကွဲသည်။ ဦးနှောက်တို့ ပွစာကြဲကာ အသိအဆင်ခြင်ဉာဏ်တရားအားလုံး ပျက်သုဉ်းသည်။ ပြာနှမ်းကာ ဘာကိုမှ မမြင်လိုတော့သည့် မျက်ဝန်းထဲမှ မျက်ရည်စတွေ ပိုးပိုးပေါက်စီးကျသည်။ မျက်နှာက ဒီတစ်သက်မှာ ဘယ်လိုမှ ပြန်ပြင်



လို့မရနိုင်တော့လောက်အောင် ပျက်ယွင်းသည်။ အရှက်သည်းစိတ်သာ အသက်ဆုံးနိုင်သည့် ဝေဒနာဆိုလျှင် အတည်လေး သည်နေရာမှာ ဖုန်းဖုန်းလဲကျ သေဆုံးဖြစ်မည်ထင်သည်။

ခုနေ မြေကြီးဟက်တက်ကွဲလျက် အတည်လေးတစ်ယောက် လိမ့်ကျ၊ မြေကြီးအက်ကွဲကြောင်းပြန်စေ့ကာ မည်သူတစ်ဦးတစ်ယောက်မျှ ဘေးမသိရန်မခဘဲ မိမိတစ်ဦးတည်း မြေမျိုခံရမည်ဆိုလျှင် သေပစ်ချင်၏။ ဒါမှမဟုတ်လျှင်လည်း အရှက်နှင့်ဒေါသတွေ မီးတောက်အသွင်ပြောင်းကာ တစ်ကိုယ်လုံး ပြာကျသွားအောင် လောင်လိုက်စမ်းပါ။

ကျော့်ကို ကိုင်ထားမိသည့်လက်ကို ရုတ်တရက် လွှတ်ချသည်။ ရုပ်ပျက်ဆင်းပျက် မျက်နှာပြင်မှာ မျက်ရည်စီးကြောင်းစက်လက်နှင့် အတည်လေးက လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းလိုက်သည်။ လူအုပ်ကို ထိုးခွဲ၏။ လူတွေက အလိုအလျောက် ရှဲခနဲ ဖယ်ပေးလိုက်ကြသည်။ အတည်လေးက မင်းသမီးလေ။ ပြည်သူချစ်သည့် အနုပညာသည်။ ပရိသတ်က အလိုလိုက်စွာ ကူညီဖေးမကြသည်ပဲပေါ့။ ပြေးထွက်ခဲ့၏။ ဤနေရာမှ အဝေးဆုံးသို့ အမြန်ဆုံး ရောက်ချင်သည်။

"အတည်လေး ..."

ခေါ်သံသဲ့သဲ့ကြားသည်။

"အမူအရာကောင်းလိုက်တာ၊ တကယ့်အတိုင်းပဲ"

မချိုလို့ပေါ်တဲ့သွားကို ရယ်သလား အထင်ခံရတာ ပြည်သူချစ် အနုပညာသည်တွေရဲ့ကံသိုလ်ပဲပေါ့။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှာ ကြိုသူပို့သူတွေနှင့် အမြဲလို ရှုပ်ထွေးနေတတ်သည်မို့ လူများတာ ဆန်းသည့်ကိစ္စတော့မဟုတ်ပါ။ သို့ပေမဲ့ သည်နေ့က တစ်ဖက်ခြမ်းမှာ လူရှင်းလျက်က ထောင့်တစ်နေရာမှာ လူတွေပုံကျပ်နေသည်။ လူအုပ်ကြီးထဲ မဝင်တိုးဘဲနေသည့်သူက ဦးရေနည်း၏။ တချို့ကကျတော့ လူအုပ်ထဲမပါသည့်တိုင် ခပ်လှမ်းလှမ်းမှ ရပ်ငေး၍တော့ ကြည့်နေကြသည်။

"ဘယ်သူလာလို့ပါလိမ့်"

နည်းနည်းပါးပါးတော့ ထူးခြား၏။

"အမူအရာက ဘာပိုင်သလဲမမေးနဲ့၊ သောက်ကျိုးကိုနည်းနေတာပဲ၊ မျက်ရည်ကလည်း စီးကျတော့မယ်၊ မျက်ခမ်းနားမှာ တွဲနေပြီ"

ဩော် ... ရုပ်ရှင်လား၊ ဗီဒီယိုလား ရိုက်နေကြတာကိုး။

အဲသည်နေရာမှာ လူတွေကျပ်နေသည်မို့လည်း ကိုယ်သွားမည့်လမ်းက ရှင်းနေသည်။ ကိုယ့်ကားထဲကိုယ် မြန်မြန်ပြန်ရောက်သည်။ ကားမောင်းထွက်ဖို့ပြင်ပြီးကာမှ 'နွဲ့'ကို သတိတရ ဖြစ်လိုက်သည်။

"ရုပ်ရှင်ကြည့်ချင်တယ်'ဟု ပူဆာတတ်သည့် နွဲ့ကို တစ်ခါမှ ရုပ်ရှင်လိုက်မပြဖြစ်ပါ။ ရုပ်ရှင်နှင့်ကင်းဝေးခဲ့တာ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲတောင် မပြောတတ်တော့ပါ။ ဗီဒီယိုခွေ



တွေ ခေတ်စားလာကတည်းက အင်္ဂလိပ်ကား၊ မြန်မာကား၊ တရုတ်ကား၊ ကုလားကား၊ ဂျပန်ကား၊ အချစ်၊ သိုင်း၊ စုံထောက်၊ ကြိုက်ရာကြည့်ပါလိမ့်မို့ ရုပ်ရှင်ရုံထဲ တပင်တပန်း လာမထိုင်ဖြစ်တော့တာ။

"ဗီဒီယိုလည်း ရုပ်ရှင်ပဲ နွဲ့ရယ်၊ ဘာထူးလို့လဲ၊ အတူတူပဲ"

"ဟင့်အင်း ... မတူဘူး"

"ကိုယ့်အိမ်မှာ ကိုယ်ကြည့်ရတော့ ထိုင်ကြည့်၊ အိပ်ကြည့်၊ မုန့်စားရင်းကြည့်၊ ကိုယ့်စိတ်တိုင်းကျ ဘယ်လောက်ဖြစ်လဲ၊ ရုပ်ရှင်ဆိုတော့ သွားရဦးမယ် တရှူးတက။ ကုလားထိုင်မှာ ထိုင်ကြည့်ရတာလည်း ဘယ်လောက်ခါးညောင်းလဲ။ ကိုယ်တစ်ယောက်တည်းလည်း မဟုတ်ဘူး၊ သူများတွေလည်း အများကြီး၊ မကောင်းပါဘူး နွဲ့ရယ်"

"မတူတာ ကိုကိုမှ မသိတာ၊ လက်ဖက်ရည်ဆိုင်ထိုင်ချင်တဲ့ သူတွေလေ၊ သူတို့ လက်ဖက်ရည်ကြိုက်တာပဲ၊ ဘယ်မှာ သောက်ရသောက်ရ လက်ဖက်ရည်သောက်ရဖို့ အဓိက မဟုတ်ဘူးလား"

"ဒါပေါ့"

"မဟုတ်ဘူး ကိုကိုရဲ့ အိမ်မှာ ဘယ်လောက်ကောင်းအောင် ဖျော်ဖျော် ဆိုင်မှာပဲ သွားသောက်ချင်တယ်၊ အိမ်မှာသောက်ရတာနဲ့ ဆိုင်မှာသောက်ရတာ အရသာချင်းကိုမတူဘူး၊ ကိုကို ဗီဒီယိုခွေ ဘယ်လောက်ပြပြ နွဲ့ကတော့ ရုပ်ရှင်ရုံမှာကို သွားကြည့်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အတွက် 'မင်းခန့်ထယ်' အရမ်းကိုစိတ်ညစ်ရသည်။ ကိုယ့်မှာက အလုပ်တွေက ရှုပ်ပွေပွလျက် မအားမလပ်နိုင်အောင်ရှိရသည်။ စီးပွားရေးလုပ်ငန်းတွေ ချဲ့လျှင်ချဲ့သလောက် အလုပ်ရှုပ်ပြီး ဆက်ဆံရသူတွေကလည်း များသည်။ မတွေ့မဖြစ် ဧည့်သည်တွေကို ထိုင်ဧည့်ခံ၊ လာသမျှဖုန်း လက်ခံစကားပြော။ အဲဒါနှင့်ပင် တစ်နေကုန် ဘာအလုပ်မှမပြီးပြတ်ဘဲ နောက်တစ်နေ့အတွက် အလုပ်ကြွေးတင်သွားတာတွေရှိသည်။

စိတ်ရှုပ်နောက်ကျိခဲ့ရသမျှ အိမ်ပြန်ရောက်ချိန်မှာ ဘယ်ကိုမှ တစ်ခေါက်ပြန်မထွက်ချင်တော့ပါ။ နွဲ့စပ်ပေးသည့် ကော့ဗွိုင်ဆီးယား (Cour voisier) ပြင်သစ်ကော့ညက်ကလေး တငုံငုံ၊ ဒိန်ခဲလေးတမြုံ့မြုံ့၊ ရင်နန်ဘဲကင်ဝါး၊ သီဟိုစေ့လေးလည်း စားချင်သေးသည်။ ဘာဘီကျူးလေးကျတော့ ကြက်ရင်အုံသားလေးမှ ကင်စေချင်သည်။ ဝက်သားဆိုလျှင် အသားမကြိုက်၊ အဆီမှကြိုက်တတ်သူမို့ ဝက်ဆီစားရမှာလည်း ပူစပြုသည့်ဗိုက်ကို အားနာကာ ဝက်သားရှောင်ထားလိုက်သည်။ ပုစွန်တုပ်ကြီးဆိုလျှင် ရေစင်စင်ဆေးပြီး အခွံမခွာဘဲ ဆားလေးနည်းနည်းထည့်ပြီး ရေခြောက်ပြုတ်ထား။ ကိုယ့်ဘာသာ ခွာစားမည်။ ပြီးတော့ ရှက်စိမ်း ကြော်တစ်ပွဲ။ အဲဒါတွေနားမှာ နွဲ့က တွတ်တီးတွတ်တာ။

ညစာအတွက် ထမင်းမပါတော့ပါ။ ဗီဒီယိုကြည့်ရင်း ငိုက်မျဉ်းအိပ်ပျော်သွားတတ်သည့်ညတွေမှာ နွဲ့က ကုလားထိုင်မှာပဲ စောင်လာခြုံပေးတတ်သည်။ နောက်တစ်နေ့မနက်ကျမှ ကိုယ်ညက ဘယ်လောက်ရွဲသွားမှန်း သိရသည်။



အလွန်ပင်ပန်းလှသည့် ကိုယ်နှင့်စိတ်ကို သည်တစ်မျိုးတည်းနှင့်ပဲ ဖြေဆေးပေးခဲ့၏။ မေမေ့စိတ်တိုင်းကျ ချွေးမ နွဲ့အပေါ် မေတ္တာလည်းရှိသည်။ သစ္စာလည်းရှိသည်။ သူ့ဆန္ဒလေးတွေ ထုတ်ဖော်၍ ပူဆာတတ်ပေမယ့် စိတ်မကောက်တတ်သည့် နွဲ့ကို သည်တစ်ညနေတော့ အလိုလိုက်ဦးမှ ထင်ပါရဲ့။

စင်စစ် မင်းခန့်ထယ် လေဆိပ်သို့ ကိုယ်တိုင်လာဖို့ ကိစ္စမရှိပါ။ ကိုယ့်စီးပွားရေးကိစ္စနှင့် ပတ်သက်ဆက်ဆံရသူတွေ လာကြလို့လည်း ကြိုလေ့မရှိ။ ပြန်လျှင်လည်း ပို့လေ့မရှိ။ ကိုယ်သွားတော့ရော ဗန်ကောက်ဆို ကိုယ်က နှစ်ပတ်တစ်ခါလောက် သွားရသည်။ ဟိုမှာ တစ်ပတ်လောက်နေပြီး ပြန်လာ ရန်ကုန်မှာ နှစ်ပတ် ကြာလှ သုံးပတ်။ ပြီးတော့ ပြန်ထွက်။ ဟိုမှာတော့ တစ်ပတ်ထက် ပိုမနေဖြစ်တာများသည်။ အဲဒါ ဘယ်သူက ကြိုသလဲ။ ဘယ်သူက လိုက်ပို့လို့လဲ။ ကိုယ့်ဘာသာတည်း၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ တွေ့စရာရှိတဲ့သူနှင့်တွေ့၊ ပြီးတော့ ပြန်လာ။

အန်တီ မစ္စက်စ်ထွန်းမောင်ချိန်က မေမေ့သူငယ်ချင်းမို့ မေမေ့အိမ်မှာ တည်းခိုတာမို့ မေမေက ပြန်မပို့နိုင်လို့ (မေမေက ကားစီးရမှာ ဝန်လေးသူဖြစ်သည်) မေမေ တာဝန်ပေးလို့ လာပို့ပေးရတော့ ကိုယ့်ရုံးခန်းမှာ ရှိသမျှအလုပ်တွေ၊ တွေ့စရာ ဧည့်သည်တွေအားလုံး ပစ်ထားခဲ့ရသည်။ မျက်နှာလွှဲခဲ့ရသည်။ အဘွားကြီး ပြည်ပထွက်ခွာအခန်းထဲ ဝင်သွားတော့ ခဏစောင့်ကြည့်ပြီး ပြန်ထွက်လာခဲ့ခြင်းဖြစ်သည်။ အလုပ်မှ ထွက်လက်စရှိမှတော့ ပြန်မဝင်တော့ဘဲ သည်နေ့အဖို့ရာ အိမ်စောစောပြန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ သည်လောက် ရုပ်ရှင်ကြည့်ချင်နေတဲ့ နွဲ့။ သည်နေ့တော့ လိုက်ပို့လိုက်မှထင်ပါရဲ့။

ဆယ်လူလာဖုန်းကို ဖွင့်သည်။

"နွဲ့လား ... ကိုကို မင်္ဂလာဒုံကဆက်နေတာ၊ လေဆိပ်ကပေါ့၊ နောက်ထပ် မိနစ်နှစ်ဆယ်လောက်ကြာရင် နွဲ့ဆီရောက်မယ်၊ ကြိုပြင်ထားနိုင်အောင်ပြောတာ၊ နွဲ့ ဝမ်းသာရအောင်လို့၊ နွဲ့ကို ဒီညနေ ရုပ်ရှင်လိုက်ပြမယ်၊ ဘယ်ကားကြည့်ချင်လဲ သတင်းစာထဲမှာ ရှာထားနော်"

အဲသည်လို ပြောလိုက်မည်။

နွဲ့ ပျော်သွားမှာပဲ။ နွဲ့က 'ကိုကို'ဟု ခေါ်၏။ အသက်ချင်းက လေးငါးနှစ်တော့ ကွာမည်။ နွဲ့ ခုဆို နှစ်ဆယ့်ရှစ်ထင်သည်။ လက်ထပ်စဉ်က နှစ်ဆယ်ခုနစ်တဲ့။ လက်ထပ်တာ တစ်နှစ်မှ မပြည့်သေးတာ။ ကိုယ်က သုံးဆယ့်နှစ် ကျော်ကျော်၊ သုံးဆယ့်သုံးထဲမှာ။ 'ကိုကို'မခေါ်ဘဲ တခြားတစ်ခုခုခေါ်လည်းရသား။ ဆယ်နှစ်လောက်ကွာတာမှမဟုတ်တာ။ ခေါ်ချင်လည်းရတော့ရသည်ပေါ့။ နွဲ့က အချွဲစားလေးဖြစ်သည်။ ငြိမ်းချမ်းအေးဆေးသည်။ သူ့တာဝန်လေးတွေ သူထမ်းဆောင်နေသည်။ သူ့ကို အလိုမလိုက်လည်း စိတ်ကောက်ဆန္ဒပြတာမျိုးမရှိသည့် အလိမ္မာစားလေးဖြစ်၏။ မေမေပေးစားသော အချွဲစား အလိမ္မာစားလေးကို ကိုယ်တိုင်ရွေးခဲ့ရတာ မဟုတ်သည်မို့ အားတက်သရောမရှိပေမယ့် တစ်နှစ်နီးပါးဆိုသည့်အတွင်းမှာ သံယောဇဉ်တွယ်လာခဲ့ရတော့သည်။



"ကောက်လည်း မကိုင်ပါလား"

ဖုန်းများပျက်သလား။ ဒီဘက်က ခေါ်သံကြားပြီး ဟိုဘက်မှာ ခေါ်သံ ထွက်ပေါ်မလာတာမျိုးလား။ ဒါမှမဟုတ် နွဲ့ ရေချိုးခန်းတွေ ဘာတွေထဲ ရောက်နေလို့လား။ မဖြစ်နိုင်လောက်ဘူးထင်သည်။ နွဲ့က ရေချိုးခန်းထဲဝင်လျှင် ကော့ဒ်လက်စ် (Cord Less) တယ်လီဖုန်းလေးကိုင်၍ ဝင်သွားတတ်သည်။ အိမ်မှာက နှစ်ယောက်တည်းနေတာမို့ နွဲ့နားမှာ တယ်လီဖုန်း အမြဲရှိနေမှ နွဲ့အတွက် အဖော်လည်း ဖြစ်နိုင်သည်။

မီးဖိုထဲဝင်၍ ချက်ပြုတ်လျှင်လည်း နွဲ့နားမှာ တယ်လီဖုန်းရှိမြဲ။

"တယ်လီဖုန်းတစ်လုံးရှိရင် အဖော်ရပါပြီ ကိုကိုရယ်"တဲ့။

အိမ်မှာ အိမ်ဖော်မရှိပါ။ အိမ်ဖော်ထားဖို့ နွဲ့က အမြဲကန့်ကွက်သည်။ နွဲ့ပဲ ချက်ပြုတ်သည်။ လှည်းကျင်းရှင်းလင်းသည်။ လျှော်ဖွပ်တိုက်ဖို့ကတော့ တစ်ပတ်တစ်ခါ အဝတ်လျှော်သည့်ကောင်မလေးလာသည်။ ခြံထဲမှာ ရေလောင်း တံမြက်လှည်းကောင်လေးက တစ်နေ့တည်း လေးငါးအိမ်။ နာရီပိုင်းနှင့် လုပ်တာမို့ မနက်ခြောက်နာရီဆို ရောက်သည်။ ရေလောင်းသည်။ တံမြက်လှည်းသည်။ ခြံရှင်းဘာညာနှင့် ဆယ်နာရီမှ ပြန်သည်။ ဆယ်နာရီနောက်ပိုင်းမှာ ခြံသော့ခတ်။ ဘယ်သူလာလို့မှ ဖွင့်မပေးတော့ပါ။ မင်းခန့်ထယ် ပြန်လာမှ ခြံတံခါးကို ကိုယ့်သော့နှင့်ကိုယ် ဖွင့်ဝင်ရသည်။ သူ ပြန်ရောက်ပြီးလျှင်တော့ ညေ့်ဦးသည်

www.burmeseclassic.com

www.burmeseclassic.com



လာချင်လာ။ သို့ပေမဲ့ များသောအားဖြင့်မှာ မိုးချုပ်ခါနီးပြီမို့ ညှဉ့်သည်လည်း သိပ်မလာတော့ပါ။

"ဖုန်းများပျက်သလား"

ခေါ်မိပြီးမှတော့ ပြောဖြစ်ချင်သည်။ တစ်ဖက်မှ ကောက်မကိုင်တိုင်း နံပါတ်များကို ထပ်၍ ထပ်၍ နှိပ်ဖြစ်၏။ မနက်တုန်းကပဲ နွဲ့ ဖုန်းဆက်သေးသည်။ လေဆိပ်သို့မလာခင်မှာ နွဲ့က ညနေဘာစားချင်လဲဟု လှမ်းမေးခြင်းဖြစ်၏။ နွဲ့က အဲဒီလို လိမ္မာတာလေးတွေရှိသည်။

"နွဲ့ရဲ့ ပါးဖောင်းဖောင်းလေးတွေကို လှီးပြီး ဘာဘီကျူး လုပ်ထား"

နွဲ့ တခစ်ခစ်ရယ်၏။

"ပါးပေါ်မှာ အနာရွတ်ချိုင့်ကြီးနှစ်ခုနဲ့ မိန်းမကို ကိုကို ဆက်ချစ်နိုင်သေးတယ်ဆိုရင် နွဲ့က တကယ်လုပ်ကျွေးမှာ"

"ဘယ့်နှယ် မချစ်ရမှာတုန်း၊ ပါးချိုင့်လေးနှစ်ဖက်နဲ့ ပိုတောင် လှလာဦးမယ်၊ ပိုချစ်မှာ ... ပိုချစ်မှာ"

"ဒါဖြင့် ကိုကို စားရမယ် စိတ်ချ၊ ညနေကျရင် ကိုကိုက ဗိုင်းစီးယားနဲ့မြည်းဖို့ မိန်းမလှပါးဖောင်းဘာဘီကျူး"

"စားမှာ ... စားမှာ"

နွဲ့ ရယ်လျက် ဖုန်းချသွားခဲ့၏။

အဲသည်တုန်းကတောင် ဖုန်းမပျက်သေးတာ ဖုန်းက အကောင်းကြီးပါ။ ခုချက်ချင်းကြီးတော့ ထမပျက်နိုင်ကောင်းပါဘူး ထင်ပါရဲ့။



နွဲ့တစ်ယောက် တကယ်ပဲ ဘာဘီကျူးလုပ်ဖို့ သူ့ ပါးကို လှီးချလိုက်ပြီလား။ သွေးထွက်တွေလွန်ပြီး သတိတွေလစ် တစ်ယောက်တည်းဖြစ်။

သွားမှ ...

ခေါ်မရသည့် တယ်လီဖုန်းကို ဘေးနားပစ်ချလိုက်သည်။ ရင်ထဲမှာ ထိန်းမရအောင် ပူသွားသည်။ နွဲ့ ဘာတွေဖြစ် နေပြီလဲ။

ကားတံခါး ဝုန်းခနဲပွင့်ကာ အိခနဲဖြစ်သွားသည်။

မင်းခန့်ထယ် ဂီယာထိုးပြီးသား မောင်းထွက်မည့် ဆဲဆဲမှ လှည့်ကြည့်လိုက်၏။

"ဟိုက် ..."

ကောင်မလေးတစ်ယောက် ခေါင်းငုံ့ထားသည်။ ဆံပင်တချို့က အုပ်ကျပြီး မျက်နှာကို လုံးဝ မတွေ့ရပါ။

"ဒါ ... ဘာလုပ်တာလဲကွ"

"ကျေးဇူးပြုပြီး အမြန်မောင်းထွက်ပေးပါ ဦးရယ်"

"ဟင် ..."

ထွက်မည့်ဆဲဆဲမို့ မောင်းထွက်လာခဲ့ပါတော့သည်။ အိမ်ကိုလည်း ရောက်ချင်လှပြီ။ နွဲ့ကိုလည်း စိတ်ပူ၏။

"မင်းကို ဘယ်နေရာမှ လိုက်မပို့နိုင်ဘူး"

"ရပါတယ်၊ ကြိုက်တဲ့နေရာမှာ ဆင်းပါ့မယ်"

"ကျုပ်က ရွှေတောင်ကြားကိုသွားမှာ"

"ကမ္ဘာအေးဘုရားလမ်းပေါ်မှာ ဆင်းပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် စကားမပြောဖြစ်တော့ပါ။ ကောင်မလေးက ခေါင်းငုံ့နေသည်။ မင်းခန့်ထယ်က ကိုယ့်ကိစ္စနှင့်ကိုယ် စိတ်စောနေသည်။ တစ်လမ်းလုံးမှာ အသံတိတ်နေတော့သည်။

ရွှေတောင်ကြားထဲသို့ ကွေ့မဆင်းခင် ကမ္ဘာအေးဘုရားလမ်းမကြီးပေါ် ကားကို တုံ့ခနဲရပ်သည်။

"လိုရာခရီးအရောက် လိုက်မပို့နိုင်တာ ဝမ်းနည်းပါတယ်၊ ကျုပ်မှာလည်း ကျုပ်ကိစ္စနဲ့ကျုပ်မို့၊ ဟင် ..."

"ရပါတယ်"

ကားပေါ်ကဆင်းခါနီးကျမှ ကောင်မလေး ခေါင်းမော့သည်။ မျက်ရည်စက်လက်နှင့် ငိုဆဲ။ ဟိုတလောကပဲ သူ့ဗီဒီယိုကား ကြည့်လိုက်ရသေးသည်။

နာမည်ကျတော့ မေ့တေ့တေ့ရယ်။

"မင်း ရုပ်ရှင်မင်းသမီးပဲ"

ကားလမ်းပေါ်ချထားပစ်ခဲ့ဖို့ အတော်ကြီးအားနာသွားရတော့သည်။ သူက မင်းသမီးဆိုတော့ လူလယ်ကောင် သည်တိုင်းထားခဲ့လို့ဖြစ်ပါ့မလား။ မင်းသမီးကလည်း လွန်သည်။ လေဆိပ်မှာ အရှက်ခွဲခံရသည့်အခန်းရိုက်တာ သရုပ်ဆောင်ကောင်းလှချည့်ဟု ကြားခဲ့ရသည်။ သူ့သရုပ်ဆောင်ကလည်း ကောင်းပဲကောင်းနိုင်လွန်း။ ခုထိငိုတုန်း။ ငိုထားလိုက်တာမှ မျက်ခွံပေါ် တွတ်တွတ်ရဲကာ မျက်နှာကြီးတစ်ခုလုံးတောင် ရုပ်ပျက်ဆင်းပျက်။ မျက်မှန်ကြည်လေးလည်း မျက်ရည်စက်တွေနှင့်။

"ခက်တာပဲ၊ ကျုပ်မှာလည်း အရေးကြီးနေတယ်"



မင်းသမီးမဟုတ်ဘူးဘဲထား၊ ရိုးရိုးမိန်းကလေးတစ်ယောက် ငိုပွဲဆင်မျက်နှာကြီးနှင့် လမ်းပေါ်မှာ အဖော်မဲ့စွာ ထားပစ်ခဲ့ဖို့ကျတော့ အားနာစရာကောင်းလှသည်။

"ရပါတယ်၊ ကျေးဇူးတင်ပါတယ်"

မင်းခန့်ထယ် နောက်ဆံတင်းပုံနှင့် ပြန်ငဲ့ကြည့်သည်။

"မင်း ဘယ်မှာနေတာလဲ"

"ကန်တော်ကြီးနားမှာ"

"ကားမောင်းတတ်လား"

"ဟုတ်ကဲ့"

"ယူသွား၊ ကျုပ်ကားကို ယူသွား၊ မင်း ဒီမျက်နှာကြီးနဲ့ အိမ်ကို ဘယ်လိုပြန်မလဲ"

"အားနာလိုက်တာ ဦးရယ်"

'ဦး'တဲ့။ သုံ့ခေါ်တာ နှစ်ခါရှိပြီ။ ကောင်မလေး အသက်က ရှိလှမှ နှစ်ဆယ်။ ကိုယ်က သုံးဆယ့်သုံး ဆိုတော့ ခေါ်ပါစေလေ။ ဦးအရွယ်ပဲပေါ့။

"ယူသွား၊ ကျုပ်အိမ်က အရမ်းနီးနေပြီ၊ လျှောက်သွားတော့မယ်၊ ရော့ ..."

ကားပေါ်မှ ဆင်းသည်။ ကားသော့ပေးသည်။

ပိုက်ဆံအိတ်ပြားပြားကြီးထဲမှ ကုမ္ပဏီလိပ်စာ၊ ရုံးခန်းလိပ်စာ၊ အိမ်လိပ်စာနှင့် ဖုန်းနံပါတ်တွေပါသည့် ဗစ္စတင်းကတ်ကြီးကြီးကို လှမ်းပေးလိုက်သည်။

"အဲဒီလိပ်စာတွေထဲက ပို့ချင်တဲ့နေရာကိုပြန်ပို့၊ ဘယ်ဖြစ်ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးထံမှ နေပါစေတွေ၊ ဘာတွေ မလာတော့။ ခုချိန်မှာ 'နေပါစေ'ပြောနိုင်ဖို့ အင်အားမရှိပါ။ ကောင်မလေး မောင်းထွက်သည်။ မင်းခန့်ထယ်က ကိုယ့်အိမ်ရှိရာ ကုန်းကြောင်း ပြန်သည်။ နောက်ဆုံး လက်ခံရရှိလိုက်သည့် ဝါကျတိုလေးမှာ အသံလေးက တိုးတိမ်သလောက် အနှစ်သာရတွေ နက်ရှိုင်းစွာ ပျော်ဝင်နေလိမ့်မည်ဆိုတာကို ယုံကြည်မိပါ၏။

"ကျေးဇူးတင်လိုက်တာ ဦးရယ်"တဲ့။

✧ ❦ ✧



## အခန်း(၂)

သည်လောက်အကြာကြီး ရှာန်ဝင်တာတော့ မဖြစ်နိုင်။ အနုပညာရသ ဘယ်လောက်ပဲမြှောက်မြှောက်၊ သရုပ်ဆောင် ဘယ်လောက်ပဲကောင်းကောင်း အရုက်ကွဲခန်းရိုက်ပြီး နောက်ထပ် နာရီဝက်လောက်ထိ ဆက်ငိုနေသေးတယ်ဆိုတာ သူ့ပြဿနာနှင့်သူ မဟုတ်လျှင်တော့ ထွင်တာပဲဖြစ်ရမည်။ ထွင်တာမဟုတ်လျှင်တော့ ရင်ကွဲပက်လက် ဝမ်းနည်းစရာနှင့် 'အစစ်အမှန်'ကြုံလာရတာဖြစ်ရမည်။

"ကျေးဇူးပြုပြီး အမြန်မောင်းပေးပါ ဦးရယ်"

အသံတိုးတိုးရှိုင်းရှိုင်းလေးနှင့် ခေါင်းငုံ့ပြီး ပြောခဲ့စဉ်က မင်းသမီးဟု မသိခဲ့ပါ။ ဩော် ... ဘာများ ဝမ်းပန်းတနည်း ကြေကွဲရှာပါလိမ့်။ စောစောက လူစုစုဟာ ရုပ်ရှင်ရိုက်တာမှဟုတ်ရဲ့လား။ မင်း ဘယ်လိုဒုက္ခသုက္ခတွေနဲ့များ ကြုံတွေ့ခဲ့သလဲကွယ်။

ထားတော့။

ကိုယ်တတ်နိုင်သလောက် ကူညီပေးလိုက်ပြီ။ ကား တစ်စီးလုံးပေးလိုက်တာ နည်းနည်းနောနော ရက်ရောမှုလား။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လာမပေးလျှင် ကိုယ့်ဘက်က ဘာအထောက်အထားမျှမရှိ။ ရှိပါစေ။ ပြည်သူချစ်အနုပညာရှင်မို့လို့ကို ယုံကြည်စိတ်ချပေးလိုက်သည်။ နွဲ့အကြောင်းတွေ ဖုံးလွှမ်းနေသည့် ကိုယ့်အတွေးထဲ မင်းသမီး နေချိုနုနုက တစ်ပိုင်းတစ်စ နေရာဝင်ယူသွားခဲ့သေးတာ နွဲ့သိလျှင် နွဲ့က စိတ်ကောက်တတ်သူတော့ မဟုတ်ပါ။ ကြေကြေကွဲကွဲပုံစံလေးနှင့် တချောင်ချောင်မှာ သွားမှိုင်နေမှာမျိုးတော့ ဖြစ်နိုင်၏။

နွဲ့ကို တစ်ခါတလေကျ အဲသည်လို မှိုင်တွေတွေပုံစံလေးနှင့် တွေ့ရတတ်သည်။

"ဘာဖြစ်လို့လဲ နွဲ့ရယ်"

မေးလျှင် ခေါင်းလေးခါပြီး ပြုံးပြတတ်လိုက်ကာ သူ့အမှိုင်လေးကို ဖျောက်လိုက်တော့သည်။ ကိုယ် ဘာများလုပ်မိပါလိမ့်ဟု သေချာပြန်စဉ်းစားကာ နွဲ့ဝမ်းနည်းမည့်ကိစ္စမျိုးလေးတွေ ဆင်ခြင်လိုက်ရသည်။ အိမ်ပြန်ရောက်ရောက်ချင်း မင်းသမီးကို ကားတစ်စီးလုံး ရက်ရောပစ်လိုက်တာကို ဝန်ခံပြီး ...

"နွဲ့ စိတ်မဆိုးဘူး မဟုတ်လား'ဟု မေးရမည်။ ဆန်နီဆူပါဆလွန်းဆိုတော့ မင်းခန့်ထယ်အဖို့ အကြမ်းသုံးသလို ဖြစ်နေသည်။ အလုပ်ကိစ္စနှင့် ဟိုပြေးသည်ပြေး သွားစရာလာစရာ ကိစ္စတွေမှာ ယာဉ်မောင်းထားဖို့လည်း ဝါသနာမပါ။ ကိုယ့်ဘာသာ မောင်းရမှ စိတ်တိုင်းကျသည်။ ဤကားကို နွားလှည်းသာသာ သဘောထားပြီး စီးပစ်နေတာမို့ တစ်နေ့တစ်ခါ စက်မှန်မှန်နှိုးပေးရသည့် မာစီးဒီးနီရဲရဲလေးကျတော့ စီးဖြစ်တယ်ပဲ မရှိပါ။

"နွဲ့ကို မာစီဒီးနဲ့ ရုပ်ရှင်ပို့မှာ"



ကိုယ်က ချော့ချင်လို့သာ ပြောရမှာ။ နွဲ့ဆိုသည့် ဇနီးအလိမ္မာက တိုတိုထွာထွာ။ ငြိငြိငြင်ငြင်ရှိမှာမဟုတ်တာသေချာသည်။ သြော် ... မိန်းမလှပါးဖောင်း ဘာဘီကျူးလေးကိုက ဖွိုင်းစီးယားနဲ့ မြည်းရဦးမှာလည်း ရှိသေး။ အတွေးထဲမှာ နွဲ့ကြီးစိုးသမျှ ပီတိဖြစ်ရသည်ချည်းပါပဲ။ ကိုယ်တိုင်စိတ်ကြိုက် ရွေးယူခဲ့လျှင်တောင် နွဲ့နှင့်ရေစက်ဆုံရသည့် အိမ်ထောင်ရေးလောက် အဆင်ပြေအောင်မြင်ပါ့မလာမသိ။ လိမ္မာသော နွဲ့၊ ချစ်စရာကောင်းသော နွဲ့၊ ရိုးသား၍ အေးဆေးသော နွဲ့၊ သူ့ဌေးကတော်ရယ်လို့ မောက်မာခြင်းမရှိ၊ အိမ်မှုတာဝန် ဆိုလျှင် ကိုယ်တိုင်လုပ်ရမှ၊ ယောကျ်ားကို ကိုယ်တိုင်ချူးခပ်ကျွေးရမှဆိုသည့် နွဲ့။ နွဲ့ ... နွဲ့ ...။

တွေးရင်း တွေးရင်း တရစ်ရစ်တိုး၍ ချစ်လာရသည်။ ချစ်ခင်စုံမက်လှသည်မဟုတ်ဘဲ လက်ထပ်ခဲ့မိတာကိုတောင် အားနာပါးနာ ဖြစ်ချင်လာရသည်။ နွဲ့ဘက်မှ တွေးကြည့်ရလျှင် ကိုယ့်ကို မြတ်နိုးလှသည်မဟုတ်ဘဲ မိဘစကားနားထောင်ခဲ့သည့် လူကောင်းဆိုသူတစ်ဦး၏ ရင်ခွင်မှာ မိမိဘဝလေး မြှုပ်နှံရသည့် မိန်းမသားအဖြစ် နာနာကျင်ကျင်ကလေး ခံစားရရှာပါလိမ့်မည်။ မိန်းမသားမာနလေးကို ထိပါးရှာပါလိမ့်မည်။ ကိုယ်က မတရားခဲ့သူပါလား။

"နွဲ့ရေ ... အတိုးနဲ့အရင်းနဲ့ပေါင်းပြီး အဆနှစ်ဆယ်ပိုချစ် လိုက်တော့မယ်"

ကျိတ်၍ ကြုံးဝါးသံအဆုံးမှာ ကိုယ့်ခြံရှေ့သို့ရောက်သည်။ စောစောကတည်းက ဝီရိယကြီးစွာ နှိုက်ယူပြင်ဆင်ထားပြီးသည့်သော့နှင့် ခြံတံခါးကိုဖွင့်၏။ ခါတိုင်းမှ တံခါးဖွင့်လျှင် တံခါးအရှိန်များလျှင် များသလို အုတ်တိုင်နှင့်တိုက်မိ ရှိ[illegible]သ

www.burmeseclassic.com

www.burmeseclassic.com



'ဂျုန်း ... ဂျုန်း ... ဂျုန်း'မြည်သေးသည်။ သည်နေ့တော့ လူတစ်ကိုယ်ဝင်သာရုံမို့ ပတ္တာထဲ အင်ဂျင်ဝိုင်အဟောင်းတွေ လောင်းထားသည့် သံတံခါးက နည်းနည်းလေးမှတောင်မမြည်ပါ။ ထုံးစံအတိုင်း သော့ပြန်မခတ်ဘဲ မောင်းတက်လေးသာ ချိတ်ခဲ့သည်။

ခြံတံခါးက အသံမမြည်ဘဲ ကျဉ်းကျဉ်းလေးဟသွားတာကိုကြည့်ရင်း ဦးနှောက်ထဲ မီးသီးလင်းသလို အကြံတစ်ခုရသည်။

"ဟိတ် ... နွဲ့ ဝါး"

အဲသည်လို ခြောက်လိုက်မည်။ လှန့်လိုက်မည်။ 'အမယ်လေး'အော်တာနဲ့ မျက်ဖြူလန်တော့မှ ကျစ်ကျစ်ကလေး ပွေ့၍ ချော့ပစ်လိုက်မည်။

"ကလူ ... ကလူ နွဲ့လိပ်ပြာ လာ လာ"

ကလေးလေးတွေလန့်သလို လိပ်ပြာ ခေါ်ပေးလိုက်မည်။ သုံးဆယ်ကျော်မှ ကနွဲ့ကလျကြီး ဖြစ်နေတာကို နွဲ့က 'သူငယ်ပြန်သည်'ဟုများ စွပ်စွဲဦးမှာလား။ ဝန်ခံရလျှင် အိမ်ထောင်သက် တစ်နှစ်နီးပါးအတွင်း နွဲ့ကို သည်နေ့လို တစိမ့်စိမ့်တွေး၍ ချစ်မိတာမျိုး မရှိခဲ့သေးပါ။ သည်နေ့ ပထမဆုံးအကြိမ်ဖြစ်သည်။ နောက်ဆုံးအကြိမ် မဖြစ်စေရဖို့ အရေးကြီးသည်။ ရှေ့လျှောက်မှာ နွဲ့အတွက် အချိန်တွေ အများကြီးပေးမှဖြစ်မည်။ အလုပ်ရှုပ်၊ စိတ်ရှုပ်၊ ခေါင်းနောက်၊ စီးပွားချည်းကျုံးရှာခဲ့သူ တက်လူတစ်ယောက်မှာ ဇနီးမယားအတွက် အချိန်ပေးချိန်က အလွန်နည်းပါးခဲ့ပါသည်။

အိမ်ပြန်ရောက်ချိန်မှာ သူ့အတွက် အချိန်ပေးဖို့ထက် ကိုယ့်ဘာသာ အပန်းဖြေသည့်ကိစ္စမှာ နွဲ့က ကူညီဆောင်ရွက်ပေး



ရသူသာဖြစ်ခဲ့၏။ ကိုယ် အရက်တစ်ဖန်ခွက်နှင့် စည်းစိမ်ခံစားရဖို့ နွဲ့ ပျော်စရာအကြောင်း တစ်စုံတစ်ရာမျှ မပါဝင်ခဲ့ပါလား။ ကိုယ့်အတွက်ချည်းသက်သက်ဆိုတာ ခုမှ သဘောပေါက်တော့သည်။ နွဲ့ကို တယုတယ ပွန်းပွန်းတီးတီးလေး နေပေးဖို့တာဝန် လစ်ဟင်းခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမည်။

သည်တော့ ...

နွဲ့ကို ကျစ်ကျစ်တွေး၍ ချော့နိုင်ခွင့်အတွက် ခြောက်ဖို့လှန့်ဖို့ တိတ်တိတ်ကလေး အသံမပေးဘဲ အိမ်ထဲဝင်မှဖြစ်မည်။ ကိုယ့်အိမ်ထဲကိုယ် သူခိုးစတိုင်နှင့် ချွတ်နင်းဝင်ရတော့ ရယ်စရာတော့လည်းအကောင်းသား။ ဘေးလူတစ်ယောက်သာ ကိုယ့်လုပ်ပုံကိုင်ပုံတွေ မြင်သွားလျှင် 'မင်းခန့်ထယ်' ကြိုးကွင်းဆက်မီနီမားကက်ကြီးများ ပိုင်ရှင်၊ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီကြီး၏ပိုင်ရှင် 'မင်းခန့်ထယ်'ဆိုသည့် ဘဏ်လုပ်ငန်းကြီးမှာ ရှယ်ယာအများဆုံးပါဝင်ထားသည့် မန်နေဂျင်း ဒါရိုက်တာကြီး။ လူနှင့် ကြွယ်ဝမှုစည်းစိမ်မမျှအောင် ကုလုံနေသည့် သူဌေးတစ်ဦး။ ကလေးကလားကလက်တက်တက်နှင့် ခုန်ဆွစွစိ လျှောက်လှမ်းနေပုံကို ဘယ်လောက်များ လက်ညှိုးထိုး၍ ဟားတိုက်ရယ်မောလိုက်လေမလဲ။

"ဦးမင်းခန့်ထယ် စိတ်ဝေဒနာ ဖြစ်ပါပြီ"ဆိုပြီး စေတနာမေတ္တာတွေ လွန်ကဲကာ စိတ်ကျန်းမာရေးကုဆေးရုံသို့ ဖွတ်ကြီးတောင် ပခုံးနှင့်ထမ်း၍ ပို့နိုင်၏။

မင်းခန့်ထယ် ကိုယ့်ကိုယ်ကိုယ်လည်း ရယ်ချင်သည်။ အိမ်ရှေ့တံခါးမကြီးက သော့ပိတ်ထားမှာ သေချာကာ ကိုယ့်အိမ်ကိုယ်မို့ သိသည်။ လူသားနှစ်ဦးတည်းနေသည့် တစ်ထပ်ခွဲတိုက်

www.burmeseclassic.com

www.burmeseclassic.com



လှလှလေးကို ပတ်၍လျှော်ကာ နောက်ဖေးဘက်သို့ဝင်လိုက်လျှင် နွဲ့တစ်ယောက် မီးဖိုထဲမှာ အလုပ်များနေတာနှင့် ဘွားခနဲ ဆုံနိုင်သည်။

"ကြွက်ကလေးရေ လုံအောင်ပုန်း၊ ကြောင်ကြီးလာနေပြီ"

ခြောက်လှန့်မည့်အစီအစဉ်နှင့်မို့ အသံပေးလို့မဖြစ်ပါ။ ရင်ထဲမှာ ကျိတ်၍ အော်လိုက်သည်။ 'လူကြီးမင်း'အဖြစ်ဟန်ကြီးတစ်ခွဲသားနှင့် နေခဲ့ရသမျှ ကိုယ့်မိန်းမကိုယ် ခြောက်ဖို့ မီးဖိုဘက်က ချွတ်နည်းဝင်ရတာ ပျော်စရာကောင်းလိုက်ပါဘိ။ ရင်ထဲလည်း ဒိန်းဒိန်းခုန်၏။ မျက်နှာပြင်ကိုတည်လို့မရ။ ပြုံးစိစိကြီးဖြစ်ကာ အူယားနေတာကပဲ ကိုယ့်ကိုယ်ကိုယ် လက်ညှိုးပြန်ထိုး၍ ရယ်ဖို့ကောင်းလှပြီ။

မီးဖိုတံခါး ဟသည်ဆိုရုံလေး စေ့ထားသည်။

"ရွှေနွဲ့ကလေး အိမ်ပေါ်တက် အလုပြင်ပြီထင်တယ်"

ချက်ရေးပြုတ်ရေးကိစ္စမပြီးသေးလျှင် နွဲ့က မီးဖိုထဲမှာပဲရှိတတ်သည်။

"အိမ်ရှေ့ကော်ဇောတွေမှာများ ဟူဗာ(Hoover)ထိုးနေလား"

အဲဒီလို သန့်ရှင်းရေးလေးတွေလည်း နွဲ့လုပ်တတ်၏။

"သူဌေးကတော်ပီပီ စတိုင်နဲ့နေစမ်းပါ နွဲ့ရယ်၊ ထားစမ်းပါ၊ အိမ်ဖော်တွေဆယ်ယောက် ကိုယ် တတ်နိုင်ပါတယ်"

"ဟင်းအင်း ... နွဲ့က ကိုကိုနဲ့ပဲ နေချင်ပါတယ်၊ အိမ်မှာလူပိုရှိတော့ရှုပ်တယ်၊ စကားသံတွေလည်း ပိုများတာပေါ့၊ ပြီးတော့ သူတို့ မထင်ရင် မထင်သလို အိမ်ပြောင်းပြီး နောက်အိမ်ရှင်ဆီမှာ အိမ်ရှင်ပေါင်းအတင်းတွေ ပြောရော"



"ဘာဖြစ်လဲ၊ ပြောပစေပေါ့ သူတို့ပြောတာ ဘယ်သူက ယုံမှာလဲ၊ ယုံပါ သူတို့အချင်းချင်းပေါ့၊ အိမ်ရှင်တွေကတော့ ယုံမယ်မထင်ပါဘူး"

"အပြောကိုမခံချင်ပါဘူး ကိုကိုရယ်၊ ကိုကိုက လူသိတဲ့ ပုဂ္ဂိုလ်"

"အဟဲ ... တယ်ဟုတ်တဲ့ ငါပါလား"

"နာမည်ကျော် အနုပညာရှင်မဟုတ်ပေမယ့် ပိုက်ဆံအရှာကောင်းလွန်းလို့ ဟိုလူ ဒီလူနဲ့ ရိုးသားကြိုးစားတဲ့သူဌေး ဦးမင်းခန့်ထယ် ဆိုတာ လူတိုင်းသိတယ်"

"ဟုတ်လား"

"လူဦးရေလေးဆယ့်ငါးသန်းမှာ"

"သုံးယောက်သိတယ်၊ ကိုယ့်ယောက္ခမနှစ်ယောက်ရယ်၊ ကိုယ့်မိန်းမရယ်"

"ဟင် ... ကိုကို၊ မေမေတို့ ဖေဖေတို့က ကိုကိုချမ်းသာတာသိလို့ သမက်ဖမ်းလိုက်တယ်လို့ ပြောချင်တာလား"

"ဟာကွာ ... နွဲ့ကလည်း၊ စကားအကျကောက်တတ်လိုက်တာ၊ ငိုဦးမလို့လားကွာ၊ ကိုယ်မှားပါတယ်၊ ကျေပါနော် မအေးစိန်"

အဲသည်တုန်းက 'သွား'ဆိုပြီး နွဲ့က တွန်းပစ်ခဲ့သည်။ ရင်ခွင်ကြီးတင်းမတ်စွာ ခံယူလျက် ပြုံးနေခဲ့တာ ဘယ်လောက်မှားလဲ။ တကယ်ဆို တွန်းရှိန်ကနည်းနည်း လဲတာကများများလုပ်ပြီး နွဲ့ကို ဆွဲခေါ်ချသွားရမှာ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဧည့်ခန်းမှာ နွဲ့ ရှိမနေပါ။

တစ်ထပ်ခွဲတိုက်ကလေး၏ အပေါ်ထပ်တစ်ခုလုံးက ဘုရားခန်းပဲဖြစ်၏။ ခန်းမကျယ်ကြီးမှာ ဘုရားစင်ကို ကြည်ညိုစရာ ကောင်းလောက်အောင် တခမ်းတနား ပြင်ဆင်ထားသည်။ ရုံးမှာ ပင်ပန်းလာသမျှ ဘုရားခန်းတက်သွားလိုက်ရုံနှင့် ချမ်းမြေ့သွားရ အောင် သပ္ပာယ်လှ၏။ ဘုရားပန်းအိုးတွေ အများကြီးမှာ တစ်အိုး နှင့်တစ်အိုး ပန်းမတူစေရ။ လိုက်ဖက်ခြင်းလည်းရှိရမည်။ ဘုရား ပန်းကပ်လျှင် ကုသိုလ်ရတာပဲဟု နွဲ့က ပြီးပြီးရော ကပ်လှူသူ မဟုတ်ပါ။ မလှ့လှအောင် ပန်းထိုးတာကအစ ပုံဖော်တတ်သေး သည်။

နွဲ့အကြောင်းတွေက စဉ်းစားတိုင်း မြတ်နိုးဖွယ်ချည်း ဖြစ်နေသည်။

အလုပ်ကပြန်လာတိုင်း ဘုရားခန်းတက်ပြီး ဦးချ ပြန်ဆင်းလာ၊ ရေချိုး၊ ပြီးတော့ နွဲ့ ပြင်ဆင်ကျော်လော့ပေးသည့် အမြီးပေါင်းစုံတို့ ကဗျိုင်းဆီးယားတို့၊ ချီးဗားစ် (Chivas)တို့ ဘော်ဇိုင်းဗော့ကာ (Bozai Vodga)တစ်ခုခုတို့နှင့် စိမ်ပြေနပြေမြီး၊ ဗီဒီယိုကြည့်၊ ညဘက် သိပ်အလုပ်မလုပ်ချင်တော့ပေမယ့် မပြော မဖြစ် ဝင်လာတတ်သည့် တယ်လီဖုန်းလေး နည်းနည်းပါးပါး လက်ခံပြော၊ မေမေ့ဆီကိုတော့ ကိုယ်က ဆက်ရသည်။ ပြီးလျှင် ထမင်းစားသည့်အခါ နည်း၏။ အမြီးများများစားထားတာနှင့်ပဲ ဗိုက်ပြည့်ကာ အိပ်ချိန်ရောက်တော့ အိပ်ပစ်လိုက်သည်။

"ဘုရားမကြိုက်တဲ့အလုပ်ကို မလုပ်ခင် ဘုရားကိုတော့ အရင်ရှိခိုးသေးတယ်၊ ကိုကိုက လူဆန်း"



နွဲ့ ဝေဖန်လျှင် ရယ်နေပေးလိုက်သည်။

ကိုယ့်အချိန်နှင့် ကိုယ့်ကိစ္စနှင့် ကိုယ့်အတွေးတွေက ကိုယ့်ဦးနှောက်ထဲမှာ ကွက်လပ်မကျန်အောင် ပြည့်နေတတ်သည် မို့ နွဲ့အကြောင်းကို ခုလောက်အချိန်ပေးပြီး မစဉ်းစားဖြစ်ခဲ့တာကို အပြစ်ရှိစွာ ဝန်ခံချင်ပါ၏။

"ရင်ခွင်ထဲက ပန်းတစ်ပွင့် ဘယ်လောက်မွှေးမှန်းမသိတဲ့ ငတုံး"

ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရင်း ပြုံးလိုက်မိသေးသည်။ သည်နေ့မှ အလုပ်က နေ့တစ်ဝက်လောက် စောပြန်လာမှ ကိုယ့် မိန်းမ ကိုယ့်ဇနီးအကြောင်းကို တွေးဖြစ်၏။ တွေးဖြစ်မှပဲ နွဲ့၏ တန်ဖိုးနှင့် အရည်အချင်းတွေကို သိလာရသည်။ ဝန်ခံရလျှင် ကိုယ် တစ်နှစ်နီးပါး ပိုင်ဆိုင်ခဲ့ပြီးဖြစ်သည့် ကိုယ့်ဇနီးမယားကို သည်နေ့မှစ၍ ချစ်သွားမိခြင်းဖြစ်တော့သည်။

သည်ရှေ့တုန်းက ...။

ခင်မင်သည်၊ ကြင်နာသည်၊ သံယောဇဉ်ရှိသည်ဆို တာလောက်နှင့် သစ္စာရှိစွာပေါင်းသင်းခဲ့ခြင်းပဲဖြစ်၏။ ကိုယ် ဘယ် လောက် မိုက်မဲခဲ့ပါသလဲ။ အားနွဲ့သူမိန်းမသားအပေါ်မှာ ဘယ် လောက်များ မတရားလိုက်ပါသလဲ။ ကိုယ်က လူဆိုကြီးဖြစ်ခဲ့တာပဲ။

"နွဲ့ရေ ..."

တိုးတိုးလေး အစမ်းခေါ်ကြည့်သည်။

"အချစ်ရေ ..."

ကလက်များသွားမလား။။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ နုပျိုလတ်ဆတ်လျက် လူကနိုးကြားတက်ကြွလာသည်။ ခုနေ မှန်ကြည့်လျှင် ရှိရင်းအသက်ထက် ဆယ်နှစ်လောက် နုပျိုနေသည့် လူငယ်တစ်ယောက်၏ မျက်နှာကို တွေ့ရမည်ထင်သည်။ အချစ်ဆိုတာ ဘယ်လောက်ချစ်စရာကောင်းလိုက်ပါလဲ။ အချစ်သည် နုပျိုစေ၏။ ရွှင်လန်းချမ်းမြေ့စေ၏။ ကြည်နူးပီတိများစွာကို ဖြစ်ထွန်းစေ၏။ သေတစ်ပန်သက်တစ်ဆုံး မှီဝဲပွားများသင့်သည့် အသက်ရှည်ဆေးကြီးပဲလေ။

မင်းခန့်ထယ် အိပ်ခန်းနားသို့ ခြေသံလုံးဝမထွက်ဘဲ ကြွကြွလေးလှမ်း၏။ တခြားအသံဗလံဟူသမျှ လုံးဝတိတ်ဆိတ်နေသည်မို့ ရင်ခုန်သံကသာ ကိုယ့်ရင်ထဲမှာ စည်ရွမ်းသလောက် မြည်တီးနေတော့သည်။

အိပ်ခန်းတံခါးက လုံးဝပွင့်နေသည်။ ဇာခန်းဆီးလေးက မထူမပါးမို့ အတွင်းသို့ ထွင်းဖောက်မြင်နိုင်သည်။ မင်းခန့်ထယ် လာနေသည့်အချိန်တစ်လျှောက်လုံး ဘာသံမျှမကြားရသည်မို့ နှံ့ တိတ်ဆိတ်စွာ အလှပြင်နေတာဖြစ်နိုင်၏။ မင်းခန့်ထယ် အခန်းတံခါးဝသို့ရောက်လာသည်။ နံရံကို ကျောကပ်၏။ မျက်စိနှင့်တူရူ တွေ့နေရသည့် မှန်တင်ခုံပေါ်မှာ နှံ့ ရှိမနေပါ။ ခေါင်းကို ရှေ့သို့ နည်းနည်းလေးတိုး၍ ချောင်းလိုက်သည်။

နားထင်နှစ်ဖက်ဆီမှ ထိုးခနဲ ပူတက်သွား၏။ မျက်စိတွေပြာဝေသွားသည်။ ဦးခေါင်းကို နောက်ပြန်ဆုတ်စေလျက် နံရံမှာ ကျောပြန်ကပ်ဖြစ်လိုက်တာ တမင်ဆောင်ရွက်ခြင်းမဟုတ်ပါ။ အလိုအလျောက်ဖြစ်သွားသည်။ ရင်ဘတ်ကြီးတစ်ခုလုံး ဒေါသဖြင့် မောက်တက်လာ၏။ ဦးနှောက်တွင်း သွေးများပွက်ပွက်ဆူ၏။



အတွေးတွေ ဖျတ်ခနဲ ဖျတ်ခနဲ ဝင်လာလိုက်၊ ပြေးသွားလိုက်၊ ဖြတ်ပြေးသည့်အတွေးအားလုံးမှာ မီးညွန့်တွေ တလူလူပါ၏။

ဒေါသပူအားလုံးကို မျိုချပစ်လိုက်သည်။ ရင်ဘတ်သည် မောက်သည်ထက် ပိုမောက်လာသည်။ အသက်ရှူဖို့မေ့သွားတာကို ခုမှ သတိရလိုက်သည်။

'ပညာ'။

မေမေပြောသည့် 'ပညာ'ဆိုတာ ဒါပဲလေ။

'အသိပညာဆိုတာ ကျောင်းသင်ဘာသာရပ်နဲ့လည်း မဆိုင်ဘူး၊ ဘွဲ့တွေ ဒီဂရီတွေ ဘယ်နနခုရရ၊ ပညာမဲ့တွေဟာ အဆင်ခြင်မဲ့တယ် ထင်ရာစိုင်းတယ်၊ ပညာဆိုတာ အသိအလိမ္မာနဲ့ ယှဉ်ပြီး အဆိုးနဲ့အကောင်းကို ခွဲခြားဝေဖန်တတ်တဲ့အရာကို ခေါ်တာ ...

"ပညာရှိများဟာ လုပ်သင့်တာနဲ့ လုပ်ချင်တာကို ပိုင်းခြားတတ်တယ်၊ တစ်နည်းအားဖြင့် ပြောရရင်တော့ အသိဉာဏ်ပေါ့"

အသိဉာဏ်။

ဖြစ်သင့်ဖြစ်ထိုက်တာကိုသာဖြစ်စေပြီး မဖြစ်သင့်မဖြစ်ထိုက်တာကို မဖြစ်စေရအောင် တားဆီးဆုံးမနိုင်ခြင်း၊ သူတစ်ပါးကိုဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကိုယ်ပဲဖြစ်ဖြစ် အောင်မြင်နိုင်နင်းခြင်းသည် အသိဉာဏ်နှင့်ယှဉ်သော ပညာဖြစ်လေ၏။

အကုန်လုံးကို မောင်းနှင်တိုက်ထုတ်ဖို့ မဖြစ်နိုင်ပေမယ့် လက်ကျန်အနည်းနိုင်ဆုံးနည်းအောင် ဒေါသတွေကို တဖြည်းဖြည်း လျှော့ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့်ထယ် ဆိုတာ ယောကျ်ားကောင်း"

ဒေါသဆိုတာ လူတိုင်းမှာရှိသည်။ လူတိုင်း ပေါက်ကွဲတတ်သည်။ လူတစ်ရာမှာ တစ်ရာလုံး ဒေါသပေါက်ကွဲခြင်း အတတ်ပညာကို ပိုင်ဆိုင်ကြသည်။ ထိုဒေါသကို ထိန်းချုပ်ခြင်းပညာကိုတော့ လူတစ်ထောင်မှာ တစ်ယောက်တောင်မှ တတ်စွမ်းနိုင်နင်းပါ့မလား။

"တို့ကတော့ ကိုယ့်လာမထိနဲ့ ထစ်ခနဲဆို ဒေါက်ခနဲပဲ၊ ပေါက်ချလိုက်မယ်၊ မြွေပွေးလိုလူစားလို့ လူတွေပြောကြတယ်၊ အဲဒါ ပညာမဲ့စကား ...

"ပညာရှိတွေကတော့ ပေါက်သင့်မှ ပေါက်မယ်၊ ရှောင်လွှဲရင် လွှဲသွားမယ်၊ ပြန်ပေါက်မယ် ဆိုရင်တောင် ပေါက်ကိုပေါက်သင့်ပြီဆိုတဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့မှ ပေါက်မယ် ...

"ရင်ဆိုင်ခြင်းနဲ့ ရှောင်လွှဲခြင်းဆိုတာကို ပညာရှိတွေမှာသာ မှန်ကန်စွာ ဆုံးဖြတ်နိုင်တယ်"

ဆယ်ကျော်သက်ရွယ်မှစ၍ မေမေ ဆုံးမခဲ့သည့် စကားတွေက ရင်ထဲ အသည်းထဲ ဦးနှောက်ထဲမှာ စွဲနေခဲ့သည်။ မေမေ့အဆုံးအမစကားတွေက နှလုံးသားနှင့် ဦးနှောက်ကို တစ်လွှာပြီးတစ်လွှာ ထပ်ရစ်အုပ်မိုးထားခဲ့သည်။ အဆိုးဝါးဆုံးအခြေအနေကို စက္ကန့်ပိုင်းအတွင်းမှာပဲ မှန်ကန်စွာဖြေရှင်းဖို့ အမှန်ကန်ဆုံး အသိဉာဏ်က ဝုန်းခနဲပေါ်ထွန်းသည်။

မင်းခန့်တယ် ဆုံးဖြတ်ချက် မှန်ခဲ့ပါသည်။

ပထမဆုံး ...



နက်ခ်တိုင် (Neck Tie)လည်စီးကို လျှော့သည်။ ကြမ်းပြင်မှာဖြုတ်ချသည်။ အနောက်တိုင်းဝတ်စုံပြည့်ဝတ်ခဲ့သည်မို့ ကုတ်အင်္ကျီကိုလည်းချွတ်သည်။ နှစ်လှမ်းစာလောက်အကွာ ကြမ်းပြင်ပေါ် ပုံချခဲ့သည်။ ညှော်ခန်းသို့ ပြန်ထွက်သည်။ နံရံကပ် အလှပြ အစာသွတ်ငှက်မောင်နှံ၏ခြေထောက်မှာ ချိတ်ဆွဲထားသည့် မာစီးဒီးကားသော့ကို ယူသည်။ နောက်ဖေးတံခါးမှပဲ ပြန်ထွက်ခဲ့၏။ အားလုံးသည် ညင်သာစွာ ပြီးဆုံးသွားသည်။

ကားဂိုဒေါင်ဆီသို့ သွားရာတွင် ချွတ်နင်းဖို့ မလိုတော့သလို တကူးတက ဆောင့်အောင့်ဖို့လည်းမရှိပါ။ မာစီးဒီးကားနီလေးကို စက်နိှုးကတည်းက အသံ့တော့ထွက်မည်။ ခြံတံခါးဝမှာ ခဏရပ် တံခါးဖွင့်၊ မောင်းထွက်၊ တံခါးပြန်ပိတ်မနေတော့ပါ။ လောကကြီးမှာ သော့ခတ်ပိတ်ဆို့တားဆီးလို့ မလုံခြုံသည့်အရာတွေ အများကြီးရှိနေသည်လေ။

ကားသံကြား၍ နွဲ့ ပျာပျာသလဲ ထွက်ကြည့်လျှင် အခန်းဝနားမှာလည်စီး၊ နှစ်လှမ်းစာလောက်အကွာမှာ ကုတ်အင်္ကျီကို အလျင်ဆုံးတွေ့မည်။ ကိုယ့်ယောကျ်ား အခန်းဝထိ ရောက်ခဲ့တာ သူ သိရှိနားလည်ပါလိမ့်မည်။

"ကျေးဇူးပြုပြီး ဒီနေရာက အမြန်ဆုံး မောင်းထွက်ပေးပါဦးရယ်"

တိုးတိုးဖွဖွအသံလေးကို ကြားမိ၏။ မိမိလည်း မိမိကိုယ်မိမိ ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ခန္ဓာကိုယ်ကို တင်ဆောင်၍ ကိုယ်ပိုင်ခြံတွင်းမှ အမြန်ဆုံး မောင်းထွက်လာခဲ့သည်။ နေရာမှ အမြန်ဆုံး ပြေးထွက်သွားချင်သည့် အရှက်တကွဲအကျိုးနည်း၊

www.burmeseclassic.com

www.burmeseclassic.com



မချိုတင်ကဲ ခံစားချက်ခြင်း တူနေပါရောလား။ သူမကို ကိုယ်က ကားပေးလိုက်သည်။ ကိုယ်က ကိုယ့်ကားကိုယ်မောင်း၍ထွက်လာခဲ့သည်။

သူမလေး ...။

ဘယ်လောက်ဆိုးတဲ့အဖြစ်ဆိုးတဲ့အဖြစ်နဲ့ ကြုံခဲ့ရရှာပါလိမ့်။ ချက်ချင်းကြီး ကိုယ်ချင်းစာလိုက်မိသည်။ ကိုယ်နှင့်ထပ်တူညီမည့် ခံစားမှုမျိုးနှင့် မချိုထင်ကဲ ရုန်းကန်ထွက်ပြေးလာရရှာသူလေးပါလား။ ကိုယ်လိုလူအဖြစ် သူမ ရှိနေသည်။ သူမလိုအဖြစ်မျိုး ကိုယ် ကြုံခဲ့ရပြီ။ တော်တော်ဆိုးဝါးသည့် ကိုယ့်အဖြစ်ကို ကိုယ့်ဘာသာတောင် မယုံချင်။ မယုံနိုင်ပါ။

သံယောဇဉ်တစ်နွယ်ဖြင့် တစ်နှစ်နီးပါး ပေါင်းသင်းခဲ့ပြီးသော ဓနီးအပေါ်မှာ သည်နေ့မှ 'အချစ်'ဖြစ်ထွန်းသည်။ ထိုအချစ်သည် တစ်နာရီပြည့်အောင်မကြာလိုက်ရဘဲ ပေါက်ကွဲပျက်စီးသွားခဲ့သည်။ ကိုယ့်အဖြစ်က ထူးသလောက်ဆန်းပြီးဆိုးဝါးလွန်းလှပါ၏။ နာကျင်ကြေကွဲဖွယ်ကောင်းလှ၏။ ဒေါသနှင့် လောင်မြိုက်၏။ အရှက်သည်း၏။ တစ်ကိုယ်လုံးရှိသွေးတွေပွက်ပွက်ဆူ၏။ အားလုံးကို ထိန်းသိမ်းဖိနှိပ်ချုပ်တီး မျိုချပြီးမှ ကိုယ်ရှောင်ထွက်လာခဲ့သည်။

စကားသံဟူ၍ တစ်ခွန်းမျှ မကြားခဲ့ရပါ။

သူတို့စကားပြောမနေကြပါ။ အမည်မသိ 'သူ'ဟု ညွှန်းဆိုရမည့် ယောကျ်ားတစ်ဦးက ကိုယ်ပိုင်၊ ကိုယ်နှင့်ကိုယ့်ဓနီးပိုင် နှစ်ယောက်အိပ်စပင်ရင်မွေ့ရာ ဆယ်လက်မထုကြီးအပေါ်မှာ ခြေဆင်းထိုင်ကာ နံရံကိုကျောမှီ၍ထားသည်။ မျက်ဝန်းကို တူရ



အဝေးသို့ ပို့လွှတ်ကာ ရီဝေနေစေခြင်းဖြင့် တိကျသောဆုံးဖြတ်ချက်ကို မချနိုင်သေးတာ ထင်ရှားနေသည်။ သူ့အပြုအမူကို မှားသည်လား မှန်သည်လား တွေဝေနေပုံရပါ၏။

ဓနီးလိမ္မာ အချွဲစားလေး၊ လောလောလတ်လတ်က လေးတင်မှ အတိုင်းမသိ ချစ်သွားမိသည့် ဓနီးချောလေး နွဲ့က ခုတင်ပေါ်မှာပဲ ကျုံ့ကျုံ့လေးထိုင်နေသည်။ 'သူ'နှင့်နီးကပ်လွန်း၏။ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်နေကာ မျက်လွှာတွေကို စေ့ပိတ်နေစေ၏။ ဖယောင်းသွယ်လက်ချောင်းလေးတွေက ထိုသူ့ကို ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်ပုံများ။ ကြားလေသွေးလျှင် အဝေးကြီးဝေးတော့မှာ စိုးထိပ်ကြောက်ရွံ့လွန်းပုံနှင့်။

သူ့လက်တွေက နွဲ့ကို ပြန်လည်ဖက်ထားပေမယ့် နွဲ့ထက်လျော့ရဲမည်။

သူတို့ချင်း အချစ်ချင်းညီပါလျက် တရားဝင် နီးခွင့်မရခြင်းကို ယူကျုံးမရစွာ၊ တရားမဝင်ရယူထားသည့် နီးခွင့်အပေါ်အပြစ်လည်းရှိစွာ၊ မက်လည်းမက်မောစွာ၊ ကိုယ့်ဘဝအပေါ် ကိုယ်စိတ်မကျေနပ်စွာ၊ ဝမ်းနည်းစွာ၊ ကြေကွဲစွာ၊ နာကျင်နာကြည်းစွာ၊ လောလောဆယ် နီးစပ်မှုလေးအပေါ်မှာ ယာယီမက်မောကျေနပ်စွာ၊ ခံစားလျက်ရှိနေလိုက်ကြပုံများ၊ ဖြစ်နေလိုက်ကြပုံများ။

ညနေငါးနာရီခွဲနှင့် ခြောက်နာရီကြားမှာမှ ပုံမှန်ပြန်တတ်သည့် အလုပ်များသူခင်ပွန်း၊ မွန်းလွဲနှစ်နာရီလောက်မှာ တိတ်ဆိတ်စွာ ပြန်ရောက်လာလိမ့်မည်ဟု နွဲ့ ဘယ်ထင်ထားမှာလဲ။

သည်အချိန်မှာ တယ်လီဖုန်းသံ ဘယ်လောက်ပဲမြည်မြည် သူတို့ ဘယ်ကြားနိုင်မှာလဲ။ ကြားသည်ပဲထား တယ်လီ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသွားကိုင် စကားပြောဖို့ဆိုသည့် စက္ကန့်ပိုင်း မိနစ်ပိုင်းကို ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါက ပြန်တစ်ရာကဲ ဆိုသည့် ချစ်သမျှကို ပတ်ပျိုးလို ခံစားချိန်လေးထဲမှ ဘယ်မှာထုတ်ယူ သုံးစွဲချင်မှာလဲ။

သူ့ကို နွဲ့က ချစ်တာလား။

သမားရိုးကျ သာမန်ဖောက်ပြန်ချင်တာလား။

✧ ❦ ✧

"ဒေါ်နွဲ့နွဲ့ခန့်ထယ်"

နာမည်က ဆန်း၍လှပြီး ခန့်ထယ်လှသည်မို့လည်း စိတ်ဝင်စားသွားသည့်နာမည်မှာ 'ဒေါ်' တပ်ထားပေမယ့် အသက်ကျတော့ နှစ်ဆယ့်ရှစ်တဲ့။ အရွယ်ကောင်းလေးကွယ်။

"ရွှေတောင်ကြား ... ဟင် ... ဦးမင်းခန့်ထယ် ဇနီးအစစ်ပဲ ပေါ့"

သတင်းစာကို ယောင်ယမ်း၍ ဆုပ်ညှစ်ပစ်လိုက်မိသည်။ ... ရက်နေ့တွင် ရုတ်တရက်ကွယ်လွန်သည်။ အဲသည်နေ့က မိမိနှင့် ဆုံသည့်နေ့ပဲပေါ့။ အဲသည်တုန်းကတော့ လောလောဆယ် ဇနီးဆုံးထားသည့် မုဆိုးဖို လတ်လတ်ဆတ်ဆတ်ပုံစံလည်းမပေါက်ပါလား။ ရိုးရိုးကိစ္စရှိရာ သွားရင်းဟန်လွှဲပုံပါပဲ။ ကိုယ်နှင့် လမ်းခွဲကြပြီးမှ သူ့အိမ်သူ ပြန်သွားပြီးမှ သူ့ဇနီးက ဆုံးတာထင်သည်။

ရုတ်တရက်ဆိုတော့ ဘာဖြစ်တာပါလိမ့်။ ကားတိုက်ရေနစ်၊ တခြားဘာဖြစ်နိုင်သေးလဲ။ နှလုံးရောဂါနှင့်မို့ ရုတ်တရက်



နှလုံးသွေးရပ်တာမျိုးလား။ သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြော်ငြာပါမည်တဲ့။ လောလောဆယ် မသင်္ဂြိုဟ်သေးဘူးပေါ့။ ဘာဖြစ်လို့များပါလိမ့်။ သွေးသားရင်းခြာတွေ နိုင်ငံရပ်ခြားရောက်နေလို့ ရှာပနကိစ္စမီအောင် စောင့်တာမျိုးလား။ ကားကို အိမ်ကယာဉ်မောင်း ဦးလေးကြီးနှင့် ပို့ခိုင်းစဉ်က ...

"သူဌေးနဲ့ မတွေ့ခဲ့ဘူး သမီးရဲ့၊ သူ့ကိုယ်ရေးအရာရှိမတဲ့၊ အမျိုးသမီး ငယ်ငယ်ချောချောလေးတစ်ယောက်နဲ့ပဲ တွေ့ခဲ့ရတယ်၊ ဦးလေးက သူ့ဇနီးလားတောင်ထင်တာ၊ ကိုယ်ရေးအရာရှိပါရှင်တဲ့ ...

"ကားထားခဲ့ပါ၊ သူဌေးက ပြောထားပါတယ်တဲ့၊ ဦးလေးက သူဌေးမှန်းလည်း မသိပါဘူးကွယ်၊ မောင်မင်းခန့်ထယ်ရှိလားလို့ မေးမိတာတောင်မှားလိုက်တာ၊ သမီးက သုံးဆယ်လောက် ရှိမယ်ဆိုတာနဲ့"တဲ့။

ကိုယ့်နားမှာနေပြီး ကိုယ့်အလုပ်ကိစ္စတွေမှာ ကူညီဖို့ သတိပေးဖို့၊ စီစဉ်ပေးဖို့နှင့်တကွ ကော်ဖီလေးတစ်ခွက်လောက် သောက်ချင်ပါသည်ဆိုလျှင်တောင် ဖျော်ပေးဖို့ အမျိုးသမီးကို 'ကိုယ်ရေးအရာရှိ' ဆိုသည့် နာမည်ရာထူးကြီးတပ်ထားရသလား။ ကြီးကျယ်ခမ်းနားတော်မူပါဘိ။ သူက ဘယ်လောက်ထိများ ချမ်းသာကြွယ်ဝနေပါလိမ့်။ ဗိုလ်ချုပ်ဈေးနှင့် သိမ်ကြီးဈေး၊ ကုန်တိုက်ကြီးအစ်ခုလုံးကိုပါ ဝယ်နိုင်နေသူလား။

သတင်းစာကိုင်၍ တွေးနေမိဆဲမှာပဲ တယ်လီဖုန်းလေးက မြည်လာခဲ့သည်။ တယ်လီဖုန်းမြည်လျှင် နေချို ဘယ်တော့မှ ကိုင်လေ့မရှိပါ။ အနုပညာရှင်ဆိုသည်မှာ ပြည်သူ့အချစ်ကို ရယူသ

www.burmeseclassic.com

www.burmeseclassic.com



စားရသူဖြစ်သော်ငြား တစ်ခါတစ်ရံတော့ မုန်းတီးခံရခြင်းမဟုတ်ပါဘဲ ရန်စစော်ကားခံရခြင်းမျိုးလည်း ရှိတတ်သည်။

"နေချိုနုနုအိမ်ကလားဟင်၊ မမနေချိုနုနု အရမ်းလှတာပဲ သရုပ်ဆောင်တာကိုလည်း အရမ်းကြိုက်တာပဲ၊ အရမ်းလည်း ချစ်တာပဲလို့ ပြောပေးနော်"

"နေချိုနုနုနဲ့ပြောချင်လို့၊ ဘာလဲ မရှိဘူးလား၊ ရတယ်လေ၊ သူ့ကိုကြိုက်လို့ ယူမလို့၊ ဘယ်တော့ လက်ထပ်မလဲလို့ မေးထားလိုက်"

အဲသည်လိုမျိုး စကားတွေ ကြားရတတ်သည်။ တစ်ခါ တလေကျတော့ တယ်လီဖုန်းစကားပြောခွက်ကို နှုတ်ခမ်းနှင့်တေ့ကာ အသံထွက်စေလျက် နမ်းမှန်းသိအောင်လုပ်တာမျိုးနှင့် ကြုံရသည်။ တစ်ခါတစ်ရံကျတော့ ရန်ငြိုးရန်စမရှိ ဆဲသွားတတ်သည်။ သည်တော့ နေချို တယ်လီဖုန်းမြည်လျှင် မကိုင်ဖြစ်တာများသည်။ အိမ်ကကောင်မလေးတွေ ပြေးကိုင်ပြီးမှ နေချို့ကိုပေးတတ်သည်။ တစ်ခါတလေ မေမေကိုင်သည်။ သည်တစ်ခါ တယ်လီဖုန်းမြည်သံက ကြာနေ၏။ ကိုင်မည့်သူ မရှိဘူးထင်ပါရဲ့။

ကောင်မလေးတွေ မီးဖိုထဲမှာ ချက်ပြုတ်နေလျှင် အိုးခွက်ပန်းကန်ဆေးကြောနေလျှင် သူ့ရေသံနှင့် သူ့ထမင်းအိုးဟင်းအိုး ဆူပွက်သံနှင့်သူ ညံစီကာ တယ်လီဖုန်းသံကို ကြားနိုင်ဖို့ မလွယ်ပါ။ လျှော်ဖွပ်နေလို့ ကိုယ်တစ်ပိုင်းရေစိုကြီးနှင့်ဆိုလျှင်လည်း ဧည့်ခန်းကော်ဇောတွေပေါ် နင်းလျှောက်၍မဖြစ်ပါ။ အဲသည်အခါမျိုးမှာ မေမေက တယ်လီဖုန်းလာကိုင်ပေးတတ်ပေမယ့် သည်တစ်ခါတော့ ဘုရားခန်းထဲများ ရောက်နေသလားမသိပါ။



"အမိန့်ရှိပါရှင်"

အိပ်ခန်းထဲမှ ဖုန်းကိုပဲ ကိုင်လိုက်သည်။

"နေချိုနုနုနဲ့ ပြောချင်လို့ပါ"

ကိုယ်တိုင် နေချိုနုနု ဖြစ်နေပါလျက် သူ မရှိပါဘူး အပြင်ထွက်သွားပါတယ် ဆိုတာမျိုး မပြောချင်ပါ။ ပြောကောင်းသည့်စကားလည်း မဟုတ်ပါ။

"ကျွန်မ ပြောနေပါတယ်"

"ဪ ... တစ်နေ့က ဘယ်လိုဖြစ်တာလဲ"

"ရှင် ..."

"လေဆိပ်မှာလေ၊ အဲဒါ ရုပ်ရှင်ရိုက်တာလား၊ တကယ်လား၊ ကားတစ်စီးပေါ် ပြေးတက်ပြီး မောင်းထွက်သွားတာတွေ့လိုက်တယ်"

"ရှင် ..."

"တကယ်ဖြစ်တာဆိုရင် အရမ်းသနားလို့ပါ၊ ရုပ်ရှင်ရိုက်တာဆိုရင်တော့ သရုပ်ဆောင် သိပ်ကောင်းတာပဲလို့ ချီးကျူးမလို့ပါ၊ အဲဒါ ... တကယ်လား၊ ရုပ်ရှင်လား၊ ဗီဒီယိုလား"

နေချို နှုတ်ခမ်းလေးပွင့်လျက် အသံပျောက်သွားရတော့သည်။ ဘယ်လိုပြောရမလဲ။ တကယ်လား၊ ရုပ်ရှင်လား၊ ဗီဒီယိုလားတဲ့။ ရုပ်ရှင်ပါ။ ဗီဒီယိုပါဟု မညာချင်ပါ။ နေချို မုသာဝါဒဆိုသည့် သိက္ခာပုဒ်ကို လုံး၀(လုံး၀)ကြီး စောင့်ထိန်းနိုင်ခဲ့သည်တော့ မဟုတ်ပါ။ လက်ချောစေဖို့ အလွန်ပေါ့တိမ်သည့် မုသားမျိုးကို အကြိမ်ကြိမ် သုံးခဲ့ဖူးပါသည်။ မုသားဆိုပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည့် ပြောင်ပြောင်ကြီး လိမ်ညာရမှာမျိုး ကို အရမ်းဝန်လေးပါသည်။

"တို့သူငယ်ချင်းကပြောတယ်၊ ကင်မရာ မတွေ့ဘူးတဲ့၊ တကယ်ဖြစ်မယ်တဲ့၊ လူလယ်ကောင်မှာ အရှက်ကွဲတာတဲ့၊ နာမည်တက်လာတာလေး ဦးကျိုးရှာပြီတဲ့၊ အဲဒါကြောင့် တို့ အရမ်းသနားလို့ မယုံချင်လို့မေးတာ"

'တို့'တဲ့။

သူနဲ့ကိုယ်နဲ့ သက်တူရွယ်တူအဖြစ် သူက သတ်မှတ်သည်ပေါ့။ သူ ကိုယ့်အပေါ် တကယ်ပဲ စေတနာထားရှာတယ် ဆိုတာကိုတော့ ယုံလိုက်ပါ၏။ တကယ်ခင်မင်လို့ သတင်းမေးနေသူတစ်ဦးကို မလိမ်မညာချင်ပါ။ ဝန်ခံစကောင်းသည့်ကိစ္စလည်း မဟုတ်ပါ။ ကိုယ့်အထုပ်ကိုယ်ဖြေ၊ ကိုယ့်အရှက်ကိုယ်ခွဲ၊ ကိုယ့်သတင်းကိုယ်ပြောရာ ရောက်တော့မည်။

"တကယ်မဟုတ်ဘူး မှလားဟင်"

နေချို ညက်ညက်လေး ရယ်လိုက်၏။ ရယ်သံလေး ညက်ညက် ညင်သာနေတာ အကြောင်းရှိသည်။ ကြေကွဲလို့ပါ။ နာကျင်လို့ပါ။ ကိုယ့်အဖြစ်ကိုယ် မယုံချင်လို့ပါ။ အဲဒါမျိုး မဖြစ်ခဲ့ဘူးဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ စာရွက်ပေါ်မှ ဖြစ်ရပ်တွေဆိုလျှင်တော့ ခဲဖျက်မင်ဖျက်၊ ပျောက်ပျက်သွားတတ်စေသော မည်သည့်ပစ္စည်းမျိုးနှင့်ပဲဖြစ်ဖြစ်၊ ဖျက်ခြစ်ပစ်လိုက်ချင်ပါ၏။ စာအုပ်တစ်အုပ်ထဲမှ ဖြစ်ရပ်တွေဆိုလျှင်လည်း အဲသည်စာရွက်တွေကို ဆွဲဆုပ်ကာ ဘယ်လိုသက်သေခံ အထောက်အထားမျှ မကျန်အောင် မီးရှို့ဖျက်ဆီးပစ်လိုက်ချင်ပါသည်။



နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာထိ စူးနစ်ထိုးခွဲကာ အသည်းခိုက်နာကျင်ခဲ့ရသည်။ နာကျင်ဆဲဖြစ်သည့် နာကြည်းစရာအကောင်းဆုံးဖြစ်ရပ်ကို နေချို ဘယ်လို မေ့ဖျောက်ပစ်ရမှာလဲ။

"ဟင် ... ဘာလို့ ရယ်နေတာလဲ"

"မချိလို့ပေါ့တဲ့သွားချင်း ရိက်သံပါ သူငယ်ချင်းလေး ရယ်" ဟု ဝန်ခံလိုက်ချင်ပါ၏။

"ညက်ညက်လေးရယ်နေလို့ ပျော်လွန်းလို့ မထင်လိုက်ပါနဲ့၊ မွန်းကျပ်ပိတ်ဆီးခြင်း အနှောင်အဖွဲ့က ရုန်းထွက်ခြင်း တစ်မျိုးပါ"ဟု ပြောလိုက်ချင်ပါသေးသည်။

"ငွေရောင်ပိတ်ကားပေါ်မှာ ဆက်ကြည့်ပါလားဟင်၊ အဖြေမှန်ရမှာပေါ့"

"ဒါဆိုရင် ရုပ်ရှင်ပေါ့၊ ရုပ်ရှင်မှ ငွေရောင်ပိတ်ကားပေါ် ကြည့်လို့ရမှာ"

"ဒီလိုလည်းမဟုတ်ဘူးလေ၊ စောင့်ကြည့်ရင် အဖြေပေါ်လာမယ်လို့ ပြောချင်တဲ့ ကိစ္စတွေမှာလည်း ငွေရောင်ပိတ်ကားပေါ်မှာ ကြည့်ပါလို့ တင်စားပြောကြတာပဲ မဟုတ်လား"

"ဒါဆို ဗီဒီယိုပေါ့"

"အချိန်က အဖြေပေးသွားပါလိမ့်မယ်"

မသားလွတ်စွာ လက်ာချောစေအောင် ပြောနိုင်သည့် ကိုယ့်ကိုယ်ကိုယ် ချီးကျူးလိုက်မိသေးသည်။ ရင်နာပြုံးလေးတစ် ချက်ပွင့်၏။ သည်ဘက်က ခံစားမှုကို တယ်လီဖုန်းမှာ တီဗီမပါသည်မို့ ဟိုတစ်ဖက်ခမျာ မြင်ခွင့်မရရှာပါ။ မြင်ခွင့်ပေးချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမျက်ဝန်းနှင့် ရင်နာပြုံးကိုတွေ့လျှင် သရုပ်ဆောင်တော်လှချည့်ဆိုကာ အကယ်ဒမီတွေ၊ အော်စကာတွေ လှာပေးနေမှာတောင် စိုးရသည်။

“စကားပြောတာ လိမ္မာလိုက်တာ”

“ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“တို့ကတော့ တို့သူငယ်ချင်းကို ပြိုင်ငြင်းမှာပဲ၊ ဒါ ဗီဒီယိုပဲလို့ ဘယ်လိုလဲ၊ သဘောတူလား”

နေချို ညက်ညက်လေး ရယ်ပြလိုက်ပြန်၏။

“မင်းသားက ဘယ်သူလဲ”

“တွေ့လို့လား”

“မတွေ့လို့ မေးတာပေါ့၊ ယူ သူ့လက်မောင်းကို ယောင်ယမ်းကိုင်လိုက်တဲ့လူက မင်းသားသစ်လား”

“ဟုတ်မယ်မထင်ပါဘူး၊ ဖြစ်ခြင်းဖြစ်ရင် လူကြမ်းသစ်ဖြစ်ချင်ဖြစ်မှာ”

“နာမည် ဘယ်သူတဲ့လဲ”

“တို့ကတော့ ကျော်လို့ ခေါ်တယ်”

“နေချိုနန စကားပြောတာ အရမ်းချစ်စရာကောင်းတာပဲ၊ စကားပြောပုံလေးလည်း လှတယ်”

“ချစ်တဲ့မျက်စိနဲ့ ကြည့်လို့ပါ”

“တိတိကျကျမပြောဘဲ သွယ်ဝိုက်ပြောတတ်ပုံလေး မိုက်တယ်နော်”

“တို့က လိမ္မာချင်တာ”



“ခုလို လက်ခံပြီး စကားပြောတာ ကျေးဇူးပဲ”

“အိမ်မှာရှိနေရင် ပြောပါတယ်၊ မရှိလို့ မပြောရင်တော့ နားလည်ပေးပါ”

“ဒါပေါ့၊ နားလည်ရမှာပေါ့”

“ဒါဆို ဒါပဲနော်”

“ဟုတ်ပါရဲ့၊ တို့က ပြောချင်တိုင်း လျှာရှည်နေမိတာ၊ ယူက ဘယ်အားမှာလဲနော်၊ အလုပ်တွေရှိမှာပေါ့၊ ဒီနေ့လည်း ရှုတင်ရှိတာပဲလား၊ အေးလေ နေ့တိုင်းရှိမှာပေါ့”

သူ့စကားကို ပြန်မထောက်တော့ပါ။ ‘ဘိုင့်ဘိုင်’ဟု ဆိုကာ စကားပြောခွက်ကို ချလိုက်သည်။ ဒါမျိုးမေးကြတာ နှစ်ရက်အတွင်း ဆယ့်ငါးဦးတိတိရှိပြီ။ ဆယ့်ငါးယောက်လုံးက မျက်စိနှင့် တပ်အပ်မြင်လိုက်သူတွေချည်းတော့ မဟုတ်နိုင်ပါ။ မြင်လိုက်ပါလျက် မမေးမြန်းတော့ဘဲ နေလိုက်ကြသူတွေရှိနိုင်သလို၊ ကိုယ်မြင်လိုက်တာလေးကို သတင်းဖြန့်ရင်း တစ်နားဝင် တစ်ပါးစပ်ထွက် သတင်းတွေပြန့်ချင်တိုင်းပြန့်၊ ကားချင်တိုင်းကား၊ လေသံကြားရုံနှင့် လှမ်းမေးသည့် သူတွေလည်းပါသည်။

ဘာပဲဖြစ်ဖြစ် လူလယ်ကောင်မှာ အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရတာကိုတော့ ငြင်းမရနိုင်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



"အတည်လေး"

"အမိန့်ရှိပါရှင်"ဟု ပြောလိုက်သည့်အသံကို သူ မှတ်မိပုံရသည်။

အဲသည်နေ့က ပြန်လာပြီး သူ လိုက်လာမလား၊ ဖုန်းဆက်မလားဟု ထင်ထားခဲ့သည်။ ထင်တာထက် သူ့ကို ယုံထားမိတာမို့ မေမေ့ကို ငိုရင်း ရှင်းပြရင်းနှင့် ပိတ်ပင်ခဲ့ရပါသေးသည်။

"သူလာရင် သမီး လုံးဝ အတွေ့မခံပါရစေနဲ့တော့ မေမေ၊ မရှိဘူးပြောလည်း သူ ယုံမှာမဟုတ်ဘူး၊ ရှိတယ် အတွေ့မခံဘူးဘဲ ပြောပေးပါ"ဟု မှာထားခဲ့သည်။ အဲသည်နေ့တစ်နေ့နှင့် နောက်တစ်နေ့လုံးလုံး ဖုန်းကို လုံးဝမကိုင်ခဲ့ပါ။ သူနှင့် တိုက်တိုက်ဆိုင်ဆိုင် ပြောဖြစ်ရမှာစိုးသည်။ နှစ်ရက်လုံးလုံး လူမလာ ဖုန်းမဆက်သည်မို့ သည်နေ့တော့ မဆက်တော့ဘူး အထင်နှင့် ဖုန်းကိုင်မိရသည်။

"အတည်လေး"

သည်နာမည်ကို အခေါ်ခံရကာမှ အသည်းကြွေသလောက် ခံစားလိုက်ရသည်။ နှစ်နာလေခြင်းဟု ယူကျုံးမရဖြစ်သည်။ စော်ကားနှိပ်ကွပ်ခံရလေခြင်းဟု ဒေါသထွက်သည်။ စိတ်ဆိုးနာကြည်းခြင်းက အမြင့်ဆုံးအထွတ်သို့တက်ကာ ဆွေ့ဆွေ့ခုန်လေ၏။ နှစ်ရက်လုံးလုံး ဖုန်းမဆက်တာကကိုပဲ သူ့ကိုယ်သူ



မယုံကြည်စွာ သူ့ကိစ္စကို သူကိုယ်တိုင် ပြန်စုံစမ်းနေရတာဖြစ်နိုင်သေးသည်။

စင်စစ် ...။

"အတည်လေး"လို့ သူခေါ်ခဲ့တာ၊ ကိုယ့်ကိုသာ အတည် သူများတကာ 'အပျော်'တွေ အများကြီးဆိုသည့် အဓိပ္ပာယ်ပေါ်တင်ကြီးဖြစ်နေတာတောင် ကိုယ်ညံ့လွန်းလို့ နားထောင်ကောင်းခဲ့တာလေ။ 'အပျော်'ဆိုတာလေးတွေထဲမှာ သားတွဲလောင်း၊ သမီးတွဲလောင်းဖြစ်သည်အထိ ပျော်ခဲ့ရသလား။ အဲသည်တော့ အပျော်က အတည်ဖြစ်မသွားပေဘူးလား။ လက်ရှိဇနီးနှင့်ကလေး အဖေတစ်ယောက်ကို လက်ထပ်ပြီး မင်္ဂလာခန်းမထဲ စုံတွဲလျှောက်ဖို့ထိ 'နေချိုနုနု'က အရှက်နည်းနိုင်မှာတဲ့လား။

ငယ်သူငယ်ချင်းပဲလေ။ ဆိုသည့် သံယောဇဉ်နှင့်။

"ရက်စက်ပါပေ့ ကျော်ရယ်" ဟု ...

ပြောရလျှင်တောင် စကားက သူ့လုပ်ရပ်နှင့်စာလျှင် အတော်ကြီး သိမ်မွေ့ညင်သာနေတော့မည်။

"ယုတ်မာလှချည်လား"ဟုသာ ပြောချသင့်သူ။

နေချို စကားပြောခွက်ကို ချပစ်လိုက်တော့သည်။ 'သူလိုက်လာ ဖြေရှင်းဦးမှာလား'ဟုတောင် မျှော်လင့်ရာရောက်သည့် အတွေးကို မတွေးရဲ မတွေးဖြစ်တော့ပါ။ လေ့ယာဉ်ကွင်းကပြန်ရောက်ပြီးပြီးချင်းက တွေးခဲ့ပြီးပြီလေ။ ရှက်များတောင်ရှက်ပါရဲ့။ နှစ်ရက်လုံးလုံး ပြဿနာရှင်းနေရသည့်လူထံမှ မည်သည့်လျှောက်လဲချက်မျိုးကိုမျှ နားထဲမသွင်းချင်တော့ပါ။

တယ်လီဖုန်းသံ ထပ်တလဲလဲ မြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေချို မိမိ အိပ်ခန်းထဲမှာထားသည့် တယ်လီဖုန်း ပလပ်ကို ဖြုတ်ပစ်လိုက်သည်။ ညေ့်ခန်းမှာတော့ မြည်နေဆဲဖြစ်မည်။ မေမေဖြစ်ဖြစ်၊ မီးဖိုထဲမှ နော်မူးပဲဖြစ်ဖြစ် သွားကိုင် နားထောင်ဖြစ်မှာသေချာသည်။ မေမေ့ကိုလည်း မှာပြီးသား။ နော်မူးကိုလည်း မှာပြီးသားမို့ ဒုက္ခကင်းတန်ကောင်းပါရဲ့။

"သမီး"

"ရှင် ... မေမေ"

မေမေက အခန်းထဲသို့ ဝင်လာသည်။

"ဘယ့်နှယ် ပလပ်ကြီးဖြုတ်ထားရတာလဲ၊ သမီး ဖုန်းလာနေတယ်"

"သမီး လက်ခံစကားမပြောဘူးလို့ မေမေ့ကိုပြောပြပြီးလေ မေမေ၊ သမီး စိတ်ပြတ်ဆိုပြီတာ မေမေ သိသားပဲ၊ လူပုံအလယ်မှာ အရှက်ကွဲပြီးမှတော့ ဒီလူနဲ့ ဘဝဆက်တိုင်း ကင်းကြမှဖြစ်မယ် မေမေရယ်"

"မဟုတ်ဘူးသမီး၊ မင်းခန့်ထယ်"

"ရှင် ..."

"သမီး သိပါတယ်တဲ့"

"ဟုတ် ... ဟုတ်ကဲ့"

တယ်လီဖုန်းပလပ်ကို ပြန်ဆက်ဖြစ်၏။ မေမေက အလွန်အေးဆေးသည့် ဝသီအတိုင်း အခန်းထဲမှ ပြန်ထွက်သွားတော့သည်။

"နေချိုနနပါ"



"မင်းခန့်ထယ်ပါ"

"ဟုတ်ကဲ့ ... အမိန့်ရှိပါ ဦး၊ ကျွန်မ ကား ပြန်ပို့လိုက်တာ ရပါတယ်နော်"

"ရပါတယ်၊ မင်း တို့နာမည်ကို မှတ်မိသားပဲ"

"ကျေးဇူးရှင်ပဲ ဦးရယ်"

"ကျေးဇူးရှင်ကို ကျေးဇူးတင်ရကောင်းမှန်း သိတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရှင် ..."

"ထားပါလေ ... တို့ မင်းကို စကားနည်းနည်းပြောချင်တယ်၊ မင်း အချိန်ရမလား"

"အခု ပြောမှာလား"

"ဟုတ်တယ် ... ဖုန်းထဲကပဲ"

"ဒါများ ဦးရယ် ပြောပါ၊ ကျွန်မက ဦးကိုယ်တိုင် အိမ်မှာ လာတွေ့ဖို့များ အချိန်ပေးမလို့လားလို့၊ ကျွန်မ ဆန္ဒစော သွားပါတယ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းရာတောင် ရောက်သွားပါတယ်၊ ပြောပါ ဦး ကျွန်မ နားထောင်နေပါ့မယ်၊ ဩော် ... တစ်ခု သတင်းမေးပါရစေဦး၊ သတင်းစာထဲ နာရေးကြော်ငြာတွေ့ပါတယ် ...

"ကျွန်မ သတင်းမေးတောင်လာချင်တာပါ၊ မလာဖြစ်ခဲ့တာကို ခွင့်လွှတ်ပါ၊ ကျွန်မ အပြင်သိပ်မထွက်ချင်တာ ဦးလည်း သိပါတယ်၊ သင်္ဂြိုဟ်ပြီးပြီလား"

"သန်ဘက်ခါမှ သင်္ဂြိုဟ်မယ်၊ ငါးရက်ထားတာပေါ့လေ

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားက ဆွေမျိုးစောင့်ရလို့လားဟင်"

"အဲဒါလည်းပါတယ်၊ နောက်ပြီး သူ့အလောင်းကို သေသေချာချာခွဲပြီး စစ်ဆေးရတာလည်းပါတယ်"

"ဘာဖြစ်လို့လဲဟင်"

"လူသတ်မှုမို့လို့ပဲ"

"အို ... ဖြစ်မှဖြစ်ရလေ၊ သူ့များသတ်တာပေါ့နော်"

"တရားသူကြီးက အဲဒီလို ယုံပါစေဆုတောင်းရတာပဲ"

"ဘယ်လို ထင်နေကြလို့လဲ"

"တို့သတ်တာလို့"

"မဟုတ်တာ"

'ကျေးဇူးရှင်'၏ ခန့်ခန့်ထည်ထည် မျက်နှာဖြူစင်စင်ကို မြင်ယောင်မိပါ၏။ ကြင်နာကြီးတတ်ပုံမျိုး၊ စီးပွားရေးလုပ်ငန်းကြီးများကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နင်းစွာ လုပ်ကိုင်နေသည့် ခေါင်းဆောင်တစ်ဦး၏ မျက်နှာမျိုး။ ကြည်ညိုလေးစားဖွယ်မို့ မြတ်နိုးခင်တွယ်စရာ ဖြစ်သွားရသည့် အမျိုးအစားထဲမှာ လူကောင်းတစ်ယောက်၏ ပုံစံမျိုးနှင့် 'ကျေးဇူးရှင်'သည် ကိုယ့်ဇနီး ကိုယ်ပြန်သတ်သည်အထိ မာကျောရက်စက်နိုင်ပါ့မလား။

"တို့မသတ်ပါဘူးကွာ၊ လုံးဝ လက်ဖျားနဲ့တောင် မထိခဲ့ဘူး၊ သတ်မိမှာစိုးလို့ကို ထွက်ပြေးခဲ့တာ၊ ထားပါတော့၊ တို့အကြောင်းက သိပ်အရေးမကြီးပါဘူး၊ တို့ပြောချင်တာ မင်းအကြောင်း"

"ကျွန်မအကြောင်း ..."



"ဟုတ်တယ် ... တို့ စဉ်းစားမိတယ်၊ လောကမှာ ရက်စက်ကောက်ကျစ်တဲ့လူတွေ သိပ်များတယ်နော်၊ တချို့ဆို သိမ်သိမ်မွေ့မွေ့လေး စဉ်းလဲနေတာ လူမသိဘူး ...

"ဒီရက်မှာ တို့ အကျဉ်းအကျပ်နဲ့ကြုံရတယ်၊ စိတ်လည်း အများကြီးအနှောင့်အယှက်ဖြစ်ရတယ်၊ ဒေါသရော မောဟရော အစုံစုံပေါ့၊ အဲဒီလို ခံစားရင်းနဲ့ မင်းလည်း ဘယ်လောက် ပြင်းထန်တဲ့ခံစားမှုနဲ့ ပေါက်ကွဲလွင့်စဉ်လာသလဲဆိုတာ တို့ ခေါင်းထဲဝင်လာတယ် ...

"တကယ်တော့ ဒီရက်မှာ တို့ အရမ်းစိတ်ညစ်စိတ်ရှုပ်ခေါင်းနောက်နေတာ၊ ဘယ်သူ့ကိစ္စမှ တွေးမိဖို့ မရှိဘူး၊ ကိုယ့်အကြောင်း ကိုယ်တွေးရင်းနဲ့ မင်းအပေါ်မှာ ကိုယ်ချင်းစာစိတ် ဝင်လာတယ် ...

"မင်း ဘာဖြစ်လာမှန်းတော့ တို့ မသိဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းကို သတိရလိုက်မိတာနဲ့ မင်း ကားပြန်ပို့သွားပြီလားလို့ တို့ အတွင်းရေးမှူး အမျိုးသမီးကို မေးမိတယ်"

ယာဉ်မောင်း ဦးလေးကြီးပြောသည့် 'ကိုယ်ရေးအရာရှိ'ဆိုသည့် အမျိုးသမီးပင် ဖြစ်ပါလိမ့်မည်။

"ကျွန်မ အိမ်ပြန်ရောက်ရောက်ချင်း ပို့ခိုင်းပါတယ်"

"ဒါပေမဲ့ တို့က ဒီရက်မှာ ဘာကိုမှ ဂရုမစိုက်၊ သတိမထားနိုင်လောက်အောင် အလုပ်ရှုပ် စိတ်ရှုပ်နေခဲ့တယ်၊ ကားပြန်ပို့မပို့ဆိုတာ သတိကိုမထားမိတာ၊ မေးမိတာကလည်း ပြန်မပို့မှာစိုးလို့ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နားလည်ပါတယ်"

"ကိုယ်ချင်းစာလိုက်မိတယ်၊ သတိရသွားတယ်၊ အဲဒါကြောင့် မေးကြည့်လိုက်တာမျိုး"

"ဟုတ်ကဲ့"

"အဲဒီကျမှ မင်းနာမည်ကို မှတ်မိသွားတာ၊ နေချို့နုနုမှန်းသိတာ"

"ဩော် ..."

"တို့က ရုပ်ရှင်အကြည့်နည်းတယ်၊ နည်းဆို ရုပ်ရှင်ရုံမှာ သွားထိုင်ကြည့်တာမျိုး မလုပ်ဖြစ်တာ ငါးနှစ်လောက်ရှိပြီ ထင်တယ်၊ အိမ်မှာ ဗီဒီယိုပဲကြည့်တယ်"

"အင်္ဂလိပ်ကားတွေ အကြည့်များမယ်ထင်တယ်နော်"

"တို့က ဝက်စတင်(Western)သေနတ်ပစ်ကားတွေ ကြိုက်တယ်၊ တရုတ်သိုင်းကားတွေ ကြိုက်တယ်"

သေချာသည်ပဲပေါ့။ မြန်မာကားတွေထဲမှာ ဒိုင်းယောင့် ဒိုင်းယောင့် လူတွေ တစ်ယောက်ပြီးတစ်ယောက် အလကားနေရင်း သတ်နေတာမျိုးမှ မရှိတာ။ သိုင်းကားကျတော့လည်း တရုတ်သိုင်းကားတွေက ပိုပြီးငွေကုန်ကြေးကျခံကာ ခမ်းခမ်းနားနားကြီးတွေ ရိုက်ပြတော့ ပိုကြိုက်မှာပေါ့။ သူ မြန်မာကားမကြည့်ဖြစ်သည်နှင့်အမျှ၊ မြန်မာမင်းသား မင်းသမီးဆို လွန်ခဲ့သည့် ငါးနှစ်ကျော်ကတည်းက အောင်မြင်ပြီးသားလူတွေပဲ သိတော့မှာပေါ့။

မနေ့တစ်နေ့ကမှ စန်းထလာသည့် 'နေချို့နုနု'ကို သူ မသိမှာ အလွန်သေချာပါသည်။ မင်းသမီးအဖြစ် မျက်မှန်းတန်းမိနေတာတောင် ကျီးကျူးရမလို ဖြစ်နေပါပြီ။



"မင်း သတင်းစာထဲက နာရေးကြော်ငြာမှာ တွေ့လိုက်တဲ့ ဒေါ်နွဲ့နွဲ့ခန့်ထယ်ကတော့ မြန်မာကားမှ မြန်မာကား၊ တစ်နေ့ကို အနည်းဆုံး နှစ်ကား၊ အများဆုံး သုံးကားကြည့်တယ်၊ တစ်ကားတည်းကြည့်တဲ့နေ့ မရှိဘူး ...

"သူကြည့်တဲ့နား ခဏတစ်ဖြုတ်နေရင်း အခုခေတ် မင်းသား မင်းသမီးတွေကို မျက်မှန်းတန်းမိရတာပဲ၊ တို့ ဒီလိုပြောတာ မြန်မာအနုပညာရှင်တွေကို စော်ကားချင်တဲ့ သဘောမပါဘူးနော်၊ ကျေနပ်ရဲ့လား"

"နားလည်ပါတယ်၊ ကိုယ့်အကြိုက်နဲ့ကိုယ်ပေါ့"

"တို့ အတွင်းရေးမှူးမလေးက မင်းရဲ့ကားဆရာကြီးကို သိနေတယ်၊ အဲဒါ မင်းသမီး နေချို့နုနုရဲ့ ယာဉ်မောင်းတဲ့၊ ဆရာ ထားပေးခဲ့တာ နေချို့နုနုပဲ ဖြစ်ရမယ်တဲ့၊ တို့ မင်း ပေါက်ကွဲထွက်ပြေးတဲ့အကြောင်း သူ့ကို မပြောလိုက်ပါဘူး၊ ဒါပေမဲ့ မင်းသမီး နေချို့နုနု ဘာဖြစ်လာခဲ့သလဲ ဆိုတဲ့ အကြောင်းရင်းကို စိတ်ဝင်စားသွားတယ် ...

"မင်း နားလည်နိုင်မလား မသိဘူး၊ အဲဒီနေ့မှာ မင်းက ဘာကိုမှန်းမသိ အပြင်းအထန် ခံစားပေါက်ကွဲပြီး တို့ကားပေါ်ရောက်လာတယ်၊ တို့က အိမ်ပြန်ရောက်တော့ ဘဝပျက်တယ်၊ မင်းလိုပဲ တို့လည်း ပေါက်ကွဲထွက်ပြေးတာပဲ ...

"အသည်းအသန် ခံစားရတဲ့အဖြစ်ချင်း တူတာကို ကိုယ်ချင်းစာမိလိုက်တယ်၊ တို့ ယောကျာ်းလည်းဖြစ်တယ်၊ အသက်အရွယ်အားဖြင့်လည်း မင်းထက် အများကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါတောင် ရူးမတတ်ပဲ၊ လူသတ်မိတော့မလို့ သိသိလေး၊ ရင်ပွင့်ပြီး မီးတောက်တွေ လျှံတက်လာသလို ခံစားရတယ် ...

"မင်းက မိန်းမသား၊ အသက်လည်းငယ်သေးတယ်၊ ပြီးတော့ ထိရှလွယ်တတ်တဲ့ နုလုံးသားမျိုးနဲ့ ခံစားတတ်တဲ့ အနုပညာရှင် ...

"မင်း အရမ်းခံစားရမှာပဲလို့ ..."

"တော်ပါတော့ ဦးရယ်"ဟု ပြောလိုက်ချင်သည်။ ခံစားချက်တွေ ပြန်လည်ဆန်းသစ်သည်။ စင်စစ် အနယ်ထိုင် ဟောင်းနွမ်းသွားသေးတာ မဟုတ်ပါ။ မကျက်သေးသည့် အနာဟောင်းကို အပ်နှင့်အဆွခံရသလိုပါပဲ။

"မင်း ဘာဖြစ်လာလဲ ဆိုရတာ တို့ သိချင်သွားတယ်၊ ဒါပေမဲ့ တို့ ဘယ်သူ့မှ လိုက်မမေးပါဘူး၊ ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးသလို ဖြစ်မှာစိုးတယ်"

"ပုရွယ်ဆိတ်အုံက ရေစက်တွေစဥ်ပြီး ပျံ့နှံ့သွားပါပြီ"

"ထင်တယ် အဲဒီလို ဖြစ်မှာပဲလို့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ ခုလေးတင်ပဲပေါ့၊ တို့အတွင်းရေးမှူးမလေးက မင်းအကြောင်းကို လာပြောတယ်"

"သူကြားတာ အမှန်ဖြစ်မှာပါ"

"ပုံကြီးချဲ့ထားတာတွေလည်း ပါနိုင်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ဦးရယ်"

"မင်းကို ကူညီနိုင်ပါတယ်"

"ရှင် ..."



"တို့မှာ စီးပွားရေးလုပ်ငန်းတွေအပြင် တို့က ငွေထုတ်ရုံထုတ်ပြီး လုပ်တာတော့ သူများပေါ့လေ၊ အဲဒီပုံစံမျိုး မဂ္ဂဇင်းတစ်စောင်လည်း ထုတ်နေသေးတာ မင်းသိလား"

"ဟင့်အင်း ... မသိပါဘူး"

"စီးပွားရေးကြော်ငြာမဂ္ဂဇင်းသဘောပေါ့၊ လုပ်ငန်းသဘောပဲ၊ ဒါပေမဲ့ အများစိတ်ဝင်စားမယ့် အနုပညာလှုပ်ရှားမှုသတင်းတော့ ပါတာပေါ့၊ အဲဒီထဲမှာ မင်းရဲ့သတင်းကို ထည့်ပေးမယ်၊ ဆောင်းပါးရှင်တချို့ကိုလည်း ပြောပြလိုက်မယ်၊ နည်းနည်းပါးပါးတောင် မေးစမ်းကြည့်လိုက်ပြီ ...

"အဲဒီနေ့က မင်းတို့ဓာတ်ပုံကို ရသွားတဲ့သူက ရသွားပြီ"

တစ်တိုင်းပြည်လုံးသိမယ့် အရှက်ကွဲခြင်းပါလား။ ကိုယ့်အံဖြစ်ဆိုးလွန်းလို့ လူ့ပြည်မှာ နေချင်စိတ်တောင်မရှိ။ ဖြစ်နိုင်လျှင်တော့ ငတ်တုတ်ကြီး အသက်ပျောက်သွားလိုက်ချင်သည်။

"မင်းသမီးပဲ၊ အဲဒါ ဓာတ်ဝင်ခန်းတစ်ခု မဖြစ်နိုင်ဘူးလား"

"ဟုတ်မှမဟုတ်တာ"

"ဟုတ်လိုက်လို့ရတာပဲ"

"စာစောင်တွေ မဂ္ဂဇင်းတွေထဲကနေ တစ်တိုင်းပြည်လုံးကို ညာပြီးမှ ကိုယ့်သိက္ခာ ကိုယ်ဆယ်ရမယ်ဆိုရင် ကျွန်မကို ချစ်တဲ့ ပရိသတ်ကို မညာတဲ့လမ်းပဲ ရွေးပါရစေ ဦးရယ်"

"မဟုတ်သေးဘူးလေ၊ မင်းက ကြော်ငြာအကြောင်း သိပ်မသိလို့ပြောနေတာ၊ နိုင်ငံခြားတွေမှာဆို မဂ္ဂဇင်းအမျိုးမျိုးရှိတယ်၊ အထည်အလိပ်ကုမ္ပဏီကပေမယ့်လည်း မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်တာပဲ၊ စာပေမဂ္ဂဇင်း မဟုတ်ဘူးလေ၊ စီးပွားရေးကိစ္စမဂ္ဂဇင်း ...

"သူ့ကုမ္ပဏီအတွက် သူထုတ်တာ၊ အဲဒီထဲမှာ ဘယ်မင်းသားကဘယ်လို၊ ဘယ်မင်းသမီးက ဘယ့်နှယ် ဆိုတာ၊ သူတို့နိုင်ငံအလျောက် သူတို့ပါတာပဲ၊ အဲဒါတွေအားလုံး အမှန်မှမဟုတ်တာ ...

"တချို့ဆို နာမည်ကြီးရင်ပြီးရော၊ အကောင်းနဲ့ကြီးကြီး၊ အဆိုးနဲ့ကြီးကြီး ...

"ကိုယ့်ကို ဘယ်သူက ဘာမှမပြော၊ ဘယ်သူကမှလဲ စိတ်မဝင်စား၊ အကောင်းလည်းမဝေဖန်၊ အဆိုးလည်း မဝေဖန်ဘဲနဲ့၊ လူဆိုတာ ကောင်းသတင်းကျရင် သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး ...

"ဆိုးသတင်းကျမှ တစ်ယောက်ပြီးတစ်ယောက်ကူးတာလေ၊ အဲဒါ မင်းသမီးကိုယ်တိုင်က သူ့ကို ဘယ်ဒါရိုက်တာနဲ့၊ ဘယ်ပရိုဂျူဆာနဲ့ ပြောကုန်ကြပါပြီပေါ့ ...

"အမှန်က ဘယ်သူမှ မပြောဘူး၊ သူ့ဘာသာပြောတာ၊ သူ့သတင်းဆိုး သူလွှင့်တာ၊ လူတွေက သတင်းဆိုးကို စိတ်ဝင်စားရင်းနဲ့ သူ့နာမည်ကို ခေါင်းထဲစွဲသွားရတာ၊ အဲဒါမျိုးတွေရှိတယ်"

"ဟင့်အင်း ... မလုပ်ချင်ဘူး"

"မင်းက သိပ်ရိုးတာပဲနော်၊ မင်းသမီးသာဖြစ်နေတယ်"

"အဲဒီလိုမပြောပါနဲ့ ဦးရယ်၊ မင်းသမီးဖြစ်တာနဲ့ ဆန်းပြားရရောလား"



"ဆောရီးကွာ ... ဒီလိုပြောတာမဟုတ်ဘူး၊ ထင်ပေါ်ကျော်ကြားမှုအတွက် ပရိယာယ်ဆိုတာရှိတယ်၊ လုပ်ကြတယ်၊ သူတစ်ပါးကို မထိခိုက်ရင် ပြီးရောပေါ့၊ မကောက်ကျစ် မစဉ်းလဲရင် ပြီးရောပေါ့"

"ကျွန်မထိုက်ခဲ့ကျွန်မကံပဲ ထားလိုက်ပါတော့၊ အလျင်ဘဝတုန်းက သူတစ်ပါးအရှက်ကို ခွဲခဲ့မိလို့ ဒီဘဝမှာ အရှက်ခွဲခံရတယ်လို့ မှတ်ယူပါတယ်၊ ဝဋ်ကြွေးရှိရင်လည်း ကျွန်မ ခံရတဲ့ဘဝမှာ ကျေစေချင်ပြီ ...

"မေမေက ပြောပါတယ်၊ သူတစ်ပါးက ကိုယ့်ကို ဒုက္ခတစ်ခုလာပေးတိုင်း ကိုယ့်ဝဋ်ကြွေးထဲက တစ်ခုလျော့သွားပြီလို့ သဘောထားပြီး ဝမ်းသာပါတဲ့ ...

"အလျင်ဘဝတွေတုန်းက ကိုယ်မကောင်းခဲ့လို့ ခုဘဝမှာ ကိုယ်ခံရတာတဲ့၊ နေပါစေတော့ ဦးရယ်"

"ခု မင်း ရှုတင်သွားလား"

"ဟင့်အင်း ... ဘယ်သူသိသိ မသိသိ ကိုယ်အရှက်ကွဲခဲ့တာကို ကိုယ်သိနေတော့ ဘယ်သူ့မျက်နှာမှ မကြည့်ရဲဘူး၊ မေမေ ဘယ်လိုကြည့်ပြောထားတယ် မသိပါဘူး"

"ဘယ်တော့မှ ကားပြန်မရိုက်တော့ဘူးလား"

"ရိုက်တော့ရိုက်ရမှာပေါ့၊ တစ်နေ့နေ့"

"လူတောတဲပြန်ဝင်တဲ့တစ်နေ့နေ့မှာ မျက်နှာပူတာကြီးကို မလွှဲမသွေခံစားရမှာပဲ၊ ဒီနေ့ဝင်ရင်ဒီနေ့ခံစားရမယ်၊ နောက် တစ်နှစ်မှဝင်ရင် တစ်နှစ်ကြာမှ ခံစားရမယ်၊ တစ်နှစ်အတွင်း တအုံ့နွေးနွေးနဲ့ တစ်နေ့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကျွန်မ ဘာလုပ်ရမှာလဲ ဦးရယ်၊ ကားတစ်စီးလုံး မောင်းသွားဆိုပြီး ကူညီခဲ့သလို ကျွန်မကို အကြံဉာဏ်ပေး နိုင်ဦးမလားဟင်"

"ကူညီချင်လွန်းလို့ကို တို့မှာ ဒီလောက် ပြဿနာတွေတက် နေတဲ့အထဲက ဒီလောက်အချိန်တွေ သုံးလိုက်တာ"

"ဦး... ဘာလုပ်ပေးနိုင်မလဲဟင်"

"ပရိသတ်ကို မညာချင်တဲ့ မင်းရဲ့ဆန္ဒလည်းပြည့်အောင် မင်း အရှက်သည်းရတဲ့အဖြစ်ကလည်း လွတ်အောင် မင်း ဗီဒီယိုတစ်ကားရိုက်မယ်၊ အဲဒီကားထဲမှာ မင်းဟာ လေဆိပ် မှာ အရှက်ခွဲခံရတယ်"

"ဘယ်သူရိုက်မှာလဲ"

"ဦးမင်းခန့်ထယ်"

"ရှင် ..."

ခပ်တိုးတိုး ရယ်သံကို ကြားလိုက်ရသည်။

"ဒေါ်နွဲ့နွဲ့ခန့်ထယ် ဆုံးပြီးကတည်းက ပထမဆုံး ရယ်မိ ခြင်းပဲ"

"ဦးက ကိုယ့်ဇနီးကို ဒေါ်တပ်ပြီး ခေါ်တယ်နော်"

"ပညာသားပါပါ ပိပိရိရိ စဉ်းလဲနိုင်ပုံကို ဂုဏ်ပြုတဲ့အနေနဲ့ ဒေါ်တပ်ခေါ်လိုက်တာပါ၊ အစကတော့ နွဲ့ ... နွဲ့နဲ့ တစ် နွဲ့တည်း နွဲ့ခဲ့ဖူးပါတယ်"

"ဦးအဖြစ်က ဘာလဲဟင်"ဟု မေးချင်စိတ် အလွန် အမင်းကို ဖြစ်ပေါ်လာရသည်။



"တို့ ပရိဂျူဆာလုပ်မယ်၊ မထူးပါဘူး၊ နောက်ထပ် စီးပွားရေးတစ်ခု ထပ်ချဲ့မယ်၊ ဗီဒီယိုရိုက်ကူးထုတ်လုပ် ဖြန့်ချိပေါ့၊ အနုပညာတော့ နားမလည်ဘူး၊ တို့က စီးပွားရေး သမား၊ ဘာပဲလုပ်လုပ် မမြတ်ရင်တောင် မရှုံးအောင်လုပ် တတ်တယ်"

"ဦးမှာ အလုပ်တွေ အများကြီးဆို"

"အများကြီးဆိုလည်း မှန်တယ်၊ တစ်ခုမှ မရှိဘူးဆိုလည်း မှန်တယ်၊ ဟိုဘဏ်တိုက်ဖွင့်ထားပေမယ့် လာအပ်သမျှ ပိုက်ဆံတွေကို စောင့်ရေတွက်ရတာမှ မဟုတ်တာ၊ သဘော ပေါက်လား"

"ဟုတ်ကဲ့ ... နားလည်သလိုပါပဲ"

"တို့ကုမ္ပဏီက မင်းခန့်ထယ် ဗီဒီယိုထုတ်လုပ်ရေးပေါ့၊ ပထမဆုံးရိုက်မယ့်ကားမှာ မင်းသမီးက နေချို့နု၊ မင်းသား ကို မင်းစဉ်းစား၊ ဒါရိုက်တာလည်း မင်းစဉ်းစား၊ အနုပညာ ပိုင်းနဲ့ ပတ်သက်မျှ အကုန်လုံး မင်းပဲကူညီရမှာ၊ ကူညီမှာ လား"

"ဟုတ်ကဲ့"

"လူသတ်မှုနဲ့ ထောင်မကျခင် ဗီဒီယိုတစ်ကားတော့ ရိုက် လို့ပြီးသွားမှာပါ"

"ဦး မသတ်ဘူးဆို"

"မသတ်လိုက်မိတဲ့အတွက်ကိုပဲ နောင်တရနေတာ"

"စဉ်းစဉ်းစားစား ပြောဆိုနေထိုင်ပါ ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ မင်းဆုံးမစကားကို နာယူပါ့မယ်၊ မင်းနဲ့စကားပြောလိုက်တာ အကြာကြီးပဲ၊ မင်းအချိန်တွေ အများကြီးကို တို့သုံးလိုက်မိပြီ"

"ကျွန်မက ဦးထက် အချိန်ပိုမှာပါ"

"မင်းနဲ့စကားပြောလိုက်ရတာ စိတ်ထဲမှာ ပေါ့ပါးသွားတယ်၊ တစ်နေ့တည်း ဒုက္ခရောက်ရတဲ့ ကံတူအကျိုးပေးနှစ်ယောက်လေ၊ ဗီဒီယိုလုပ်ငန်းအတွက် စဉ်းစားထားနော်၊ မဂ္ဂဇင်းစာစောင်တွေကိုလည်း ပြောလိုက်တော့မယ် ...

"မင်း တကယ်ကြုံခဲ့ရတဲ့အဖြစ်ဟာ ခု ဇာတ်ဝင်ခန်းတစ်ခု ဖြစ်သွားပြီ၊ မင်းစိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသလို ခံစားရရဲ့လား"

"ဦးကို ကျေးဇူးတင်ပါတယ်"

"ထင်သလောက် မပေါ့သွားဘူးပေါ့လေ၊ ဒါပေမဲ့ မင်းရှုတင်တွေ ပြန်စချင်တဲ့နေ့မှာ ရဲရဲတင်းတင်းစနိုင်ပြီ၊ ဟိုတစ်နေ့က ဖြစ်ရပ်ဟာ ဇာတ်ဝင်ခန်း၊ ညာပြောတာမဟုတ်ဘူး တကယ်၊ မင်းသားတော့ ပြောင်းမယ်၊ ဒါပဲနော်၊ အိပ်ပျက်ညတွေ များခဲ့ပြီဆိုရင် ဒီနေ့ကစပြီး ပျော်အောင်အိပ်တော့"

"ကျေးဇူးတင်ပါတယ်"

"အေး ... ဒါပဲ"

တစ်ဖက်မှ စကားပြောခွက် ချသွားသည့်တိုင် နေချိုက ဆက်ကိုင်ထားမိလေသည်။ ဦး ... ဆိုသည့် ဦးမင်းခန့်ထယ်၊ တစ်ကြိမ်တည်း တွေ့ဖူးသည့် အဲသည် အကြိမ်ဆိုတာတောင်



မိနစ်ပိုင်းအတွင်းသာရှိလျက် တစ်နာရီမပြည့်သည့် အချိန်လေးအတွင်းမှာ ဆုံခဲ့ရသည့် လူသားတစ်ဦးကို သူ့ဘာဖြစ်လို့ တကူးတက ကူညီချင်ရတာတဲ့လဲ။

"နေချိုနု'၏အနုပညာကို မြတ်နိုးသည်မို့ သံယောဇဉ်ဖြစ်တာမျိုးလည်း မဟုတ်ချေ။ သူ တစ်ကားဆုံးအောင်တောင်မှ သေသေချာချာကြည့်ဖူးပုံမရပါ။ သူပြောသလို တစ်ချိန်တည်းမှာ ဒုက္ခပြိုင်တူရောက် ရောက်ကြရသည့် ကံဆိုးလူသားနှစ်ဦးမို့ ကိုယ်ချင်းစာစိတ်နှင့် အတတ်နိုင်ဆုံးကူညီလိုက်တာပဲပေါ့။ သူ့ စိတ်ကောင်းရှိလို့ပေါ့။

ကျေးဇူးတင်ပါတယ် ဦးရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

တန်ဖိုးကြီးပစ္စည်းတစ်ခုကို တကယ်တမ်း လက်လွှတ်ဆုံးရှုံးရပြီဆိုမှ ထပ်တလဲလဲ နှမြောပြီးရင်း နှမြောရင်း နှမြောမဆုံးရှိတော့သည်။ ထိုအရာသည် ကိုယ့်အတွက် မရှိမဖြစ်လိုအပ်သည့် ရတနာဖြစ်နေ၏။ ယင်းရတနာလေး ကိုယ့်ရင်ခွင်မှ လွင့်စဉ်ပျောက်ကွယ်သွားပြီ။ လက်လွှတ်ဆုံးရှုံးလိုက်ရပြီ။ ဘယ်တော့မှ ပြန်မရနိုင်တော့ပြီဆိုသည့် အခါမှာ ကိုယ့်ဘဝကြီးတစ်ခုလုံး အဓိပ္ပာယ်မဲ့သွားရတော့သည်။

နိုင်ငံခြားမှာ အလုပ်လုပ်ရင်း သင်ထားခဲ့သည့်ပညာ၊ အောင်မြင်ခဲ့ပြီးဖြစ်သည့် အတန်းနှစ်တန်းသည် ကိုယ့်ဘဝခရီးအတွက် လှေကားထစ်များ မဖြစ်တော့ပါ။ ကိုယ် တက်လှမ်းရမည့် အမြင့်ခရီးတစ်လျှောက်မှာ ကိုယ့်ဘေးကအဖော်ကို ကိုယ် ဆုံးရှုံးလိုက်ရပြီ။ နေချို့စိတ်ကို ကျော် သိသည်။ အူဝဲဆိုကတည်းက မိဘချင်း ခင်မင်ကြပြီးသားတွေမို့ စကားပြောတတ်စကတည်းက မျက်နှာချင်းဆိုင်၍ ပြောခဲ့ကြသည့်ငယ်ပေါင်းမှ တကယ့်ငယ်ပေါင်း။

ကျောင်းတက်တော့လည်း အတန်းတူ။



သူက ကိုယ့်ထက် သုံးလေးနှစ်လောက်တော့ ငယ်မည်။ ကိုယ်က အလွန်ချူချာခဲ့သူမို့ သူများတွေ ကျောင်းစနေချိန်မှာ နေခွင့်မရခဲ့ပါ။ ကိုယ်က အသက်ပြည့်ပြီး သုံးလေးနှစ်ကျော်မှ ကျောင်းစနေသူဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အတန်းတူ၊ ရွယ်တူ ငယ်ပေါင်းစစ်စစ်ကြီးပါပဲ။

"ဟာ ... မေမေ"

ကျော် ဖုန်းလှမ်းဆက်လိုက်သည်မို့ မိခင်က အိမ်ကကားနှင့် မောင်းချပြီးတော့ကို ရောက်လာခဲ့သည်။

"ဖေဖေရော မေမေ"

ဒေါ်ခင်ခင်သစ်က မဖြေနိုင်အားဘဲ အိမ်ပေါ်သို့ မောကြီးပန်းကြီး တက်လာသည်။ ဒေါ်ခင်ခင်သစ် သွားလေရာပါသည့် လက်စွဲတော်မလေး အသိန်းက ဒေါ်ခင်ခင်သစ်၏လက်ဆွဲအိတ်နှင့် လက်ဆွဲခြင်းကို ဆွဲသယ်နေ၏။ ယာဉ်မောင်းကြီးက ဘုရင်ခေတ်ကသာဆိုလျှင် အိမ်တော်ပါ ကျွန်ရင်းဟုခေါ်ရမည့် ဦးကြူ။ မျိုးဆက်အလိုက်ကို ဒေါ်ခင်ခင်သစ်တို့မျိုးဆက် တစ်လျှောက်လုံးမှာ ယာဉ်မောင်းချည်းလုပ်ခဲ့သည်။ ဦးကြူတို့ ဘိုးဘွားလက်ထက်ကတည်းက ဒေါ်ခင်ခင်သစ် ဘိုးဘွားတွေအိမ်မှာ ယောကျ်ားတွေက ကားမောင်း၊ ခြံလုပ်ကြ၊ မိန်းကလေးတွေက ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သိမ်း၊ လက်တိုလက်တောင်းလုပ်၊ တခြားအိမ် ဖော်ရှာစရာမလိုတော့ဘဲ သည်ဆွေမျိုးစုနှင့်ပင် နေထိုင်လာခဲ့ကြသူတွေဖြစ်ပါ၏။ အသိန်းသည်ပင် ဦးကြူ၏မြေးမလေးဖြစ်သည်။ ဦးကြူက တကယ်ဆို ယာဉ်မောင်းအဖြစ်မှ နားတော့ဖို့တောင်ကောင်းနေပြီ။ ဦးကြူမှာ သားမရှိ။ အသိန်းမိခင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းကို မွေးထားပြီး သမက်က မူလတန်းပြဆရာလေး ဖြစ်နေ၍ ယနေ့ထက်တိုင် ဦးကြူ ကားမောင်းနေဆဲ ဖြစ်တော့သည်။

"ဖေဖေရော"

"လိုက်လာနိုင်မလားကွယ်၊ သူ့စက်ကို ဘယ်ပစ်ထားလို့ ရပါ့မလဲ၊ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်တာလဲ၊ မေမေတို့က သား ပြန်လာဖို့ အားလုံး ပြင်ဆင်ထားတာ၊ အမယ်လေး ကားပေါ်မှာ အငြိမ့်သားစီးလာရတယ်လို့ သက်သာမယ် မထင်နဲ့၊ မောလိုက်တာ၊ စိတ်လည်းပူတယ်၊ မျက်နှာလည်း မကောင်းပါလား၊ ဘာတွေဖြစ်တာလဲ၊ နေတော့ကောင်းပါ တယ်၊ အမြန်လိုက်ခဲ့ပါဆိုလို့ ကိုကြူကိုပြောပြီး မောင်းဆင်း လာခဲ့တာ၊ ပြောစမ်းပါဦးကွယ်၊ မောလိုက်တာလည်း လွန်ပါရော၊ အသိန်း … မာမီ့ဖို့ သောက်ရေတစ်ခွက် ရှာ ခပ်ပေး၊ ရှိရောရှိရဲ့လားဟယ်၊ မောင်တင်ရော"

ဒေါ်ခင်ခင်သစ်၏ ဝါကျတွေက စုံစီနဖာသွားသည်။ သည်ခြံနှင့်သည်တိုက်ကို သား မင်္ဂလာဆောင်ပြီး ဇနီးမောင်နှံ အသစ်စက်စက်စုံတွဲနေဖို့ လောလောလတ်လတ် ဝယ်ပေးထားခြင်း ဖြစ်၏။ ကားလည်းအတူတူ။ နာမည်အကြီးဆုံးနှင့် နံပါတ်နောက် အကျဆုံးကား။ ချွေးမလေးက မင်းသမီးဆိုတော့ ခမ်းခမ်းနားနား လေးမှဖြစ်မည်။ မင်္ဂလာဆောင်မှာဝတ်ဖို့တောင်မှ သူများ သတို့ သမီးတွေလို အလှဖန်တီးရှင်တွေ ဆင်ပေးမည့် ရတနာကိုသုံးဖို့ မရည်ရွယ်ပါ။

စိန်လည်တုံ။ ပြီးတော့ စိန်ကရောင်းကြိုးနှင့်စပြီး မြရယ် ပတ္တမြားရယ်၊ နီလာရယ် နှစ်ပါးသွားကြိုးတွေထဲ စိန်ကြိုး



တွေညှပ်၊ စိန်ကြိုးနှင့်ပဲ ပြန်ပိတ်။ စိန်ကရောင်းကြိုးချည်း လေးကုံး လုပ်ရသည်။ ရတနာတွေနှင့်ပါဆိုတော့ ခုနစ်ကုံး။ လည်တုံနှင့် ပေါင်းတော့ ရှစ်ကုံး။ စုံကြီးဖြစ်နေသည်မို့ အဘွားလက်ထက်က တည်းက ဆွဲလာသည့် စိန်ကြိုးရှည်ကြီး ထဘီအထက်ဆင်ထိရောက် အောင်ရှည်သည့် ဆွဲကြိုးကြီးပါ ဆွဲပေးလိုက်တော့ဖို့ ဆုံးဖြတ်လိုက် သည်။

အဲဒါတွေစုစုပေါင်း၏တန်ဖိုးက တစ်ထောင်နား တောင်ကပ်ချင်၏။ အကုန်လုံး အသစ်လုပ်တာမဟုတ်ဘဲ ရှိပြီးထဲက ထည့်ပေးရတာပါလို့ တော်တော့သည်။ အိမ်ခြံနှင့် ဘာထူးသလဲ။ သူလည်း ရှစ်ရာကျော်တန်၏။ သိန်းတွေပဲ။ ရှိပစ္စည်း ပုံအောပေး လိုက်တာလည်းဖြစ်သည်။ အိမ်မှာ ခြေစောင့်လက်စောင့်လောက် နှင့် လုပ်ငန်းတွင်း လည်ပတ်သုံးစွဲနေတာလောက်ပဲ ကျန်သည်။ ငယ်ငယ်ကတည်းက ချူချာလို့ အလွန်အလိုလိုက်မိသော သားကော် မောင် တစ်ဦးတည်းသားက ခပ်ဆိုးဆိုးရယ်။ နေချိုနှင့်မှ ဖြစ်မည်။ နေချိုတို့သားအမိနှစ်ယောက်လုံး ကိုယ့်သြဇာခပ်ညောင်းညောင်း မှာ စိန်တွေနှင့် ဖိချလိုက်တော့ ပြားပြားဝပ်ရော မဟုတ်လား။

ခြံနှင့်တိုက်ဝယ်ပြီး ဦးကြူ မိသားစုထဲမှ မောင်တင် ကို ရန်ကုန်လွှတ်။ ခြံနှင့်တိုက်ကို တာဝန်ယူပြီး အပျံစားပြင်ခိုင်း ထားတာ။ ကားဝယ်ခိုင်းထားတာ။ သားပြန်လာမည့်နေ့မှာ ချွေးမ လောင်းကိုခေါ်ပြီး လေဆိပ်မှာ သွားကြိုခိုင်းထားတာ။ သားရောက် ပြီး စားဖို့သောက်ဖို့ ကိစ္စအဝဝ တာဝန်ယူဆောင်ရွက်ခိုင်းထား တာတွေ အားလုံးသည် ဒေါ်ခင်ခင်သစ်၏ အစီအမံတွေချည့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမှာပါ"

မောင်တင်က ထမင်းစားခန်းထဲမှကြားပြီး ရေခဲသေတ္တာထဲမှ ရေခဲရေကို တစ်ခါတည်းခပ်လာပေးခဲ့သည်။ အသိန်းက လက်ဆွဲအိတ်တွေနှင့် ဆွဲ၍ ဝင်လာ၏။

"ဘာလုပ်နေတာလဲ မင်းက"

"ထမင်းစားခန်း ရှင်းနေလို့ပါ"

"ဟေ ... မိုးမလင်းသေးဘူး၊ ရှင်းနေရပြီဆိုတော့ ညက ရှုပ်ထားလို့ပေါ့၊ အရက်ပုလင်းကွဲတွေမှ ဟုတ်ရဲ့လား"

ဒေါ်ခင်ခင်သစ်တို့က 'ချက်'ဆို နားခွက်ရော၊ ပါးခွက်ရော၊ ဆံပင်တွေနှင့် ဦးခေါင်းခွံပါမကျန် မီးတောက်သည်။ ဒေါ်ခင်ခင်သစ် မေးတာ သွေးထွက်အောင်မှန်၏။ ညက တစ်ညလုံး ကျော် အရက်တွေချည်း ဖိသောက်သည်။ မူးရူးပုံလဲအောင်ထိ တော့မဖြစ်ပါ။ ကျော်ဆိုသည့်ကျော်က တော်တော်ကြီး အူရင့်နေခဲ့ပြီမို့ တော်ရုံနှင့် ပုံလဲတတ်သူလည်းမဟုတ်ပါ။ သောက်တာကနည်းနည်း။ ဒေါသထွက်တိုင်း၊ မခံမရပ်နိုင်တိုင်း သောက်လက်စ ဖန်ခွက်ကို နံရံဆီ လှမ်းပေါက်ပစ်လိုက်သည်ချည်းမို့ ဖန်ကွဲစတွေ ထမင်းစားခန်းထဲမှာ ပေါင်းလန်နေ၏။ ဒေါ်ခင်ခင်သစ် ကားဆိုက်သံကြားပြီး စီစီစာစာနှင့် အိမ်ပေါ်တက်လာကတည်းက မောင်တင်ခမျာ ပြေးတောင်မကြိုနိုင်ရှာ။ ထမင်းစားခန်း ပြေးဝင်ပြီး ဖန်ကွဲတွေ သိမ်းရသည်။

"သား ... ယစ်ထုပ်ကြီးဖြစ်နေသလား၊ ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ ဘယ်လိုကိစ္စကြောင့်မှ ကိုယ့်ဘဝကို အရက်ခွက်ထဲ သွားစိမ်မပစ်ရဘူး၊ ကြံ့ကြံ့ခံနိုင်တဲ့



သတ္တိရှိရတယ်၊ အရက်ကို သောက်ချင်လို့၊ ကြိုက်လို့သောက်တာပဲဖြစ်ရမယ်၊ စိတ်ညစ်လို့အရက်သောက်တဲ့ယောကျ်ားမျိုးကို မေမေ အထင်သေးတယ်"

ကျော် သူ့မိခင်နှင့် ပူးကပ်ထိုင်ချလိုက်သည်။ မိဘချမ်းသာလို့ နိုင်ငံခြားမှာ ကျောင်းသွားတက်တာ နှစ်တန်းကြီးများတောင်အောင်ခဲ့ပြီးပြီ။ သည်မှာ မင်္ဂလာတွေဘာတွေဆောင်ပြီး ပြန်သွား။ နောက်ထပ် နှစ်တန်းထပ်အောင်လျှင် ဒီဂရီတောင်ရတော့မှာပေမယ့် စင်စစ် အသက်အားဖြင့် နှစ်ဆယ်မှာ သုံးလေးနှစ်သာ စွန်းစလေးဖြစ်၏။

နိုင်ငံခြားတွေမှာ ဆယ့်ရှစ်နှစ်လောက်ဆို အိမ်ထောင်ပြုတာလည်းမဟုတ်ဘဲ အိမ်ခွဲဆင်း၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၊ မိဘဆိုတာ သူငယ်ချင်းမိတ်ဆွေအဆင့်လောက်ပဲ ရှိကြတာမျိုးပေမယ့် မြန်မာပြည်မှာတော့ အသက်ခြောက်ဆယ်သားကြီးသည် အသက်ရှစ်ဆယ်ကျော် မိခင်ကြီးနှင့် တွေ့လျှင် ကလေးစိတ်ဝင်ကာ ကလေးပုံစံပေါက်သွားကြတာချည်းပဲဖြစ်လေ၏။

"ကျွန်တော့်ဘဝကို အရက်ခွက်ထဲ ဆင်းစိမ်တာ မဟုတ်ပါဘူး မေမေ"

"ဒါဖြင့် ဘာဖြစ်တာတုံး"

"ဒေါသဖြစ်တိုင်း သောက်လက်စဖန်ခွက်တွေကို အုတ်နံရံလှမ်းပေါက်ပစ်လို့ ဖန်ကွဲတွေ ဖွေးသွားတာပါ"

"အဲဒီဖန်ခွက်တွေ၊ ဒီခြံထဲက တွင်းကြီးထဲကနေ သဘာဝအလျောက်မထွက်ဘူး သား၊ ပိုက်ဆံနဲ့ ပေးဝယ်ရတ...
ဝယ်ဖို့ပိုက်ဆံကိုရှာရတယ်၊ ပိုက်ဆံရတဲ့အလုပ်ဟာ ဘ...

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပဲဖြစ်ဖြစ် မချောင်ဘူး၊ သမာအာဇီဝနဲ့ရှာရင် စိန်ကုန်သည်နဲ့ ဂေါ်ဇီထုပ်သည် အမြတ်ချင်းသာ ကွာချင်ကွာမယ်၊ ပင်ပန်းတာချင်း အတူတူပဲ ...

"အဲဒီပိုက်ဆံကို သားအဖေက အပင်ပန်းခံပြီး ရှာထားတယ် သားအတွက်ပဲ၊ ကြိုက်သလိုသုံး၊ အကျိုးရှိမယ့် အသုံးဆိုရင် သိန်းကို ရာနဲ့ ထောင်နဲ့ ချိုးပြီး သုံးနိုင်တယ်၊ သုံးလည်းသုံးပေးထားတယ် ...

"ဒေါ်သထွက်လို့ ဖြန်းတာမျိုးကျတော့ ဖေဖေ့ကို နည်းနည်းပါးပါး အားနာပေါ့ သားရယ်၊ သူ့ခမျာက ရှာထားရတာ၊ ခြံထဲမှာလည်း အုတ်ခဲကျိုးတွေ၊ ကျောက်စရစ်ခဲတွေအရှိသား၊ ဝင်းထရံအုတ်တံတိုင်းကို ပေါက်ပါလားသားရဲ့ ...

"ဒါမှ ဒေါ်သမပြေသေးရင် ခြေမကို တူနဲ့ထုမညှာနဲ့၊ ဆွေ့ဆွေ့ခုန်လည်း နာသွားရော ဒေါ်သလည်း ပျောက်ရော"

ဒေါ်ခင်ခင်သစ်က သားကိုဖက်၍ရယ်၏။

"ကဲ ... ပြော၊ နေချိုက သားကို မယူတော့ဘူးတဲ့လား"

"ဟင် .... မေမေ ဘယ်လိုသိလဲ"

"ဒါပဲရှိတာပေါ့၊ ဒါပဲနေမှာပေါ့၊ သား ဒီလောက် ပေါက်ပေါက်ကွဲကွဲ ခံစားရမှာ၊ မေမေ ဆင်းလာခဲ့ပါလို့ အရေးတကြီးမှာရမှာ ဒီကိစ္စကလွဲရင် ဘယ်ကိစ္စဖြစ်မလဲ"

"ကျွန်တော့်ကို လုံးဝ အတွေ့မခံတော့ဘူး မေမေ"

"သူ့အမေကရောပဲလား"



"အန်တီစီကတော့ စကားလက်ခံပြောပါတယ်၊ ဒါပေမဲ့ သူ့သမီးကိုသူ နားမသွင်းနိုင်ပါဘူးတဲ့၊ သမီးက စိတ်ကြီးတယ်တဲ့၊ သားရှင်းပြတာတွေကို ပြန်ပြောပေးပါ့မယ်တဲ့"

"အင်း ... ဘယ့်ကောင်မလေးက ကလေးစရိတ်တောင်းလို့လဲ"

"ဟာ ... မေမေ"

"သွေးထွက်အောင် မှန်သွားပြန်ပလား"

"ကလေးစရိတ်တောင်းရင် ပေးလိုက်ရုံပေါ့"

"ဟင်း ဟင်း ... လွယ်တယ်နော်၊ လွယ်တယ်၊ ပြဿနာရှင်းပုံလေးလည်းလွယ်တယ်၊ ငွေသုံးရက်ရောပုံလေးလည်း လွယ်တယ်၊ ကလေးစရိတ်တောင်းလို့ကတော့ မေမေက မပေးဘူး"

"ဘာဖြစ်လို့လဲ"

"မြေးကို အိမ်ပေါ်ဆွဲတင်လိုက်မှာပေ့ါ၊ သားရဲ့ကလေးမှန်သမျှဟာ မေမေ့မြေးချည်းပဲ၊ ချွေးမကတော့ နေချိုနန့်တစ်ယောက်ပဲရှိတယ်၊ ဒီတစ်ယောက်ပဲ မေမေ အသိအမှတ်ပြုနိုင်မယ် ...

"မိန်းကလေးရှင်တွေကြားရင် ဒေါ်ခင်ခင်သစ် ရက်စက်လှချည့်လို့ အော်ဆဲကြလိမ့်မယ်၊ မိန်းမသားလေးတွေနဲ့ သမီးရှင်တွေ အော်ဆဲရတဲ့အဖြစ်ကို မရောက်ခင် ကြိုတင်ထိန်းသိမ်းကြလို့ ...

"မေမေကလည်း လော်တပ်ပြီး ပြန်အော်မယ်၊ လိုအပ်ရင် ကိုကြူတို့မိသားစုပါ ဝိုင်းအော်ခိုင်းရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်သစ် ပြောရင်းရယ်၏။ ကျော်ပါ မနေနိုင်တော့ဘဲ ပြုံးမိရတော့သည်။ အဲဒါသည်ပင် ဒေါ်ခင်ခင်သစ်၏အရည်အချင်းဖြစ်၏။ ကျဉ်းကျပ်မွန်းသိပ် ပိတ်ညပ်ပြီဆိုသည့် အခြေအနေထဲသို့ရောက်လျှင် ရယ်သွမ်းနှင့် စိတ်ကို လျှော့ပေးနိုင်စွမ်းရှိ၏။ ပြောစကားတွေက ဟာသရသမြောက်သလိုလိုပေမယ့် အတည်စကားတွေလည်း ဖြစ်နေတတ်သည်။

"ကောင်မလေးက ဘယ်သူတုံး"

"ပဂ္ဂီ"

"ဩော် ..."

ပဂ္ဂီတဲ့။ ဒေါ်ခင်ခင်သစ် သိလိုက်တာမှ ရင်းကြီးကိုနှီးလို့ပါ။ သည်နာမည်ကို ရင်းနှီးလွန်းလို့ ပိုင်းပိုင်းတိတိ ဖြတ်တောက်ခုတ်ချပစ်ခဲ့ရသည့်လေ။ သမီးရှင်တွေဘက်က ဘယ်လိုခံစားပြီးဘယ်လိုပြောကြမည်မသိ။ သမီးမရှိသည့် မိခင်မို့ သမီးချင်းသိပ်မစာနာတတ်တာတော့ အမှန်ပါ။ သားနှင့်ပတ်သက်သည့်ကိစ္စတွေမှာ ဒေါ်ခင်ခင်သစ်သည် ရုံဖန်ရုံခါဆိုသလို မိန်းမကြမ်းကြီးဖြစ်နေတတ်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း သိ၏။ သည့်ထက်နည်းနည်းပါးပါးအကြမ်းလျော့ရအောင် သမီးချင်းစာနာစိတ်လေး ဝင်ရအောင်သမီးလေးတစ်ယောက်ရှိချင်လိုက်တာလည်း လွန်ပါရော။ သမီးမမွေးခဲ့ပါဘဲ လူဆိုးမဟုတ်ပါဘဲ မကောင်းသည့်သားကို မွေးထားတော့ ဒေါ်ခင်ခင်သစ် သမီးချင်းစာနာနိုင်စိတ်တွေ နည်းပါးရင်းနည်းပါးရင်း ပျောက်ကွယ်သလောက် ရှိခဲ့ရသည်။

"သူတို့ကိုက ကဲတာ"



ဒေါ်ခင်ခင်သစ် သည်လိုပဲ မှတ်ချက်ချ၏။ ကိုယ်ကမိန်းမသား၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုလေးများ ရာနှုန်းပြည့်မဟုတ်တောင် တစ်ဝက်ကျော်ကျော်လောက် ထိန်းလျှင် ကျော့်လိုကောင်တွေ ဆိုးချင်တိုင်းဆိုးခွင့် ဘယ်ရတော့မှာလဲ။

"ထဘီကို ခြေမျက်စိဖုံးဖို့ မပြောချင်ပါဘူး၊ ခေတ်ကလည်းပြောင်းခဲ့ပါပြီ၊ ဒါပေမဲ့ ဒူးခေါက်ခွက်ကို ယောကျ်ားတွေမြင်အောင်တော့ မပြနဲ့ပေါ့"

ကျော့်အပေါင်းအသင်း ကောင်မလေးတွေကို ဒေါ်ခင်ခင်သစ် မျက်စိနောက်ခဲ့၏။

"ကိုယ်က မိန်းမ၊ ယောကျ်ားတွေနဲ့ ထွေးရောယှက်တင်နေစရာလား၊ ပခုံးပုတ် ဒူးပုတ်လုပ်စရာလား၊ ကိုယ်ကစပြီးရည်းစားစကားပြောတဲ့ ကောင်မလေးတွေ ရှိသေးတယ်၊ ဒါကို ပွင့်လင်းတာတဲ့၊ ရဲရင့်တာတဲ့၊ နှလုံးသားကို မလိမ်မညာကြေးတဲ့၊ ကျုပ်ကတော့ အရှက်မရှိတာလို့ပဲ ပြောချင်တယ်၊ မြန်မာယဉ်ကျေးမှု မဟုတ်ဘူး ...

"ဒီလိုကိစ္စမျိုးက မြှောက်ပေးသင့်တဲ့ကိစ္စမျိုးလည်းမဟုတ်ဘူး၊ ယောကျ်ားလေးက တာဝန်မယူရင် အထုပ်အထည်နဲ့ အရှက်ကွဲရမယ့်ဒုက္ခကိုလည်း ကြိုတွေးထားကြဦး၊ သားရှင်က အသိအမှတ်မပြုပါဘူး အပြောခံရမှာကိုရှက်ကြ ကြောက်ကြ ဝေးဝေးက ရှောင်ကြ"

အဲသည်လို အော်ဟစ်ခြိမ်းခြောက်နေသည့်ကြားက သားဖြစ်သူကလည်း တော်တော်ဆိုးခဲ့သည်။ ငယ်ငယ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ချူချာသည်မို့ သူများတကာ ကျောင်းနေချိန်မှာ ကျော် ကျောင်းမနေရသေးပါ။ ဂရုစိုက်လိုက်ရသည့်ဖြစ်ခြင်း။

"ကျွန်မသားလေးကို ခြေသန်းလေးတစ်ချောင်းပဲ ကျန်ကျန်၊ လက်ညှိုးလေးတစ်ချောင်းပဲကျန်ကျန် ဒါ ကျွန်မသားလေးလို့ ပြောနိုင်ရုံကျန်အောင်တော့ ကုပေးကြပါရှင်"

အဲသည်တုန်းက ဦးတိုင်းကျော် ဒေါ်ခင်ခင်သစ်တို့ ရန်ကုန်မှာ နေကြရသည်။ နယ်ကစီးပွားရေးကိုတောင် ပြန်မကြည့်နိုင်ခဲ့ပါ။ ဆန်စက်၊ ဆီစက်၊ သစ်စက်ဆိုတာတွေကို လူယုံအဆင့်ဆင့်နှင့်လွှဲ၊ ရန်ကုန်က ဒေါ်ခင်ခင်သစ်၏ ရွှေဆိုင်လောက်ကိုပဲ အားကိုးနေရပြီး ကလေးဆေးရုံပေါ်မှ ဆင်းရသည်မရှိသော "ကျော်" ဆိုသည့် တစ်ဦးတည်းသောသားကြောင့် ဒေါ်ခင်ခင်သစ်ကိုယ်တိုင် ကလေးဆေးရုံကြီးပေါ် အိမ်ပြောင်းနေရလားတောင် မှတ်ယူရသည် အထိဖြစ်ခဲ့၏။

ကျော် သူငယ်တန်းစတက်ရတော့ ရှစ်နှစ်ကျော်ပြီ။ ကိုးနှစ်ထဲမှာ သူများတကာ သုံးတန်းကလေးလောက်နှင့်မှ ရွယ်တူဖြစ်နေသည့် ကျော်က အဲသည်ကတည်းက အတန်းထဲမှာ လူစွာဖြစ်သွားသည်။ သူက အသက်ကြီးသည်မို့ အားလုံးအပေါ် ဗိုလ်ကျနိုင်ခွင့် အလိုလိုရှိနေသည်။ သို့ပေမဲ့ ကျော်က သိပ်မဲဆိုးပါ။ လူကြီးလုပ်ပြီး အထက်စီးနေရာမှာ နေလိုက်သည်။ သူ့ဌေးသားမို့လည်း ကြဲတိုင်းအောင်၊ ဆောင်တိုင်းမြောက် ထင်တိုင်းပေါက်ခဲ့သည်။ အိမ်မှာ လိုတိုင်းရအဖြစ်နှင့် ဖူးဖူးမှုတ်ခြင်း ခံခဲ့ရသည်။

"ဆေးသမား ဖြစ်မလာတာပဲ တော်လှပြီ"



သည်လို အလိုလိုက်ခံရသော သူ့ဌေးသားက ရည်းစားများရုံဖြစ်လာတာ၊ ဆေးသမား မဖြစ်တာကိုပဲ ကျေးဇူးတင်ရမလို၊ မိဘနှစ်ပါးက ကျေးဇူးရှင်စာရင်း ပြန်သွင်းခဲ့ရ၏။ ကျော်သည် မိဘစကားကိုတော့ နားထောင်ရှာသား။ စကားပြောတာ မိုက်မိုက်ရိုင်းရိုင်းလည်းမရှိ။ ကျန်တာတွေလိမ္မာပြီး ရည်းစားများတာတစ်ခုပဲဆိုးသည်။ ဒေါ်ခင်ခင်သစ်အဖို့ရာမှာ သည်အပြစ်လေးတစ်ခုကို ခွင့်လွှတ်ခြင်းကြီးနေတော့သည်။

"ဒီဟာမနဲ့ ခုထိ ကိစ္စမပြတ်သေးဘူးလား၊ မေမေ လုံးဝကြည့်မရပါဘူးလို့ အတန်တန်ပြောခဲ့တယ်၊ မိန်းမဖြစ်ပြီး ရည်းစားစကား စပြောကတည်းက အဲဒီမိန်းမရဲ့တန်ဖိုးဟာ သုညအောက်မှာ အဝေးကြီး၊ ခု ဘယ်လိုဖြစ်တာလဲ"

ကျော် လေဆိပ်မှာ အေမီနှင့် တွေ့ကြတာကစ၍ ပြောပြသည်။ စင်စစ် အေမီက သက်သက်ဝင်ကျဲခြင်းဖြစ်၏။ ပဂ္ဂိုကိုယ်တိုင်က ကျော် ပြန်လာမှာကို သိထားသူ မဟုတ်ပါ။

"အဲဒီအေမီနဲ့လည်း မရှင်းမရှင်းပဲ မဟုတ်လား"

"ဒါတွေအားလုံး ပြီးခဲ့ပါပြီ မေမေ"

"အေမီ့အပြောနဲ့တင် နေချိုက ယုံပစ်လိုက်တယ်ပေါ့၊ ပဂ္ဂိုနဲ့ကြိုက်တော့ ကြိုက်ခဲ့ဖူးတယ်၊ ဒါပေမဲ့ ဒီလိုမဟုတ်ပါဘူးလို့ သားက ရှင်းမပြဘူးလား"

"ရှင်းပြချိန် နောက်ကျသွားခဲ့တယ် မေမေ"

"ဘယ်လောက်နောက်ကျလို့လဲ"

"နှစ်ရက်တည်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ချက်ချင်း လိုက်မရှင်းသလဲ၊ နှစ်ရက်လုံးလုံး ဘာလုပ်နေလဲ"

"အေမီစကားမှန်သလားလို့ ကျွန်တော် လိုက်စုံစမ်းတာပါ"

"မြတ်စွာဘုရား"

ဒေါ်ခင်ခင်သစ်က ရင်ဘတ်ကို ဖိလိုက်သည်။ စုံစမ်းရသည် ဆိုကတည်းက စုံစမ်းယူရလောက်သည့်ပြစ်မှုမျိုးကို ကျူးလွန်ခဲ့သည်မို့လို့ပေါ့။ သားကျော်ဟာ သည်လောက်ပဲ ဆိုးခဲ့သလား။

"ချွေးမတော့ အသိအမှတ် မပြုနိုင်ဘူး၊ မေမေ့ချွေးမဟာ နေချိန်နကလွဲလို့ ဘယ်သူမှ မဖြစ်စေရဘူး၊ မြေးကိုတော့ ဘယ်သူကမွေးတဲ့မြေးဖြစ်ဖြစ် အိမ်ပေါ်ဆွဲတင်ရမှာပဲ"

ဆိုသည့် စကားကို စကားအဖြစ် ပြောခဲ့ခြင်းသာဖြစ်ပါ၏။ ကျော်ဆိုသည့် တစ်ဦးတည်းသောသားကို သည်လောက် မမိုက်။ သည်လောက်ထိ မဆိုးဘူး ထင်ထားခဲ့တာပါ။ တစ်နည်းဆိုရရင်တော့ သည်ထက်လိမ္မာသည်ဟု ထင်ထားခဲ့တာပါပေါ့။

ကျော်သည် ထင်တာထက် အများကြီး ပို၍ မိုက်မဲခဲ့သူပဲ။ သူ့အဖေသိလျှင် ဘာပြောမလဲ။ ဘယ်လိုဖြစ်မလဲ။

"မေမေ့ကို ကျွန်တော် ကန်တော့ပါတယ် မေမေ"

ကျော်က သူ့မယဉ်ကျေးမှုအတွက် လက်အုပ်ချီရှာ၏။ အဲသည်လို ရိုသေတတ်တာလေးတွေကျတော့လည်း ရှိပြန်ရော။ ခက်သည့်သားပါပဲ။

"ကျွန်တော်မသွားခင်မှာ ပဂ္ဂီက သူ့ကို လက်ထပ်သွားဖို့ ပြောတယ် မေမေ"

"အလိုလေး ... ဖြစ်မှဖြစ်ရလေ"



"သူ လက်ထပ်မှ ဖြစ်တော့မယ်တဲ့"

ဒေါ်ခင်ခင်သစ် ရင်ဘတ်ပေါ် ဖိထားသည့်လက်ကို ကြွ၏။ လက်သီးဆုပ်ကာ ဘုန်းခနဲ ထုချပစ်လိုက်မိသည်။ ကိုယ့်ကိုယ်ကိုယ် ပြန်ထုသည်မို့ နာအောင်ထုဖြစ်သည်တော့မဟုတ်ပါ။ စိတ်လိုက်မာန်ပါ လုပ်လိုက်မိခြင်းပဲဖြစ်သည်။ ပဂ္ဂီဆိုသည့် ဆတ်ကော့လတ်ကော့မလေး၏ မျက်နှာကိုလည်း မြင်ယောင်၏။ အဲသည်တုန်းက ကျော်နှင့် သူငယ်ချင်းတွေ ရန်ကုန်မှ အလည်လိုက်လာမည်ဆိုလို့ ယောက်ျားလေးတွေမှတ်ပြီး အခန်းတွေ ဘာတွေပြင်ပြီး စောင့်ခဲ့တာ။ တကယ်တန်းပါလာတော့ ညည့်သည်က တစ်ယောက်တည်း။ ပြီးတော့ မိန်းကလေး။ နာမည်က ပဂ္ဂီတဲ့။

သူ့အိပ်ခန်းထဲကို အသိန်းကို ထည့်ပေးပြီး အဖော်လုပ်ပေးစေခဲ့ရသည်။

"မင်း,သား သူငယ်ချင်းကလည်း ဣန္ဒြေဆိုတာ ဘာဟင်းလဲ၊ ချဉ်ရည်ချက်စားရတဲ့ အရွက်လားလို့ မေးမယ့်ပုံပဲ"

ကျော့်ဖေဖေ ဦးတိုင်းကျော် လူအေးကြီးတောင် မြို့မနေနိုင်တော့ဘဲ ဖွင့်ဟစိတ်ပျက်ရရှာ၏။

"မိဘတွေကလည်း ထည့်လိုက်တာပဲလားကွယ်၊ ဘယ်လို မိဘမျိုးပါလိမ့်"

"မိဘတွေ သိချင်မှ သိမှာပေါ့ရှင်"

"ကိုယ့်သမီးတစ်ယောက်လုံး အိမ်က ညအိပ်ညနေ ထွက်တာ မသိဘဲနေမလားကွ"

"ဘယ်လိုလိုမ့်ခဲ့ ညာခဲ့မှန်းမှ မသိတာ၊ ကျွန်မတော့ မိဘချင်း ကိုယ်ချင်းစာတယ်၊ သူ့မိဘတွေကို သနားလိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကြာကြာထားလို့လည်းမဖြစ်ဘူး၊ ကိုကြူ တူမ ကျောင်းဆရာမလေးကို ကျောင်းက ခွင့်ယူခိုင်းပြီး ရန်ကုန်ပြန်လိုက်ပို့ခိုင်းမှထင်ပါရဲ့၊ သားကို ပြန်ထည့်လိုက်လို့ မဖြစ်ဘူး"

"တစ်ခုလည်း ရှိသေးတယ်၊ မိန်းကလေးက ကြိုက်မရှက်လိုက်လာရကတည်းက မင်းသားဘက်က ဘယ်လောက်ထိခရီးလွန်နေပြီးမှန်းမှ မသိတာ၊ ဟိုမှာ အောက်ကျနောက်ကျခံပြီးလိုက်မှဖြစ်တော့မယ့် အခြေအနေမျိုးလားကွာ၊ ငါတော့စိတ်ညစ်တာပဲ"

ကျော့်ကို ကျိတ်မေးရသေးသည်။

"ရည်းစားတော့ဟုတ်ပါတယ်၊ မေမေတို့ထင်သလို မဟုတ်ပါဘူး"တဲ့။

"နေချို ကြားသွားရင် နည်းနည်းမှ မကောင်းဘူးနော်သား"

"သူ အကုန်သိတယ် မေမေ၊ ဒီနှာမည်တွေ အားလုံး ရွတ်ပြတာ ခဏခဏပဲ၊ သူလည်း အလွတ်ရနေလောက်ပါပြီ၊ သူက မတုန်လှုပ်ပါဘူး"

"တုန်လှုပ်ရမယ် သားရဲ့၊ မတုန်လှုပ်တာကိုက စွန့်လွှတ်နိုင်တဲ့သဘောကိုဆောင်တယ်၊ ခက်တာပဲ၊ မေမေကလည်း နေချိုလေးပဲ ချစ်တယ်"

"ကျွန်တော်လည်း အတူတူပါပဲ"

"ဒါနဲ့များတောင်ကွယ် ... မင်းနှယ်"

"သူက မာနတော့လည်း အကြီးသား၊ မာရေကျောရောနဲ့ မကြိုက်ချင်သလိုလို ဘာလိုလို အိုက်တင်ကလည်းခံသေး"



"အဲဒါ မိန်းမသဘာဝကွယ့်"

"နည်းနည်းပါးပါး ကြီးကျယ်လို့ မှတ်သွားအောင် တွဲပြတာ"

"ဖြစ်မှဖြစ်ရလေ၊ အဲဒီလို လုပ်စရာလား"

"နည်းနည်းပါးပါး မနာလိုဖြစ်စေချင်တာ မေမေရ"

"ဟိုကမဖြစ်တော့ သားပဲ လူဆိုးမဖြစ်ပေဘူးလား၊ အလကား လွှဲချမနေပါနဲ့ကွာ၊ မင်းကိုက ခပ်ဆိုးဆိုးပါ၊ မသိတာကျလို့"

"ဒါတော့"ဟုဆိုကာ ကျော်က ရယ်နေခဲ့သည်။

"ဖြတ် ... ဖြတ် ... ရည်းစားလက်ကျန်တွေ ဖြတ်တော့သားရယ်၊ ကိုယ်လည်း သွားဖို့လာဖို့ရှိသေးတယ်၊ လွှတ်သာလွှတ်ရတယ်၊ ဟိုနိုင်ငံမှာလည်း ရည်းစားဘယ်နှယောက်ရခဲ့မယ်မှန်း မသိဘူး"

သည်သား တစ်ယောက်ကတော့ ခက်ကိုခက်ပါသည်။ သည်ညဉ့်ဆိုးလေးတစ်ခု ဖျောက်လိုက်လျှင် သားသည်စင်းလုံးတောင် ချောနိုင်၏။ သည်ညဉ့်လေးတစ်ခု ဆိုးတာလည်းနည်းနည်းနောနော ဆိုးသွမ်းခြင်းမဟုတ်လို့ စိတ်ကြီးများနယ်ညစ်ရပါဘိခြင်း။

အဲသည်တုန်းက ချော့မော့ပြီး ပြန်လွှတ်ခဲ့ရသည့်ပဂ္ဂီမှာ သမီးတွဲလောင်းနှင့်ဆိုတော့ ဦးတိုင်းကျော်၊ ဒေါ်ခင်ခင်သစ်မြေး မဟုတ်ပါဘူးဟု ငြင်းရမှာလည်း အခက်ကြီး။

"ပဂ္ဂီ တကယ်ပဲ ကလေးရနေလား"

"အိမ်ထောင်ကျတယ်တဲ့ မေမေ"

"ကလေးက ..."

www.burmeseclassic.com

www.burmeseclassic.com



"နှစ်နှစ်ခွဲတဲ့"

"သား ထွက်သွားတာ သုံးနှစ်လေ"

"ကျွန်တော်ထွက်သွားတဲ့ ရက်ပိုင်းမှာပဲ သူလက်ထပ်တာ၊ ရုံးမှာ လက်မှတ်ထိုးပြီး အိမ်မှာဆွမ်းကျွေးတယ်တဲ့"

ဘုရားမေ့၊ တရားမေ့ ကိုယ်ကျင့်တရားထိန်းဖို့ပါ မေ့ခဲ့သော မိန်းကလေး။ ဗုဒ္ဓဘာသာဝင်ဖြစ်ပါကြောင်း ယုံကြည်နိုင်ဖွယ်မရှိသောမိန်းကလေး။ မြန်မာမကလေးပါဆိုတာ ကျမ်းကျိန်ဖို့တောင် လိုနေသော မိန်းကလေးက မင်္ဂလာဦးဆွမ်းတွေ ဘာတွေ ကျွေးလို့ဆိုပါလား။

"အခုရှိလား သူ့ယောကျ်ား"

"ကွဲသွားတာ နှစ်နှစ်ရှိပြီတဲ့၊ ကလေးခြောက်လတုန်းကပေါ့"

"လက်ထပ်ပြီး ခြောက်လအကြာမှာ ကလေးရတဲ့ဇနီးကို ကလေးက လမစေ့ဘဲ မွေးပါတယ်ပြော●ိုင်း ယုံတဲ့သူရှားသားပဲ သားရယ်၊ အဲဒါ ဘယ်သူ့ကလေးလဲ"

"ကျွန်တော်မသိဘူး မေမေ"

"ပဂ္ဂီတော့ သိမှာပေါ့"

"အဲဒါ သူ့ကို ကျွန်တော် သွားချော့မေးတာ နှစ်ရက်ကြာသွားတယ်၊ ကျွန်တော် နေချို့နောက် လိုက်မသွားဘူး၊ အိမ်မှာပဲ ပြန်ခဲ့တယ်၊ ကျွန်တော့်ကိစ္စ ကျွန်တော်စုံစမ်းပါတယ်၊ တကယ်ပဲ ကျွန်တော့်မှာ သမီးတစ်ယောက်ရနေခဲ့ပြီဆိုရင် ကျွန်တော် နေချို့ကို လက်မထပ်ရက်တော့လို့ပါ"

"ပဂ္ဂီက ဘာတဲ့လဲ"



"ပထမတော့ ဒီကိစ္စတွေ ဘာမှ မပြောချင်တော့ဘူးတဲ့၊ မေးလို့မရဘူး၊ တခြားအာလာပသလ္လာပတွေပဲ ပြောဆိုနှုတ်ဆက်ညှော်ခံပါတယ်၊ ပဂ္ဂီ သိပ်ပြောင်းလဲသွားပြီ မေမေ၊ ဟိုတုန်းကလို ပျာကလပ်စိန် မဟုတ်တော့ဘူး"

"အေးပါ ... နောက်ဆုံးမှာ ဘာပြောလဲ"

"ဒီကလေးနဲ့ပတ်သက်လို့ ကျွန်တော့်မှာ တာဝန်မရှိပါဘူးတဲ့"

"မင်းကလေး မဟုတ်ဘူးပေါ့"

"ကျွန်တော်လည်း ဒါကိုပဲ တိတိကျကျ မေးတာပါ၊ တို့သမီးလား၊ ဟုတ်ရင် ဟုတ်တယ်ပြော၊ မင်းနဲ့ပဲ လက်ထပ်မယ်လို့ပြောပါတယ်"

"လျှာရှည်လိုက်တာ ကျော်ရယ်၊ လိုရင်းပဲပြော"

"လက်မထပ်ပါနဲ့တဲ့၊ ကျော့်သမီးဖြစ်မှ လက်ထပ်မယ်ဆိုရင် ကျော် ပဂ္ဂီ့ကို လက်ထပ်စရာ မလိုပါဘူးတဲ့၊ ကျော့်မှာ တာဝန်မရှိပါဘူးတဲ့၊ ဒီထက်ပိုမမေးနဲ့တော့တဲ့၊ သူမဖြေချင်ဘူးတဲ့၊ ကျော့်မိဘကလည်း သဘောတူမှာ မဟုတ်ဘူးတဲ့"

"တစ်သက်လုံးက မတူခဲ့တာ၊ ခုဆို ပိုမတူသေး"

"သူဟာ တစ်ခုလပ်၊ သမီးတစ်ယောက်အမေပါတဲ့၊ ဒီလိုနေလို့ တင့်တယ်ပါတယ်တဲ့၊ တင့်တယ်အောင်နေမယ်တဲ့၊ သူ့မိဘနဲ့ပဲ နေနေတယ်"

"ဟွန်း ... အဲဒါတွေ စိတ်ပျက်တာ၊ စကားကို ခုထိ ရှင်းရှင်းမပြောတတ်သေးဘူးလားဟယ်၊ ဟုတ်ရင်ဟုတ်တယ် မဟုတ်ရင် မဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခုပုံတော့ ဟုတ်ပုံမရဘူး"

"ကျော် ... ကျော်နော်၊ မင်း လည်လွန်းတဲ့ဘီး တစ်နေ့ ချေးသင့်မယ်၊ မင်းရဲ့ရှုပ်ရှုပ်ပွေပွေကိစ္စတွေ ရပ်တန်းကရပ်တော့"

"ရပ်ခဲ့တာကြာပါပြီ မေမေ"

"နေပါဦး ... မစီကို မင်းက ဘယ်လိုရှင်းပြလိုက်လဲ"

"ခု မေမေ့ကို ရှင်းပြတဲ့အတိုင်းပဲပြောလိုက်ပါတယ်၊ နေချို တို့သားအမိကို ကျွန်တော် မညာချင်ဘူး မေမေ၊ ညာလည်း မညာရက်ဘူး၊ အမှန်အတိုင်းသိပြီး ခွင့်လွှတ်လက်ခံတာမျိုး ကို ကျွန်တော် ရချင်ပါတယ်"

"မစီက ဘာတဲ့လဲ"

"ယောက်ျားတချို့ဟာတဲ့ ရေထဲမှာ ငါးကူးသလို ခြေရာကျန် တာမှ မဟုတ်ဘဲဆိုပြီး ယောက်ျားတို့အခွင့်အရေးကို အလွဲ သုံးစားလုပ်တတ်တယ်တဲ့၊ အဲဒါ သိပ်မှားတဲ့အမှားပဲတဲ့၊ အမှားကို မှားမှန်းသိလို့ ပြင်မယ်ဆိုရင် ...

"တချို့ ပြင်ခွင့်ရနိုင်သေးတယ်၊ တချို့ ပြင်ခွင့်မရ နိုင်တော့ဘူးတဲ့၊ ပြင်ခွင့်ရှိမရှိဆိုတာ သမီးပဲဆုံးဖြတ်ချင် လိမ့်မယ်တဲ့ ...

"နေချို့ကို ကျွန်တော် ပြောတာတွေ ပြန်ပြောပြပါ မယ်တဲ့၊ သူ့အနေနဲ့ကတော့ အမှားတွေ ရပ်တန်းကရပ်မယ်၊ ရှေ့လျှောက်လည်း ဆင်ခြင်မယ်၊ ကလေးတစ်ယောက်အဖေ လည်းမဟုတ်ဘူးဆိုရင် ...



"ခွင့်မလွှတ်နိုင်စရာမရှိပါဘူးတဲ့၊ ကလေးရှိခဲ့ရင် တော့ အဖေနဲ့ သမီးဆိုတာ ကင်းစိမ်းပြတ်တောက်သင့်တဲ့ သံယောဇဉ်မျိုးမဟုတ်ဘူးတဲ့၊ ဖြတ်ကြည့်လည်း မပြတ်ပါ ဘူးတဲ့ ...

"သူ့မိဘနဲ့သူ့သားသမီး စည်းစည်းလုံးလုံးပဲ ကြိုက် တယ်တဲ့၊ သမီးကတော့ ဘယ်လိုဆုံးဖြတ်မယ် မဆိုနိုင်ဘူး တဲ့ မေမေရယ်၊ ကျွန်တော်လည်း စိတ်ညစ်တာပါပဲ၊ ကိုယ့် ကိုယ်ကိုယ်သာ ရိုက်နှက်ဆုံးမချင်တော့တာပါပဲ"

"ကောင်းသားပဲ ရိုက်လေ"

"တကယ်ပြောတာပါ မေမေရဲ့၊ ကျွန်တော့်ကိုယ်ထဲက ကျွန်တော်တစ်ယောက် ခွဲထွက်လို့ရရင် ကျွန်တော့်ကိုယ် ကျွန်တော် ဖနောင့်နဲ့ချည်း လိမ့်ပေါက်ချင်တယ်"

"ကောင်းပါတယ်၊ ပေါက်ဖြစ်အောင်ပေါက်ပေါ့၊ ဖနောင့် မလောက်ရင် မေမေ ငှားမယ်"

"ကျွန်တော် မှားတယ် မေမေ"

"အဲဒီလို မေမေ ပြောခဲ့ဖူးတာ လွန်ခဲ့တဲ့ လေးငါးခြောက် နှစ်ကတည်းက၊ သား နားထောင်ခဲ့သလား"

"နားမထောင်ခဲ့လို့ မှားတာပေါ့ မေမေ၊ ယောက်ျားလေး ရယ်၊ မိန်းကလေးရယ်မဟုတ်ပါဘူး၊ အမှားကိုကျူးလွန်ရင် ခြေရာကျန်တာပါပဲ"

"ဒါပေါ့၊ ပန်းခင်းလမ်းကို ဖန်တီးမယ်ကြံတော့ ဟိုခြေရာ ကြီးက အနှောင့်အယှက်ဖြစ်နေပြီ"

"ကျွန်တော် ဘာလုပ်ရမလဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"နေချိုက ဘာတဲ့လဲ"

"ကျော်တိုင်းကျော်ဆိုတဲ့ နာမည်ဟာ သူ့ဘဝထဲမှာ မရှိတော့ဘူးတဲ့၊ အန်တီစီကနေတစ်ဆင့် ပြန်ပြောတာပါ၊ သူ့နောက်ကို ချက်ချင်းလိုက်လာခဲ့ပြီး ဒီကိစ္စ လုံးဝမှားကြောင်း လိပ်ပြာသန့်စွာ ဖြေရှင်းနိုင်ခဲ့ရင် သူ ပြန်လက်ခံပါတယ်တဲ့ ...

"ခုတော့ ကိုယ့်ခြေရာ ကိုယ့်လမ်းကြောင်း ကိုယ်စိတ်မချလို့ နှစ်ရက်တိတိ ပြန်ကြည့်ပြီးမှ ဒါ ကိုယ့်ခြေရာ မဖြစ်နိုင်ဘူး ထင်ပါတယ်ဆိုတဲ့ မရောရာတဲ့ ဖြေရှင်းချက်ကို လက်မခံပါဘူးတဲ့ ...

"သူ စိတ်နာသွားမှာပေါ့ မေမေ၊ ရှက်လည်းအရမ်းရှက်သွားမှာ၊ လူတွေကြားထဲမှာ သူ့ကိုလည်း လူတိုင်းက သိတာ၊ သာမန်လူမှ မဟုတ်တာ"

"အေမီက ဘာရည်ရွယ်ချက်နဲ့ ပြောတာလို့ထင်လဲ၊ နေချိုနဲ့ကိစ္စကို သူ သိတယ် မဟုတ်လား"

"သိလို့ တမင်ပြောတာပေါ့ မေမေ"

"ရည်ရွယ်ချက်က"

"ကျွန်တော့်ကို အရှက်ခွဲတာပါပဲ၊ ကျွန်တော် နေချို့ကို မရစေချင်တာပါပဲ"

"နေချိုကို မရတော့ သူရမယ်များ ထင်နေသေးလား၊ ပဂ္ဂိုပြန်ရမယ် ထင်လို့လား"

"အဲဒါ ကျွန်တော်မသိဘူး မေမေ"

"ခု မေမေ ဘာလုပ်ပေးရမလဲ"



"နေချို နားဝင်အောင် မေမေ ပြောပေးနိုင်မလားလို့ပါ"

"သားက ထင်လို့လား"

"နေချိုက မေမေ့ကိုတော့ လက်ခံစကားပြောမှာပါ၊ နားဝင်တာ မဝင်တာက သတ်သတ်"

"ဒါတော့ ဟုတ်တယ်"

"မေမေ ဘယ်တော့ သွားပြောပေးမလဲဟင်"

"ခုပဲ ခရီးရောက်မဆိုက်ကြီး ကျုပ် နားရဦးမယ်၊ မနက်စာထမင်း စားရဦးမယ်၊ တစ်ရေးတစ်မော အိပ်ဦးမယ်၊ ပြီးတော့မှ ရေမိုးချိုးမယ်၊ ညနေလောက်မှာသွားရင် သွားမယ်၊ မသွားသင့်သေးဘူးထင်ရင် မသွားသေးဘူး"

"မေမေကလည်း နောက်နေပြန်ပြီ"

"ဟဲ့ ... တကယ်ပြောတာ၊ ရေချိုးမှားတယ်ဆိုတာ အလွယ်လေး၊ ရေတစ်ခါချိုးတာ တစ်နာရီမကြာဘူး၊ တစ်နာရီမပြည့်တဲ့ မှားချိန်လေးကို ပြန်ပြင်ဖို့ကျတော့ ...

"ဆရာဝန်ခေါ်ရမယ်၊ အဖျားအနာကုရမယ်၊ အချိန်ကြာမယ်၊ ရောဂါပျောက်နိုင်သလို သေချင်လည်းသေသွားနိုင်တယ်၊ သားက လေးငါးခြောက်နှစ် မှားခဲ့တဲ့အမှားကြီး မေမေက နေ့ချင်းပြီး ဆေးကုလို့ရမလား ကျော်ရယ်၊ ခုမှ ဖုတ်ပူမီးတိုက်"

ဒေါ်ခင်ခင်သစ်က သားကို နည်းနည်းတွန်း၍ ထသည်။ 'အသိန်း'ဟု လှမ်းခေါ်ကာ သူလာလျှင် နားနေတည်းခိုဖို့ အခန်း၊ သားပြန်ရောက်မလာခင် သည်ခြံဝယ်ပြီးကတည်းက ပြင်ဆင်ခိုင်းထားတာမို့ ဘယ်သူ့မှ မေးမနေတော့ဘဲ ကိုယ့်အခန်းကိုယ် ဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ … မောင်တင်၊ လျှာထိုးကြမ်းပြင်က ဒီတိုင်းကြီးပါ
လား၊ ကော်ဇောလည်း ခင်းမထားဘူး”

“ရှိပါတယ် မာမီ၊ မာမီလာမယ်မှန်းမသိလို့ မခင်းရသေး
တာပါ၊ ဖုန်တက်မှာစိုးလို့ လိပ်ထားပါတယ်”

“ဒါဖြင့်လည်း ပြင်ဆင်ကွယ်၊ အသိန်းက ဝိုင်းကူ၊ ရေချိုး
ခန်းထဲ ပရုပ်မွှေးထည့်ဖို့မမေ့နဲ့၊ အခန်းနံရံတွေမှာ ဂလိပ်
(Glade)ဖျန်း၊ ခန်းဆီး ဘာရောင်ရှိရှိ အပြာနုနုပဲတပ်၊
ပြတင်းပေါက်မှန်က ဆီးရောင်မို့ မတပ်တော့ဘူး မလုပ်နဲ့
မာမီ သားအခန်းမှာ ခဏသွားလှဲမယ် မြန်မြန်လုပ်”

“ဟုတ် … ဟုတ်ကဲ့ မာမီ”

“သားရေ … ကျော်၊ ဝင်မလာနဲ့ မာမီ တစ်ယောက်တည်း
နေချင်လို့၊ စဉ်းစားရဦးမယ်၊ မင်းကိစ္စက လွယ်တာမဟုတ်
ဘူး”

“ဟုတ်ကဲ့ပါ မေမေ”

ဒေါ်ခင်ခင်သစ် ကျော့အခန်းထဲသို့ ဝင်သွားသည်။
ခုတင်ပေါ်မှာ ပုဆိုးကွင်းလုံးကြီးက ဆီးကြိုနေ၏။ စိတ်ပေါက်
ပေါက်နှင့် တွန်းချပစ်လိုက်သည်။

သည်သားတစ်ယောက်ကို ချစ်လည်းချစ်ပါရဲ့၊ စိတ်
လည်းညစ်ပါရဲ့၊ စည်းကမ်းလည်း ချခဲ့ပါရဲ့၊ အလိုလည်းလိုက်ခဲ့
ပါရဲ့၊ စိတ်တိုင်းကျသည်လည်းမဟုတ် မကျဘူးလည်းမဟုတ်။
ခေတ်ကာလသားသမီးတွေကိုက ခက်ပါဘိလေ။



## အခန်း(၄)

‘ကလော’သည် ပန်းချီကားတစ်ချပ်လိုလှသော မြို့
ဖြစ်၏။ နေရာအနှံ့လို တွေ့နေရသည့် ထင်းရှူးသီးခြောက်လေး
တွေက ချစ်စဖွယ်လေးတွေ ဖြစ်နေ၏။ ကလောဟိုတယ်မှာ
မျက်နှာကြက်မှ တန်းလန်းချထားသည့် မီးကြိုးတွေ မပေါ်အောင်
ထင်းရှူးသီးလေးတွေနှင့် သီခက်ထားတာကို လှပစွာတွေ့ရသည်။
စင်စစ် ဤခရီးက အန်တီဒေါ်ခင်ခင်သစ်ကိုရှောင်သော ခရီးဟု
ဆိုနိုင်၏။

“သမီးလေးရယ် … မိန်းကလေးတွေမှာတောင် ရည်းစားတစ်
ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ စကားပုံရှိပါတယ်၊
ကောင်းတော့ မကောင်းဘူးပေါ့လေ၊ ဒီလူနဲ့ပဲ ရည်းစားဖြစ်၊
ဒီလူနဲ့ပဲ လက်ထပ်ဖြစ်ရတော့ အကောင်းဆုံးပေါ့ …

“သားက ယောကျ်ားလေးပဲကွယ်၊ အန်တီက သမီး
ချင်းမစာနာလို့ပြောတာ မဟုတ်ဘူး၊ မိန်းကလေးတွေကိုက
စပြီးလိုက်တာ၊ အနောက်တိုင်းယဉ်ကျေးမှုတွေ လိမ့်ဝင်
လာတာကို အဟုတ်မှတ်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



"ဘောင်းဘီတိုနဲ့ လမ်းထွက်တဲ့ မိန်းကလေးတွေ၊ သမီးက ရန်ကုန်သူပဲ တွေ့ဖူးမှာပေါ့၊ ယောကျ်ားလေးကို ရည်းစားစကားစပြောလိုပြော၊ ဒါ မိန်းမသားတွေ ပျောက်ဆုံးနေတဲ့ အခွင့်အရေးတဲ့၊ ပြန်လည်ဖော်ထုတ်ရမယ်ဆိုပဲ ..."

"မခက်ဘူးလား၊ ဒီတော့ ယောကျ်ားလေးဖြစ်သူမှာ ကြံ့ကြံ့ခိုင်ခိုင်ဖို့ ခံယဉ်းပါတယ်သမီးရယ်၊ နားလည်ပါ၊ သမီးလက်ထဲရောက်ရင် သူ တုတ်တုတ်တောင်လှုပ်ရဲမယ် မထင်ပါဘူး၊ သမီးကို သူ ချစ်လည်းချစ်၊ ကြောက်လည်း ကြောက်ရှာတယ်"

ဒေါ်ခင်ခင်သစ် ရောက်လာတာကိုတော့ 'မတွေ့လိုပါ' ပြောဖို့ ရိုင်းလွန်းရာကျမည် စိုးသည်မို့ အတွေ့ခံရသည်။ နေ့တိုင်းလာပြောနေသမျှသော ရွှေနားတော်သွင်းဇချင်းတွေကို နေ့တိုင်းလည်း နားထောင်ရသည်။ တစ်နေ့ကို သုံးနာရီလောက် လည်း နားထောင်ရသည်။ ကြာတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်လာရတော့သည်။

"ရန်ကုန်ဟနေ တစ်လလောက် ရှောင်နေချင်တယ် မေမေရယ်၊ ကားရိုက်ရက်တွေ ဘယ်လိုရှိနေလဲဟင်"

အလွန်ရိုးသားအေးဆေး သဘောကောင်းလှသူ တစ်ဖက်သားကို ကျေးဇူးတင်မိပြီဆိုလျှင် ကျေးဇူးဆပ်ဖို့ချည်း အမြဲကြိုးစားနေတတ်သူ၊ ထက်ထက်မြက်မြက် စွမ်းဆောင်တတ်တာမျိုး မရှိပေမယ့် သမီးကိစ္စလေးတွေဆို ကိုယ်တိုင်ပါဝင်ရမှ စိတ်ချမ်းသာတတ်သူ မေမေ။ ဒေါ်စီစီချို့က သမီး 'မင်းသမီး'၏ ရှူတင်ရက်တွေကို ဒိုင်ယာရီစာအုပ်တစ်ခုနှင့် မှတ်ပေးထားသည်။



"သိပ်အဆင်ပြေတယ် သမီးရဲ့၊ ဒီတစ်လလုံးမှာ ထွန်းနေရောင်ကုမ္ပဏီကို ကားကြီးရိုက်ဖို့ အရက်နှစ်ဆယ် ဆက်တိုက်ပေးထားတာ၊ အဲဒီအရက်နှစ်ဆယ်က မြစ်ကြီးနားမှာရိုက်မယ့်ရက်ရယ်၊ အသွားအပြန်နဲ့တင် ကုန်မှာ ...

"ရန်ကုန်ပြန်ရောက်ရင် ကျန်တဲ့ဆယ်ရက်ကို လက်ကျန်ဖြတ်ချင်ဖြတ်၊ ဒါမှမဟုတ် သမီးနားချင်နား၊ အားနာရမယ့်သူ ပေါ်လာရင်လည်း ဗီဒီယိုတစ်ကားစာ ပေးချင်ပေး၊ ဒါမှမဟုတ် ကြော်ငြာနဲ့ ပြက္ခဒိန် ရိုက်ချင်ရိုက်ရအောင် မေမေ ချန်ထားတာ ...

"ခု ထွန်းနေရောင်က ရိုက်ဖို့ပျက်တယ်"

"ရှင် ... ဘာဖြစ်လို့လဲ မေမေ၊ ဖလင်ပဲလား"

"မဟုတ်ဘူး၊ ပိုင်ရှင် ဦးထွန်းနေရောင် အစာအိမ်လမ်းကြောင်းဆိုလား၊ ဆီးလမ်းကြောင်းဆိုလား မသိပါဘူး သမီးရယ် ကင်ဆာတဲ့"

"အို ... ဖြစ်မှဖြစ်ရလေ"

"အင်္ဂလန်သွားကုမယ်၊ ရတော့မရဘူးပေါ့လေ၊ ရလိုရငြားနဲ့ လူ့ပြည်မှာ နေနိုင်မယ့်သက်တမ်းလေး ဆွဲဆန့်ဖို့ပေါ့၊ သူတို့ ပိုက်ဆံရှိတာပဲ ကုချင်တာပေါ့ ...

"အဲဒီကား မရိုက်ဖြစ်တော့ဘူး၊ အားနာပါးနာ တောင်းပန်နေလို့တောင် မေမေ ပြန်အားနာရသေးတယ်၊ မေမေက အဲဒီရက် သမီးရဲ့ဦးဦးကို ပေးချင်မလား မေးလို့"

www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ဦးဦး"တဲ့။

ဦးမင်းခန့်တယ်၏ ခန့်ညားပြီး ရှင်းသန့်ထည်ဝါနေသည့် မျက်နှာဖြူဖြူပြည့်ပြည့်၊ အရပ်မြင့်မြင့်နှင့် သပ်ရပ်ကြော့ရှင်းသော အဝတ်အစားတွေကိုပါ တစ်ခုချင်း အသေးစိတ်မြင်ယောင်ကြည့်လိုက်သည်။

လေးစားနှစ်လိုဖွယ်သွင်ပြင်နှင့် ဦးခမျာ လူသတ်မှုနှင့်ပတ်သက်၍ ဘယ်လိုရှိရာမည်မသိပါ။ ဦး၏ မန်နေဂျာကတော့ နေချို့ဆီ ရောက်လာခဲ့ပါပြီ။

"ဓာတ်လမ်းရပြီ၊ ဓာတ်ညွှန်းခွဲဖို့အပ်ထားတယ်၊ ကန်ထရိုက်စနစ်နဲ့ရိုက်မယ်၊ ဒါရိုက်တာက တော်လည်းတော်တဲ့ ဆရာသမားမျိုး ရွေးပေးပါတဲ့၊ ရှုတင်အကျွေးအမွေးကစပြီး လိုက်လုပ်ပေးမယ့်သူ မရှိဘူး၊ အစ်ကိုကြီးက ပုံအပ်လိုက်ချင်တယ်တဲ့"

"နေချို့ဆရာသမားတွေ ရှိပါတယ်၊ နေချို့ကို မြေတောင်မြှောက်ပေးခဲ့သူတွေပါ၊ နေချို အကူအညီတောင်းရင် ပေးမှာပါ၊ ဆရာ့မှာ ရှုတင်ဂရု ရှိနေပါတယ်၊ နှစ်ဖွဲ့လောက်တောင် ရှိတာထင်တယ်၊ ဖြစ်ပါတယ်၊ ဆရာအားဖို့နဲ့ မင်းသားအားဖို့ပဲ ရက်ညှိရမယ်"

"စာနယ်ဇင်းက ဆရာသမားတွေတောင် ဖိတ်ဖို့ စီစဉ်နေပြီ၊ အဲဒီပွဲကို မနေချို တက်မှာဖြင့် ခဏတက်ပါတဲ့၊ စောစောပြန်ပါတဲ့၊ နောက်ပိုင်းမှာ အရက် အဝတိုက်မှာတဲ့၊ အစ်ကိုကြီးအကြိုက် ကဗွိုင်းဆီးယားတဲ့"



ဦးက တက်ကြွမြန်ဆန်ပါပေသည်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းတွေ အားလုံးမှာ အောင်မြင်တာဖြစ်နိုင်သည်။ ဦးအတွက် အရက်နှစ်ဆယ်ကြီးတောင် လိုမည်မထင်ပါ။ ဒါရိုက်တာကလည်း သည်လောက်အချိန်မပေးနိုင်ပါ။မင်းသားက ပိုဆိုးဦးမည်။ ခုနစ်ရက်တောင် အနိုင်နိုင် သူပေးမှာ။ သို့ပေမဲ့ သည်တစ်လတော့ မပြောမဆိုကို ခြေရာဖျောက်လိုက်ချင်ပါသည်။

"မပေးနဲ့တော့ မေမေရယ်၊ သမီး တစ်လတော့ပုန်းမယ်၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး မေမေ၊ မေမေ့သူငယ်ချင်းကြီးကိုလည်း နားပူလှပြီ"

"သူတို့ကျေးဇူးတော့ရှိတယ် သမီးရဲ့"

"ကျေးဇူးကို အဝနဲ့ရင်းပြီး မဆပ်ပါရစေနဲ့ မေမေရယ်"

"အေးလေ"

"သမီး ဆင်းရဲမှာလည်း မကြောက်ပါဘူး၊ တစ်သက်လုံး စိတ်ဆင်းရဲနေမှာတော့ ကြောက်တယ်၊ ကျော်က သူ့သမီးလေးနဲ့သူ ပြတ်နိုင်မလား မေမေရယ်၊ သမီးကြောင့်လည်း သူများသားအဖနှစ်ယောက် မကွဲကွာစေချင်ပါဘူး"

"သူ့ကလေး မဟုတ်ဘူးဆို"

"မသေချာပါဘူး မေမေရဲ့၊ ကျော်ကိုယ်တိုင်က တိတိကျကျ သိချင်နေတဲ့ကိစ္စပါ၊ ပဂ္ဂိပြောပုံကလည်း မဟုတ်သလိုလို၊ ဟုတ်ရဲ့သားနဲ့ သူအနစ်နာခံသလိုလိုပါ ပြီးတော့ ကျော်က ဒီအကျင့် ဒီစရိုက်ကို တစ်သက်လုံး ဖျောက်မယ့်ပုံမရပါဘူး၊ သမီးလေ ...

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်မလုပ်ဘဲ မိန်းမလုပ်စာ ထိုင်စားချင်တဲ့ ယောကျ်ားမျိုးကို အလွန်ပဲအထင်သေး ရွံရှာပါတယ်၊ မိန်းမက တစ်သိန်းရှာနိုင်ပြီး ယောကျ်ားက ငါးပြားပဲရှာနိုင်လည်းရှာပါ၊ သူရှာလို့ရတဲ့ငါးပြားကို မိန်းမဆီအပ်ပြီးမှ သူက ကိုးသောင်းတောင်းသုံးချင်သုံးပါ ...

"အလုပ်မလုပ်ချင်တဲ့ ယောကျ်ားထက် ကိုယ်ကျင့်တရား မထိန်းဘဲ လူမှုရေးဖောက်ပြန်တတ်တဲ့ယောကျ်ားကို ဒီထက်ပိုပြီး အထင်သေးပါတယ်၊ အဆုံးစွန်ပြောရရင်တော့ နှလုံးနာပါတယ် မေမေ ...

"ကိုယ်က ယောကျ်ားမို့ ရေထဲမှာ ငါးကူးသလို ခြေရာမထင်နိုင်ဘူး၊ စိတ်ကြိုက်ရှုပ်၊ ငွေပေါတိုင်းမွေ ဆိုတာမျိုး သမီးလက်မခံပါဘူး မေမေ၊ အတွေ့ကို မရှောင်နိုင်လို့တို့၊ မူးလို့မှားမိပါတယ်တို့၊ အဲဒီဆင်ခြေတွေကို လက်ခံတဲ့ထိ သမီး မနိုက်မဲချင်ပါဘူး မေမေ ...

"ပြီးတော့ လူတစ်ယောက်ကြောင့် သမီး လူအများအလယ်မှာ အရှက်ကွဲခဲ့ရပြီ၊ အဲဒီလူကို သမီးက ဘဝအဖော်အဖြစ် လက်တွဲနိုင်လောက်အောင် ဘယ်လိုသည်းခံခွင့်လွှတ်ခြင်းမျိုးနဲ့ ကြည်ဖြူရမှာလဲ မေမေ ...

"သမီး စိတ်နာတယ်၊ ကျော့်ကိုရယ်လို့ မဟုတ်ပါဘူး၊ အဖြစ်ကိုပါ၊ ကျော်ဟာ သူငယ်ချင်းဘဝမှာ နေမယ်ဆိုရင် သမီး တစ်သက်လုံး ခေါ်နိုင် ပြောနိုင်ပါတယ်"

"သမီးက သစ်ကို ပြတ်ပြတ်ငြင်းလိုက်ပလား"



"အကြိမ်တစ်သိန်းလည်း မကတော့ပါဘူး၊ ပြန်စဉ်းစားပါဦး၊ ဆုံးဖြတ်ချက်ပြင်ပါဦးနဲ့ လျှောက်လဲချက်တွေ၊ ဆင်ခြေတွေပေးနေတာပဲ၊ သမီးမှာသာ ခုနေ ရည်းစားတစ်ယောက်လောက်ရှိရင် ကျော်နဲ့ကိစ္စ ပြတ်သွားအောင် ယောကျ်ားတောင် ယူပစ်လိုက်ချင်တယ် အဟုတ်"

"အမယ်လေး၊ စိတ်လိုက်မာန်ပါတော့ မလုပ်လိုက်ပါနဲ့ သမီးလေးရယ်"

"မလုပ်ပါဘူး မေမေ၊ ဒါကြောင့် ခင်မင်ရင်းနှီးတဲ့အသိုက်အဝန်းထဲက တစ်လလောက်ထွက်ပြေးချင်တယ် မေမေရယ်၊ ခပ်ဝေးဝေးကလေး"

ခုတော့ မြို့လှလှလေးကို ရောက်လာခဲ့ပါပြီ။

ဘူတာမှဆင်း၊ မြင်းလှည်းပေါ်တက်ကတည်းက သနပ်ခါး မထူမပါး အစင်းကြောင်းလေးတွေနှင့် ဆံပင်ကို အကုန်လုံးသိမ်းပြီး နောက်နားမှာ သားရေကွင်းနှင့်စုချည်သောပုံစံနှင့် လက်စက လက်ဖောင်း လည်ပင်းဖွံ့ပုံ ခါးတင်၊ အသက်လေးဆယ်ကျော် အမျိုးသမီးတွေ ခေတ်လည်းဆန်ချင်၊ ခေတ်ရှေ့ပြေးပြီး ကလက်မှာလည်းကြောက်၊ ခေတ်မီရုံသဘောနှင့် ဝတ်ကြသည့်ပုံစံ၊ အင်္ကျီနှင့် လုံချည် ဆင်တူပါတိတ်ဝမ်းဆက်ဝတ်ပြီး တက်ခဲ့တာ။ ဟိုတယ်သို့ရောက်တော့ ခရီးကြိုညီမလေးက စေ့စေ့တော့ကြည့်သေးသည်။

မှတ်ပုံတင်ထဲမှာ နာမည်'တင်တင်နု'။

မွေးကတည်းက မှည့်ခဲ့တာ 'နေချို'။ ညနေစောင်း နေချိုချိန်လေးမှာမွေးသည့် စနေသမီးမို့ နေချိုဟု ဖခင်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည့်နာမည်ပါ။ အပျိုဖော်ဝင်စကလေးမှာ အစားအသောက်မရှောင် အချဉ်အစပ်နှင့် အဖန်တွေ၊ လက်ဖက်တွေ၊ ချုပ်စာတွေအစာများလို့ ရောဂါထူလာခဲ့တာကို မေမေက အစိုးရိမ်လွန်ပြီး ဗေဒင်တွေလျှောက်မေးသည်။

"နာမည်က လူကိုစီးနေတာ၊ နာမည်ပြောင်းလိုက်ပါ"တဲ့။

ဗေဒင်ဆရာပေးသည့်နာမည်က တင်တင်နု။

နေချို နာမည်ပြောင်းဖြစ်သည်။ ဆယ်တန်းအောင်တော့ တင်တင်နု။ အဝေးသင်တက္ကသိုလ်မှာ တင်တင်နု။ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာလည်း တင်တင်နု။ အဝတ်အစားပုံမကျပန်းမကျနှင့် 'တင်တင်နု'ဆိုသော အမျိုးသမီးသည် ဖြစ်ခြင်းဖြစ်လျှင် 'နေချိုနုနု'၏ အစ်မဝမ်းကွဲသော်လည်းကောင်း၊ အဒေါ်ပေါက်စလေးသော်လည်းကောင်းဟု ထင်ကောင်းထင်မည်။ နေချိုနုနုဆိုလျှင် ရှုတင်အဖွဲ့နှင့် နောက်လိုက်ခြေရံသင်းပင်းနှင့်ဖြစ်ရမည်။ ခုတော့ သားအမိဟုထင်ရသည့် အမျိုးသမီးနှစ်ယောက်တည်း။

ကလောဟိုတယ်သည် ပန်းချီကားထဲမှ ရောင်စုံဆေးစက်လေးနှင့်တူ၏။ ခြံကွက်ကလေးလှသည်။ ပတ်ဝန်းကျင်ရှုခင်းသာယာသည်။ ဟိုတယ်ဝင်းထဲမှထွက်၍ လမ်းဖြတ်ကူးပြီးတောင်တက်ကုန်းမြင့်လမ်းလေးအတိုင်း တက်သွားလျှင် တစ်ဖက်တစ်ချက် ကုန်းမြင့်တွေပေါ်မှာ ထင်းရှူးပင်ကြီးတွေ။ ထင်းရှူးပင်ကြီးတွေအောက်မှာ အစေ့ကျ၍ ထပေါက်နေသော ထင်းရှူးပင်ငယ်လေးတွေ။ ထင်းရှူးသီးခြောက်တွေ။ တုတ်ချောင်းညိုပျော့ပျော့



လေးတွေလိုဖြစ်နေသည့် ချစ်စရာထင်းရှူးရွက်ကလေးတွေ။ အရွက်ဖြစ်ပါလျက် အပြန့်အကားမရှိဘဲ အချောင်းလိုက်ကလေးဖြစ်နေပုံက ကဗျာဆန်နေတာတွေ။ နေချို့အဖို့ ကြည်နူးမဆုံးဖြစ်ရတော့သည်။

"မင်းသမီးဖြစ်မှ တစ်ခါမှ ဒီလို အေးအေးဆေးဆေး မနားရသေးတော့ ရင်ထဲမှာ ငြိမ်းချမ်းလိုက်တာ မေမေရယ်"

"မေမေလည်း ကြည်နူးတယ်၊ ဘာအပူအပင်မှလဲ မရှိဘူး၊ အိပ်လိုက်၊ စားလိုက်၊ လမ်းလျှောက်လိုက်နဲ့ သမီး ဝလာမှာစိုးရတယ်နော်"

"သမီး အဘွားကြီးဖြစ်လို့ ကားမရိုက်ရတော့ဘူး ဆိုရင်ကလောမှာ လာနေရအောင်နော် မေမေ"

"ထိုင်စားနိုင်တဲ့ငွေ ရှိမှဖြစ်မှာ"

"ရန်ကုန်မှာ အိမ်တစ်လုံးရှိတာပဲ မေမေရယ်၊ ကလောမှာတစ်လုံးဝယ်ထား၊ ရန်ကုန်အိမ်ငှားလို့ရတဲ့ပိုက်ဆံနဲ့ ကလောမှာလာနေပြီးစားမယ်၊ လမ်းလျှောက်လိုက်၊ စာအုပ်ဖတ်လိုက်၊ ဗီဒီယိုခွေတွေကြည့်လိုက်၊ သစ်ခွတွေလည်းစိုက်မယ်မေမေရယ်"

"သမီးက ယောကျ်ားမယူတော့ဘူးလား"

"စိတ်ကုန်ပါပြီ၊ ချစ်သူရည်းစားမဖြစ်ရပေမယ့် ငယ်သူငယ်ချင်းပဲလေဆိုပြီး လက်ထပ်ဖို့သဘောတူခဲ့မိတာ၊ ဒီတစ်ယောက်တည်းနဲ့တင် ဆလံတိုက်သွားတော့တာပဲ မေမေရယ်၊ ကြောက်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



နေချို တိုးတိုးလေး ရယ်လိုက်သည်။ စိတ်လက်ပေါ့ပါးသွား၏။ အလုပ်တာဝန်လည်းမရှိ။ တွေ့ဆုံဆက်ဆံစကားကို တာဝန်အရ ပြောနေဖို့လူလည်းမရှိ။

ကောင်းလိုက်တာ။

လွတ်လပ်လိုက်တာ။

“ဒီလို တစ်သက်လုံးနေသွားရရင် ကောင်းမယ်နော် မမေ”

ကုန်းမြင့်လမ်းလေးအတိုင်း ဖြည်းဖြည်းလျှောက်တက်လာရင်း ထင်းရှူးသီးခြောက်ကြွေလေးတွေ ကောက်ရင်း ဒေါ်စီစီချို ကိုင်ပေးထားသည့် ပလတ်စတစ်အိတ်ပါးထဲ သွားထည့်ရင်းနှင့် နေချို ပျော်နေ၏။

“ဟိုတယ်ခကို ဘယ်ကဝင်ငွေနဲ့ ရှင်းမလဲ”

ဒေါ်စီစီချိုလည်း ပျော်၏။ ပျော်သည်ဆိုတာထက် ကြည်နူးလွတ်လပ်နေခြင်းက ပို၏။ စိတ်လက်ပေါ့ပါးကာ လူတစ်ကိုယ်လုံး လန်းဆန်းတက်ကြွနေတော့သည်။

“ဟိုတယ်မန်နေဂျာကြီးကို မေးကြည့်မယ်လေ၊ တစ်ည သီချင်းတစ်ပုဒ်ဆိုပြပါ့မယ်၊ ထမင်းအလကားကျွေးထားမလားလို့”

“သူ့ဘာသာ အေးအေးနေပါစေတော်၊ ရန်ကုန်စားသောက်ဆိုင်တွေက ကာရာအိုကေကို ဒီမြို့အေးအေးဆေးဆေးလေးဆီ သယ်မလာပါနဲ့ ပန်းကုံးစွပ်မယ့်လူက ရှားမှာ”

နေချို့မျက်နှာလေး ပြုံးပြုံးရယ်ရယ်ဖြစ်နေ၏။ ရန်ကုန်လေဆိပ်မှာ အရှက်သည်းခဲ့ရကာ၊ ကိုယ့်ကို သေမလောက်ရယူပိုင်ဆိုင်ချင်ပါလျက် သစ္စာရှိဖို့ကျတော့ မကြိုးစားတဲ့ ကျော်နှင့် ရေ



စက်ဆုံခဲ့ရတာ၊ ဗီဇနှင့်ဝါသနာပါ၊ အနုပညာပါဟု ဘယ်လောက်ပဲပြောပြော ရုံဖန်ရုံခါမှာ သူစိမ်းယောကျ်ားတစ်ယောက်၏ ရင်ခွင်ထဲဝင်ရတာ၊ အဲဒါတွေကို မေ့မေ့ပျောက်ပျောက်ဖြစ်လျက် ကိုယ့်ဘဝလေး အသစ်တစ်ဖန် ပြန်လည်မွေးဖွားရသလို ‘တင်တင်နု’ ဘဝလေးမှာ ပျော်နေသည်။

ခုချိန်မှာ နေချိုနုနုမှ မဟုတ်ဘဲ။

“မမေ ရှေ့နားဆို လက်သုပ်ဆိုင်လေး ရောက်ပြီနော်”

“မမေကတော့ မေ့တေ့တေ့ ဖြစ်နေတယ်”

လမ်းသွားလမ်းလာမရှိသလောက် ပါးကျဲသည်။ နေခြည်က ဆောင်းနှင်းထုကိုဖြတ်ပြီးမှ ထင်းရှူးပင်မြင့်ကြီးတွေပေါ်သို့ ကျ၏။ အရွက်မပီပြင်ပါသော အရိုးချောင်း ကျိုးတိုးကျဲတဲမှ ထွင်းဖောက်ကာ မြေပြင်သို့ သက်ရောက်ရသော နေရွှေးသည် အတားအဆီး မလုံလဲသည်မို့ နေပြောက်များ၏။ ရန်ကုန်မှာသာ ဒီလောက်နေပြောက်ဆိုလျှင် တော်တော်ပူမည်။ အေးချမ်းလှသော တောင်ပေါ်မြို့ကလေး၏ ချစ်စဖွယ် သဘာဝအေးစိမ့်မှုနှင့်ကျတော့ အပူဓာတ် တော်တော်လျော့သွားရတော့သည်။

“နေပြောက်ထဲမှာ လျှောက်ရတာတောင် နေလို့ကောင်းရုံပဲနော် မမေ၊ နေရိပ်တဲ့နေရာကျရင် ချမ်းချင်တယ်”

“မမေတို့ ရန်ကုန်သူတွေမို့ အနေတော်တာ၊ သူတို့ကလောသူ ကလောသားတွေကျတော့ ပူလို့တဲ့”

ဟုတ်ပါရဲ့။ မနက်က ဈေးနေ့မို့ ဈေးသွားပြီး ဈေးကအပြန် ငဝါလမ်းတစ်လျှောက်၊ သားအမိနှစ်ယောက် လမ်းလျှောက်ပြန်လာခဲ့တာ။ လမ်းပေါ်မှာ လူမရှိသလောက်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ဆယ့်တစ်နာရီနေကို ကလောသူ ကလောသားတွေ မခံမရပ်နိုင်လောက်အောင် ပူနေကြပါလိမ့်မည်။

အိမ်ထဲမှအိမ်ပြင် မထွက်နိုင်ကြတော့ဘူးလား မသိပါ။ လမ်းပေါ်မှာ လူရှင်းနေသည်။ နေချိုတို့ သားအမိအဖို့မှာကျတော့ ထီးဆောင်းဖို့တောင် မလိုပါ။

"သမီးကို နေချိုနုနုမှန်း လူတွေမသိကြတာ သိပ်ကောင်းတာပဲ၊ သမီး လူထဲကလူပဲ ဖြစ်ချင်တယ်"

"ပြည်သူချစ်တဲ့ အနုပညာရှင်ဘဝကို ခံယူပြီးမှတော့ လူထဲကလူ ဖြစ်ချင်လို့ ဘယ်ရတော့မလဲ"

"သမီး ဒီပါတိတ်အဆင်ကြမ်းကြမ်း ပုံရွဲရွဲကြီးတွေ ဝတ်နေတာ လူတွေ သမီးကို မမှတ်မိကြဘူးနော်"

"ဟေး ... နေချို"

"သမီးရုပ်ကလည်း တော်တော်ရင့်သွားတာကိုး"ဟု ဆက်ပြောဖို့ ဝါကျတောင်မစီရသေးပါ။ ကားဖြူတစ်စီး တုံ့ခနဲ ထိုးဆိုက်သည်။ "ဟေး ... နေချို"ဟု ခေါ်၏။ ကားတံခါးကိုဖွင့်၍ ဆင်းလာသူက ဟာသသရုပ်ဆောင် ကိုထိပ်ခေါင်။ ဟာသကို ဝါသနာပါလွန်းသည်မို့ ဟာသသရုပ်ဆောင်မလုပ်ဘဲ မနေနိုင်၍ ဝင်လုပ်နေပေမယ့် သူက ကုမ္ပဏီပိုင်ရှင်ဖြစ်၏။ ထုတ်လုပ်သူ ပရိဂျူဆာဖြစ်၏။

"ဘယ်သူနဲ့လဲ"

သွားပြီဟု စိတ်ပျက်သွားလိုက်သည်။ စိတ်ကုန်သွားသည်။ စိတ်ညစ်သွားသည်။ ဤဟာသသရုပ်ဆောင်သည် နှုတ်ဖွာ၏။ ရယ်စရာပြောနေရမှ စားဝင်အိပ်ပျော်သူမို့ ရယ်စရာတွေ



အမြဲပြောသည်။ အများကြီးပြောသည်။ သူ့မှာ မဟုတ်မဟာတ် လုပ်ကြံပြောဆိုတာမျိုးမရှိပါ။ သို့ပေမဲ့ ဟုတ်တိုင်းမှန်ရာတွေမှာ မလိုအပ်လည်း နှုတ်ဖွာသည်။ သူသိလျှင် တစ်ကမ္ဘာလုံးသိတာ နှင့်တူ၏။

"မေမေနဲ့"

"သိသားပေါ့ဟ၊ မင်းသားနဲ့ ဒါရိုက်တာကိုမေးတာ"

ကားရိုက်ဖို့ရောက်နေသည်ဟု ထင်ပုံရသည်။

"ကုမ္ပဏီအသစ်တစ်ခုကွာ နှုတ်ခမ်းနီထုတ်မှာ၊ ခုမှ စလုပ်တာ၊ ညည်းနဲ့ ကြော်ငြာချင်လို့ ကျုပ်ကို လာကပ်တယ်၊ ညည်းအိမ်လိုက်သွားတော့ ညည်း ခရီးထွက်သွားတယ်တဲ့၊ ဘယ်လဲဆိုတော့ မသိဘူးတဲ့၊ ညည်းအိမ်က ကောင်မလေးက တော်တော်ချက်ချက်ချာချာ ရှိသားပဲ"

ရယ်စရာသိပ်မဟုတ်လည်း သူ့ဘာသာရယ်သည်။ ပရိဂျူဆာလည်းဖြစ်၊ ရုပ်ရှင်လောကမှာ သမ္ဘာလည်းရင့်၊ ဟာသသရုပ်ဆောင်ဆိုပေမယ့် တော်ရုံဇာတ်ရုံမဟုတ်၊ အဓိကဇာတ်ပို့လိုနေရာမျိုးမှာမှ ရယ်စရာအနေနှင့်ပါဝင်သူလည်းဖြစ်၊ အသက်အရွယ်အားဖြင့်လည်း ကြီးသူမို့ သူ့ကို လေးစားကြသည်။ တော်ရုံဇာတ်ပို့ဇာတ်ရံဆို ထိပ်ထိပ်ကြဲမင်းသမီး မင်းသားကို မင်းတွေ၊ ညည်းတွေ မပြောရဲပါ။ ကိုထိပ်ခေါင်ကိုတော့ ကိုယ်ကျင့်တရားလည်းကောင်းသူမို့ လူရိုသေ၊ ရှင်ရိုသေရှိသည်။ နှုတ်ဖွာတာတစ်ခုတော့ လက်မြှောက်ထားရတော့သည်။

"နေချို အနားလာယူတာ"

"တီဘီလား"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖွ၊ လွဲပါစေ၊ ဖယ်ပါစေ"

ဒေါ်စီစီချိုက မန်းမှုတ်နေသည်ကို ကိုထိပ်ခေါင် အသံကျယ်ကြီးနှင့် အော်ရယ်၏။

"မသိဘူးလေ၊ ဒါဖြင့် နလုံးလား"

"ဘယ်နလုံးမှ မဟုတ်ဘူး"

"အသည်းရောင် အသားဝါဘီ"

"တော်ပါတော့ ကိုထိပ်ခေါင်ရယ်"

"အစ်မကြီးသမီးက အနားလာယူတာဆိုတော့ ကျွန်တော်က ခပ်ကြီးကြီးရောဂါတွေ ရွတ်ပြနေတာ"

"ကြားဖူးနားဝထဲက ကုန်ပြီလား ဦးလေး"

"အေအိုင်ဒီအက်စ်ပဲ ကျန်တော့တယ်"

"ပြောလေ ကဲလေပါလား၊ ကျွန်မသေချင်တယ် ကိုထိပ်ခေါင်"

"ခဏလေးစောင့်၊ အစ်မကြီးမှာ သမီးတန်းလန်းနဲ့ သေချင်တိုင်းသေလို့ ဘယ်ရမလဲ၊ နေချို အိမ်ထောင်ကျပြီးရင် အစ်မကြီးကို ကြွက်သတ်ဆေးတစ်ပုလင်း မွေးနေ့လက်ဆောင်ပေးပါမယ်၊ အဲဒီကျမှ အလျဉ်းသင့်သလို စီစဉ်ပေါ့၊ ရေခဲတိုက်ကထုတ်ပြီး မိတ်ကပ်လိမ်းဖို့ ကျွန်တော့်ဇနီး တာဝန်ယူပါလိမ့်မယ်"

ဒေါ်စီစီချို မျက်နှာလွှဲလိုက်တော့သည်။ သည်လူနှင့်က စကားကောင်းကောင်းပြောလို့ မရပါ။

"ဦးလေးက ဘယ်လာတာလဲ"



"ဦးလေးတို့အဖွဲ့က တောင်ကြီးမှာ၊ ဒီက အငြိမ်းစားရဲမှူးကြီးကို လာဖိတ်တာ၊ ကလောမှာ ရိုက်မယ်ဆိုရင် သူ့တစ်အိမ်လုံး အပိုင်ပေးထားတာ မဟုတ်လား၊ ဒီတစ်ခေါက်က တောင်ကြီးမှာဆိုတော့ ရဲမှူးကြီးကို တောင်ကြီးဖိတ်ပြီး ထမင်းကျွေးမလို့၊ ရဲမှူးကြီးနဲ့ခင်တဲ့ ဒါရိုက်တာလည်း ပါလာတော့ တို့နေတုန်း သုံးလေးရက် ဟိုမှာပဲ ဆွဲထားလိုက်တော့မလို့ အဲဒါ လာခေါ်တာ ...

"နေပါဦး၊ မင်းခန့်ထယ်ဆိုတဲ့ကုမ္ပဏီတစ်ခု အသစ်ထောင်တယ်ဆို၊ ရုပ်ရှင်လောကနဲ့ မျက်နှာစိမ်းတဲ့၊ ခုမှဝင်လာတာတဲ့၊ ပွဲဦးထွက်ကား မင်းနဲ့ဆို ...

"ဟိုနေ့က ဆရာသမားပေါင်းစုံကို ဖိတ်တယ်လေ၊ ကျုပ်တောင်ပါသေးတယ်၊ ဇာတ်လမ်းလည်းပြောပြတယ်၊ မင်းသမီးဇာတ်ပဲ၊ ခပ်ပွေပွေလူရှုပ်ကို ချစ်မိလို့ လူလယ်ကောင်မှာ မင်းသမီး အရှက်ကွဲတဲ့အခန်းက စထွက်မှာတဲ့၊ အဲဒါ မင်းသားသစ်နဲ့ တစ်ခန်းတောင် စမ်းရိုက်ကြည့်လိုက်ပြီးပြီတဲ့၊ ဒါပေမဲ့ မင်းသားသစ်က ပွဲဦးထွက်မှာ စရိုက်ဆိုးနဲ့ထွက်ရရင် လူမုန်းများမှာစိုးလို့ ...

"တာထွက်မကောင်းမှာစိုးလို့တဲ့၊ ဒီကားအတွက် နှုတ်ထွက်တယ်တဲ့၊ သူ့ဇာတ်ရမှ သူရိုက်မယ်ဆိုလားပဲ၊ ညည်း အကယ်ဒမီရချိန်ကို စောင့်လိုက်ဦးမယ်ဆိုလားပဲ"

"တစ်ခုမှလည်း မသေချာပါလား၊ ဆိုလားပဲနဲ့ ကိစ္စပြီးနေတော့တာပဲ"

"ဟုတ်ကဲ့၊ သိပ်မသေချာဘူး ဆိုလားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်တော့ လက်မြှောက်တယ်"

"ကျွန်တော် သတင်းကြားပါတယ်၊ မင်းသမီး နေချိုနဲ့ အမေ၊ ကိန္နရာနာပေါက်လို့ ချိုင်းမြှောက်ထားရတယ်ဆို လား.ပဲ"

ဒေါ်စီစီချို ဒုတိယအကြိမ် လက်မြှောက်ရပြန်သည်။

"မင်းသမီး ဘယ်မှာတည်းနေလဲ"

"ကလော"

"ဟဲ့ ... ဒါ ကလောပဲဟာ၊ ကလောမှန်းတော့ သိတာပေါ့"

"ကလောဟိုတယ်မှာလို့ ပြောတာ"

"သြော် ... ဒါကြောင့် ဒီနားမှာ လမ်းလျှောက်နေတာကိုး၊ တောင်ကြီး လိုက်ဦးမလား"

"ဟင့်အင်း ... အေးအေးနေချင်လို့"

"ကလောရောက်နေတာတောင် မအေးသေးရင် ကချင်ပြည်နယ်သွားပါလား"

"နေချို ဒီမှာရှိနေတာ ဘယ်သူမှ လျှောက်မပြောနဲ့နော်"

"နှုတ်မလုံဖို့ စိတ်ချ"

"တောင်းပန်တာပါ"

"မင်းသမီး ... မင်းသမီး"

ကိုထိပ်ခေါင်က ညည်းညည်းညူညူ သံရှည်ဆွဲ၍ ခေါ်၏။

"ဦးလေးတစ်ကိုယ်လုံးမှာ ရှိသမျှ မွေးညင်းပေါက်တိုင်းမှာ လှျာပါတယ်၊ စကားပြောနိုင်တဲ့အပေါက်တွေချည်းပဲ၊ ပါးစပ်ကို အပ်နဲ့ချုပ်လွှတ်ရင်တောင် မွေးညင်းပေါက်တွေက



အော်ပြောတာနဲ့တင် လူဦးရေ လေးဆယ့်ငါးသိန်းလုံး ကြားတယ်"

နေချို့မျက်နှာလေး မဲ့ကျသွားတော့သည်။ ဒေါ်စီစီချိုက စိတ်လိုလက်ရရယ်၏။ ကိုထိပ်ခေါင်ပြောလျှင် လိုက်ရယ်ပေးမှလည်း ထိုပုဂ္ဂိုလ်က စကားစမြန်မြန်ဖြတ်တတ်သည်။

"နေချိုရယ် ... ကျုပ်က လျှောက်မပြောလည်း ညည်းကို တွေ့တော့ လူတွေက မသိကြဘူးလား"

"နေချိုက အရမ်းမပြင်မဆင်နဲ့ ပုံဖျက်ထားတာ"

နေချို ဝတ်စားဆင်ပြင်ထားပုံက ရပ်ကွက်ထဲမှ သုံး ဆယ်ကျော် လေးဆယ်အမျိုးသမီးကြီးများ၏ ဒီဇိုင်းမျိုးဖြစ်၏။

"ကြည့်တော့ကြည့်ကြတယ်၊ ရှုတင်အဖွဲ့လည်းမပါတော့ မထင်ဘူးနဲ့တူတယ်၊ နေချို့အစ်မလား၊ အဒေါ်လားထင် ချင်ထင်မယ်၊ ဘယ်သူမှလဲ ဖွင့်မမေးဘူး၊ မေးရင်လည်း နေချိုက ငွတ်ငြင်းမှာ"

"သွားမယ် ... တောင်ကြီးက ဘာလိုချင်လဲ၊ ဘာမှာ မလဲ"

"စပ်စုံထွန်းဆေးရုံကြီး ရန်ကုန် ရွှေ့ခဲ့ပေးမလား"

"လုပ်မနေနဲ့ ကျောင်းအစ်မ၊ မင်းသမီးက ဟာသလုပ်ရင် ဘယ်သူမှ မရယ်ဘူး၊ လူပြက်များ ဘာမှလုပ်စရာမလိုဘူး၊ မတ်တတ်ရပ်ရုံနဲ့ ပရိသတ် ဝေါခနဲရယ်တယ်"

ဒေါ်စီစီချို ရယ်၏။

"တွေ့လား ... ဦးလေး ဘာမှမပြောသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုထိပ်ခေါင် ကားပေါ်ပြန်တက်သည်။ ယာဉ်မောင်း မပါပါ။ သူ့ကားကို သူ့ဘာသာမောင်းလာခြင်းဖြစ်၏။ ကားစက်နှိုး ပြီးသည်နှင့် ...

"မင်းသမီး နေချိုနှန ကလောဟိုတယ်ကိုရောက်နေပါတယ် ဗျို့"

တော်တော်ကျယ်ကျယ်ကြီးအော်ပြီးမှ ကားမောင်း ထွက်သွားတော့သည်။ နေချို စိတ်မဆိုးနိုင်ဘဲ ရယ်၍ကျန်၏။ ကိုထိပ်ခေါင် အော်ပေမယ့် လောလောဆယ် အနီးအနားတွင် ကြားမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါ။

"ပြန်စို့ သမီး"

"ကလောက ရန်ကုန်ထက် နေဝင်စောတယ်နော်၊ နေထွက် လည်း စောတယ်၊ မနက်ဆို အခန်းထဲကို အလင်းရောင်တွေ ဝင်လာလို့ နာရီကြည့်လိုက်ရင် ငါးနာရီခွဲပဲ ရှိသေးတယ်၊ ခြောက်နာရီတောင် သေသေချာချာ မှထိုးသေးဘူး ..."

"ရန်ကုန်မှာသာဆို အိပ်လို့ကောင်းတုန်းနေမှာ၊ ဒီကျ မှ စောစောအိပ်၊ စောစောထနဲ့ ကျန်းမာရေးကို ညီညွတ် နေတော့တာပဲ၊ နေရတာလည်း အေးအေးဆေးဆေး၊ ကြည့် လိုက်တိုင်းလည်း ရှုခင်းတွေကလှ"

"မေမေတော့ မနက်မိုးလင်းလို့ အခန်းထဲက တံခါးကို ဖွင့်လိုက်တာနဲ့ တောင်ကြီးက မျက်စိနားတင် ဘွားဘွားကြီး ကပ်ပြီး တွေ့လိုက်ရတာ၊ သိပ်ကြိုက်တာပဲ"

"ညဘက်ကျတော့ ဝေးသွားတယ် မေမေရဲ့၊ တောင်ပေါ်မှာ ဟိုနားဒီနားမှာ လင်းနေတဲ့ မီးလေးတွေဟာ အဝေးကြီးက လိုပဲ"



"လှကိုလှတာ"

"မပြန်နဲ့စို့တော့လေ"

"သမီးက နေနိုင်လို့လား"

"နေနိုင်မယ် ဆိုလားပဲ"

ကိုထိပ်ခေါင်လေသံနှင့် ပြောလိုက်၍ သားအမိနှစ် ယောက်လုံး ရယ်လိုက်ကြသည်။ ဟိုတယ်ဘက် ပြန်လျှောက်လာကြ ရင်း စိတ်က ရန်ကုန်ကိုရောက်သွားသည်။ ဦးက လုပ်မယ်ဆို။ တကယ်ပဲ လုပ်တော့တာကိုး။ မြန်မြန်ဆန်ဆန် တက်တက်ကြွကြွ ကလည်းရှိပါဘိ။

ဦးဇနီး ဒေါ်နွဲ့နွဲ့ခန့်ထယ့် သေဆုံးခဲ့တဲ့အတွက် ဦးမှာ အမှုကိစ္စတန်းလန်းနှင့် မအားရတဲ့ကြားထဲနော်။ ဦးက ကိုယ့်ကိုခင်လို့တဲ့။ ကျညီတာတဲ့။ သွေးသားလည်းမတော်။ ငယ် ပေါင်းရင်းနှီးထဲကလည်းမဟုတ်။ ဦးက ဘာဖြစ်လို့ခင်တာပါလိမ့်။

ကိုယ်ကရော ခင်နေမိလားဆိုတော့ ...

"ဦးရေ ... နေချို ကလောကို ရောက်ပါပြီ"လို့ ရောက်ရောက်ချင်းနေ့က ဖုန်းဆက်လိုက်မိတာ။ အရေးတယူ အသိပေးရမယ့်လူအဖြစ် ရင်ထဲမှာ ရင်းနီးပွန်းတီးနေလို့ပေါ့။

ဦးမှဆိုးဖိုလေး နေကောင်းရှာပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ခန်းဆီးလေးကို တွန်းဖယ်လိုက်သည်။ မှန်တံခါးမှတစ်ဆင့် ရီဝေမှိုင်း တောင်တန်းကြီးကို လွမ်းမောဖွယ်တွေ့လိုက်ရသည်။ နေချို့ရင်ထဲမှာ ကဗျာလေးတွေ ဖြတ်ပြေး၏။ ကာရံလေးတွေ တေးသီကြသည်။ သို့ပေမဲ့ ခံစားမှုသာလျှင်ဖြစ်လျက် လက်တွေ့ ပေါ်ထွန်းမလာခဲ့ပါ။ နေချိုက မြန်မာစာအဓိကမှာ ညံ့ရှာသူ မဟုတ်ပေမယ့် တော်သူလည်းမဟုတ်ခဲ့ပေ။ မြန်မာစာ အဓိကယူလျက် အဝေးသင်တက္ကသိုလ်မှာသာ တတိယနှစ်ရောက်လာသည်။ သင်ရကြားရ ဖတ်မှတ်လေ့ကျက်ရသည့် ကဗျာတွေကိုပဲ အလွတ်ရသည်။ ကိုယ်တိုင် တစ်ပုဒ်တလေမျှ ရေးဖွဲ့နိုင်ခြင်း မရှိခဲ့ပါ။

မှန်တံခါးကို တွန်းဖွင့်လိုက်သည်။

တောင်တန်းကြီးက ကိုယ့်ရင်ခွင်ထဲ ပြေးဝင်လာသလို နီးကပ်စွာ ဘွားဘွားကြီးကို တွေ့လိုက်ရ၏။ ရန်ကုန်မှာ သည်လို ရှုခင်းမျိုး တစ်နာရီအတွက် ကျပ်ငွေတစ်သိန်းပေးပါမည်ဆိုလျှင်တောင် ကြည့်စရာမရှိပါ။ လှလွန်းသည့် ကလောသည် တကယ့်ကို ချစ်စနိုးလေးဖြစ်နေ၏။ [

ပတင်းမှာ သံဆန်ခါမရှိသည်မို့လည်း သဘာဝအလှကို ပို၍ထင်ရှားပေါ်လွင်စွာ ခံစားခွင့်ရသည်။

"လှလိုက်တာ မေမေရယ်၊ သမီးဖြင့် ဒီပြတင်းပေါက်ကို ဖွင့်လိုက်တိုင်း တောင်ကြီးက သမီးရင်ခွင်ထဲ ပြေးဝင်လာ



သလို ခံစားရတာ သိပ်ကြည်နူးတာပဲ၊ တကယ်တော့ ဟိုဘက်က စူပီးရီးယားအခန်းတွေက ဒီလောက်လှမှာ မဟုတ်ဘူးနော်"

"ဒါကြောင့် ကလောဟိုတယ်မှာ တည်းရင်း စတင်းဒတ်မှာပဲတည်းလို့ပြောကြတာ၊ ရှုခင်းက ပိုလှတယ်၊ ခုမှ ခြောက်နာရီတောင် သေချာမထိုးချင်သေးဘူး၊ သမီးက အိပ်ရာထဲက ထွက်ပြီလား"

"မနက်ဆည်းဆာထဲမှာ နှစ်မြှုပ်ပျော်ဝင်ချင်လို့"

ပြောပြီး ရယ်ပစ်လိုက်၏။ ကဗျာဆန်ဆန်စကားလုံးလေးတွေ ပြောလျှင် မေမေက သိပ်နားမလည်တတ်ပါ။ သဘာဝတရား၏ အလှအပကိုလည်း နေချို့လောက် ခံစားတတ်သူမဟုတ်ပါ။

"ပြန်တောင် မပြန်ချင်ဘူး"

"မေမေတော့ ပျင်းလာပြီ"

"ရှင် ..."

"ဟုတ်တယ်၊ ဈေးလည်းမသွားရဘူး၊ ချက်လည်းမချက်ရဘူး၊ အဝတ်လျှော် မီးပူတိုက်လည်း မလုပ်ရဘူး၊ တံမြက်စည်းတောင် မလှည်းရဘူးကွယ်၊ ဘာမှမလုပ်ရတော့ မေမေ မနေတတ်ဘူး"

နေချိုတို့က လူလတ်တန်းစားသာသာ၊ စားနိုင်သောက်နိုင်နေနိုင်ရုံ။ လူတန်းစေ့ရုံကလေးမှာ နှစ်ပေါင်းများစွာ လှုပ်ရှားခဲ့ရသည်။ ရုန်းကန်ရသည်ဟု မဆိုနိုင်ပေမယ့် လက်ညိုးညွှန်ရာ ရေဖြစ်ခဲ့သည့်ဘဝမှ လာရသူ မဟုတ်ပါ။ ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com



ရာထူးလေးကြီးရှာသလိုလိုနှင့် သိပ်အကြီးကြီးလည်း မဟုတ်တော့ ဝန်ထမ်းလခဆိုသည်မှာ လူတန်းစေ့တာတောင် မေမေ တော်လွန်းလို့ပါ။ မေမေသည် ဈေးသွားချက်ပြုတ်ခဲ့ရသူဖြစ်သည်။ အအေးကြိုက်သည့် နေချိုက ပန့်ကန့်ဆေး အိုးတိုက်နှင့် အဝတ်လျှော်သည့်အလုပ်၊ ရေအလုပ်ကို တာဝန်ယူ၏။

မေမေပဲ မီးပူတိုက်ကာ အိမ်မှာတံမြက်လှည်း အိမ်သိမ်းဆိုတာတော့ ကြုံရာလူက လုပ်ခဲ့သည်ချည်း။ ဖေဖေကိုယ်တိုင် ရံဖန်ရံခါ တံမြက်စည်းကိုင်၊ ကြက်မွေးကိုင် လုပ်ခဲ့ရသည်။ အဲသည်တုန်းက အိမ်မှာ အိမ်ဖော်မှမရှိခဲ့တာ။ နေချိုနုနု ဆိုသည့် တင်တင်နုလေး မင်းသမီးဖြစ်မှ စီးပွားတက်သည်ဟု ပြောတော့ ကန်တော်ကြီးစောင်း၊ နတ်မောက်လမ်းသွယ်ထဲမှာ ခြံကလေးတစ်ခြံ ဝယ်နိုင်ခဲ့သည်။ သူများပိုင်းရောင်းသည့် ခြံကွက်ကျဉ်းကျဉ်းထဲမှာ သစ်သားအိမ်ကလေးပါ၏။ နောက်တော့ သစ်သားအိမ်ကလေးက တစ်ထပ်ခွဲတိုက်ဖြစ်လာသည်။ ကားဝယ်သည်။ ခြံစောင့်မာလီနှင့် ယာဉ်မောင်းနှင့် အိမ်ပေါ်မှာ အလုပ်လုပ်သည့် မိန်းကလေးချည်း နှစ်ယောက်။ သားအမိက နှစ်ယောက်တည်း။ အခြွေအရံကလေးယောက် ဖြစ်လာခဲ့တာလေ။ အလုပြင်ပေးသည့် ထိုက်ကိုပါထည့်တွက်ရလျှင် ငါးယောက်။ ရုံးကားက လွဲပြီး ကိုယ်ပိုင်ကားမစီးခဲ့ဖူးလိုက်ရရှာသည့် ဖေဖေ့ကို တမ်းတမ်းတတနှင့် ယူကျုံးမရဖြစ်လို့မဆုံး ရှိရသည်။

ဖေဖေ့ကို ရွှေတိဂုံဘုရားသို့ ကိုယ်ပိုင်ကားနှင့် ပို့ချင်လိုက်တာ။

"ဒေါက် ... ဒေါက်"



အခန်းတံခါးခေါက်သံက နေချို့အတွေးစတွေကို ဖြတ်တောက်၏။ ကလောနွေက နေလို့ကောင်းရုံဆိုပေမယ့် စောင်မခြုံရလျှင် မအိပ်တတ်၊ လစ်လစ်ဟာဟာကြီးဆိုသည့် မေမေက စောင်ခြုံထဲမှ မထွက်သေးပါ။ နေချို ပြတင်းတံခါးရွက်ကို ဒေါက်နှင့် မြန်မြန်ထောက်လိုက်၏။

"လာပြီ"

"ဝင်ခဲ့ပါ"ဟု ပြောလို့မဖြစ်ပါ။ တံခါးကို ချက်ထိုး၍ ပိတ်ထားသည်။ တံခါးဖွင့်လိုက်တော့ ဟိုတယ်ဝန်ထမ်းအမျိုးသားငယ်တစ်ဦး။

"ဖုန်းလာပါတယ် မမ၊ အောက်က ကောင်တာမှာ ဆင်းပြီးပြောနိုင်ပါတယ်"

"ကျွန်မကို"

နေချို ရင်ဘတ်ပေါ် လက်ချောင်းလေးတွေ ထောက်လိုက်သည်။ နေချို ဒီမှာရှိတာ ဘယ်သူသိတာ မှတ်လို့။ ဩော် ဦးထိပ်ခေါင်ကြီးတော့ သိသားပေါ့။ သူများလား။

"ဟုတ်ကဲ့၊ မင်းသမီး နေချိုနုနုနဲ့ ပြောပါရစေ"တဲ့။

"ရှင် ..."

အမျိုးသားငယ်လေးက သိမ်မွေ့စွာ လှည့်ထွက်သွားသည်။ နေချိုကတော့ မျက်လုံးလေးပြူး၍ကျန်ရစ်၏။ မင်းသမီး နေချိုနုနုနှင့် ပြောပါရစေဟု တစ်ဖက်မှပြောသည်ကို ကောင်တာမှ အမျိုးသမီးဝန်ထမ်းများက အခန်းနံပါတ်ကို တန်းသိလိုက်တာပဲလား၊ ဒါဆို တင်တင်နုဆိုတာ နေချိုနုနုပဲလို့ အစောကြီးကတည်းက သိနေကြတယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတဲ့လဲ သမီး"

"မသိပါဘူး မေမေရယ်၊ နေချိုနုနုလို့ မေးတယ်တဲ့၊ အဲဒါ ဒီအခန်းတံခါး လာခေါက်တယ်၊ ရယ်ရတယ် မေမေ"

ထရိုင်ဇယ်ဆွယ်တာ အဖြူဆွတ်ဆွတ်ကလေးကို ဆွဲယူလိုက်သည်။ ပခုံးပေါ်မှာ ခြုံ၏။ ချမ်းလှတယ် မဟုတ်ပေမယ့် ရန်ကုန်သူအဖို့တော့ စိမ့်ချင်သားပါ။ နေချို ရှက်ပြုံးလေးနှင့် ရယ်နေတာ လှလွန်းရာ၏။ အမေက သမီးအလှကို ငေးငေးလေး ကြည့်ရင်း သဘောကျနေသည်။

"မေ့သမီးက လှလိုက်တာ"ဟု ကျိတ်၍ မှတ်ချက်ချသည်။

"သမီးကတော့ ကိုယ့်ကိုယ်ကိုယ် လုံလုပြီ ထင်နေတာ၊ ဘယ်သူမှ မမှတ်မိဘူး ထင်နေတာ၊ နေချိုနုနု ဆိုတာနဲ့ အခန်းနံပါတ်မှန်အောင် တံခါးခေါက်နိုင်တယ်"

"ပြည်သူချစ်တဲ့ အနုပညာရှင်ပဲ သမီးရယ်၊ မမှတ်မိဘဲနေမလား၊ သမီးက တင်တင်နု နာမည်နဲ့တည်းတော့ မသိစေချင်ဘူးထင်လို့ သိတာကို မပြောဘဲ အလိုက်တသိနေပေးနေတာ ဖြစ်မှာပေါ့"

ဒေါ်စီစီချို အိပ်ရာပေါ်မှ ဆင်းရသည်။

"မေမေ လိုက်ခဲ့ရဦးမလား"

"ရပါတယ် မေမေ၊ နေခဲ့ပါ၊ တံခါးပိတ်ထားနော်၊ သမီးလာမှ ခေါက်မယ်"

"အေးပါ"

ဒေါ်စီစီချိုက တံခါး လိုက်ပိတ်သည်။



တင်တင်နုကလေးကတော့ သွက်သွက်ကလေး လှမ်းသည့်ခြေထောက်မှ ခြေချောင်းကလေးတွေကအစ လှလေ၏။ ခန္ဓာကိုယ်ပေါ်ရှိ ဖွဲ့စည်းထားသမျှ ပစ္စည်းအားလုံးလှသည်။ လှုပ်ရှားယိမ်းနွဲ့ဟန်ကလေးများ ညင်သာညက်ညော၊ သိမ်မွေ့ယဉ်ကျေးသည့် ဟန်အမူအရာကလေးတွေကလည်း လှသည်ပဲ။ သနပ်ခါးရေကျဲနှင့် မျက်နှာပြောင်လေးတို့သည် နေချိုနုနု ဆိုသည့် မင်းသမီးလေးကို လုံအောင် မဖုံးနိုင်ခဲ့ပါ။

✧ ❦ ✧

"တင်တင်နုပါ"

တမင်တကာ သည်နာမည်ကြီးပဲ သုံးလိုက်သည်။ စင်စစ် တော်တော်ကြီးကို သုံးခဲ့သည့်နာမည်ဖြစ်၏။ ကျောင်းသူဘ၀တစ်လျှောက်လုံး 'နေချိုနုနု'။ ရုပ်တန်းစာမေးပွဲ ဖြေခါနီးမှ 'တင်တင်နု'ဖြစ်ရတော့ သူငယ်ချင်းနှင့် ဆရာမတွေအားလုံးက 'နေချို'ဆိုတာကိုပဲ နှုတ်ကျိုးလျက် 'တင်တင်နု'နာမည်က ကျောင်းခေါ်ချိန် ခေါ်တုန်းမှာပဲ သုံးစွဲသည့် နာမည်ဖြစ်ခဲ့သည်။

'တင်တင်နု'ပါဆိုခိုက် ကောင်တာမှ အမျိုးသမီးလေးက အပြုံးချိုလေးနှင့် နှုတ်ဆက်၏။

"အတည်လေး"

"အို ..."

ခေါင်းထဲကတောင် မိုက်ခနဲမူး၏။ သည်အသံကို ကမ္ဘာပေါ်မှာ မကြားချင်ဆုံးပါ။ 'အတည်လေး'ဆိုသည့်နာမည်ကို လက်ခံသုံးစွဲခြင်း မပြုချင်ဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီတွေ၊ ဒါရိုက်တာတွေ အိမ်ကိုအိမ်ပေါက်စေ့ တစ်အိမ်တက်ဆင်း လိုက်မေးတယ်၊ နံ့ယ်ကားရိုက် ဘယ်သူတွေထွက်လဲ၊ ဘယ်နေရာတွေလဲ၊ ဘယ်မှာမှ မေးမရဘူးကွာ၊ ဦးထိပ်ခေါင်အိမ်ကျမှ ..."

ဩော် ... ဦးထိပ်ခေါင်တို့များ သဘောကောင်းသလောက် နှုတ်ဖွာတာကိုတော့ မပြင်နိုင်တော့ဘူး ထင်ပါရဲ့။ တကယ်ဆို သူလည်း ရန်ကုန်ပြန်ရောက်သေးတာ မဟုတ်၊ သူရောက်လေရာအရပ်မှ သူ့အိမ်သူ ပြန်ဖုန်းဆက်တုန်းမှာ နေချို့နုနတစ်ယောက်ကို ကလောမှာ တွေ့ခဲ့ကြောင်း ပြောဖြစ်အောင်ပြောရှာသည်ထင်ရဲ့။

သူ့ကို ဘယ်သူက ဖမ်းချုပ်ရိုက်စစ်လို့လဲ ဟူ၍သာ မေးလိုက်ချင်တော့သည်။

"တစ်လလုံး ရှုတင်တွေ နားထားတယ်ဆို၊ နိုင်ငံခြားအလှကုန် ကုမ္ပဏီတစ်ခုကလည်း လိုက်ရှာနေတယ်"

ကျော် အာလာပသလ္လာပတွေ ပြောနေ၏။

"အနားယူခရီးလား၊ တို့ရှိရာအရပ်မှာ မနေချင်လို့ ထွက်သွားတာလား"

"နှစ်ခုလုံးပဲ"

ပျက်လုပျက်ခင် မျက်နှာကို သရုပ်ဆောင်တို့၏ အတတ်ပညာစွမ်းဖြင့် ပြင်ဆင်ရင်း သာမန်ကွက်လပ်ကလေးဖြစ်အောင် လုပ်ထားလိုက်သည်။

"တို့ အရမ်းစိတ်မကောင်းဖြစ်တယ်၊ အရမ်းတောင်းပန်တယ်၊ အတည်လေးရယ်၊ အဲဒီကလေးဟာ တို့ကလေးမဖြစ်ဖို့ ရာခိုင်နှုန်းရှစ်ဆယ်ပါ"



ဩော် ... ကျော်။ ကျော်ဟုပဲ စိတ်လက်ပျက်သုဉ်းစွာ ညည်းလိုက်ချင်ပါ၏။ သူ့ကလေးမဖြစ်ဖို့ ရာနှုန်းရှစ်ဆယ်တဲ့။ ကိုယ့်ဆတ်ဆော့မှုကို မိုးလေဝသခန့်မှန်းသလို ခန့်မှန်းနေချေသေးတော့သည်။

"မိုးလေဝသလိုပေါ့"

အရေးမကြီးသည့်ပုံစံနှင့် ပြုံးရယ်ရယ်လေး လုပ်၍ ပြောလိုက်၏။ 'နှစ်ခုလုံးပါပဲ' 'မိုးလေဝသလိုပေါ့'ဆိုသည့် ဝါကျနှစ်ကြောင်းသည် သာမန်မှ တကယ့်သာမန်လေ။

"မလျှော့ပါနဲ့ အတည်လေးရယ်၊ ပဂ္ဂိုက ကိုယ့်မှာ တာဝန် မရှိပါဘူးလို့ ပြောပြီးသားပါ၊ ကိုယ်ဟုတ်နေရင် သူဒီလို ဘယ်ပြောမလဲ၊ ပြီးတော့ ပဂ္ဂိုဟာ သူ့ယောကျ်ားနဲ့ တရားဝင်လက်ထပ်ခဲ့တယ်၊ တရားဝင် ကွာရှင်းခဲ့တယ်၊ ကလေးမှာ အဖေရှိပါတယ်"

လူ့ပြည်သို့ရောက်လာသည့် အပြစ်မဲ့ လူသားလေးတစ်ဦး ကြီးပြင်းရှင်သန်လာဖို့၊ တိုင်းပြည်အတွက်၊ ကိုယ့်မိသားစုအတွက် အနာဂတ်သားကောင်းလေး ဖြစ်လာဖို့၊ လူဖြစ်ကျိုးနပ်သည့် အဖိုးတန်လူသားလေးဖြစ်လာဖို့၊ သူ့အတွက်နဲ့ ဆန်ကုန်ပြီး မြေလေးမနေစေဖို့ အဲဒီအရေးကိစ္စတွေအတွက် သူ့မှာ လူသိနတ်ကြား အဖေနာမည်တစ်ခု ရှိနေရုံနှင့် လုံလောက်သည်တဲ့လား၊ ပြီးရောလား။

သူ့ကို လူပြည်သို့ ပို့ဆောင်ခဲ့သည့် အဖေနှင့်အမေဆိုသည့် မိဘနှစ်ပါးလုံး ပြည့်စုံစွာ တာဝန်ကျေမှ ထိုလူသားလေး လာခြင်းကောင်းမှာလေ။ တကယ်တမ်း အနားမှာရှိမနေဘဲ နာမည်

www.burmeseclassic.com

www.burmeseclassic.com



တပ်နိုင်ရုံ အဖေနာမည်တစ်ခု လက်ကိုင်ရှိထားရုံ ကလေးငယ်၏ ရှေ့ရေးက ဘယ်လိုဖြစ်မှာလဲ။

"ဒါပဲလား"

"ကိုယ် လိုက်လာပါရစေ"

"ပြန်တော့မှာ"

ခါတိုင်းဆို ကျော်က နှင်တစ်လုံး ငါတစ်လုံး ပြော တတ်သူဖြစ်သည်။ ခုမှ သူ့ဘက်မှာ ဘာအပြစ်တွေရှိပြီး ဘာတွေ သိပ်ကြောက်နေရသည်မသိ 'ကိုယ်'တွေ ဘာတွေဖြစ်လို့။

"လာကြိုပါရစေ၊ လာကြိုခွင့်ပေးပါ အတည်လေးရယ်"

သူ အတည်လေး ခေါ်တိုင်း နေချို ရယ်နေခဲ့ဖူး၏။ 'နာမည်နဲ့လည်း မတူဘူး'ဟုပြောကာ ပါးဖောင်းဖောင်းကလေးမို့ တက်အောင် ရယ်တတ်ခဲ့တာကို သည်နာမည် သိပ်ကြိုက်တယ်များ ထင်နေလေတော့သလား။ ခုတော့ အတည်လေး တစ်ခါအခေါ်ခံ ရတိုင်း မျက်နှာကြီး ဖျဉ်းခနဲ တစ်ချက်ပူသည်။ မျက်နှာပြင်ပေါ်ရှိ သွေးကြောတွေ ရန်းကန်ထကြွ၏။ အရှက်သည်း၏။ စိတ်ဆင်းရဲ ၏။ နာကြည်း၏။ နှလုံးသားကို လက်သီးဆုပ်ထဲ ထည့်ညှစ်ခံ ရသလိုလို ကျိန်းကျိန်းစပ်စပ်နာနာကျင်ကျင်ရှိ၏။

ကိုယ်က အတည်လေး ဆိုတော့ အပျော်လေးတွေ ရှိသေးသည်ဆိုတာ ဘယ်လောက် ပေါ်လွင်ထင်ရှားလိုက်ပါသလဲ။

"အတည်လေး ... အတည်လေး မခေါ်နဲ့ ဒီလိုခေါ်တိုင်း အပျော်လေးတွေရှိသေးတယ်ဆိုတာ ပေါ်လာတော့ ကိုယ်က အများထဲက တစ်ယောက်ဖြစ်ရတာ အသည်းနာတယ်၊ တစ်ယောက်ဆိုတစ်ယောက်တည်းပဲ ဖြစ်ချင်တယ်၊ ကိုယ်က



ဘယ်လိုပဲ သရုပ်ဆောင်းခွင့်ရပေမယ့် ကိုယ့်ဘေးမှာ ကိုယ့်လို မျက်နှာတွေ အများကြီးဆိုတဲ့ ဘဝကို စက်ဆုပ်တယ်"

အဲသည်လို ပြောချင်၏။

ကျော့်ကို ပြန်လည်တွယ်တာဦးမည် ဆိုလျှင်ပေါ့။ ခုလို ရှိသမျှ သံယောဇဉ်တွေကို ဓားထက်ထက်နှင့် တိခနဲ ပိုင်း ပြီးမှတော့ ကိုယ်ကြိုက်တာမကြိုက်တာ ပြောဖို့မလိုတော့ပါ။ သူ့ ကိုလည်း ဘာပြင်ပါ ညာပြင်ပါ ပြောနေစရာမရှိတော့ပါ။

"နော် ... နေချို"

"ဘာကိုလဲ"

နေချိုတဲ့။ အတည်လေးခေါ်တာ နေချို မကြိုက်ဘူး မှန်း သူ သိနေသလား။

"တို့ လာကြိုပါရစေ"

"ကိစ္စမရှိဘူး ရပါတယ်"

"သူငယ်ချင်းတစ်ယောက်အနေနဲ့ ..."

"မေမေ ပါတာပဲ"

"လာခဲ့မယ်"

"မလိုအပ်လို့ပါ"

"တို့ကို ခွင့်လွှတ်နိုင်ဖို့ တောင်းပန်စကားတွေ အများကြီး ပြောချင်သေးတယ်၊ နှင် ခွင့်လွှတ်တဲ့အထိ ငါ မမောပါ ဘူး"

"နှင်" "ငါ"ဆိုတာ တမင်သုံးလိုက်မှန်း သိသည်။ ရင်းနှီးခဲ့သည့် အတိုင်းအတာနှင့် အချိန်ကာလကို ပြန်သတိရစေ ချင်တာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ထပ်တောင်းပန်ပေးဦးမယ်တဲ့၊ ဟိုမှာ စက်ကိရိယာတွေ ဖေဖေတစ်ယောက်တည်း မနိုင်လို့ သုံးရက် လောက်ပြန်သွားရသေးတယ်၊ တစ်ညပဲ အိပ်ခဲ့ပြီး ပြန်ဆင်း လာတယ်၊ မေမေလည်း မောရှာတယ် ...

"ဖေဖေကလည်း၊ သူ့စစ်ကူလိုရင် ပြောပါတဲ့၊ သားအမိသားအဖသုံးယောက် ဝိုင်းပြောရင် မတင်တင်နုက လေး ခွင့်လွှတ်ကြည်ဖြူနိုင်ကောင်းပါရဲ့တဲ့"

"မတင်တင်နုကလေး"ဆိုတာ သူ ချစ်စနိုးနှင့် စချင်သည့် အချိန်တွေမှာ ခေါ်တာဖြစ်သည်။ ကျော့်လောက် နာ မည်မျိုးစုံခေါ်ပြီး အံချွဲပိုတတ်သူ ရှားပါးလိမ့်မည်။ အဲသည်အချို အချွဲတွေထဲမှာ နစ်မြုပ်ပျော်ဝင်သည်မဟုတ်ပြား နားမခါးခဲ့တာ တော့အမှန်ပါ။

ခုလည်း ကျော့်အချိုအချွဲလေးတွေကို နားခါးသည် မဟုတ်ပါ။ ချိုသည်ခါးသည် ပိုင်းခြားဝေခွဲဖို့ အဆင့်အထိကို မပို့ဆောင်တော့ပါ။ ကျော်နှင့်ပတ်သက်၍ ဘယ်တုန်းကမှ မခုန် ခဲ့ပါသည့်ရင်က တည်ငြိမ်စွာ ရပ်တန့်လွန်းအား ကြီးနေသည်။ ကျော် သူများတကာ မိန်းမသားလေးတွေကိုလည်း သည်လိုပဲ နာမည်မျိုးစုံလေးတွေခေါ်ပြီး ပလူးပလဲ ပရောပရည် နေခဲ့မှာပဲ ဆိုသည့် အတွေးက ရင်ထဲသို့ရောက်သည်။ ပဂ္ဂိတို့၊ အေမီတို့လို အနောက်နာမည်နှင့် မိန်းမသားလေးများ ဆိုလျှင် သူက ကျော်က ဟန်နီရေ၊ ဒါလင်ရေ၊ ဆွိတီရေတွေများ လုပ်လေမလား တွေးရင်း ရယ်ချင်လာသည်။ မနာလိုခြင်း အလျဉ်းကင်းလေ၏။



"မေမေ့ပါခေါ်ပြီး လိုက်ခဲ့မယ်၊ ကားနဲ့ပဲ တက်လာခဲ့မယ်၊ စောင့်နေနော် ဒေါ်နု"

လုပ်ချလိုက်ပြန်ပြီလေ။ 'ဒေါ်နု'တဲ့။

"ရန်ကုန်က ဘာယူလာရမလဲ၊ ဘာမှာမလဲ"

"မလိုပါဘူး၊ အားလုံး ပြည့်စုံပါတယ်"

"ဒါဖြင့် လာခဲ့မယ်နော်၊ စောင့်နေ ဆက်ဆက်"

စကားပြောခွက်ကို နေချို အလျင်ဦးအောင်ချသည်။

"စိတ်ချ ... ခုချိန်စကပြီး ထွက်ပြေးပြီ ဆက်ဆက်" ဟု ဖုန်းမချမီ ခပ်ကျိတ်ကျိတ် ပြောဖြစ်လိုက်လို့ တော်သေး၏။ သူ့အမေ အန်တီသစ်ကိုတော့ အားနာသည်။ သို့ပေမဲ့ ဆိုရိုးစကား တစ်ခုရှိသည်လေ။

"သားကို ငယ်က မဆုံးမလျှင် မိဘတလည်း ရန် သူမည်၏"တဲ့။

မိဘရင်းပင်ဖြစ်လင့်ကစား ကိုယ့်သားကိုယ့်သမီးကို ငယ်စဉ်ကာလမှာ ဆုံးမပဲ့ပြင်ခြင်း မရှိခဲ့ပါလျှင် ထိုမိဘသည် ထိုကလေး၏ရန်သူဟု ခေါ်နိုင်၏။ ပျက်စီးရာပျက်စီးကြောင်း လမ်းမပေါ်သို့ တင်ပေးသည့် ရန်သူကြီးစင်စစ် ဖြစ်တော့သည်။ စင်စစ် ... အန်တီသစ်သည် သူ့သားခြေသရမ်း၊ လက်သရမ်း နှုတ်သရမ်းသမား၏ ခြေ၊ လက်နှင့် နှုတ်တို့ကို အချိန်နှင့် ဆုံးမ မနိုင်ခဲ့လျှင်တောင် သရမ်းလှချည့်ဆိုကာ ရိုက်ချိုးခဲ့သင့်သည်။

သားဖြစ်သူ၏နှစ်ဆယ်ရာခိုင်နှုန်း အမှားက စက္ကူ ထက်အကွဲရာလို ပေါ်တိမ်တာမို့ ခဲဖျက်နှင့်ဖျက်ထုတ်လိုက်ရုံနှင့် စင်းလုံးချောသွားမည်များ ထင်နေသလား အန်တီသစ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာမှ အမျိုးသမီးငယ်လေးကို ပြုံးပြလိုက်သည်။ အမျိုးသမီးလေးက အားတက်သရော ပြန်ပြုံးသည်။

"မမကို မိတ်ဆက်ချင်နေတာ"

"ဆက်ရောပေါ့"

"မမက နာမည်လွှဲပြီး တည်းခိုနေတော့ မဆက်စေချင်ဘူးလားလို့"

"အဲဒါ နိုင်ငံသားစိစစ်ရေးကတ်ပြားထဲက နာမည်လေ"

"ဟုတ်သားပဲ"

"တို့ကို မှတ်မိလို့လား"

"မမရယ် ... ကတုံးရိတ်ပြီး သီလရှင်ဝတ်ထားလည်း မှတ်မိမှာ"

"သိပါဘူး၊ တို့ကတော့ တို့ကိုယ်တို့ လုံလှပြီပေါ့လေ"

နေချို ရယ်လိုက်သည်။ ကောင်တာမှာ ရှိနေသည့် အမျိုးသမီးနှစ်ဦးနှင့် ဘေးနားမှာရပ်ဝိုင်းလာသည့် အမျိုးသားငယ်နှစ်ဦးတို့ပါ ဝိုင်းရယ်၏။

"ကားလာရိုက်တာ မဟုတ်ဘူးနော်"

"လာနားတာ၊ နားတယ်လို့သာဆိုရတယ် နားယူရလောက်အောင် မဆလာ ဒယ်အိုးလည်း မသယ်ခဲ့ရ၊ အုတ်ခဲလည်း မရွက်ခဲ့ရ"

သူတို့လေးတွေ ရယ်ကြပြန်၏။

"သူတို့တွေကျတော့ နားဖို့မလိုဘူး မမရဲ့"

"ဟင်း ... လိုမှာပေါ့ကွယ်၊ အချိန်နဲ့အသပြာနဲ့ ချို့တဲ့လို့ မနားနိုင်တာနေမှာ၊ သူတို့ကမှ နားဖို့ပိုလိုဦးမှာ"



"မဟုတ်ဘူးထင်တယ် မမရဲ့၊ ပင်ပင်ပန်းပန်းလုပ်ရတဲ့သူတွေက စက်များလို လည်ပတ်နေမှဖြစ်တာ၊ ရပ်တာနဲ့ စက်ပျက်ပြီပဲ၊ နားလိုက်ရင် ပြန်ထဖို့မလွယ်ဘူး၊ သိပ်မပင်ပန်းတဲ့သူတွေပဲ၊ ခဏနားလိုက် အလုပ်ခွင်ထဲ ပြန်ဝင်လိုက်၊ ထိုင်လိုက် ထလိုက်ပေါ့ မမရယ်"

ကလေးမလေး ရယ်ပြန်၏။

"မဆိုးဘူး ညီမလေးရဲ့၊ ဒဿနလေး ကောင်းတယ်"

"မမကို မိတ်ဆက်ချင်ကြတဲ့သူတွေ အများကြီးပဲ၊ ကျွန်မက မမကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ တားထားရတာ"

"မဖြစ်ပါဘူး ညီမလေးရယ်၊ မမတို့လို အနုပညာရှင်တွေဆိုတာ ပြည်သူလူထုကျွေးတဲ့ထမင်းကို စားနေရတာပါ၊ မမလေ ထမင်းစားခါနီးတိုင်း မျက်စိလေးမှိတ်ပြီး ကိုယ့်ပရိသတ်ကို ကျေးဇူးတင်ပါတယ်လို့ တိတ်တိတ်လေးပြောတယ်"

"ဟောတော့ ... တကယ်"

"ဒါပေါ့ ... တချို့က မမကို ဘုရားသခင်ဆီမှာ ဆုတောင်းတာ ထင်ကြတယ်၊ ခရစ်ယာန်ဘာသာဝင်လို့ ထင်တဲ့သူလည်းရှိတယ်၊ မမက မမပရိသတ်ကို မေတ္တာပို့တာ၊ ပရိသတ်ကျွေးတဲ့ထမင်းကို စားရတော့မှာမို့ ထမင်းရှင်တွေကို ကျေးဇူးတင်ပါတယ်လို့ ပြောတာ"

"မမက အရမ်းချစ်ဖို့ကောင်းတာပဲ"

"ကျေးဇူးပဲ၊ တကယ်တင်တာ၊ ပေါ့ပေါ့လေးပြောတာမဟုတ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ပိုချစ်ပြန်ပြီ"

"ချစ်ရင် စာရင်းတွက်ထားနော်၊ မမတို့ မနက်ဖြန်မနက် ပြန်မယ်"

"ဟင် ... ချက်ချင်းကြီး"

"ဘယ်မှာ ချက်ချင်းကြီးလဲ၊ မမတို့ ရောက်နေတာ တစ်ပတ်ရှိသွားပြီ"

"အဲဒီတစ်ပတ်ထဲမှာ တစ်ပတ်တစ်ရက်ရော့က မမကို နှုတ်မဆက်ရဲလို့ မရင်းနှီးလိုက်ရဘူး၊ ရင်းနှီးရတာကမှ ဒီတစ်ရက်တည်း ရှိသေးတာ"

"နောက်တစ်ခါကျမှ တစ်လနေမယ်"

"ဘယ်တော့လဲ"

"နောက်လလည်း ဖြစ်နိုင်တယ်၊ နောက်နှစ်လည်းဖြစ်နိုင်တယ်၊ နောက်ဘဝလည်း ဖြစ်နိုင်တယ်"

"မမ စကားပြော အရမ်းကောင်းတာပဲ"

"နောက်တစ်ခါလာမှ မုန့်ဝယ်လာတော့မယ်နော်"

လက်ကလေးပြ၍ ပြောပြောပြေးပြေး ထွက်လာခဲ့ရသည်။

ရင်ထဲမှာ အတွေးလေးတွေ ဖြတ်ပြေးနေသည်။ ခုလောက်ဆို ဘာတစ်ခုမှ ပြန်စစ်ဆေးစရာမလိုသည့် နောက်ဆုံးပေါ် မာစီဒီးအနက်ကြီးက ခြေလှမ်းတပြင်ပြင် ဖြစ်နေလောက်ပြီလေ။

✧ ❦ ✧



အခန်း(၅)

"ဦးလားဟင် ..."

"ခင်ဗျာ ..."

"ဦးမင်းခန့်တယ်နဲ့ ပြောချင်လို့ပါ"

"သြော် ... ခဏကိုင်ထားပါခင်ဗျ၊ ဘယ်သူအမိန့်ရှိတယ်လို့ ပြောရမလဲခင်ဗျာ"

"နေချိုနုနုပါ"

"အာ ..."

မည်သည့်အသံထွက်ဟု တိတိကျကျ ပြောဖို့ခက်သော အာမေဍိတ်သံနှင့်အတူ စကားပြောခွက် ကမန်းကတန်းချသွားသံက နားထဲမှာ ဆူညံသွားတော့သည်။

လက်ထဲမှာကိုင်ထားသည့် ဗစ္စတင်းကတ်(Visiting card)ဟု ခေါ်သည့် လိပ်စာကတ်ပြားလေး ဟိုသည်လှုပ်ကိုင်ရင်း ရင်ထဲမှာ လှုပ်လှုပ်ရှားရှားလေး ဖြစ်နေရသည်။ ဆက်သွယ်ရေးရုံးမှ အမျိုးသမီး အမျိုးသားဝန်ထမ်းတွေ အားလုံး ကူညီကြသည့် အိပ်ချိန်း (Exchange)က လာဆက်သွယ်သည် ပုံတုံးပွစိအကျိုကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူတို့မှတ်မိ၏။ ပြုံးပြနှုတ်ဆက်၏။ ရန်ကုန်ကို ဖုန်းဆက်ချင်လို့ပါ ဆိုသည့်အခါမှာ ပျာပျာသလဲ ကူညီကြသည်။ ဒါတွေကြောင့် မေမေပြောတာထင်ပါရဲ့။

"လူရယ်လို့ဖြစ်လာတော့ ပါလာတဲ့ ပါးစပ်တစ်ပေါက်ကို ကျွေးဖို့ အလုပ်လုပ်ကြရတာချင်းအတူတူ အနုပညာအလုပ်ကို လုပ်ကြရတဲ့လူတွေက သူများထက်သာတယ်၊ ထမင်းလည်းစားရတယ်၊ အချစ်လည်းခံရတယ်"တဲ့။

လိုင်းအဆက်အသွယ် ရသည်နှင့် သူတို့တွေက အလိုက်သိစွာ ဝေးဝေးခွာသွားကြသည်။ မေမေက ရုံးခန်းမှာချထားသည့် ကြိမ်ဆက်တီတွေပေါ်မှာ ထိုင်သည်။ ဟိုတယ်မှ ဖုန်းဆက်ခေါ်ယူကာ ငှားပေးလိုက်သည့်ဂျစ်ကားနှင့် ယာဉ်မောင်းက ရုံးရှေ့မှာ ရပ်ထားသည်။ စက်ခလုတ်ခုံပေါင်းများစွာ ရှုပ်ယှက်ခတ်နေသည့်နားမှာ နေချို တစ်ယောက်တည်း ရှိနေပါသည်။

"နေချို"

ရင်ထဲမှာ ဝုန်းခနဲ ဆောင့်ခုန်သွား၏။ 'ဟယ်လို' တွေ ဘာတွေ လာဦးမလား ထင်ထားတာ နာမည်ကို ရုတ်တရက်ကြီးခေါ်ချတော့ လန့်ဖျပ်သွားတာလည်းပါမည်။

"ဦး ..."

"ဘယ်ကဆက်နေလဲ၊ ဘယ်ရောက်နေလဲ၊ ဘာအခက်အခဲရှိလဲ၊ ဦး ဘာလုပ်ပေးရမလဲ"

"မေးခွန်းတွေက စုံသွားတာပဲ ဦးရယ်"

နေချို ပျော်သွားရသည်။ ဦးဆိုတာ နေချို့အတွက် 'လူကြီးလူကောင်း မေခလာ'လေ။ ဦးက ယောကျ်ားမို့ မေခလာဆိုသည့် နာမည်နှင့် လိုက်ဖက်မည်မထင်။ မောင်ခလာပေါ့။ ဒါလည်း မဟုတ်သေးပါဘူး။ ဦးခလာ။ အဲသည့်နာမည်ကောင်းသည်။ သည်တစ်ခါ ဦးနှင့် မျက်နှာချင်းဆိုင်တွေ့ရလျှင် ဦးခလာဟု ခေါ်ကိုခေါ်လိုက်ဦးမည်။



နေချို့မျက်နှာက ပျော်ပြုံးပန်းတွေ ပွင့်နေ၏။ ခေါင်းကလေးငုံ့ကာစောင်းကာ ဖြစ်နေသည်။ အကူအညီလိုချိန်မှာ ဦးကိုပဲ သတိရလိုက်သည်။ ဦးကိုပဲ ဒုက္ခပေးဖြစ်လိုက်သည်။ ဦးက ဒုက္ခဟု ယူဆမည်မထင်ပါ။ ဦးက သဘောကောင်းတာပဲလေ။ ဦးလို့သာခေါ်ရ၊ တကယ်တော့ ဆယ်နှစ်ကျော်ရုံလေးကွာတာ။ အစ်ကိုအကြီးဆုံးနှင့် ညီမအငယ်ဆုံးလေးလောက်ပဲရှိမည်။ အစ်ကိုကြီး ခေါ်မိရင် ကောင်းသား။ ဦးခေါ်မိတာ အားနာလိုက်တာ။

အို ... ဘာအားနာစရာလိုလဲ။ ဦးက မုဆိုးဖိုကြီးပဲ။ အသက်သိပ်မကြီးသေးဘူးပဲထား။ ဝါနှင့်သမ္ဘာက ကြီးရင့်ခဲ့ပြီလေ။ ဦးပဲပေါ့။ ဦးပဲခေါ်တာ ကောင်းပါတယ်။

"နေချိုလေး"

"ရှင်"

"ဦး ဘာလုပ်ပေးရမလဲ"

"နေချို့အသံကြားတာနဲ့ အကူအညီလိုနေပြီလို့ ဦးက အတပ်စွဲလိုက်တာပေါ့နော်"

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ ဦးက နေချို့အတွက် လုပ်ပေးချင်နေလို့"

အဲလို့။ ဦးအသံက ချိုလို့ပါလား။ ချွဲတာလား ဦးဟင်လို့ မေးလိုက်ချင်တာ။ ဦး ရှက်သွားမှာလည်း စိုးရသေး။

www.burmeseclassic.com

www.burmeseclassic.com



ဦးရေ ... နေချို့မှာ အစ်မကြီးလည်းမရှိ၊ အဒေါ်အပျိုကြီးလည်းမရှိဘူး ဦးရဲ့။ ကလေးပေါက်စလေးလို ချော့ဖို့ချည်းပဲလည်း စီစဉ်မနေနဲ့။ နေချိုက ရုပ်ရှင်မင်းသမီးရှင့်။

အတွေးနှင့်ပဲ တော်တော်ပျော်သွားရသည်။ ရန်ကုန်မှာ ဦးနှင့် မျက်နှာချင်းဆိုင်ပြီး စကားပြောကြိမ် ပြေးလွှားရေတွက်မှ နှစ်ကြိမ်တိတိ။ တစ်ကြိမ်က ဦးရွှေကျော်နှင့် လေဆိပ်မှာ အရုက်ကွဲစဉ်က။ နောက်တစ်ကြိမ်က ဦးအိမ်လာပြီး အလုပ်ကိစ္စ စကားပြောတာ။ ဘယ်လီဖုန်းနှင့်ပြောတာလေးကြိမ်။ စုစုပေါင်း စကားပြောဖြစ်ခဲ့တာ ခြောက်ကြိမ်။ ခုအကြိမ်က သတ္တမအကြိမ်မြောက်။

လူတစ်ယောက်နှင့် ခြောက်ကြိမ် စကားပြောပြီးသည်နှင့် ထိုလူက သွေးသားရင်းခြာလို ရင်ထဲဝင်လာတတ်သလား။ လူတိုင်းတော့ မဟုတ်ဘူးတင်သည်။ လူကို လိုက်လို့ပေါ့လေ။ ဘာပဲဖြစ်ဖြစ် ခုအကြိမ်မှာ ကုန်ဆုံးသွားခဲ့သည့် ခြောက်ကြိမ်နှင့် လုံးဝကွာခြားသည်။ ရင်းနှီးမှုဒီဂရီက ရုတ်တရက် ခုန်တက်သွားသည်။ ဦးလည်း တူတူ၊ နေချိုလည်း တူတူလေ။

"အဲဒီမှာ အဆင်ပြေရဲ့လား"

"မပြေဘူး"

"ဟင် ... ဘာတွေဖြစ်လဲ၊ ဦးကိုပြောစမ်း"

"ဘာမှမဖြစ်ပါဘူး၊ နေချို အိမ်ပြောင်းချင်လို့"

"ဟိုတယ်မှာ ပိုမကောင်းဘူးလား"

"အဲဒီမှာ နေချိုရှိနေတာ လူသိသွားပြီ"

"ဘယ်သူသိလို့လဲ"



"ကျော်"

'ကျော်' ဆိုသည့်အမည်ကို ရွတ်ချိန်မှာ နှာခေါင်းလေးတစ်ချက်ရှုံ့၍ မဲ့လိုက်ဖြစ်သည်။ မုန်းပါတယ်ဆိုသည့် ဒီဇိုင်းလေ။ ကျော့်ကို တကယ်တမ်းတော့ မုန်းတာမဟုတ်ပါ။ မုန်းရအောင် ကျော်က နေချို့ကို ပျက်စီးရာပျက်စီးကြောင်း ပြောဆိုကြံစည်ပြုမူခြင်းမှမရှိဘဲ။ ပဂ္ဂိုလ်သမီးလေး၏ ဖခင်အမည်တပ်ခံရဖို့ ရာနှုန်းနှစ်ဆယ်ပတ်သက်ခဲ့သူ ကျော်က နေချို့ကိုဆိုလျှင် ခွင့်ပြုမိန့်ကျမှ မော်ဖူးရဲသူဖြစ်သည်။

နေချိုက အမှားမရှိသူမို့ ကျော် လန့်၏။ ချစ်တာကိုလည်းယုံသည်။ သို့ပေမဲ့ ကျော့်ထံမှာ အုဂ္ဂမဟေသီထိပ်ခေါင်တင် မိဖုရားကြီးဖြစ်ဖို့ သိပ်ကို စိတ်ကုန်ခဲ့ရပါပြီ။ နှလုံးသားမှာ ပြည့်ကျပ်မွန်းသိပ်အောင် မချစ်ခဲ့ဖူးသည်မို့လည်း ထိုအခြေ အနေကို လွယ်လွယ်နှင့် ဖျက်ဆီးနိုင်ခဲ့တာဖြစ်နိုင်၏။ ကျော် ချစ် တာကိုတော့ ယုံပါသည်လေ။

"လိုက်လာလား"

"မနက်ဖြန်လိုက်လာတော့မှာ၊ သန်ဘက်ခါလောက် ရောက်မလားပဲ"

"နေချို ဘယ်ကဆက်နေလဲ"

"အိပ်ချိန်းက"

"တစ်ယောက်တည်း လျှောက်သွားနေလား"

"မေမေပါ ပါတယ်"

"မြင်းလှည်းနဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဦး မြင်းလှည်းက ဘူတာရုံနားနဲ့ ဈေးမှာပဲရှိတာ၊ ဟိုတယ်ကထွက်ပြီး မြင်းလှည်းရှိတဲ့နေရာထိ လျှောက်လည်းလာရော အိပ်ချိန်းလည်းရောက်ရော၊ မြင်းလှည်းပေါ်တက်ပြီး ပြန်ဆင်းရုံပဲ၊ သိလား ဦးမြင်းလှည်း"

"ဟောဗျာ ... ဘယ်တုန်းက မြည်းလှည်းပိုင်သွားလိုက်ပါလိမ့်"

ဦးရယ်၏။ နေချို လိုက်ရယ်သည်။ ဦးကို ပြောသည့် ဝါကျတွေ နှန့်.ကာ ချွတ်ချွဖပ်ဖြစ်နေတာ သတိထားမိပါသည်။ တတ်နိုင်ဘူး။ အဲသည်လိုပဲ ပြောချင်သည်။ ဦးက ကျေနပ်ရှင်။ ကယ်တင်ရှင်။ ဦးခလာလေ။

"ဂျစ်ကားနဲ့လာတာ"

"ကောင်းပါ့"

"နေချို ကလောမှာ နေချင်သေးတယ်"

"ပျော်နေလား"

"ကလောကို ချစ်လို့"

"ကလောသားလေး တစ်ယောက်လောက်ရော ချစ်ဖို့ မတွေ့သေးဘူးလား"

"မတွေ့သေးဘူး၊ ဦး လာရှာပေး"

"ဒီမှာ ဘာဖြစ်နေလဲသိလား၊ ရန်ကုန်က ဘယ်မှထွက်မသွားပါဘူးဆိုတဲ့ ခံဝန်ချုပ်နဲ့ နေနေရတာ"

"ဟင် ... ဘာဖြစ်လို့"

"လူသတ်မှုလေ၊ ဒေါ်နွဲ့နွဲ့ခန့်ထယ်"

"ဦး မသတ်ဘူး မဟုတ်လားဟင်"



"အဲဒါကိုပဲ နော်င်တရနေပါတယ်၊ ဒါပေမဲ့ မသတ်လိုက်မိတာလည်း သိပ်မှန်သွားတယ်"

"မှားသွားတယ်သာ ကြားဖူးပါတယ်၊ ဦးကျမှ မှန်သွားတယ်ရယ်လို့"

"ဦး အိမ်ငှားပေးရမလား"

"ငှားပေး"

"ပြန်လာပါတော့လားကွာ"

"ဟင့်အင်း ... ကလောက အရမ်းလှတာပဲ၊ ဘယ်နေရာကြည့်ကြည့်လှတယ်၊ ပန်းချီကားလေးတစ်ချပ်လိုပဲ၊ နေချိုလည်း ကလောမှာ နေနေတော့ ပန်းချီကားထဲက ဆေးစက်လေးတစ်စက် ဖြစ်သွားတာပေါ့"

"ဒါဆိုလည်း တစ်သက်လုံး နေလိုက်တော့"

"နေချင်တယ်၊ ဘာလုပ်ကိုင်စားရမှန်း မသိလို့"

"စားစရိတ်ကို ဦးက ရန်ကုန်မှာရှာပြီး ညည်းဆီပို့ပေးမယ်လေ"

"ပို့ပေး"

နေပါစေလို့တောင် မပြောဖြစ်ပါလား။ ဦးဆိုသည့် လူစိမ်းတစ်ယောက်ဆီမှာ အကူအညီကို သည်လောက်ထိ လွယ်လင့်ထကူ ခံယူနေမိပါရောလား။

"မလုပ်ပါနဲ့ မယ်မင်းကြီးမလေးရယ်၊ ပြန်လာပါ၊ ဦးက လွမ်းနေမှာ"

ရင်ထဲမှာ အပျော်လုံးကြီး မြင့်တက်လာကာ လည်ချောင်းဝမှာ လာနင်သလိုကြီး ခံစားလိုက်ရသည်။ ရင်ခုန်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာ ဦးရယ်။ နေချို့မှာ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း ကနည်းနည်း။ နည်းဆို ရှိကိုမရှိသလောက်ပါပဲ။ ကျော်နဲ့ ကျော့်မိသားစုကို ဒါပဲ သူငယ်ချင်း၊ ဒါပဲ ဆွေမျိုးသဘောထားခဲ့ရတာလေ။ ကျော် ပျောက်ဆုံးသွားပြီဆိုတော့ နေချို့သံယောဇဉ်နွယ်လေးတွေက ရစ်ခွေတွယ်ဘာဖို့ မေတ္တာစင်ကလေးတစ်ခု လိုနေတာ။ နှာမောင်းလေးတွေ ရစ်ခွေပြီးတွယ်နှောင်တဲ့ဖို့ စင်ကလေးရှာနေတာ။ ဦးက ကျော်တို့မိသားစုလို ဆွေမျိုးလိုပုံစံထဲ ဝင်ရောက်လာခဲ့တာ။

ဦးရယ် ... ဦးက နေချို့ရဲ့ ဦးခလာမှ ဦးခလာ အစစ်ပါ။

"နေချိုလေး ... အခု ဖုန်းချပြီးရင် ဟိုတယ်ကို ပြန်စောင့်၊ ခဏကြာရင် ဦး ဖုန်းဆက်မယ်၊ ဦးက ရန်ကုန်က မိတ်ဆွေကို မေးရဦးမှာ၊ သူ့အိမ် ကလောမှာရှိတယ်၊ ပြင်နေတယ်၊ လူနေလို့ရပလား မသိဘူး၊ သူ့ခြံက အရမ်းလှတယ်၊ တောင်ထိပ်လေးမှာ၊ အဲဒီကိုဆက်ပြီး ဦး ပြန်ဆက်မယ်"

"ဟုတ်ကဲ့"

"ဒါပဲနော်"

"နေပါဦး၊ ဦးမိတ်ဆွေက ဒီတစ်ယောက်ပဲရှိလား၊ ဦးကလည်း အသိအကျွမ်း နည်းလိုက်တာ၊ တစ်ယောက်တည်းဆိုတော့ သူ့အိမ်မအားရင် ဘယ်လိုလုပ်မလဲ၊ ဦးက ညံ့တယ်"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျွန်တော် နာမည်ပြောင်းလိုက်ပါ့မယ်၊ မင်းညံ့ထယ်လို့ မကောင်းဘူးလား"



"အရမ်းကောင်းတယ်"

"မယ်မင်းကြီးကလေး ပြန်တော်မူ"

"ဟင် ... မပြောကောင်း ပြောကောင်း၊ ပျံတော်မူတယ်ဆိုတာ ဘုန်းကြီးသေတာ"

"တယ် ... ဒီကောင်မလေး၊ ဟိုတယ်ပြန်လို့ပြောတာ"

"ဦးအိမ်က လှရဲ့လား၊ ဦးမိတ်ဆွေအိမ်ကို ပြောတာ"

"လှတယ်"

"လူသူကင်းဝေးရဲ့လား"

"တောရပ်မြိုင်ကြီးပဲ"

"တောင်ကုန်းနဲ့နီးရဲ့လား"

"တောင်ထိပ်မှာ"

"အိုကေ၊ ရအောင်ပြောပေးနော်"

"ခွေးမလေး"

ဦးက ပျစ်ပျစ်နှစ်နှစ်ကြီးကို ခေါ်ပစ်၍ ဖုန်းချသွားတော့သည်။

နေချို လွှင်လွှင်တိမ်တိမ်လေးရယ်၏။ အပြုံးမျက်နှာကို သရုပ်ဆောင်ခြင်း အတတ်ပညာနှင့်တောင် မဖုံးဖိနိုင်အောင် မပြင်ဆင်နိုင်အောင် ဖြစ်နေသည်။ ရင်ထဲမှာကျတော့ အကျယ်ကြီးအော်ရယ်နေ၏။

"ဦးကို ခင်လိုက်တာ၊ ဦးလေးသားချင်း၊ အစ်ကိုတစ်ယောက်ကောက်ရသလိုပါပဲ ဦးရယ်၊ နေချိုအားရှိလိုက်တာ၊ အရမ်းလည်းပျော်တယ်၊ မိုင်ပေါင်းများစွာ ဝေးကွာတဲ့ အရပ်နှစ်ခုကနေ သံယောဇဉ်ချင်းတွယ်ငြိပြီး တစ်ထိုင်တည်း ရင်းနှီးသွားကြတာနော် ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးက ချွေးမလေးတဲ့၊ နေချို ပျော်လိုက်တာဦးရယ်"

တစ်ယောက်တည်း ပြောဖြစ်သည်။ 'ချွေးမလေး' အခေါ်ခံတာ တစ်သက်သက် ပျော်နေရပါသည်ဟု ပြောလျှင် ကြားသူတွေ ယုံကြပါ့မလား။ နေချို တကယ်ပျော်နေသည်ပါပဲလေ။

✧ ❦ ✧

ရင်ထဲမှာ ဆူညံလျက် ဝုန်းဒိုင်းကြဲစွာ ဆောင့်ခုန်နေသည့် နှလုံးသား၊ အသည်းနှင့်ကလီစာတစ်ခွေလုံးကြောင့် မောများတောင်မောချင်၏။ သို့ပေမဲ့ ဤအမောကို နှစ်လိုစွာခံယူချင်မိသည်။ ခုန်ကြစမ်း၊ ကြိုက်သလောက်။ ရင်ထဲမှာ ဟာရီကိန်းတို့ ဆိုင်ကလုံးတို့ ဝင်မွှေသလို မွှေနှောက်နိုင်ဖို့ အရေးပြားနှင့် အရိုး၊ အကြော အသားတွေကို ထိုးခွဲဝင်ရောက်လာသည့် မုန်တိုင်းက ဘယ်လိုအမျိုးအစားပါလိမ့်။

နေချိုနုနု ဆိုသည့်ကောင်မလေး။

စင်စစ် သူ့သရုပ်ဆောင်မှုကို ကြည့်ပြီး အနုရသ ခံစားမှုကြောင့် သူ့ကို ခင်မင်ရင်းနှီးသွားရခြင်းမျိုးမဟုတ်ပါ။ အဲဒါကို မှန်ကန်စွာ ဝန်ခံလိုက်လျှင် အနုပညာသည်မလေး စိတ်ကောက်စိတ်ခုနိုင်၏။ နာနာကျင်ကျင်ကလေး ခံစားရနိုင်ပါ၏။ သို့ပေမဲ့ မင်းခန့်ထယ်ဆိုသည့် ယောကျ်ားက အနုပညာပေါင်းစုံနှင့် တော်တော်အလှမ်းကွာခဲ့သူမို့ သူ့အနုပညာလေးနှင့်လည်း ကင်းစိမ်းခဲ့သည်။ သူ့ကို ခင်မင်ရင်းနှီးသလို ဖြစ်ခွင့်ကြုံတော့မှ သူမပါဝင်သရုပ်ဆောင်ခဲ့သည့် ဗီဒီယိုကားလေးတွေကို တစ်ညတစ်ကား၊ တစ်ခါတလေ နှစ်ကားလောက် ဖွေရှာကြည့်ရှုဖြစ်တော့သည်။



"ဦးဦး … ဆိုင်က ပြောလိုက်တယ်၊ တချို့ကားတွေက သိပ်ဟောင်းနေပြီတဲ့၊ နှစ်နှစ်လောက်ရှိပြီတဲ့"

"ဟောင်းပစေ"

"နေချိုနုနု ပါရင် ပြီးရောလား"

"အေး"

အစတုန်းက ကိုယ်ရယ်၊ နွဲ့ရယ် နှစ်ယောက်တည်း ရှိခဲ့သည်။ ဝင်ငွေရှာသောအလုပ်ကို မလုပ်နိုင်သော နွဲ့က ကိုယ့်တာဝန်တွေ၊ အိမ်တာဝန်တွေ၊ အိမ်ဖော်အလုပ်သမား အကူအညီ မလိုဘဲ တစ်ယောက်တည်းနှင့် ကျေပွန်ခဲ့ပါ၏။ အဲသည်တုန်းက တော့ … "နွဲ့ကလေး တော်လှချေ့"ပေါ့လေ။

ခုတော့ ကျောချမှ ဓားပြမှန်းသိဆိုသလို နွဲ့ ဘာကြောင့် အိမ်မှာ လူပိုမထားချင်တာ၊ ရှေးစာဆိုဦးပုည၏ စကားနှင့် ပြောရလျှင် 'အစင်း … အစင်း၊ မုန့်တီဟင်းကဲ့သို့၊ ကွင်းကွင်းကြဲ ထင်လွှန်းလို့'ဟုသာ ဆိုချင်တော့သည်။

"တော်ပါပေရဲ့၊ ဒေါ်နွဲ့နွဲ့ခန့်တယ်"ဟု ပြန်ချီးကျူးချင်၏။ သည်လို စာသံ ပေသံနှင့် ချီးကျူးနိုင်ဖို့က မင်းခန့်ထယ်က အဲသည် အနုစာပေတွေကို လေ့လာလိုက်စားလို့မဟုတ်ပါ။ မေမေ ဒေါ်မြမြဝေ၏ နှုတ်ဖျားမှ ထာဝရကြားဖူးနားဝ ရှိနေခဲ့ရလို့ပါ။ ဖေဖေက အင်ဂျင်နီယာကြီးဖြစ်ပြီး အနုပညာနှင့် တော်တော်ကလေး ကင်းကင်းကွာကွာရှိသည်။ မေမေ ဒေါ်မြမြဝေက ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာအားလုံးကို ဝါသနာပါသည်။ လေ့လာဆည်းပူးသည်။ ဖတ်ရွတ်လေ့ကျက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာကြီးနှင့် ဘီအေ၊ ဘီအီးဒီ (BA,.B.Ed) ဘွဲ့ရ အငြိမ်းစား ကျောင်းဆရာမတို့၏ တစ်ဦးတည်းသောသားက စီးပွားရေးသမားဖြစ်လာခဲ့သည်။ ဝါဏိဇ္ဇဗေဒနှင့်ဘွဲ့ရ၏။ စာရင်းအင်းနှင့် ပတ်သက်သည့် ဘွဲ့လွန်တွေ ထပ်မံအောင်မြင်သေးသည်။ ခုနစ်တန်း၊ ရှစ်တန်းလောက်မှာ ဖေဖေက မေမေ့ကို ပိုက်ဆံတွေ အထပ်လိုက် ဖွေးခနဲနေအောင် အပ်နိုင်တာကို အားကျသည်။ ဖေဖေက ကန်ထရိုက်ရတိုင်း မေမေ့ကို ငွေတွေ တစ်ထောကြီးအပ်နိုင်သည်။

"သားကြီးရင် ပိုက်ဆံအများကြီးရအောင်ရှာမယ်"

ဖေဖေတောင် မျက်လုံးပြူးခဲ့ရှာ၏။

"သမာအာဇီဝမဟုတ်ဘဲ ဖြစ်တဲ့နည်းနဲ့ရှာလို့ မင်းပြစ်မင်းဒဏ်လည်းသင့်ပါဦးမယ် သားရယ်၊ ပိုက်ဆံရတာ ကောင်းပေမယ့် ဥပဒေကြောင်းလွတ်မှ နေရ စားရတာ ဖြောင့်တယ်" ဟု ပြော၏။

"ပိုက်ဆံဆိုတာ ကိုယ့်လုပ်အားနဲ့ရင်း၊ ကိုယ့်ဦးနှောက်နဲ့ရင်းပြီး ရှာလို့ရရင် ဘယ်လောက်ရရ၊ အလကား အချောင်လက်ကြောမတင်းဘဲ ဟောခနဲ ဟောခနဲ ဝင်တိုင်း မက်မောတာမျိုးကျတော့ လောကီမကောင်း၊ သံသရာမကောင်း၊ အချောင်ရထားတဲ့ပိုက်ဆံနဲ့ ဘုရားတည် ...

"သူများလို ရွှေမချဘဲ စိန်တွေအပြည့် အတုံးလိုက်ကပ်ထားရင်တောင် ကုသိုလ်မရဘူးသားရဲ့၊ ကူလီထမ်းရတဲ့ ပန်းထမ်းအလုပ်သမားလှူတဲ့ ရေတစ်ခွက်က ပိုပြီးသန့်စင်တယ်"



မေမေက အရွယ်နှင့်မလိုက် ပိုက်ဆံမက်မောသည့်သားကို ဥပမာကြမ်းကြမ်းကြီးများ မျိုးစုံနှင့် ဆုံးမခဲ့ဖူးသည်။ ဆယ်တန်းအောင်တော့ ဆေးဟက္ကသိုလ်ဝင်သည့်အမှတ်ကို ရပါလျက် မင်းခန့်ထယ်မှာ ဆရာဝန်လုပ်ဖို့ ဝါသနာမပါခဲ့ပါ။

"ဝါသနာမပါဘူး မေမေရယ်၊ သူများအပူ ကိုယ့်အပူဖြစ်တယ်၊ ဆရာဝန်ရယ်၊ ရှေ့နေရယ် ဘယ်တော့မှ မလုပ်ဘူး၊ ရောဂါနဲ့ ပြဿနာနဲ့ ရောက်လာကြတဲ့သူတွေကို ကိုယ်က ဝင်ပူရတာ"

"ကုသိုလ်ဘယ်လောက်ရလဲ သားရဲ့"

"အဲဒီကုသိုလ်အတွက် လှူပါ့မယ်၊ တစ်နှစ်မှာ လေးငါးခါလောက် ရှစ်ပါးသီလစောင့်မယ် မေမေရယ်၊ မေမေ့သဘောကျ တစ်နေ့နေ့မှာ ဝိပဿနာတရားကို အားထုတ်ပါ့မယ်" ဟု ဆိုခဲ့သည်။

ဖေဖေ ကွယ်လွန်တော့ ဖေဖေ့လို အင်ဂျင်နီယာအတတ်ကို မတတ်ပေမယ့် ဝါဏိဇ္ဇသမား မင်းခန့်ထယ်က တတ်ကျွမ်းသည့် စက်မှုလက်မှုပညာရှင်များနှင့် ပူးပေါင်း၍ ဖေဖေ့ကုမ္ပဏီကို ဆက်လက်လှုပ်ရှားနိုင်ခဲ့သည်။ ဆေးကုဖို့ ဝါသနာမပါ။ ဆရာဝန်မလုပ်ချင်ပေမယ့် နိုင်ငံခြားဆေးကုမ္ပဏီတွေမှ ကိုယ်စားလှယ်အဖြစ်လုပ်ခဲ့သည်။ နိုင်ငံခြားသင်္ဘောတွေပေါ်မှာ အလုပ်သွားလုပ်ချင်သူတွေအတွက် ကိုယ်စားလှယ်လုပ်၍ ကူညီဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးကို အဲဒါတွေနှင့် စခဲ့၏။

မင်းခန့်ထယ် အလုပ်တွေ အများကြီးလုပ်သည်။

ခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်မှာ ဈေးကွက်စီးပွားရေးစနစ် ကျင်သုံးခဲ့ပြီမို့ မင်းခန့်ထယ်မှာ လုပ်စရာကိုင်စရာလုပ်ငန်းတွေ ပိုပွင့်လာခဲ့သည်။ သေးသေးဖွဲဖွဲ အလုပ်တွေကို ရပ်ပစ်ရ၏။ မနိုင်နင်းတော့ပါ။ မင်းခန့်ထယ်မှာ သူရှယ်ယာအများဆုံး၊ များဆို တစ်ဝက်ကျော်လောက်ထိ ပါဝင်သည့် ဘဏ်တိုက်ကြီးကတစ်ခု။ မီနီမားကက်၊ စူပါမားကက်တွေကချည်း ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်တွေမှာတောင် မကတော့ပါ။ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းတို့၊ တာချီလိတ်တို့မှာလည်း ဖွင့်ပြီးပြီ။ ဗန်းမော်မှာတောင် မကြာခင်က သွားဖွင့်ခဲ့ပြီးပြီ။ တောင်ကြီးမှာကတော့ ဖေဖေ့တပည့်ဟောင်းတစ်ယောက်ကို ငွေထုတ်ပေးပြီး သူ့ဆိုင်အဖြစ်ပဲ ဖွင့်ခိုင်းထားတာ။ သူက ရှယ်ယာအဖြစ်လိုလို၊ အတိုးလိုလို နှစ်စဉ်လာပေးသမျှ ယူထားလိုက်သည်။

အဲသည်လို စီးပွားရေးသမားစစ်စစ်ကြီးမို့ အနုပညာနှင့် တကယ့်ကို ကင်းကင်းစိမ်းစိမ်း ပြတ်ပြတ်တောက်တောက်ရှိလှပါသည်။

"လူဖြစ်ပြီး အနုပညာ ဘာတစ်ခုမှ ဝါသနာမပါတာ လူဖြစ်ရှုံးလှသကွယ်"တဲ့။ မေမေက ...

"ခုတော့ ... မေမေ့သား အနုပညာဝါသနာပါပြီ မေမေရဲ့ ဗီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုလည်း ထောင်လိုက်ပြီ၊ နောက်ဆို ရုပ်ရှင်ကားကြီးတွေလည်း ရိုက်မယ်၊ မပြောနိုင်ဘူး မေမေ၊ စီးရီးစ်တောင် ထုတ်ရင်ထုတ်ဖြစ်မယ်"

ပြောစဉ်က နေချို့မျက်နှာလေးကိုမြင်ပြီး ပြောဖြစ်ခဲ့တာပါ။ သည်ကောင်မလေး သီချင်းဆိုချင်စိတ် ပေါက်လာလျှင် စီးရီးထုတ်ပေးလိုက်မည်။ ဂီတနှင့် ရုပ်ရှင်ဆိုတာက အလွန်နီးစပ်သော အနုပညာအမြွှာလို့တောင် ဆိုနိုင်၏။ မင်းသားမင်းသမီးတွေက သီချင်းဆိုကြ၊ အဆိုတော်တွေက ရုပ်ရှင်ဗီဒီယိုရိုက်ကြ မဟုတ်လား။



စာသင်ခန်းတစ်ခုအတွင်းမှာ (မေမေတို့ခေတ်က) ကျောင်းသားဦးရေ ငါးဆယ်မှ ခြောက်ဆယ်ရှိသည်။ မေမေ သင်ရသည့် အခန်းစုစုပေါင်း ငါးခန်းဆိုတော့ မေမေ တစ်နှစ်ကို သင်ကြားပို့ချဆုံးမပဲ့ပြင်ရသည့် ဆယ်ကျော်သက်ဦးရေ နှစ်ရာ့ငါးဆယ်မှ သုံးရာ။ မေမေက အနှစ်နှစ်ဆယ်တိတိ ကျောင်းဆရာမလုပ်ခဲ့သည်။ တပည့်စုစုပေါင်း ငါးထောင်မှ ခြောက်ထောင်။

ကျောင်းအုပ်ဆရာမကြီးအဖြစ် လျှောက်လွှာတင်ဖို့ အကြိမ်ကြိမ် ငြင်းပယ်ရင်း အထက်တန်းပြဆရာမ အဖြစ်မှပဲ အသက်မစေ့ လုပ်သက်မပြည့်ဘဲ နာမကျန်းပင်စင်နှင့် အလုပ်မှ အနားယူခဲ့သော မေမေပါ။

"မြန်မာစကားမှာ ဆိုရိုးရှိတယ် သား၊ ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ကုန်ရှုံးရင် တစ်သက်လုံး မှောက်တယ်တဲ့၊ မိန်းမတွေသာ လင်ကုန်ရှုံးရင် တစ်သက်လုံးမှောက်တာ မဟုတ်ဘူး၊ ယောကျ်ားလည်း မယားကုန်ရှုံးရင် တစ်သက်လုံးမှောက်တာပဲ ...

"မေမေတို့ မြန်မာ့ယဉ်ကျေးမှုမှာ မုဆိုးမတွေ၊ တစ်ခုလပ်တွေ အနေအထိုင် အလွန်ပဲကျဉ်းကျပ်ရှာတယ်၊ လူပြောသူပြောလွတ်အောင် မနည်းကြီး ဆင်ခြင်ကြရတယ်၊ ယဉ်ကျေးမှုပေကိုး သားရဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီယဉ်ကျေးမှုဆိုတဲ့ အထဲမှာ ယောကျ်ားတွေလည်း အကျုံးဝင်တယ်၊ မုဆိုးဖိုတစ်ခုလပ်ထီးများလည်း အနေအထိုင် ဆင်ခြင်သင့်တယ် ...

"မိန်းမသေရင် အသုဘပို့လာတဲ့အထဲက ဘယ်မိန်းမ မျက်မှန်ကျရပါ့မလဲလို့ မုဆိုးဖိုတွေက ရှာတတ်တယ်လို့ အပြောခံရတတ်တာမျိုးကို ရှက်တတ်နာတတ်ဖို့လိုတယ် ...

"အပြောမခံရအောင် ဆင်ခြင်သင့်တယ်၊ ဆင်ခြင်တဲ့ တရားဆိုတာ မိန်းမတွေမှ ထားရတာမဟုတ်ဘူး၊ ယောကျ်ားလည်းထားရတာပဲ ...

"မေမေ့သားလေး မေမေ့ကြောင့် မယားကုန်ရှုံးရှာတာ၊ မေမေ နည်းနည်းလေးမှ စိတ်မကောင်းဘူး" တဲ့။

"မေမေလည်း အကောင်းဆုံးထင်လို့ စီမံခဲ့တာပါ" တဲ့။

နွဲ့ကို မေမေ ပေးစားလို့ ယူခဲ့ရတာလေ၊ ကြိုက်တယ်လည်းမဟုတ်။ မကြိုက်ဘူးလည်း မဟုတ်။ စီးပွားချည်း ကျုံးရှာနေခဲ့ရင်း အသက်က သုံးဆယ်ကျော်လာ။ အလုပ်အကိုင်နှင့်ပတ်သက်ပြီး ဆက်ဆံရသည့် အမျိုးသမီးတွေနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးတော့ရှိသား။ သူငယ်ချင်းလိုမို့ ရည်းစားဆိုတာမူးလို့တောင် ရှူစရာမရှိသည့် ယောကျ်ား။ အမှန်ကို ပြောတာပေမယ့် လူတကာ ယုံနိုင်ဖွယ်ရာ မရှိသည်မို့ ကျမ်းကျိန်ဖို့တောင်လိုမည်ထင်သည်။

မိန်းမတစ်ယောက်ကို ဝတ္တရားအရ တာဝန်ကျေ လက်ထပ်ခဲ့ပါ၏။



ကိုယ့်ဇနီးဖြစ်လာတော့လည်း ချစ်သားပါ။ နွဲ့က လည်း လိမ္မာရှာသည်လေ။ ခုမှ သူ အလိမ္မာကြီးပုံတွေကို သဘောပေါက်ရတော့သည်။

"တစ်ပင်လဲလို့ တစ်ပင်ထူမယ်စိတ်ကူးရင်လည်း ဒီတစ်ခါတော့ သေသေချာချာ စုံစမ်းမေးမြန်း အထပ်ထပ် စဉ်းစားပြီးမှ ခြေဆောင်ရွက်ပါ သားရယ်၊ မေမေ့သားလေးဘဝကို မေမေက အောင်မြင်သာယာစေချင်တာ ...

"ပိုက်ဆံတွေ ထားစရာမရှိ ချမ်းသာတိုင်း ဘဝအောင်မြင်တယ် ပြောလို့မရဘူး၊ သန်းပေါင်းများစွာ ချမ်းသာပေမယ့် သာယာချင်မှ သာယာတာ' ...

"မေမေတော့ သားကို သုံးချင်တာလေးသုံး၊ လှူချင်တာလေး လှူနိုင်တဲ့အဆင့်လောက်ဆိုရင်တောင် တော်ပါပြီ၊ သားနဲ့မယားနဲ့ ဘုရားသွားကျောင်းတက်လို့ ကိုယ့်မိသားစုလေး ကိုယ်ထိန်းသိမ်းလို့ ...

"သာယာချမ်းမြေ့ဘဝလေး မေမေ မြင်ချင်တယ်၊ မြေးလေးဘာလေးလည်း ထိန်းချင်တယ်၊ ဦးထွန်းမင်း ဒေါ်မြမြဝေ မျိုးဆက်ကလေးလည်း မတုံးစေချင်ဘူး ...

"နွဲ့ကို ကလေးမရပါလားလို့ ဆရာဝန်တောင် ပြချင်နေတာ၊ လက်စသတ်တော့ သူက ဆေးတွေသောက်နေတာကိုး"

နွဲ့အမှုကိစ္စဖြစ်တော့ နွဲ့နှင့်ပတ်သက်သည့် ပစ္စည်းများ ရှာဖွေခံရသည်။ ဇနီးမောင်နှံနှစ်ဦးမှာ များသောအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပိုင်ဆိုင်သမျှနှင့် ယောက်ျား၏ပစ္စည်းပစ္စယများကို မိန်းမက သိမ်းဆည်းရှင်းလင်းပေးရင်း အားလုံးလိုလိုတွေ့မြင်သိနေတတ်၏။ ယောက်ျားကကျတော့ မိန်းမ၏ အသုံးအဆောင်တွေကို စပ်စပ်စုစု ရှာဖွေ ဖွေဖူးသည်မရှိ။ ကိုယ့်ဇနီးတစ်ယောက်လုံးကလေးမလိုချင်၍ ပဋိသန္ဓေတားဆေးတွေ စားနေတာ ယောက်ျားဖြစ်သူက ဖွင့်မပြောလျှင် မသိပါ။ မိန်းမအဝတ်ပုံကြားလည်း ရှာဖူးတာမှ မဟုတ်ဘဲ။

မေမေပြောသည့် စကားတွေထဲမှာ 'နောက်အိမ်ထောင်အလျင်စလိုမပြုသင့်'ဆိုတာ များများကြီးပါ၏။

"မေမေ့ဆုံးမစကားက သိပ်မြန်နေပါတယ် မေမေ၊ တစ်နှစ်နှစ်နှစ်ကြာမှ ပြောပါ"

မင်းခန့်ထယ် ရယ်၍ပြောခဲ့၏။

"မစောဘူး၊ နွံ့ဆုံးတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရတာကလွဲပြီး မေမေ့သားက လွှမ်းမှုမလွှမ်းတာ"

"လွှမ်းသင့်လို့လား မေမေ"

"မလွှမ်းသင့်ပါဘူး၊ မေမေလည်း လူရွေးမှားလေခြင်းလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပါတယ်၊ သားလေး မေမေ့စကားနားထောင်လို့ ခုလို လူသိနတ်ကြားကြီးဖြစ်ရတယ်လို့ စိတ်လည်းမကောင်းပါဘူး ...

"ဒါပေမဲ့ သားက ခုချက်ချင်းကြီးကို တစ်မျိုးဖြစ်တယ်ဆို"

"ဘာဖြစ်လို့လဲ မေမေရဲ့"



"ဖိုးအေးက ပြောတော့ နေချိန်နန့ ကားတွေချည်း ငှားပေးနေရတယ်တဲ့"

နွံ့ ဆုံးပြီးမှ အိမ်မှာတစ်ယောက်တည်းဖြစ်နေသည်မို့ မေမေက ဆွေထဲမျိုးထဲမှ မြေးသုံးလေးဝမ်းကွဲတစ်ယောက်ကို မင်းခန့်ထယ်အိမ်သို့ ပို့ပေးထားသည်။ ဇနီးမောင်နှံ နှစ်ယောက်တည်းနေကြပါစေဟု ဒေါ်မြမြဝေက ရွှေတောင်ကြားခြံကို အိမ်ငှားထပ်မတင်တော့ဘဲ မင်းခန့်ထယ် လက်ထပ်ပြီးကတည်းက နေစေလိုက်ခြင်းဖြစ်၏။ ဒေါ်မြမြဝေကကျတော့ ပြည်လမ်းမကြီးပေါ်က ခြံမှာ ညီမတစ်ဝမ်းကွဲ အပျိုကြီးရယ်။ ဒေါ်မြမြဝေ၏ အစ်ကိုအကြီးဆုံး သားသမီးမရှိသည့် မုဆိုးဖိုကြီး ဦးဘလှဝေရယ်၊ လူကြီးမောင်နှမသုံးယောက် ခြွေရံသင်းပင်းများစွာနှင့်နေ၏။

"သား ... မေမေတို့နဲ့ လာနေမလား"ဟု မေးခဲ့သေးသည်။

"လူရှင်းရှင်းနေတာ ကြာလာတော့ လူများများနဲ့လည်း မနေတတ်တော့ပါဘူး မေမေရယ်"ဟုဆိုကာ တစ်ယောက်တည်းပဲဆက်နေခဲ့သည်။ မနက်စောစောအတွက် ဖိုးအေးက ကောင်းကောင်းလုပ်ပေးတတ်သည်။ နံနက်စာထမင်းကို ကုမ္ပဏီမှာစားသည်။ ညစာထမင်းအတွက် ငါးဆင့်စတီးချိုင့်နှင့် အတွင်းရေးမှူးမလေးက စီမံဝယ်ခြမ်းထည့်ပေးလိုက်သည်။ ဖိုးအေးက ထမင်းချက်တော့ဖြစ်သည်။ တစ်အိမ်လုံးရှင်းလည်းသိမ်းဆည်း လှည်းကျင်းမှုအလုပ်ကို ဖိုးအေးပဲလုပ်သည်။ နားအေးသလောက် ငြိမ်းချမ်းပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကြည့်ဖူးပါတယ်၊ အဲဒီ နေချိုနုနုဆိုတဲ့ မင်းသမီး ရုပ်ကလေး လှကလှနဲ့ အမူအရာလည်း ကောင်းတယ်၊ ဒီနှစ်ထဲမှာ ထိုးတင်လိုက်သလို စန်းက တက်သွားတာ"

မေမေတို့များ ကျောင်းဆရာမဟောင်းကြီးရယ်လို့ မပြောရပါ။ ပူတတ်ပင်တတ်၊ အရာရာမှာ လိုက်သိ လိုက်မြင် တတ်ပါဘိခြင်း။

မင်းခန့်ထယ် နေချိုနုနုကို စိတ်ဝင်စားပါသည်။ သူနှင့် ကိုယ်နှင့် ကြုံဆုံရပုံလေးက ဆန်း၏။ အဲသည်နေ့မှာပဲ ကိုယ်ရှက်စရာအဖြစ်နှင့် ဘဝပျက်ခဲ့ရသည်။ ဦးမင်းခန့်ထယ်ဆို သည့် စီးပွားရေးသမား ငွေရှင်ကြေးရှင် လူကုံထံတစ်ဦးအဖို့ ဇနီး အသတ်ခံရသည်ဆိုသော ပြဿနာမှာ သွေးပျက်လု ချောက်ချား ရသလို အရှက်သည်းစရာ ဖြစ်ရပ်လည်းဖြစ်သည်။

နွဲ့ကို မလွမ်းပါဘူး ဘယ်လိုဆိုဆို နွဲ့အသက်ဆုံး သည့်နေ့ကို မေ့ပစ်လို့ရနိုင်ကောင်းသည်မဟုတ်ပါ။ အဲသည်နေ့မှာ နေချိုနုနုနှင့်ဆုံခဲ့ရတာ သူ့ခမျာလေးလည်း ကိုယ့်လို အရှက်တကွဲ အကျိုးနည်းလေးနှင့် ကြုံလို့။ ကိုယ်ချင်းစာစိတ်နှင့် ဖေးကူလိုက် ချင်စိတ်သည် ပင်ကိုစိတ်ကောင်းစေတနာကောင်းပေါ်မှာ အရင်းခံ ခဲ့ခြင်းသာဖြစ်သည်။

'မင်းခန့်တယ်'ဗီဒီယိုထုတ်လုပ်ရေးမှ နေချိုနုနု ပါဝင် သည့် ဗီဒီယိုကားတစ်ကားရိုက်ဖို့ စီစဉ်ဖြစ်သွားခြင်းမှစ၍ နောက် ဆုံး စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သွားရခြင်းမှာလည်း စေတနာ ထားတတ်ခြင်း၊ ကူညီတတ်ခြင်း၊ စိတ်သွားတိုင်းကိုယ်ပါနိုင်အောင် ငွေပေါခြင်း၊ တစ်ခုခုကို ငဲ့နေဖို့မလို။ ငွေပေါတိုင်း သုံးချင်သလိုသုံး



ဖြုန်းချင်သလိုဖြုန်း။ ဒီလုပ်ငန်းပေါ်မှ ကြီးပွားတိုးတက်ကာ ပိုက်ဆံတွေ အများကြီးထပ်ရလာနိုင်သလို ဝေါခနဲ ဆုံးရှုံးသွားမှာလည်း နှမြောနေဖို့အတွက် အဲသည်လောက်ငွေကို ဂရုမစိုက်ခြင်း စသည် စသည်တို့ကြောင့်ဖြစ်၏။

အဲသည်နည်းနှင့် စိတ်ဝင်စား၊ အဲသည်နည်းနှင့် ကူညီ၊ အဲသည်လိုနှင့် ရင်းနှီး။ ခုတော့ ခင်မင်မှုဆိုသည့် သက်တံရောင်ပေါင်းကူးလေးက သူ့ရင်ထဲနှင့် ကိုယ့်ရင်ထဲ တစ်ဖက် တစ်ချက်စီမှာ အုတ်မြစ်ချ ခိုင်မြဲသွားခဲ့ရလေပြီ။ "ဦးက လွမ်းနေမှာ"လို့ မရည်ရွယ်ပါဘဲ လျှပ်တစ်ပြက်ပြောလိုက်မိ၏။

သူ့အသံလေး သတ္တုကြိုးများမှတစ်ဆင့် မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်မှ ကိုယ့်နားထဲသို့ ပြေးဝင်လာသည်။ ကိုယ့်ရင်ထဲထိ ရောက်သည်။ ရင်ထဲမှာ ဝုန်းဒိုင်းကြဲသွားသည်။ မုန်တိုင်းမွှေသလို ရင်တွင်းပစ္စည်းတွေ ဖြောင်းဆန်ကုန်သည်။ မုန်တိုင်းစဲလျှင် အပျက်အစီးကျန်သည်ဆိုပေမယ့် ယခု မုန်တိုင်းလေးစဲစပြုချိန် ရင်ခုန်နှုန်းလေး ငြိမ်စပြုချိန်မှာ ပြုံးမျက်နှာကြီးနှင့် အတိုင်းမသိ ကြည်နူးကျန်ခဲ့တာသာဖြစ်လျက် ရင်တွင်းပစ္စည်းများ ဘာတစ်ခုမျှ ကျိုးပဲ့မကျန်ရစ်ခဲ့ပါ။

နေချိုလေး။

မင်းဟာ ကိုယ့်အတွက်တော့ မုန်တိုင်းလေးတစ်ခု ဖြစ်နေတာအမှန်ပါပဲကွယ်။ ဒါပေမဲ့ အဲဒီမုန်တိုင်းလေးဟာ ကိုယ် လှိုက်လှဲပျူငှာ ကြိုဆိုတဲ့ မုန်တိုင်းလေးမို့ နာမည်ပေး ရရင်တော့ မင်းဟာ ကိုယ့်အတွက် မုန်တိုင်းချိုလေးပဲ နေချိုနုနုလေးရယ်။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



"ကိုစံချိန်လား၊ ကျွန်တော် မင်းခန့်ထယ်ပါ"

"ဩ ... သူဌေးမင်း၊ ကြားရတာ ခံ့ခံ့ထယ်ထယ်ရှိလိုက်တာ၊ မင်းခန့်ထယ်ရေ၊ မင်းကတော့ ခန့်ထယ်ပါပေတယ်၊ ငါ့မှာတော့ စံချိန်ဆိုတဲ့အတိုင်း စက္ကန့်နဲ့အမျှ ပြေးလွှားနိုင်ပါမှ ပါးစပ်တစ်ပေါက်ကို ဆို့နိုင်ပေမယ့် ဝမ်းတစ်ခေါင်းကတော့ မပြည့်ဘူးကွ"

"တော်စမ်းပါ၊ မသိရင် ခက်မယ်"

"မသိရင်တော့ ခက်မှာပေါ့၊ သိတော့ မခက်ဘူးမဟုတ်လား၊ ပြော ... အကြောင်းမဲ့ ငါ့ကိုချစ်လို့တော့ မင်း ဖုန်းမဆက်ပါဘူး၊ ငါဆက်ရင်တောင် မင်းရဲ့ ရွှေအသံတော်လေးကို နားဆင်ချင်တိုင်း ဆင်ခွင့်ရတာ မဟုတ်ဘူး"

"ကျွန်တော် မရှိလို့ပါဗျာ"

"မရှိရအောင် ဘယ်သွားနေလဲ၊ သချိုင်းကုန်းက မြေကြီးတွေ သွားနမ်းနေရင် ခွဲ့ခွဲ့အနံ့တော့ ရမှာမဟုတ်ဘူး၊ မင်း နှာခေါင်းပဲ ရွှံ့ကပ်ပြီး ဝဲပေါက်မယ်"

ခွဲ့အတွက် အတော်ကြီး ကြေကွဲနေသည်ဟု လူတွေက ထင်နေကြသည်။

"မိန်းမသေတာ လုံးဝ ဝမ်းမနည်းဘူးဗျ၊ ကိုယ့်လက်နဲ့မသတ်ဖြစ်လိုက်တာတောင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ချီးကျူးနေတယ်၊ ဒီလိုမိန်းမအတွက် ထောင်ထဲဝင်ဖို့ မတန်လို့"ဟု ပြောချင်သားပါ။



သို့ပေမဲ့ စကားဆိုတာ ရင်ထဲရောက်လာတိုင်း ပြောချလို့ဖြစ်တာမှ မဟုတ်တာ။

"မင်း တော်တော်ကြေကွဲဝမ်းနည်း နှာခေါင်းပြားနေလား"

"နှောက်က နှာခေါင်းပြားက ဘာလဲ"

"ငါလည်းမသိဘူး၊ ပြောချင်ရာပြောတာ၊ နေပါဦး မင်း မိန်းမ အသုဘချတုန်းက မင်းက ဘာလို့မငိုတာလဲ"

"ယောကျ်ားဗျ"

"ယောကျ်ား မငိုရဘူးလား၊ ယောကျ်ားမှာလည်း မျက်ရည်ရှိတယ်၊ နှပ်ထွက်တယ်"

"တော်ဗျာ၊ ကျွန်တော် ဘာဖြစ်လို့ ဖုန်းဆက်တာလဲ မေးပါဦး"

"မမေးဘူး၊ ပြောမှာစိုးလို့ စကားဖွေနဲ့ လျှောက်ပိတ်နေတာ"

"ကလောမှာပြင်နေတဲ့ ခင်ဗျားအိမ် ပြီးပလား"

"ခန့်ထယ်လေး အဲဒါညံ့တာ၊ မင်း ပိုက်ဆံတွေ စွတ်ရနေတာလေ၊ မင်းရဲ့စီးပွားရေးလုပ်ငန်းမှန်သမျှ အောင်မြင်နေတာလေ၊ မင်းတော်လို့မမှတ်နဲ့ ကံက မတရားစွတ်ကောင်းနေလို့ကွ၊ မင်း တော်တော်ညံ့တယ်"

"အဲဒါတွေကြောင့် ခင်ဗျားဆီ ဖုန်းမဆက်ချင်တာ၊ ဒါပေမဲ့ ကျွန်တော် သဘောပေါက်ပါတယ်၊ တချို့က အူကြောင်ကြောင်လူမှ ယူချင်တာ၊ ဥပမာ သင်းသင်းခိုင်လိုမိန်းမမျိုး"

သင်းသင်းခိုင်မှာ ကိုစံချိန်၏ ဇနီးဖြစ်သည်။ သင်းသင်းခိုင်တို့က ချမ်းသာသည်။ သို့ပေမဲ့ သင်းသင်းခိုင်က ကိုးတန်း

www.burmeseclassic.com

www.burmeseclassic.com



ထိပဲပညာသင်ဖူးသည်။ ပိုက်ဆံချမ်းသာပြီး ရုပ်ကလေးလှသလောက် စာညံ့ရှာ၏။ ဉာဏ်က အတော်ကြီးထိုင်းသည်။ ဆယ်တန်းကို ဘယ်လိုမှ အောင်နိုင်ခြေမရှိ။ ကိုစံချိန်က လက်လုပ်လက်စား။ ပညာတော်၏။ ဘီအက်စ်စီ အင်ဂျင်နီယာမြို့ပြဘွဲ့ ရထားသည်။ မင်းခန့်ထယ်၏ဖခင် ဦးထွန်းမင်း ကန်ထရိုက်တာလုပ်ငန်းတွေ လုပ်စဉ်ကတည်းက ကိုစံချိန်က အတတ်ပညာရှင်အဖြစ် ပါဝင်ခဲ့သည်။ မင်းခန့်ထယ်ထက် ဆယ်နှစ်လောက်ပိုကြီးသည်။

ကိုစံချိန်ကို သင်းသင်းခိုင်ဘက်မှ လူကြီးမိဘတွေက မျက်စိကျပြီး လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။ သူဌေးသမက်ဖြစ်လာသည့်အခါတွင် ကိုစံချိန်က မင်းခန့်ထယ်ဆီမှာ လခစားလုပ်စရာ မလိုတော့ပါ။ ယောက္ခမထုတ်ပေးသည့် အရင်းအနှီးနှင့် သူကိုယ်တိုင် ကန်ထရိုက်တာကြီးတစ်ဦး ဖြစ်နေခဲ့လေပြီ။

"ကဲ ... ပြော၊ ငါ ဘာကူညီရမလဲ၊ ဘာလုပ်ပေးရမလဲ၊ မိန်းမချောချော ရှာစပ်ပေးရမလား၊ သင်းသင်းညီမ လင်းလင်းကို လိုချင်ရင်တော့ရမယ်၊ ငါကတော့ သဘောတူတယ်၊ ယောက္ခမကြီးကတော့ မပြောတတ်ဘူး၊ ဟော့ ... ခန့်ထယ်လေး၊ တို့မြန်မာပြည်မှာ အဲဒီအလုပ်ကို တရားဝင် အတိလင်းလုပ်ပေးတဲ့သူ မရှိသေးဘူး"

"ဘာတွေလဲဗျာ"

"အောင်သွယ် အကျိုးဆောင်လေ၊ ခုရှိတဲ့အကျိုးဆောင် ကုမ္ပဏီတွေက အိမ်၊ ခြံ၊ မြေ၊ ကား၊ စိန်ထည်ပစ္စည်း၊ သက်မဲ့အရာတွေကို ရောင်းဝယ်ငှား၊ လိုအပ်နေသူနှစ်ဦး ကြားမှာ အကျိုးဆောင်ပေးတာပဲရှိတယ် ...



"ယောကျ်ားနဲ့ မိန်းကြားမှာ စေ့စပ်ဖို့၊ လက်ထပ်ဖို့ လုပ်မပေးကြဘူးကွာ၊ တကယ်ဆို လူလွတ်တွေ၊ အပျိုလူပျိုရော၊ မုဆိုးဖို မုဆိုးမ၊ တစ်ခုလတ်တွေရောပေါ့ကွာ၊ ကိုယ့်ရှိတဲ့အရည်အချင်းတွေ၊ ပုံစံဖြည့်ပြီး ဓာတ်ပုံနဲ့တကွ ပို့ထားလို့ရတဲ့ အကျိုးဆောင်လုပ်ငန်းတစ်ခု အတိအလင်း လိုအပ်နေပြီကွ"

"ခင်ဗျားဖွင့်ပါလား အဲဒီကုမ္ပဏီ"

"ပြောပြီးပြီ၊ ယောက္ခမကြီးက ပယ်ချလို့၊ ငါ့ကိုတောင် ချီးကျူးလိုက်သေးတယ်၊ သောက်ရူးတဲ့"

ကိုစံချိန်ခမျာ ကိုယ်ပိုင်စည်းစိမ် မဟုတ်သူမို့ သူ ဘာပဲလုပ်ချင်လုပ်ချင် ငွေကြေးမြှုပ်နှံရမည်ဆိုလျှင် မိန်းမမှတစ်ဆင့် ယောက္ခမထံ တင်ပြအစီရင်ခံရရှာ၏။

"ဒီကိစ္စ အရင်းအနှီးလိုလို့လား"

"လိုတာပေါ့ကွ၊ ကုမ္ပဏီပါဆိုမှ တိုက်ခန်းတစ်ခန်း၊ တယ်လီဖုန်းတစ်လုံး၊ စာရင်းရေးသွင်းမယ့်စာရေးက တစ်ယောက်၊ မင်း ထုတ်ပေးမလား"

"နောက်တော့ ပေးမယ်၊ အခု ကျွန်တော်ပြောတာကို နားထောင်ဦး"

"ပြော"

"ကလောက ခင်ဗျားအိမ်"

"ယောက္ခမအိမ်ကွ၊ စောစောကတည်းက စကားပြောမှားလို့ ညံ့တယ်လို့ ပြောပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ခင်ဗျားယောက္ခမအိမ်ကို ပြင်နေတာ ပြီးပလား"

"ပြီးပြီ"

"အခု ဘာလုပ်ထားလဲ ဒီအိမ်"

"ငါ့ယောက်ဖ အငယ်ဆုံးကောင် သွားစောင့်နေတယ်၊ ခုမှ ဆယ့်ရှစ်နှစ်ရှိသေးတယ်၊ ဆယ်တန်းအောင်ထားတာ၊ ဒီတစ်ခါဖွင့်မှ ပထမနှစ်တက်ရမယ့်ကောင်၊ ငါ့ယောက္ခမက သိတယ်မဟုတ်လား၊ စီးပွားရေးမျက်စိတော့ ပြူးတယ်မောင် ...

"အဲဒီနွားလေးကလည်း ဘမျိုးဘိုးတူ အဲဒီအိမ်ကို ဟိုတယ်ဖွင့်မလို့တဲ့၊ အလုပ်သမား၊ ဘာညာက အဲဒီကလောမြို့ထဲကပဲ ပြန်ငှားရမှာဆိုတော့ သူငယ်က အဲဒီကိစ္စ သွားလုပ်နေတာ ...

"စိတ်ကြိုက်လူရွေးမှာနဲ့ ခြံကို လှအောင်ပြင်မှာဆိုတော့ နှစ်လ၊ သုံးလ ကြာဦးမယ်၊ ဒီကောင်က အဲဒီအလုပ်မှာ အဆင်ပြေရင် အဝေးသင်ပြောင်းမယ်တဲ့၊ သူလည်း ပြူးတာပဲ၊ စီးပွားရေးမျက်စိ"

"ကျွန်တော် တစ်လလောက်ငှားရင် ရမလား"

"မင်းက ..."

"ဟုတ်တယ်၊ ကျွန်တော့်မိတ်ဆွေ ကလောမှာ သွားအနားယူတုန်း ခင်ဗျားအိမ် ..."

"ယောက္ခမအိမ်"



"အဲဒီယောက္ခမအိမ်ကို ခဏငှားနေမယ်၊ ခင်ဗျားတို့ ဟိုတယ်ဖွင့်တဲ့အချိန်ကျတော့ ကျွန်တော့်မိတ်ဆွေကလည်း ရန်ကုန်ပြန်လာမှာနဲ့ အတော်ပါပဲ၊ အိမ်က ကောင်းရဲ့လား"

"ဘာကောင်းသလဲ မမေးနဲ့ ဦးစံချိန်ကိုယ်တိုင် သွားပြင်ထားတာ အပျံစား၊ အခန်းတွေမှာ နံပါတ်တပ်ထားတာ စုစုပေါင်း တစ်ရာ့လေးဆယ်"

"ကြီးလှချေလား၊ အခန်းပေါင်း တစ်ရာ့လေးဆယ်တောင် ရှိတယ်"

"အခန်းနံပါတ် စတပ်ကတည်းက တစ်ရာ့တစ်က စတပ်တာကွ"

"ဟာဗျာ"

"အခန်းက လေးဆယ်ထဲ၊ ဟိုတယ်တွေ၊ မိုတယ်တွေ အင်းတွေ တချို့ ဒီလိုပဲ အခန်းနံပါတ်ခိုးကြတာပဲ"

"ဘာဖြစ်လို့လဲ"

"မသိဘူး"

"ကောင်းတယ်"

"ကောင်းတာတော့ မပြောနဲ့၊ မင်းမိတ်ဆွေက ဘယ်နှယောက်လဲ"

"နှစ်ယောက်"

"နှစ်ခန်းလား"

"တစ်အိမ်လုံးငှားမှာ"

"ဟိုက် ... မင်းမိတ်ဆွေနှစ်ယောက်က တစ်နာရီကို တစ်ခန်းပြောင်းဖို့ စိတ်ကူးရှိလား"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက်ကလွဲရင် ဘယ်သူမှ မရှိစေချင်တဲ့ သဘော"

"ငါ့ယောက်ဖရှိမယ်၊ တိုက်မကြီးကို စင်္ကြံနဲ့ဆက်ထားတဲ့ မီးဖိုဆောင်ရဲ့ဘေးခန်းမှာ ထမင်းချက်မိသားစုရှိတယ်၊ လောလောဆယ် ပြောတာ"

"ထမင်းချက်မိသားစုကဖြစ်တယ်၊ ထမင်းချက်ကျွေးမယ့်သူတောင် ရသေးတယ်၊ ခက်နေတာက ခင်ဗျားယောက်ဖ"

"မခက်ပါဘူးကွ၊ ကောင်လေးက သဘောကောင်းပါတယ်"

"တစ်အိမ်တည်း တူတူနေလို့ ဖြစ်မလားဗျ"

"အံ့မယ်လေး... ကောင်ရာ၊ တိုက်ကြီးက အကြီးကြီး။ မင်းမိတ်ဆွေလင်မယား ..."

"သားအမိဗျ၊ မိန်းမသားနှစ်ယောက်"

"အဲဒီသားအမိ၊ ငါ့ယောက်ဖမျက်နှာကို မော်ဖူးချင်ရင်တောင် တကူးတက စီစဉ်ရမှာပါ၊ မင်းရဲ့သားအမိက တစ်ထပ်နေလို့ မလောက်ဘူးလား"

"လောက်တော့ လောက်တာပေါ့၊ ဒပ်ဘယ်ရွှန်း(Double Room)တစ်ခန်းတည်းနဲ့တောင် လောက်သေးတယ်၊ လူတွေနဲ့ တူတူပေါင်းမနေချင်လို့ လူတွေ့မခံချင်လို့"

"ကိုယ်ရေပြားရောဂါတော့ မရှိပါဘူးနော်"

"ကြံကြံဖန်ဖန် ဘယ်ကရှိရမှာလဲ"

"ဒီလိုလုပ်"

"ကောင်းသားပဲ"

"ငါလည်း ဘာမှ မပြောရသေးဘူး"



"ဒါဖြင့် ပြောတော့"

မင်းခန့်ထယ် ပျော်လာသည်။ ကိုစံချိန်နှင့် စကားပြောရတာလည်း ပျော်သည်။ ပြီးတော့ သူပြောနေသည့် စကားလုံးတိုင်းသည် နေချိုနုနုကိစ္စတွေချည်း ဖြစ်နေရတာလည်း ပျော်သည်။ မအားမလပ်နိုင်လွန်းသူမို့ အချိန်တစ်မိနစ်ပုပ်မှာတောင် စိုးရွံ့နေရသူက နေချိုနုနုအတွက် စီမံပေးနေသည့်အချိန်ကို ဒလဟောကြီး သွန်ချသုံးပေးချင်နေသည်။

"အခန်းလေးဆယ်မှာ သုံးဆယ်က နည်းနည်းကျဉ်းတယ်၊ ကျဉ်းတယ်ဆိုပေမယ့် ကျယ်ပါတယ်ကွာ၊ ဒီလောက်မဟုတ်ပါဘူး၊ ဟိုဘက်ဆယ်ခန်းနဲ့စာရင်ပြောတာ၊ အဲဒီအခန်းသုံးဆယ်က သုံးထပ်ကွ၊ ဟိုဘက်က ဆယ်ခန်းက နှပ်ထပ်၊ ဒါကြောင့် နှစ်ထပ်ခွဲဖြစ်နေတာ ...

"အဲဒီသုံးထပ်နဲ့ နှစ်ထပ်ကို အလယ်ကောင်က အုတ်ထရံက ပိတ်ကာပြီး ခြားထားတာ၊ ဒီဘက်က ဆယ်ခန်းနဲ့ဟိုဘက်က အခန်းသုံးဆယ်က လူတွေ တွေ့ချင်ရင် ခြံထဲဆင်းမှ တွေ့ရတယ်၊ ဧည့်ခန်းသပ်သပ်၊ ထမင်းစားခန်းသပ်သပ်၊ လုံးဝ သီးသန့်ဆိ"

"ဘာဖြစ်လို့ အဲဒီလိုဆောက်တာလဲ"

"မသိဘူး၊ ကောင်မလားလို့လုပ်ကြည့်တာ၊ နှစ်ထပ်ကမူလတိုက်၊ သုံးထပ်က လာပူးပြီး အသစ်ဆောက်တာမဆိုးဘူးကွ၊ လှတယ်၊ မင်းရဲ့သားအမိက နှစ်ထပ်ဘက်ခြမ်းမှာနေပေါ့ကွ၊ ကောင်လေးက သုံးထပ်ဘက်ခြမ်းမှာနေမှာ၊ ကောင်လေးရှိနေတာလည်းမဆိုးဘူး၊ အားကိုးရတာပေါ့ကွာ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ကလောကို ရောက်ဖူးသားပဲ၊ အဲဒီ ဘက်ခြံတွေ၊ ဝင်းတွေက အကျယ်ကြီးတွေ၊ ခေါမကြား၊ အော်မကြားနဲ့၊ ယောက်ျားလေးတစ်ယောက် ဟိုဘက်ခြမ်းမှာရှိနေတော့ ကောင်းတာပေါ့ကွာ"

"မဆိုးဘူး"

"မဆိုးဘူး၊ ဒီကောင်လေးက မင်းလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ပိုက်ဆံရှာချင်တဲ့ စီးပွားရေးသရဲ ဖြစ်တာကလွဲရင် ဆယ်တန်းကို နှစ်ခါဖြေမှ သင်္ချာဂုဏ်ထူးတစ်လုံးနဲ့ အောင်တာကလွဲရင် ဆေးလိပ်တောင် မသောက်တတ်ဘူးကွ"

"ကဲ ... ပြော၊ အခန်းခ ဘယ်လောက်ပေးရမလဲ"

"ငါ့ယောက်ဖက ခန်းဆီးတွေတပ်၊ ပန်းအိုးတွေ၊ အလှပစ္စည်းတွေဆင်လုပ်နေမှာ၊ ခြံထဲမှာလည်း လင်းစကေ့ပ်ပ်း (Land Scaping)လုပ်နေမှာ၊ ဒီနေရာမှာပန်းခြံလေး၊ ဒီနေရာမှာ ကျောက်ဆောင်၊ ဒီနေရာမှာရေကန်၊ စမ်းချောင်းအတု စကာပြီး လုပ်ဖို့ ရန်ကုန်မှာကတည်းက ပုံစံဆွဲသွားတာ၊ သူ့အလုပ်တွေပြီးလို့ ဟိုတယ်ဖွင့်ပြီဆိုရင် မင်းရဲ့သားအမိက ဆက်နေချင်သေးရင် နှစ်ယောက်ခန်းတစ်ခန်း၊ ဒါမှမဟုတ် တစ်ယောက်ခန်း နှစ်ခန်းပဲ ရတော့မယ်၊ အဲဒါ သဘောတူလား"

"အဲဒီအချိန်ကျရင် ကျွန်တော်ကိုယ်တိုင် ကလောကိုတက်ခေါ်ပြီးပြီးသားနေမှာ"

ဒီဝါကျ ဘာကြောင့် ပြောဖြစ်လိုက်မှန်း မသိပါ။ ရင်ထဲမှာ ခိုင်လုံစွာပြောဖြစ်သွားတာ သေချာနေသည်။ နေချိန့်



တို့သားအမိ တစ်လ နှစ်လကြာလို့မှ ပြန်မလာရင်၊ ဘာပဲဖြစ်ဖြစ် မင်းခန့်ထယ် လိုက်ခေါ်ဖြစ်မှာ သေချာ၏။ ဗီဒီယိုကားကလည်း ရိုက်ရဦးမှာလေ။

"ဒါဆို အိုကေတယ်"

"အခန်းခ"

"မအိုကေသေးဘူး၊ မင်းနဲ့ငါနဲ့ ပြောသမျှတွေ ငါ့ယောက္ခမကြီးကို ပြန်ပြောရဦးမယ်"

"ရအောင်ပြော"

"ပြောမယ်"

"အိုကေပြီပေါ့"

"အခန်းခ ဘယ်လောက်တောင်းမယ် ငါမသိဘူး"

"ဘယ်လောက်တောင်းတောင်း ပေးမယ်ဆိုရင် အိုကေမလား"

"ကေတယ်"

"ဒါပဲနော်၊ ဖုန်းချပြီ"

ကလောကို ဖုန်းပြန်ခေါ်ရဦးမှာလေ။ သည်နေ့အဖို့ရာတော့ တစ်နေကုန် တယ်လီဖုန်းပြောနေရတာနှင့်ပဲ ဘာအလုပ်မှ လုပ်ဖြစ်တော့မည်မထင်ပါ။ ဒါလည်း အလုပ်တော့အလုပ်ပဲပေါ့။ ပိုက်ဆံရမှ အလုပ်လို့ခေါ်ရမှာလား။ ပိုက်ဆံရစရာမလိုတဲ့ 'စေတနာ' အလုပ် 'မေတ္တာ'အလုပ်တွေ လောကကြီးမှာ ရှင်သန်နေကြတာ အများကြီး၊ အများကြီး မဟုတ်လား။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

BURMESE CLASSIC .com

"ပြန်တော့မှာလား၊ စိတ်မကောင်းဘူး"

ဟိုတယ်ဝန်ထမ်းများက နှုတ်ဆက်ကြသည်။ နေချိုနုနုက တစ်ဖက်မှာ သူ့လိပ်စာ၊ တစ်ဖက်မှာ စာရွက်ဖြောင်အတိုင်း ရှိနေသည့် ကတ်ပြားလေးပေါ်တွင် ဖြောင်ဘက်ခြမ်းမှာ လက်မှတ်ထိုး၍ အမှတ်တရ လက်ဆောင်ပေးသည်။

"ဓာတ်ပုံရချင်တာ"

"တကယ်ပါ၊ တစ်ပုံမှပါမလာဘူး၊ အပန်းဖြေသက်သက်မို့ လူမသိအောင်တောင် အဘွားကြီးဒီဖိုင်း ဆင်ခဲ့တာ၊ ရွဲသွားတာပဲ အဖတ်တင်တယ်၊ လူမှတ်မိခံရတာပဲ"

"မရွဲပါဘူး၊ ဘယ်လိုနေနေ လှတာပါ"

"ပြန်တော့မယ်"ဟုပြောပြီး ဦး စီစဉ်ပေးသည့်အိမ်မှာ ပြောင်းနေမည့်အတွက် ရင်ထဲမှာ ပျော်နေသည်။ တစ်လကုန်အောင်ကို နေချင်သည်။ နာမည်မကြီးခင်တုန်းကတော့ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာကြီးတွေဆီမှာ ...



"ခိုင်းစရာရှိရင် ခိုင်းပါဆရာ"ဟု တစ်ဖက်သားနားငြီးလောက်အောင် အပူကပ်ရင်း၊ ကိုယ့်ဣန္ဒြေ ခြုံစောင်လေးလည်း မလစ်ရအောင် ထိန်းရင်း ဓော်တော်လေး မျက်နှာငယ်ခဲ့ရသည်။

"အတည်လေး ... အဲဒါတွေ တစ်ခုမှ လုပ်စရာမလိုဘူး၊ ငါ ပြန်လာရင် ငါလုပ်ကျွေးမှာ"

ကျော်က ဖုန်းလှမ်းဆက်၍ မာန်မဲသေးသည်။

ဩော် ... ကျော်။ ငယ်သူငယ်ချင်း။ သူ့ကိုလည်း မမေ့နိုင်ပါဘူးလေ။ ကိုယ့်အပေါ်မှာ ဘယ်တုန်းကမှ မဆိုးခဲ့သည့် သူငယ်ချင်းမို့ ခင်မင်မှုတံတားကလေးကို ကိုယ့်ဘက်ကစပြီး ချိုးမပစ်ချင်ပါ။ သို့ပေမဲ့ ခုနေတော့ ရှောင်ကိုရှောင်ရမှာပါ။ ကျော်က သူ့အဖေ၊ သူ့အမေ အင်အားသုံးပြီး အေးဆေးရိုးသားသဘောကောင်းလှသည့် မေမေ့ထံမှာ အပ်ရေးဆိုလျှင် မေမေဆိုသော မြို့ရိုးက ကြံ့ကြံ့ခံနိုင်ဖို့ မလွယ်ပါ။

မျက်နှာငယ်ခဲ့စဉ်က ကာလနှင့် ခုကာလကလည်း ကွာချင်တိုင်းကွာ၏။

"ရက်ချိန်းပေးပါ မင်းသမီးရယ်၊ တို့များလည်း သနားပါဦး"

ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာတွေ အောက်ကျို့ရမည့်အလှည့်သို့ ရောက်ခဲ့၏။ ခေတ်က မင်းသားခေတ် လိုတော့ဖြစ်နေသည်။ နယ်ကိုယ်စားလှယ်တွေက ...

"မင်းသား ဘယ်သူလဲ"

"ထိုးရဲကြိတ်ရဲလား"

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကားတစ်ကား ဝယ်ခါနီးလျှင် အဲသည်လို မေးတတ်၏။

"ထိုးတယ် ထိုးတယ်၊ ဓာတ်ကြမ်း၊ တစ်ယောက်နဲ့ဆယ်ယောက်ချလည်း တစ်ယောက်နိုင်တယ်"

ရယ်စရာလိုလိုနှင့် အတည်ပြောရ၏။

"မင်းသားက သိတယ် မဟုတ်လား"

BURMESE CLASSIC .com

မင်းသမီး ဘယ်သူလဲဆိုတာ မေးသူက ဆယ်ယောက်မှာ တစ်ယောက်လောက်ပါသည်။ ဒါကြောင့်လည်း ထိပ်ဆုံးမင်းသား ခုနစ်သိန်းလောက်ရနေချိန်မှာ တိပ်တန်းမင်းသမီးက တစ်သိန်းတောင်ပြည့်အောင်မရချင်ပါ။ မင်းသားကို လေးငါးသိန်းပေးငှားပြီးလျှင် ကုန်ကျစရိတ် ချွေတာသည့်အနေနှင့် နှစ်သောင်းသုံးသောင်းလောက်နှင့် ပြီးသော မင်းသမီးကိုလည်း သုံးချင်ကြသည်။ တိပ်တန်းမင်းသမီးကို ရှစ်သောင်း၊ တစ်သိန်းပေးဖို့ ဝန်လေးကြသည်။ ဓာတ်ပို့ဓာတ်ရုံဆိုလျှင် ထောင်ဂဏန်းပဲရရှာ၏။

နေချိုနုနုက တစ်ဟုန်ထိုး တက်လာသည်။ ဗီဒီယိုတွေတင်မကပါ။ ဒီနှစ်ထဲမှာ ကားကြီးနှစ်ကား ရိုက်ဖြစ်လိုက်သည်။ စီးပွားရေးကြော်ငြာတွေမှာ 'နေချိုနုနု'၏အပြုံးနှင့် နှုတ်ခမ်းထူထူ ဝိုင်းဝိုင်းလေးကို လူတွေ စွဲမက်ကြသည်။

"မင်းသမီးတွေကို သနားလည်းသနားပါတယ်၊ အားလည်းနာပါတယ်၊ မင်းသားခေတ်ဖြစ်နေတော့ မင်းသမီးနဲ့ မင်းသားရတဲ့ အနုပညာကြေးကလည်း သိပ်ကွာတာပဲ၊ ဒါပေမဲ့ မင်းသားကို အရမ်းပေးထားရတော့ မင်းသမီးက နာမည်ကြီးလာလို့ ဈေးမြှင့်ပြီဆိုရင် ...



"နာမည်ယူစပြုနေတဲ့မင်းသမီးတွေဘက်ကို ဈေးသက်သက်သာသာနဲ့ လှည့်ကြရတဲ့ ကုမ္ပဏီများနေတယ်၊ ငွေထောတဲ့ကုမ္ပဏီလောက်သာ မင်းသမီးကြီးကြီးကို သုံးနိုင်တာတဲ့"တဲ့။

နေချို့ဆရာသမားများက ပြောသည်။

"အဲဒီနည်းနဲ့ မင်းသမီးတွေဟာ တော်လည်းတော်ရဲ့သားနဲ့ ဈေးမြှင့်လိုက်ပြီဆိုရင် ကားတွေထဲမှာ အမြင်အတွေ့ နည်းသွားရရော၊ ဈေးမတက်နဲ့ ပြောဖို့ရာလည်း မတရားဘူး၊ ဆရာ သိတယ် ...

"မင်းသားနဲ့ ကွာလွန်းတော့ မင်းသမီးတွေ ခံစားကြရရှာမှာပဲ၊ ဘာပဲဖြစ်ဖြစ် သမီးက ဈေးမမြှင့်လိုက်နဲ့ဦး၊ ဒီဘက်မှာ ကြော်ငြာကလည်း တစ်ခုကို တစ်နေကုန်ရိုက်ပေးရုံနဲ့ တစ်သိန်းကျော်ရနေတဲ့ဟာ"

တစ်ပတ်ဆယ်ရက် ရိုက်ပေးရသည့် ဗီဒီယိုတစ်ကားလုံး၏ သရုပ်ဆောင်ကြေးကမှ နေချိုနုနု ဆိုလျှင် ခြောက်သောင်းပဲယူသည်။ သူ့ဆရာ၏ ဩဝါဒကြောင့် ဈေးမမြှင့်သေးပါ။ ကြော်ငြာရိုက်တာက တစ်နေ့တည်းနှင့်လည်း ပြီးသည်။ ဗီဒီယိုထက် နှစ်ဆလည်းရသည်။

"ကားမရိုက်တော့ဘူး၊ ကြော်ငြာပဲရိုက်စားတော့မယ်" ဆိုသူကမရှား။

တချို့ဆို ဝေါလ်ရှီ (Wall sheet)နှင့် ကြော်ငြာသရုပ်ဆောင်ခ တစ်နေ့တည်းနှင့် နှစ်သိန်းထိရသည့် မင်းသမီးတော့ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကကတော့ ကိုယ့်မျက်နှာလေး ဘယ်နေရာပဲ ပါရပါရ ပရိသတ်တွေ့ခွင့်ရလျှင် ပြီးရော။ အဆိုတော်တွေ အောက်ဒိုးသီချင်းရိုက်လျှင်လည်း သရုပ်ဆောင်ပေးမယ်နော်။ မေတ္တာနဲ့ ကူညီမှာပါ ပြောရတာအမော။

ခုတော့လည်း မောတာပါပဲ။ ခုအမောက ရှောင်ရတိမ်းရသည့်အမောပါ။ နာမည်ကြီးတာချင်းတူတူမှာ သရုပ်ဆောင်ကြေး မတိုးသေးသော နေချိန်နှ နောက်မှာ ထုတ်လုပ်သူတွေ တကောက်ကောက်လိုက်နေကြရသည်။ ကားကြီးဖလင်အခက်အခဲကြောင့် ဒီလထဲမှာ အရက်နှစ်ဆယ် အားတာကိုသာ ပရိုဂျူဆာတွေသိလျှင် လိုက်လာကြလိုက်မည့်ဖြစ်ခြင်း။

တစ်ရက်နှင့်တစ်ရက် ဆက်ကာ အမောဖြေဖို့တောင် မအား။ မနားတမ်း ရှိခဲ့ရသမျှ ခုမှ အတိုးနှင့်နားနေရတာ အရမ်းကို ကျေနပ်သဘောကျနေရတော့သည်။

"နောက်တစ်ခါ အနားယူမယ်ဆိုရင်လည်း ဒီကိုပဲ ပြန်လာနော်"

"စိတ်ချ၊ ကလောမြို့လေးကိုလည်းချစ်တယ်၊ ကလောဟိုတယ်ကိုလည်း ချစ်တယ်"

"တစ်ဖက်သား စိတ်ကျေနပ်အောင် ပြောတတ်တဲ့ မမကိုလည်း ချစ်တယ်"

"တကယ်ပြောတာ၊ ကားရိုက်ရင် ဟိုဟိုသည်သည် မြှောက်ဖူးပေါင်းများလှပြီ၊ ကလောကတော့ လှကိုလှတာ၊ နေရတာလည်း အေးအေးချမ်းချမ်းနဲ့ ကလောမြို့လေးဟာ မြို့နဲ့ကိုမတူတာ"



"တောနဲ့တူနေလို့လားဟင်"

"ပန်းချီကားလေးတစ်ချပ်နဲ့တူနေလို့ပြောတာ၊ လှလည်း လှတယ်၊ ချစ်စရာလည်းကောင်းတယ်၊ ဈေးထဲလည်းသွားကြည့်ပြီးပြီ၊ ဝယ်လို့ခြမ်းလို့ကောင်းတယ်၊ ဆက်ဆံရေး အရမ်းပြေပြစ်ကြတာပဲ"

"ဈေးနေ့တုန်းက သစ်ခွပင်တွေ သွားမဝယ်ဘူးလား၊ အနီးအနားက လာရောင်းကြတာ၊ မျိုးလည်းစုံတယ်၊ ဈေးလည်းတအားပေါတာ"

"မဝယ်လိုက်မိဘူး၊ ဝယ်မိလည်း သစ်ပင်လေးတွေကို သနားရမှာပဲ၊ စိုက်ပျိုးရေးမှာ ပါရဂူမြောက်အောင် ညံ့ပါတယ်"

ရယ်မောဖြစ်ကြသည်။

"ပန်းကိုတော့ ချစ်တယ်၊ ပန်လည်းပန်ချင်တယ်၊ ပန်းတစ်ပွင့် ပွင့်လာအောင် စိုက်ဖို့ကျတော့ ဝါသနာပါပါတယ်၊ ညံ့ကိုညံ့တာ၊ ဘာစိုက်လို့မှမဖြစ်ဘူး၊ ခွေးသေးပန်းပင်တောင် သူ့အရွက်ကို အရည်ညှစ်သောက်ရင် ချောင်းဆိုး ပျောက်တယ်ဆိုလို့ သွားရူးတာ ...

"တစ်ခါပဲ ရူးလိုက်ရတယ်၊ နောက်တစ်ခါ ရူးမယ်လို့ သွားကြည့်တော့ အပင်သေနေပြီ၊ အဲဒီလောက်သိလား"

အားလုံးက ဝိုင်းရယ်သည်။

အဲသည်အချိန်မှာပဲ ဟိုတယ်ဧည့်ကြိုဆောင်ရှေ့သို့ ကားတစ်စီးထိုးဆိုက်လာသည်။ ဆန်နီစူပါဆလွန်း အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



လေး။ ပြတင်းမှန်အနက်တွေ အားလုံးပိတ်ထားသည်။ နေချိုနုနု က ကိုယ်လေးနွံ့၍ ခေါင်းကလေး ရှေ့ကဲကာ ကားနံပါတ်ကို ဖတ်လိုက်သည်။

ဦးပြောထားသည့် ကားနံပါတ်။

"သွားပြီနော်၊ မိတ်ဆွေရဲ့ကား ရောက်လာပြီ"

"ကားနဲ့ ပြန်မှာပေါ့"

ရထားချိန်မဟုတ်ဘဲ ငွေရှင်း၊ မှတ်ပုံတင်တောင်း၊ လက်ဆွဲအိတ်လေးတွေ သယ်ချလာကတည်းက ကားနှင့်ပြန်မှာပဲ ဟု ထင်ထားကြသည်။ တချို့ သည်လိုပဲ ဆလွန်းကားတွေ စင်းလုံးငှား၍ ပြန်ကြတာတွေရှိ၏။

"တောင်ကြီးကို သွားဦးမှာ"

"ရှော့ပင် (Shopping)ဈေးဝယ်ပေါ့"

"ဟုတ်တယ်"

"အရင်ရောက်ဖူးလား"

"ရောက်ဖူးတယ်၊ မြို့လယ်ကောင် ကုန်တိုက်တွေနဲ့ မိနီမား ကတ်တွေနားကတော့ ရန်ကုန် သိမ်ကြီးဈေးနားတစ်ဝိုက်လို အရမ်းစည်တယ်နော်"

"စပ်စံထွန်းဈေးထဲ ဝင်မမွှေလို့ ဖြစ်ပါ့မလားပဲ"

ချင်းမိုင်ဆိုသည့် မီနီမားကတ်သို့ နေချို ရောက်ခဲ့ စဉ်က နေချို ကားတစ်ကားမျှ ထွက်မလာသေးပါ။ ရိုက်တာက တော့ တတိယမြောက်ကားဖြစ်သည်။ အဲသည်က နေချို တီရှပ် တွေနှင့် သူတို့က 'ချင်းမိုင်အင်္ကျီ'ဟုပြောသော အင်္ကျီတစ်ထည် ဝယ်ခဲ့သည်။ ချင်းမိုင်မီနီမားကတ်က နောင်တစ်ချိန်မှာ "နေချိုနုနု"



ဆိုပြီး စန်းတက်လာမည့် မင်းသမီးပေါက်စ။ သူတို့ထံမှ အင်္ကျီတွေ ဝယ်သွားတာ သိလိုက်မည်မထင်ပါ။

"သွားမယ်နော်"

"မမက ဒီနေ့မှပဲ လှလှပပ ပြင်တော့တယ်၊ ဒါပေမဲ့ နေ့တိုင်းလည်း လှတာပါပဲ"

နေချို အပြုံးလွန်၍ အရယ်သို့နွယ်သော ရယ်ပြုံးနှင့် လက်ပြ၍ နှုတ်ဆက်လိုက်သည်။ နေချို အိတ်ကို ခွင်မင်မှုဖြင့် ဝင်ဆွဲပေးကြ၏၊ နေချိုက သူတို့ပြောမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ ကြည့်မိသည်။ အောက်ခံရှင်မီး ကိုယ်ကျပ်အနက်ရောင်လေးက စမော်ကင်ကွက်ဖော်၍ တွန့်တွန့်ရှုံ့ရှုံ့လေးတွေ လုပ်ထားတာမို့ လှလွန်း၏။ အဲသည်အပေါ်က ဇာအနက်ဆင့်နားရွက် လက်စက၊ ကိုယ်ကျပ်ကွက်တိမဟုတ်ပေမယ့် သိပ်မပွလှဘဲ ခါးမှာ စုချည် ထားသည့် ပုံစံကလေးက ချပ်ရပ်လှပနေ၏။ လုံချည်က ပိတ် ဖောက်ဇာ အနီရဲရဲရောင်လေး။

သူများတွေ အင်္ကျီချုပ်ဝတ်ကြသည့် ပိတ်ဖောက် ဇာကို နေချိုက လုံချည်ချုပ်ဝတ်ရတာ သိပ်ဝါသနာပါသည်။ ရှမ်းမိုင်းတွေ ခေတ်စား၍ ဖြောင့်ရောင်စုံကလေးဆိုလျှင် ရှမ်းမိုင်း၊ ဘီဘဲနှင့် ဘီဘဲဖုတွေ ဝတ်ကြတာများ၏။ နေချိုမှာ ရှိသမျှ ဖြောင်လုံချည်တွေအားလုံးကတော့ ပိတ်ဖောက်ဇာချည်းဖြစ်သည်။

"ကျေးဇူးအရမ်းတင်တယ်နော်"

ကလောဟိုတယ်ကို နှုတ်ဆက်ခဲ့ပါ၏။

ကားနားသို့ အမျိုးသမီးအုပ်စု ရောက်လာသည်နှင့် နောက်ဘက်ခန်းတံခါးကို လှမ်းဖွင့်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... နောက်ဖုံးလေး ဖွင့်ပေးပါဦးနော်"

ဟိုက် ... ရှားလပတ်စ်။ သွပ် ... သွပ် ... သွပ် ...ဟု အော်လိုက်ချင်၏။ သူငယ်ချင်း အသုံးလုံးကို သတိရလိုက်သည်။ သူ့နာမည်က ဆန်းသလောက်ရှားသည်။ ရှားဆို မည်သူမျှမှည့် မည်မထင်ပါ။ ခုထိ နာမည်တူဆိုလို့ မကြားဖူးသေးပါ။

'အုံ့အောင်အေး'တဲ့။ တနင်္ဂနွေသား စစ်စစ်ကြီး။

'အသုံးလုံး'ဟုပဲ ခေါ်လိုက်ကြသည်။ အသုံးလုံးဆိုရာတွင် 'အ'သံကို သတ်သတ်ခွဲ၍ အသုံးလုံးဟု ခေါ်ကြခြင်း မဟုတ်ပါ။ အားလုံးကို တစ်ဆက်တည်း အသုံးလုံးခေါ်ပစ်လိုက်ခြင်းဖြင့် နာမည်က ဆန်းသည်ထက် ပိုဆန်းသွားရတော့သည်။ အဲသည်ကောင် စာဖတ်ဝါသနာပါသည်။ သူမဖတ်ဖူးသည့် စာရေးဆရာမရှိသလောက်ရှားသည်။ 'အီကြာကွေး'၊ 'ဂုရုကွေး'၊ 'ကွေးရှင်ကြီး'နှင့် ကိုယ့်ဘာသာ ကင်ပွန်းတပ်လျက် လက်မထောင်ပြတတ်သေးသည်။

ဆရာကြီးကွေး၏ အတုကို ယူထားသည့် အသုံးလုံးက တစ်ခုခုကို ကျေနပ်အံ့သြသွားပြီဆိုလျှင် ဟိုက် ... ရှားလဘတ်စ် သွပ် ... သွပ် ... သွပ် ဟု အော်၏။

"ဘာလဲ ... ဟိုက် ရှားလဘတ်စ် သွပ် ... သွပ် ... သွပ် ဆိုတာ"

စာချည်းကုန်းကျက်ပြီး ဝတ္ထုလေးတစ်ပုဒ်လောက် ဖတ်လိုက်မိလျှင် သည်ဘဝအဖို့ရာမှာ သိပ္ပံဝိဇ္ဇာဒီဂရီဘွဲ့ထူးနှင့် လွဲတော့မလောက် အချိန်တွေဖြုန်းမိလေခြင်းဟု အကြောက်ကြီးတတ်သည့် ညီညီမောင်က တကယ်ပင်မသိ၍ မေးရှာ၏။



"မှတ်ထား၊ အံ့သြသွားတယ်၊ ပီတိဖြစ်သွားတယ်၊ ကျေနပ်သွားတယ်၊ သိပ်တော့ မပြောတတ်ဘူးကွ"

"မပြောတတ်ရင် မပြောဘဲနေပါလား"

"ပြောတော့ပြောမယ်၊ စာပေမှာ အရသာကိုးမျိုး ရှိတာသိလား"

"မသိဘူး"

"ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ၊ နော အရသာတဲ့၊ အဲဒါတွေရော သိလား"

"မသိဘူး"

"လောကကြီးမှာ မသိတဲ့လူကို တရားဟောရတာ အမြိန်ဆုံးပဲ၊ အဲဒီအရသာကိုးမျိုးထဲက လေးငါးမျိုးလောက်ဆိုတော့ တစ်ဝက်ဆိုပါတော့၊ ဟိုက် ရှားလဘတ်စ် သွပ် သွပ် သွပ်ထဲမှာ ရသကိုးပါးရဲ့ တစ်ဝက်တိတိပျော်ဝင်နေတယ်လို့မှတ်ထား"

အံ့အောင်အေးက ဆရာကြီးကွေးကို တကယ်ပဲ ကြိုက်၏။ ခု ... ထွန်းထွန်းခိုင်၊ အံ့အောင်အေး၏ လေသံနှင့်ကို အံ့သြချီးကျူးလိုက်ချင်ပါ၏။ ခေတ္တမျှ သေငယ်သေသည်။

ကားပြတင်းပေါက်တွင်းသို့ ငုံ့ဝင်လာသည့် မျက်နှာဝင်းဝင်းက မွတ်ညက်ပြေပြစ်နေ၏။ အပြစ်အနာအဆာကင်းနေ၏။ မျက်ခုံးစိမ်းစိမ်း မည်းမည်းလေးက အပြားနည်းနည်းကြီးသလိုပေမယ့် အလွန်ကျက်သရေရှိ၏။ မျက်ဝန်းလေးတစ်စုံက တစ်ဖျပ်ဖျပ်လက်ကာ ချိုချိုရီရီရှိ၏။ ကြော့ကြော့ရှင်းသည့် နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကူညီစရာ မလိုတော့ပါဘဲ လှလွန်းနေပါပြီ။ ခုတော့ လှပအချိုးကျစွာ ကူညီပံ့ပိုးသည်မို့ ထူထူဝန်းဝန်း၊ နှုတ်ခမ်းရဲရဲလေးကို လုံးဝအမှတ်မပေးဘဲ ထားလျှင်တောင် အလှဖရားမလေးက အလှဂုဏ်ထူးထွက်နေပါပြီ။

"ကိုထွန်းထွန်းခိုင်ပေါ့နော်"

"ဟုတ်ကဲ့"

တစ်ခွန်းသာဆိုနိုင်လျက် ဝေါဟာရအားလုံး ပျောက်ဆုံးသွားတော့သည်။ ငြိမ့်ခနဲလျှော၍ မောင်းထွက်ခဲ့ရာတွင် ဗိညာဉ်က ကိုယ်ခန္ဓာမှ ဖယ်ခွာထွက်ခါ တိမ်တွေထဲမှာ သွားဝဲနေသလားထင်မိသည်။ အသက်ရှူဖို့တောင် မေ့လေ၏။

✧ ❦ ✧

နေချိုနုနုပါဝင်သော ဗီဒီယိုကားများကို ကြည့်ဖူးသည်"လှလှချည်"ဟု အသည်းမစွဲခဲ့ပါ။ သူ့ထက်မလှတောင်တန်းတူလှသည့် သရုပ်ဆောင်အမျိုးသမီးတွေရှိသည်။ သူ မော်ဒယ်လုပ်ပေးသော ကြော်ငြာတွေကို ကြည့်ဖူးပါသည်။ ဗီဒီယိုကားထဲမှာထက် ပိုလှသည်ဟုထင်၏။ ကြော်ငြာက တစ်နေ့တည်း။ အစွမ်းကုန်ပြင်၍ သရုပ်ဆောင် ပရိသတ်မြင်ရချိန်က မိနစ်ဝက်ခန့် တည်းဖြတ်ဆရာတွေကလည်း မလှတာတွေ ကတ်ကြေးစာကျွေးပြီး လှတာလေးတွေ ဇန်းတင်တာဖြစ်သည်။

ခုအပြင်မှာ မြင်လိုက်ရဟာက အလှဆုံးနှင့် စွဲမက်ဖွယ်အကောင်းဆုံးဖြစ်နေ၏။ သူ့လှုပ်ရှားဟန်လေးတွေက မြတ်နိုး



ဖွယ်ကောင်း၏။ မည်သည့်ချည်သည်မျှ မရှိသေးသော တိုက်ကြီးခြံကျယ်ထဲမှာ သူ ပျော်ချင်တိုင်းပျော်နေသည်။ စိမ့်စိမ့်အေးသည့် ရာသီမှာ ထင်းရှူးရိပ်ကြားမှ ဖြတ်ဆင်းလာရသည့် နေခြည်က အနွေးဓာတ်လွှန်စွာ လျော့နည်းပါ၏။

နေ့လယ်ခင်းပေမယ့် ခြံထဲမှာ တောင်စောင်းတစ်လျှောက် စိတ်ကြိုက်နေနိုင်၏။ နေချို တစ်ခါတစ်ရံ ခုန်ဆွခုန်ဆွလေး ပြေးနေတတ်သည်။ တစ်ခါဘစ်ရံ စလိုးမိုးရှင်း (Slow Motion)အနေးရွေ့လျားခြင်းနှင့် ပြေးတတ်သည်။ သွက်သွက်ပြေးပါလျက် ကင်မရာလှည့်စားမှုနှင့် ဖြည်းပြတာထက် အများကြီးပိုကြည့်ကောင်းသည်။ တစ်ခါတစ်ရံကျ ထင်းရှူးပင်စည်ကြီးကို မှီနွဲ့လျက် သူ့ချစ်သူနှင့် စကားပြောနေသလို (တစ်ယောက်တည်း) မူကာနွဲ့ကာ မဲ့ကာ ပြုံးကာ ခြေဆောင့်ကာ နှုတ်ခမ်းစူကာလည်း ပြော၏။ စိတ်ကောက်လိုက်၊ ကြည်နူးလိုက်ဖြစ်၏။ ကြည့်လို့ကောင်းလိုက်ပါဘီခြင်း။ သို့ပေမဲ့ ရင်ထဲမှာကျတော့ နာကျင်ရပါသည်။ နာမည်ကျော်မင်းသမီးလေး စန်းတက်စအချိန်မှာ စိတ္တဇဝေဒနာ စွဲကပ်ရှာပြီထင်ပါရဲ့။

ယဉ်ယဉ်လေးမို့ ထွက်မပြေးတာ သေချာသည်မို့ သူ့အမေက မလှမ်းမကမ်းမှာ အဖော်လုပ်ရုံနှင့် ပြဿနာမတက်ဘဲရှိနေသည်။ ဖြစ်မှဖြစ်ရလေ မနေချို။

"ထမင်းခူးရတော့မလား ထွန်းထွန်း"

"ဟင့် ... အာ့"

ဘာမှန်းမသိ ယောင်ယမ်းထွက်သွားတော့ ထမင်းချက်အမျိုးသမီးကြီး ခေါ်ဆိုင်က ခစ်ခနဲရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



"လှတယ်နော်"

"ဘာလှတာလဲ"

"အရမ်းချစ်ဖို့ကောင်းတာပဲ"

"ကျွန်တော်လား"

"ဘယ်ဟုတ်ရမှာလဲ ထွန်းထွန်းရယ်၊ နေချိုနုနုကိုပြောတာ၊ အရမ်းလည်း သနားစရာကောင်းတာပဲ"

"ဘာဖြစ်လို့လဲ"

"မနေ့ကပေါ့၊ တောင်စောင်းမှာ လျှောလျှောလေးထိုင်ပြီး ဘာတွေမှန်းမသိဘူး ပြောပြောငိုတာ၊ ထင်းရှူးကိုင်းခြောက်လေးတွေကို ချေမွ၊ ရင်ကလေးဖိဖိပြီး ငိုတာများ ကျွန်မဖြင့် မျက်ရည်မဆယ်နိုင်ဘူး"

"ဖြစ်မှဖြစ်ရလေ၊ ဒေါ်ဆိုင်ကြီးက သူ့ကို ဘာသွားပြောလို့လဲ"

"အလို ... မပြောရပါလား"

"ဒါဖြင့် သူ ဘာဖြစ်လို့ ငိုတာလဲ"

"ဝမ်းနည်းလို့ နေမှာပေါ့"

"ဘာကိုဝမ်းနည်းတာတဲ့လဲ"

"မေးရမှာအားနာလို့ ထွန်းထွန်းရယ်"

"သူ့အမေရော အနားမှာရှိလား"

"ခပ်လှမ်းလှမ်းမှာ ပုတီးထိုင်စိပ်နေတယ်"

"မချော့ဘူးလား သူ့အမေက"

"ဟင့်အင်း"

"ဒုက္ခပါပဲ"



ဘယ်လိုအမေပါလိမ့်။ သူ့သမီး သည်လိုပဲ တစ်ခါတစ်ခါ ခဏတစ်ဖြုတ် စိတ်ဖောက်ပြီး ပြန်ကောင်းသွားတတ်မြဲမို့ ရိုးနေတာလား။ စိတ်ဖောက်ပြီး လမ်းမကြောင်း ထွက်ပြေးလျှင် မခက်ပေဘူးလား။ သည်ခြံမှာ ပတ်ပတ်လည် လုံလဲသော ခြံစည်းရိုးမရှိပါ။ တောင်ထိပ်ပေါ်မှာ ဆောက်ထားသည်မို့ တစ်ဖက်မှာ ဆင်ခြေလျှော အနိမ့်ကြီးက အကျယ်ကြီး။ ဆင်ခြေလျှောပြီးလျှင် လူသွားကတ္တရာလမ်းမသို့ ရောက်သည်။ တောင်ကုန်းတစ်လျှောက်မှာ နှစ်ရင့် ထင်းရှူးပင်ကြီးများ၊ ပင်ခြေက ကျိုးကျဲပေမယ့် အပေါ်မှာကျတော့ ကိုင်းချင်းဆက်လျက် ယှက်ဖြာနေ၏။

ဌာနေတွေက မည်သူမျှ အဆန်းတကြယ်လုပ်ပြီး တောင်ကုန်းတစ်လျှောက် တက်လာကြမည် မထင်ပါ။ ဟိုတယ် အဝင်လမ်းကကျတော့ အမြင့်ပိုင်း မြေညီဖြစ်သည်။ အဲသည်ဘက်သွားလျှင်လည်း မီးရထားလမ်းသို့ရောက်သည်။ ခြံဝင်း၏ လေးဖက်လေးတန်နေရာတွင် နှစ်ဖက်က တစ်ဖက်လျှင် ပေနှစ်ရာစီခန့်ရှည်၍ အုတ်တံတိုင်းခတ်ထားသည်။ ခြံစည်းရိုးက နှစ်ဖက်သာရှိသည်။ ကတ္တရာလမ်းပေါ်ပဲဖြစ်ဖြစ် မီးရထားလမ်းဘက်ကိုပဲဖြစ်ဖြစ် ပြေးဆင်းသွားလျှင် အတားအဆီး အကာအရံ မရှိပါ။ ခက်ပြီ။

"သူတို့ ထမင်းကောင်းကောင်း စားကြရဲ့လား ဒေါ်ဆိုင်"

"သိပ်မစားဘူး"

"ဒေါ်ဆိုင်က ရှမ်းဆန်တွေ ချက်ကျွေးတာလား၊ စီးကစီးနဲ့ စားနေမကျရင် ဘယ်စားနိုင်မလဲ၊ ရန်ကုန်ကလူတွေက

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဆန်ဆိုရင် ကောက်ညှင်းပေါင်းနဲ့ မှားချင်တာ၊ မုန့်မှတ်နေကြတာ"

"သူတို့စားတဲ့ ရန်ကုန်ဆန်ပဲ ချက်ကျွေးပါတယ်"

"ဟင်းကလည်း ကြက်ရယ် ဆိတ်ရယ် ဘဲဥရယ် တစ်လဲစီနေမှာပါ"

"ဟုတ်တယ်"

"ဖွယ်ဖွယ်ရာရာလေး လုပ်ပေးပါ ဒေါ်ဆိုင်ရဲ့၊ သူ့ ချဉ်ချဉ်ငန်ငန်စပ်စပ်ကြိုက်ရင် ကြိုက်မှာပေါ့၊ ငါးပိတို့စရာစားတတ်သေးလားမသိဘူး၊ ဒီက ငါးပိရည်လည်း သူစားနိုင်မယ် မထင်ပါဘူး၊ တစ်မျိုးစီဖြစ်နေမှာ၊ ဒုက္ခပါပဲ ဘာလုပ်ပေးရမလဲမသိဘူး၊ ငှက်ပျောသီးလေး ဘာလေးရော မပေးဘူးလား"

"ပေးပါတယ်"

"ရှမ်းခေါက်ဆွဲတွေ ဘာတွေ သူ ကြိုက်လား"

"မြီးရှည် ပိုကြိုက်တယ်တဲ့"

"ဝယ်ပေးလိုက်လေ"

"ထွန်းထွန်းကလည်း ကလောတစ်မြို့လုံး မြီးရှည် ဘယ်နှဆိုင်ရှိလို့လဲ၊ ရှမ်းခေါက်ဆွဲချည်းဟာကို၊ ထွန်းထွန်းတောင်တောင်ကြီး တက်စားရတာ"

"ခင်ဗျား မချက်တတ်ဘူးလား"

"ချက်ရင်တော့ ဖြစ်ပါတယ်"

"ချက်ကျွေးဗျာ"



"ဟောတော့"

"မဟောတော့နဲ့၊ စိတ်ချမ်းသာအောင် ထားပါဗျ"

ဒေါ်ဆိုင် ခစ်ခနဲရယ်သည်။ အဖြစ်သည်းနေသည်ကို အံ့လည်းအံ့ဩ၏။ ထွန်းထွန်းကို သူ ဒီရောက်လာမှ သိရတာပေမယ့် ထွန်းထွန်းမိဘတွေနှင့်ကျတော့ ခင်တာကြာပြီ။ အိမ်က အမျိုးသား၏ ဆရာရင်းလည်းဖြစ်သည်။ လူငယ်ပေမယ့် ဟော့ဟော့ရမ်းရမ်းမရှိ။ အသက်နှင့်မလိုက် အလုပ်ကိုသာအပတ်တကုတ်လုပ်နေပြီး ဆေးလိပ်တောင် မသောက်တတ်သော နှုတ်ခမ်းရဲရဲပိုင်ရှင် ထွန်းထွန်းကလေးကို တူလို သားလို ခင်နေရပါပြီ။

ထွန်းထွန်းရင်ထဲကို ဝင်ကြည့်စရာမလိုပါ။ ထွန်းထွန်းရင်ထဲမှ ခံစားမှုဝေဒနာတွေက ရင်ထဲမှ လျှံတက်အန်ထွက်လာကြပြီမို့ ဒေါ်ဆိုင် အတိုင်းသား တွေ့၊ မြင်၊ သိနေရတော့သည်။ ရန်ကုန်ကဆရာနှင့် ဆရာကတော်တို့သိလျှင် ဒေါ်ဆိုင့်ကို ဆူမှာလားမသိ။

"ဒေါ်ဆိုင် ဂရုစိုက်ပါတယ် ထွန်းထွန်းရယ်"

"စိုက်ပါဗျာ"

"ထွန်းထွန်းကတော့ အေးဆေးဆေးဆေးနေပါ"

"အေးအေးဆေးဆေး မနေရအောင် ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"ဆရာကတော်သိရင် ရင်ကျိုးမှာ"

"ရင်ကျိုးမှာ ဘာအတွက်လဲ"

"ကျွန်မတို့လည်း သူ့ကိုချစ်ပါတယ်"

"ဘယ်သူ့ကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးကိုလေ"

"အဲဒါ ဘာဖြစ်လဲ"

"ထွန်းထွန်းကတော့ မချစ်နဲ့ပေါ့"

"ဗျာ ... ခင်ဗျား ဘာပြောတာလဲ"

"ဆရာကတော်သိရင် ရင်ကျိုးမယ်ပြောတာ"

ဟောဗျုဟု ယောင်လိုက်ချင်၏။ သက်ပြင်းမောကျသွားသည်။ လေပူယဲ့ယဲ့ထုတ်ဖြစ်သည်။ မေမေသိရင် ရင်ကျိုးမယ်တဲ့။ ထွန်းထွန်းကတော့ မချစ်နဲ့ပေါ့တဲ့။ ဘာတွေလဲ။ ဒေါ်ဆိုင်က ဘာဖြစ်လို့ အဲသည်လိုပြောရတာလဲ။ ကိုယ်က သူ့ကို ချစ်နေမိလို့လား။ ဖြစ်နိုင်ပါ့မလား။ သူ့ကို အပြင်မှာ သက်ရှိထင်ရှားမြင်ဖူးတာမှ သုံးရက်ပဲရှိသေးသည်။ စကားဆိုလို့ တစ်ခွန်းပဲ။ အဲ ... ဝါကျတစ်ကြောင်းပဲ ပြောဖူးသည်။ သူ့ကို ကလောဟိုတယ်မှာ သွားကြိုလာခဲ့သည်နေ့က။

"ကိုယ့်အိမ်ကိုယ်ရာလို သဘောထားပြီး လွတ်လွတ်လပ်လပ်နေပါ၊ လိုတာရှိရင်လည်း အားမနာဘဲပြောပါ၊ ကျွန်တော်ကူညီပါ့မယ်၊ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

သူ့မျက်ဝန်း ရီရီညို့ညို့လေးနှင့် မောကြည့်ပြီး မျက်လွှာပြန်ချသွားခဲ့သည်။ ကိုယ့်ရူးရဲကြည့်ကို ငြင်မဆိုင်ရဲဟန်တူ၏။ ရှက်တော်ရက်သွားမိသည်။ အားမနာတမ်းကို ပြူးပြဲကြည့်နေမိတာမှန်၏။

"ကျေးဇူးတင်ပါတယ် သားရယ်၊ ဒီမှာနေခိုက်တော့ သားအားကိုးနဲ့ နေရမှာပါ"



သူ့အမေကသာ ပြုံးပြုံးလေးပြောပြီး တစ်ဖက်ဆောင်ထဲသို့ ဝင်သွားခဲ့သည်။ ဒေါ်ဆိုင်နှင့်အဖွဲ့က လက်ဆွဲအိတ်တွေသယ်ပေးကြသည်။ လိုက်မသွားဖြစ်အောင် စိတ်တင်းရင်း ကိုယ်ပြင်ဆင်နေသည့် အဆောင်ဧည့်ခန်းထဲသို့ပဲ ဝင်ခဲ့၏။

ဧည့်ခန်းကျယ် ပတ်ဝန်းကျင်မှာ ကြိမ်ဆက်တီတွေချထားပေးသည်။ မြန်မာလူမျိုးတွေက ဆိုဖာကူရှင်နှင့်မှ ငြိမ့်သည် ဖိမ်ရှိသည် ထင်ပေမယ့် နိုင်ငံခြားသားတွေကျတော့ ကြိမ်ကြိုက်၏။ တစ်ခန်းလုံး ကြိမ်ပစ္စည်းအရောင်းဆိုင်လားထင်ရအောင်ဆက်တီတွေ၊ ဘေးစားပွဲပုလေးတွေ၊ တိုလီမိုလီတင်ဖို့ စင်ကလေးတွေအားလုံး ကြိမ်တွေချည်း။ အဲဒါတွေ၏ အလယ်တည့်တည့်မှာကျတော့ အုတ်ကန်ဝိုင်းလေး ခပ်သေးသေး။ ကြွေပြားအပြာရောင်တွေတပ်၊ ရေထည့်ပြီး ရွှေဝါငါးကြင်းလေးတွေ လွှတ်ထားပေးလိုက်သည်။

ဒီနေ့လုပ်ရမှာက ရွှေဝါငါးကြင်းလေးတွေကို ပြန်ဆယ်၊ မှန်ငါးကန်ထဲ ခဏပို့၊ ကြွေပြားကန်လေးထဲက ရေတွေထုတ်ပစ်၊ အလယ်မှာ လိပ်သဲကျောက် မီးခိုးရောင် အနုအရင့်ကျားနေသည့် ကျောက်တုံးတွေထည့်၊ အဲသည်အပေါ်မှာမှ ကျောက်စိမ်းတုံးကို လက်ဝတ်ရတနာအဖြစ် ဝတ်ဆင်ရန် ခွဲချပြီးသားအရည်အသွေးမမီသော အကာသား၊ သူကလည်း စိမ်းတော့စိမ်းသည်။ အဲဒါတွေ တင်ပြီးစီ။ ခိုင်မြဲအောင် ဘိလပ်မြေလေး နည်းနည်းတော့ သုံးရမည်။ အဲဒီကျောက်ပုံပေါ်မှာကျမှ မှန်ငါးကန်တစ်ခုပြန်တင်။ ကျောက်ခက်တွေစိုက်။ အဲသည်ကန်ထဲမှာကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ ရွှေငါးအကြီးကြီးတွေ အမြီးသုံးခွနှင့်ကောင်ကိုမှ ရွေးထည့်ရမည်။

လိုင်းယင်းဟတ်ဟုခေါ်သည့်အမျိုးက ပိုလှ၏။ ကိုယ်တော်တွေက ချမ်းလွန်းလျှင် သေတတ်သေးသည်။ ရေထဲမှာနေသည့်ငါးက အအေးမိမှာ ကြောက်သေးလားမသိပါ။ ပြီးတော့မှ ကြွေပြားကန်ထဲ ရေပြန်ထည့်။ ရွှေဝါငါးကြင်းတွေ ပြန်ထည့်။ ဧည့်ခန်းအလယ်မှာ အလွန်လှသည့် နှစ်ဆင့်ငါးကန်လေးရမည်။

ကျောက်တုံးတွေစီရင်း အလုပ်ထဲစိတ်ဝင်စားမှု နည်းလှသည်မို့ ခရီးဖင့်လှပါ၏။

"ထမင်းစားတော့မလား ထွန်းထွန်း"

"ကောင်းသားပဲ"

ဆာလှသည်တော့ မဟုတ်ပါ။ ကိုယ်လုပ်နေသည့် အလုပ်ထဲ စိတ်မပါလှသည့်တူတူ တခြားအလုပ်တစ်ခု ပြီးသွားလျှင် ကောင်းတာပဲဟု ထမင်းကို တာဝန်တစ်ရပ်အနေနှင့် စားဖို့စိတ်ကူးလိုက်သည်။

"ဘာဟင်းလဲ"

"ဟင်းနုနွယ်ရွက်ကို ရေနွေးဖျောပြီး သုပ်တယ်"

သီးနှံက စ,ပြောသည်။

"ပြီးတော့ ကြက်သား၊ ရေနဲ့ စပ်စပ်ကလေးချက်ထားတယ် ရန်ကုန်ကာလသားချက်"

"ကျွန်တော်လည်း ဘယ်တော့ အောက်အီးအီးအွတ် ထ... မိမယ်မသိဘူး"



"ဝက်စတူးလည်း လုပ်ခဲ့ပါတယ်၊ ဟင်းချိုက စွန်တန်ကို ဘဲရိုးပြုတ်ရည်နဲ့ ချက်တာ"

"အသားတွေကျတော့ရော"

"ညနေကျမှ သုပ်ပေးမလို့"

"ခရမ်းချဉ်သီးထောင်းလေး မပါဘူးလား"

"လှီးပြီး သုပ်ထားတယ်"

"ဟိုဘက်အဆောင် ပို့ပြီးပလား"

"ဟုတ်ကဲ့"

"သူ စားနိုင်ရဲ့လား"

"ကျွန်မတော့ အံ့တာပဲ၊ လက်သီးဆုပ်လေး သေးသေးနှစ်ဆုပ်ပဲ စားတယ်"

"စားမကောင်းပြန်ဘူး ထင်ပါရဲ့ဗျာ"

"ကျွန်မဖြင့် ဒီဟင်းတွေနဲ့ ဆန်တစ်ဘူးခွဲချက်စာလောက်ကို စားပစ်လိုက်တာ၊ ကောင်းလွန်းလို့"

ထွန်းထွန်းလည်း စားကောင်းမှာ သေချာပါသည်။ အစပ်ကြိုက်သူမို့ ကြက်သားဟင်းစပ်စပ်၊ ခရမ်းချဉ်သီးသုပ်ထဲ ငရုတ်သီးစိမ်း လှီးထည့်ထားလျှင် သူလည်းစပ်စပ်၊ စွန်တန်ဟင်းချိုထဲ ငရုတ်သီးစိမ်းတောင့်တွေ ခွဲထည့်ထားလျှင် သူကလည်း စပ်ဦးမည်ဆိုတော့ ဒေါ်ဆိုင်ပြောသလို တစ်ဘူးခွဲချက်ကြီးများ ကုန်သွားနိုင်သည်။

သူ အစပ်မကြိုက်ဘူးများလား။

ဟိုတယ်ဖွင့်လျှင် ဒေါ်ဆိုင်နှင့် မလုံလောက်ပါ။ ဒေါ်ဆိုင်က ဟိုတယ်စာ ချက်တတ်သူမဟုတ်။ မြန်မာထမင်းဟင်း

www.burmeseclassic.com

www.burmeseclassic.com



တော့ နိုင်သည်။ ဟိုတယ်စာချက်မည့်သူကို ရန်ကုန်မှ ဈေးကြီးပေးပြီး ခေါ်ယူဖို့ စိတ်ကူးထားသည်။ ဒေါ်ဆိုင်တို့ မိသားစုကို သန့်ရှင်းရေး၊ အဝတ်လျှော်နှင့် မြန်မာထမင်းဟင်းစစ်စစ် စားချင်ပါသည်ဆိုတာမျိုး ပါလာလျှင် ချက်ပေးဖို့ အရန်ထားရမှာဖြစ်၏။

ဟိုတယ်စာချက်မည့်သူကို ခုကတည်းက ရန်ကုန်လှမ်းမှာလိုက်ရလျှင် ကောင်းမလား။

ထွန်းထွန်း တယ်လီဖုန်း ကောက်လှည့်တော့သည်။

✧ ❦ ✧

"ကိုစံချိန်လား ... ကျွန်တော် ထွန်းထွန်းခိုင်"

"အေး ... ဘာထူးလဲ"

"ဟိုတယ်စာချက်မယ့်လူ ရပြီလား"

"မရသေးဘူး"

"ပို့ပေးပါ"

"ဖွင့်မှမဖွင့်သေးတာ၊ မလိုသေးပါဘူး"

"ဒီမှာ မစားနိုင်တော့ဘူး"

"မင်းလား"

"မဟုတ်၊ အင်း ... ဟုတ်တယ်"

"ဩော် ... ထွန်းထွန်း ... ထွန်းထွန်း၊ မင်းပါးစပ်ဟရင် ငါက ရှိသမျှတွေ ဖောက်ထွင်းပြီး ခြေမထိ မြင်တာကွ၊ မင်းတော့ ပြန်ခေါ်ပြီး ငါနဲ့ လူချင်းချိန်းမှဖြစ်တော့မယ်၊ ဟော့ကောင် ... အေးဆေးနေစမ်း၊ ဒေါ်ဆိုင့်လက်ရာလည်း



ကောင်းပါတယ်ကွ၊ သိပ်သည်းပြမနေနဲ့၊ မင်းအစ်မနဲ့ မင်းအမေ သွေးတိုးရောဂါထရင် ငါ့အပြစ်ဖြစ်မယ်"

"ကိုစံချိန် ... ဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျားတို့ပဲ ပိုက်ဆံ တနင့်တပိုး ယူထားပြီးတော့"

"ထွန်းထွန်း ... ဒီဟိုတယ်ကြီးပြီးရင် နိုင်ငံခြားသားဗွားမှာ၊ ဒေါ်လာနဲ့ယူမှာ တစ်နေ့ကို ဒေါ်လာသုံးဆယ်ကနေ ခုနစ်ဆယ်ကြားထဲ ဘယ်လောက် သတ်မှတ်ရင် ကောင်းမလဲလို့ စဉ်းစားတုန်းကွ ...

"ပျမ်းမျှကြေး ငါးဆယ်ပဲထား၊ မှောင်ခိုဈေးနဲ့တွက်ကြည့်ကွ၊ တစ်ထောင်ပဲထား တစ်နေ့ ငါးသောင်း၊ မင်း သင်္ချာဂုဏ်ထူးထွက်ထားတဲ့ကောင်ပဲ၊ ဒီလောက်ညံ့လား"

သမီးယောက်ဖက ရင်းနှီးသည်။ သူငယ်ချင်း ညီအစ်ကိုလိုဖြစ်နေသည်။ ပြောရဲဆိုရဲရှိ၏။

"မင်းသမီးက စားနိုင်ပုံမရဘူး"

"ထွန်းထွန်း ... သူ့သဘော သူဆောင်လိမ့်မယ်၊ သူ့ကြမ္မာ သူဖန်တီးလိမ့်မယ်၊ သူ့ပြဿနာ သူကြည့်ရှင်းလိမ့်မယ်၊ သူများအပူ ကိုယ့်အပူလုပ်ရင် မင်းငယ်သေးလို့ ခံပင်တော့ ဖြူမှာမဟုတ်ဘူး၊ အရွယ်နဲ့မလိုက် ဗိုက်ရွဲလာလိမ့်မယ်"

"ဘာဆိုင်လို့လဲဗျာ"

"မယုံမရှိနဲ့၊ လက်တွေ့"

"ခင်ဗျားမှာ တာဝန်ရှိတယ်လေဗျာ"

"သူ စားမကောင်းရင် သူ့ဘာသာ စိတ်ဥမှာပေါ့ဟ၊ ငါ့မှာ တာဝန်မရှိဘူး၊ ငါက ဒီလို ဒီလို လုပ်ပေးနိုင်တယ်၊ ကျ

www.burmeseclassic.com

www.burmeseclassic.com



နပ်မှနေ၊ မကျေနပ် မနေနဲ့ ဒါပေါ့ကွ၊ ငါကလည်း မင်းခန့်ထယ် အကူအညီတောင်းလို့ ထားရတာ၊ သိပ်ထား ချင်တာ မဟုတ်ဘူး"

"ဘယ်သူ"

"မင်းခန့်ထယ်၊ ကုမ္ပဏီကြီးရယ်၊ မိနီမားကက်တွေရယ်၊ ဘဏ်တိုက်ရယ်၊ ခုဆိုရင် ရုပ်ရှင်ကုမ္ပဏီပါ ပိုင်သွားပြီဖြစ် တဲ့ သူဌေးကြီး ဦးမင်းခန့်ထယ်"

"အဲဒီလူက ဘာဖြစ်လို့၊ ဘယ်လိုပတ်သက်လို့လဲ"

"မသိဘူး၊ အဲဒါ ငါ့ကိစ္စမဟုတ်ဘူး၊ ငါက ဗိုက်ရွဲချင်တဲ့သူ မဟုတ်ဘူး"

ထွန်းထွန်း ရင်ထဲမှာ ပူသွားမိသည်။

"ဦးမင်းခန့်တယ်"တဲ့။ သတင်းစာထဲမှာ အကျယ် တဝင့်မဟုတ်လှပေမယ့် သတင်းတိုလေးအဖြစ်ပါခဲ့သည်။ သူ့မိန်းမ အသတ်ခံရလို့တဲ့။

သူပဲ သတ်သလား၊ သူများ လာသတ်သလား မပြောတတ်။

အဲသည်လူ ယောင်မကျသေးတာတော့သေချာသည်။ သည်ပုဂ္ဂိုလ်လို လူမျိုးက မြန်မာပြည်မှာ ခပ်ရှားရှားရယ်။ အချမ်းသာ ဆုံး သူဌေးများစာရင်းကို ပြုစုကြည့်လိုက်လျှင် တစ်မှတစ်ဆယ်တွင်း ဦးမင်းခန့်ထယ် ပါ၏။ ထွန်းထွန်း အလွန်အားကျသည့်ပုဂ္ဂိုလ်။ စီးပွားအရှာတော်သည်။ ထွန်းထွန်းက အရွယ်နှင့်မလိုက် စီးပွားရှာဖို့ပဲ စိတ်ကူးနေသည့်သူ။ ခုလောက်စည်းစိမ်နှင့် တင်းတိမ်နေလိုသူ မဟုတ်ပါ။



သူဌေးကြီး ဖြစ်ချင်သည်။

ထွန်းထွန်းတို့ ချမ်းသာသည်ဆိုတာ ဦးမင်းခန့်ထယ်၏ ပိုင်ဆိုင်မှုနှင့်စာလျှင် အပုံနှစ်ဆယ်ပုံပါမှ တစ်ပုံလောက်ရှိမည် ထင်သည်။ ကိုယ့်ထက် အဆနှစ်ဆယ်သာသူနှင့် ယှဉ်နိုင်ပါ့မလား။ သည်အတွေးက ဘယ်အတွက် ဝင်လာပါလိမ့်။ ယှဉ်ဖို့လိုလို့လား။ ယှဉ်နေမိပြီလား။ 'သူမ'အတွက် ဘာဖြစ်လို့ နေမထိ ထိုင်မသာ လိုက်လံပူပန်နေမိတာလဲ။ အဖြေရှာဖို့ လိုပြီထင်၏။

"ထွန်းထွန်း ... မင်းခန့်ထယ် ဆိုတာနဲ့ ဖျားသွားလား"

"ဘာလို့ဖျားရမှာလဲ"

"ကျွန်တော် ဦးမင်းခန့်ထယ်လို ဖြစ်ချင်တယ်၊ သူ့ကိုကြည့် ပြီး ကြိုးစားရမယ်၊ မဟုတ်တာမလု^ ဲ ငွေနဲ့ဉာဏ်ကို နိုင်းစားပြီး တရိပ်ရိပ် စီးပွားဖြစ်တာ သိပ်အားကျတာပဲ၊ ကျွန်တော်တို့လည်း သူ့လောက်မဟုတ်တောင် နည်းနည်း ပါးပါးတော့ တတ်နိုင်တာပဲဟာ"

ဟု မိဘနှစ်ပါးကို ပူဆာခဲ့ဖူးသည်။

တက္ကသိုလ်တက်ဖို့ထက် စီးပွားရေးလုပ်ဖို့ပဲ စိတ် ထက်သန်ခဲ့သည်။ ရွှေယောက်ဖ ကိုစံချိန်က ...

"ဗိုက်ဆံသရဲလေး"တဲ့။ အဲသည်လိုတောင် နာမည် ပေးခံရသည်။

"ဖုန်းထဲမှာ အသံပျောက်သွားလို့ကွ၊ မင်းခန့်ထယ်နဲ့ဖူးပြီ ရင်တော့ ယှဉ်တဲ့လူ ဖူမှာပဲ"

"ဖူတယ်ဆိုတာ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငွမ်းတာ"

"မသိဘူး"

"ကွင်းပဲတယ်လေကွာ"

"နားမလည်ဘူးဗျာ"

"ရွဲတာပေါ့ဟ၊ မင်းကများ နားမလည်ဘူးရယ်လို့ ဒီပညာမှာ မင်းက ဆရာပါ၊ ငါကတပည့်၊ မသိရင်လည်း ပြန်သင်ပေးပါ့မယ်၊ ဖွတာရယ်၊ ငွမ်းတာရယ်၊ ကွင်းပဲတာရယ်၊ ရွဲတာရယ် တူတူပဲ"

"မယုဉ်နိုင်ဘဲ ကျဆုံးသွားမှာလို့ ရိုးရိုးသားသားပြောပါ"

"သြော် ... ဟုတ်ကဲ့"

"ခင်ဗျားတို့ တစ်နေ့စာ အများကြီးယူပြီး တစ်ခုခု စီစဉ်ပေးဦး"

"မင်းအမေ ငါ့ယောက္ခမကြီးကို ပြောလိုက်မယ်၊ မပြောခင်သွေးပေါင်ချိန် ကိရိယာနဲ့ ဆရာဝန်တစ်ယောက် အနားမှာအရင်ခေါ်ထားရမယ်"

"တာဝန်ကျေမှပေါ့ဗျာ၊ မစားနိုင်ရှာဘူး"

"မင်း ဒီလောက် စေတနာပိုနေရင် ဈေးနားမှာ ဟိုတယ်ဆိုင်တွေရှိသားပဲ၊ တရုတ်စာလည်းရတယ်၊ မင်း သွားဝယ်ပြီး ကျွေးလိုက်"

"ဟာ ... ကောင်းတယ်"

"လူညံ့"

"ကျေးဇူးပဲဗျို့"



"မင်းအစ်မ ကလေးနှစ်ယောက်နဲ့ တစ်ခုလပ်မဖြစ်စေချင်ရင်တော့ ငါမြောက်ပေးတယ်ဆိုတာ မင်းအမေ မသိစေနဲ့ မင်းအမေသိရင် မင်းအစ်မနဲ့ သူ့မြေးနှစ်ယောက်ကို ဆွဲထားပြီး ငါ့ကို ကန်ချမှာသေချာတယ်"

"တစ်သက်လုံး မပြောဘူး"

"အိုကေ ... ပြောပါဦး၊ ပြီးစီးမှုအခြေအနေ"

"ပြီးသလောက်ပါပဲ၊ တစ်ခုပဲကျန်တယ်၊ ထင်းရှူးပင်တွေမှာ သစ်ခွပင်တွေ လိုက်ကပ်ဖို့"

"နိုင်ငံခြားမျိုးတွေလား၊ ငါ ဝယ်ပို့ရမှာလား"

"မပို့နဲ့၊ မြန်မာမျိုးတွေပဲ ကပ်မှာ"

"မင်း မြန်မာမျိုးက တစ်နှစ်မှ တစ်ခါပဲပွင့်တယ်"

"နိုင်ငံခြားသားက စပ်မျိုးတွေ မကြိုက်ဘူး၊ မျိုးရင်းတွေပဲကြိုက်တာ၊ မြန်မာ့သစ်ခွတွေက ဘာနဲ့မှ စပ်မထားဘဲမျိုးစစ်မျိုးရင်းတွေ ပွင့်တဲ့ခိုက်နဲ့ကြုံရင် မိုးလုံးမှိုင်းတစ်ပင်ကိုဒေါ်လာတစ်ရာဆိုလည်း ဟုတ်တယ်"

"မင်း ဘယ်သူပြောလဲ"

"သိတာပေါ့"

"ဟုတ်မလည်းလုပ်ပါကွာ၊ ကလောဈေးနေ့မှာ သစ်ခွဈေးတွေ ထိုးတက်လို့ တို့ပြည်သူပြည်သားတွေ မဝယ်နိုင်ဘဲရှိပါဦးမယ်"

"ဒါပဲနော်"

"သြော် ... တရားကျတယ်၊ ပိုက်ဆံသရဲလေးက စီးပွားရေးကိစ္စတောင် သိပ်စိတ်မဝင်စားတော့ပါလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းချပြီ"

"အေးပါကွာ"

✧ ❦ ✧

သူ့ကို 'တံခွန်လုံးရွှေ'ဟု ခေါ်၏။

တံခွန်လုံးတိုင်ပတ်လည်လုံး၍ ဝေနေအောင်ပွင့်သည်။ ဆွတ်ဆွတ်ဖြူမဟုတ်ဘဲ အဝါသွေးနှောချင်သည့် ပွင့်ဖတ်နှင့် လျှာက ဝါထိန်တောက်နှင့်မို့ ပေါ်လွင်သည့်အရောင်က ရွှေရောင်ဖြစ်၏။ သင်းသင်းလေး မွှေးသည့်ဆိုရုံလေးပျံ့သည်။

ခေါင်းမှာပန်ဖို့အတွက်တော့ ဘယ်လိုမှ လှမှာမဟုတ်ပါ။ ရိုးတံကလေးပါထည့်၍ ပန်းအိုးထိုးလျှင်တော့ တော်တော်ကြီးကို ကျက်သရေရှိမည်။

သို့ပေမဲ့ ...

သစ်ခွသည် ပွင့်ညှာတံကိုသာ ခူးရသည့်ပန်းမျိုးဖြစ်၏။ အကိုင်းအခက်ကို မခူးရပါ။ အပင်လုံးဝနာ၏။ သည်အတိုင်းလက်ကျန်ရှိမှ ကိုင်းသစ်ထွက်ပြီး အဲသည်ကိုင်းသစ်က ပန်းပွင့်သည်။ ကိုင်းလက်ကျန်ကို ညှပ်ပစ်ပါက မျိုးစေ့ပြုတ်သောက်သလိုဖြစ်၏။ မျိုးစေ့ကိုပဲ ပြုတ်သောက်တော့မည်။

ဟိုဘက်ဆောင်သို့ကူးရာတွင် ခြံထဲဆင်းပြီးမှ အဲသည်အဆောင်တံခါးကို ခေါက်ရသည်။ တစ်ဆောင်လုံးမှာမှ တစ်ခန်းတည်း သုံးပြီး သားအမိနှစ်ယောက် နေပေမယ့် အဆောင်တံခါးမကြီးကို ပိတ်ထားလေ့ရှိသည်။



"ဩော် ... ဒေါ်ဆိုင်လားလို့"

ညည့်ခန်းမှာ လမင်းကြီးသာသွားသည်။ ရောမနှင်းဆီရဲရဲကြီးတွေ ထိုးစိုက်ထားသည့် ဖန်ပန်းအိုး ဖြူဖြူထဲကရေမှာ သက်တံရေသောက်ဆင်းလျှင်တောင် သည်အလှကို မမီမှာသေချာ၏။

"မမဖို့"

ကလပ်ရှည်မျော့မျော့ပုံ ဆီးရောင်ဖန်ပန်းအိုးထဲမှာ တံခွန်လုံးရွှေသစ်ခွတစ်ခိုင် ပင်စည်းရိုးပါဖြတ်၍ ထိုးစိုက်ထားတာလေး လှမ်းပေးရင်း မထင်မှတ်ဘဲ 'မမ'ဟု နှုတ်မှထွက်သွားသည်။ သူမ ကိုယ့်ထက် အသက်ကြီးမှာပါ။

"လှလိုက်တာ ... အရမ်းကျေးဇူးတင်တာပဲ၊ လာလေ ဝင်ထိုင်ပါဦး၊ ပိုင်ရှင်ကို ပြန်ပြီးဖိတ်ခေါ်နေတာ ရယ်ရတယ်နော်"

တံခါးနှစ်ရွက် လုံးဝပွင့်သွားသည်။ ပျားရည်ဂြစ်ထဲဆင်းကူးရလျှင်တောင် သည်လောက်ချိုမှာ မဟုတ်သော သူမအပြုံးထဲမှာ ထွန်းထွန်း စုန်းစုန်းနစ်လေ၏။

"နေချိုက ပန်းသိပ်ကြိုက်တာ၊ ကျောင်းတုန်းက အတန်းပိုင်ဆရာမက ပန်းပန်ရင်ဆူတယ်၊ အလှပြင်ရင် စာထဲ စိတ်ပေါ့မှာစိုးလို့တဲ့၊ ကျောင်းကပြန်လာမှ ပန်ရတယ်၊ အိပ်ခါနီးတော့ ပန်းက မနွမ်းသေးဘူး၊ အဲဒါဖြုတ်ပြီး ခေါင်းအုံးနားထားအိပ်ရတယ်၊ ပန်းကို သိပ်ကြိုက်တာ"

ထွန်းထွန်း ကြိမ်ဆက်တီတွေပေါ် ဝင်ထိုင်သည်။ ထိုင်ရတာ စပရင်ပေါ် ရေမြှုပ်ဖုံးထားသည့် ဆိုဖာကုရှင်တွေလို မအီစက် မညက်ညောပါ။ သူမ အသားလေးတွေများ နာရှာလေသလား။

www.burmeseclassic.com

www.burmeseclassic.com



"မေမေရေ ... ကိုထွန်းထွန်း လာလည်တယ်"

သည်ကိုရောက်တာ ငါးရက်အတွင်း ပထမဆုံးအကြိမ် ပြောဖြစ်သည့် ဝါကျတွေက ချိုသက်နေ၏။ သရုပ်ဆောင်ကောင်းတစ်ယောက်၏ ပညာတွေလားတော့မသိ။ ထွန်းထွန်းခမျာတော့ စုန်းစုန်းထက် ပိုလွန်သော စက်စက်လို့သုံးရမလားမသိ။ နစ်မြီးရင်း မြှုပ်ရင်းနှင့် နာလန်မထူနိုင်ရှိတော့သည်။

သည်အလှမျိုး ပိုင်ရှင်လေးက စိတ်ကြောင်တောင်တောင် မဖြစ်နိုင်ပါဘူးလေ ... ဟု တွေးရင်း မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်မိပြီဆိုတာ သိလိုက်၏။ ဆယ်တန်းကို သချာဂုဏ်ထူးနှင့်အောင်ထားသည့်လူငယ်။ တကယ့်ကို ပျိုပျိုမျစ်မျစ်လေး။ ပညာရေးထက်တောင် စီးပွားရေးဦးစားပေးချင်သော လူကြီးပေါက်စလေး၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့သမျှ သိမ်ငယ်ကျုံ့ဝင်သွားလိုက်တာမှ နံ့ပြီစုတ်ငှက်ကလေးလောက်မှ ကိုယ့်ခန္ဓာကျန်သေးရဲ့လား ထင်မိသည်။

ဒူးနှစ်ဖက် ခပ်စိစိကြားထဲ လက်နှစ်ချောင်းလုံးထည့်ထားပုံမှာ ရှေ့သို့လည်း ကိုင်းသေးသည်မို့ ဆရာမရှေ့မှောက်မှ အပြစ်ရှိကျောင်းသားနှင့် တူနေတော့သည်။ ကိုယ်တိုင် စိတ်တိုင်းကျ ပြင်ဆင်နေသော ကိုယ်ပိုင်ဟိုတယ်၏ လက်ဝဲဆောင်ဧည့်ခန်းမှာ ကိုယ့်ကိုယ်ကိုယ် နေစရာမရှိအောင် သိမ်ငယ်လျက်အရှက်သည်းနေမိသော ခံစားချက်ကို အလွန်အံ့သြထူးဆန်းစွာခံစားရလျက် သူမကို စေ့စေ့ကြည့်ဖို့တောင်မရဲ။ ခပ်ဇွေဇွေလေးကြည့်ရင်း ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေရတော့သည်။



သိပြီ ... မမကို ချစ်တယ်။ သိပ်ချစ်သွားမိပြီ မမရယ်၊ အဲဒါ ဘယ်တုန်းက စလိုက်ပါလိမ့်။ ထမင်းမစားနိုင်တာကို သနားမိလိုက်တာနဲ့များ ချစ်သွားမိလေသလား။

မထိုင်ခင် မုန့်စားပွဲပေါ် လှမ်းတင်လိုက်သည့် ကြွပ်ကြွပ်အိတ်ထဲမှာ ပလတ်စတစ်ကြည်ဘူး နှစ်ဘူးနှင့် ခေါက်ဆွဲကြော်တစ်ပွဲ ထမင်းကြော်တစ်ပွဲ ပါလာသည်။ အဲဒါကို လှမ်းကြည့်၊ လက်ညှိုးထိုး၊ ဘာကိုမှန်းမသိ ရှက်ကိုးရှက်ကန်း၊ မဝံ့မရဲဖြစ်လျက်သွားကလေးဖြဲ၍ ပြုံးပြလိုက်မိ၏။

"မမဖို့"

"ဘာတွေများလဲ ထွန်းရယ်"

အမယ်လေး ဟုအော်ကာ ထခုန်လိုက်ချင်၏။ ဘာတွေများလဲ ထွန်းရယ်တဲ့။ ပြောပုံလေးရင်းနှီးပါဘိ။ ယောကျ်ားတစ်ယောက်အနေနှင့် ကိုယ့်ကိုယ်ကိုယ် သည်လောက် မညံ့ဘူး။ မတုံးဘူးဟု ထင်ထားခဲ့သည်။ သူငယ်ချင်းတွေထဲမှာ ရည်းစားရှိသူတွေပါသည်။ သူတို့ရည်းစားတွေရှေ့မှာ မျက်တောင်မှု ရဲရဲမခတ်ဝံ့။ ပြားနေအောင် ကြောက်ရသူတွေပါသည်။ ထွန်းထွန်းနှိမ်လို့ကောင်းလိုက်သည့်ဖြစ်ခြင်း။ အော်ဟစ်ရှုတ်ချကာ ဟားတိုက်ရယ်လျက် ဗိုက်နှိပ်ရပါဘိခြင်း။ အတွေ့အကြုံက လိုတာထက်ပိုကာ ရည်းစားထည်လဲနှင့် မိန်းမဆိုတာ ကစားစရာအရုပ်လိုသဘောထားသည့် သူငယ်ချင်းတွေကျတော့လည်း ထွန်းထွန်းအထင်သေးသည်။ စာရိတ္တပိုင်းဆိုင်ရာ ပျော့ကွက်ဟုမြင်၏။

"ရည်းစားပဲကွာ ပစ်စလက်ခတ်လည်း မလုပ်နဲ့၊ နမချင်းစာနာ၊ ကြောက်စရာလည်း မလိုပါဘူး၊ ကိုယ်က ယောကျ်ား၊

www.burmeseclassic.com

www.burmeseclassic.com



ရှာကျွေးနိုင်ရင် ဘယ်အချိန်ဖြစ်ဖြစ် မိန်းမရတဲ့ အမျိုးအစား၊ သူတို့မိန်းမတွေသာ အချိန်လင့်ရင် ယောကျ်ားမရတာ၊ ဟော့ကောင်တွေ ပြားပြားဝပ်မနေနဲ့ကွ၊ ကြည့်ရတာ မျက်စိ စပါးမွေးစူးတယ် ...

"နင်တို့ကလည်း စွတ်နိုင်မနေနဲ့၊ နင်တို့ကောင်တွေက သည်းခံပေမယ့် ငါက လက်သီးနဲ့ ဆွဲထိုးမိတော့မယ်"

တချို့ကောင်မလေးတွေက ကိုယ့်သူငယ်ချင်းတွေပဲမို့ သူတို့ရည်းစားတွေ မဟောက်ရဲတာ။ ကိုယ်က ကြားဝင်ဟောက်ပေးခဲ့ဖူးသည်။

ခုတော့ တစ်မျိုးပါလား။ အချစ်ထဲမှာ ကြောက်ရှိန်က ကပ်ပါလာသည်။ ယောကျ်ားဖြစ်ပြီး ဘာတွေ လာရှက်နေရတာလဲ။ တကယ့်အချစ်၏ ခံစားမှုထဲမှာ အရှက်တွေ အကြောက်တွေ ရောနှောပါဝင်လာတာ ကိုယ်တိုင် ခံစားဖူးမှ ကိုယ်ချင်းစာနိုင်တော့သည်။

မမကို အရမ်းချစ်တာပဲ။

တစ်ထိုင်တည်းမှာ အရမ်း သေချာသွားရသည်။ မျက်နှာလှလှလေးကို ထိုင်ငေးနေချင်၏။ ထမင်းမစားဘဲလည်း နေနိုင်မည်။ ရေမသောက်ဘဲလည်း နေနိုင်မည်ထင်သည်။ လေတောင်ရှူချင်မှရှူဖြစ်မှာ။ ခုတောင် အသက်ရှူဖို့မေ့နေလို့။ သတိရမှ အမောတကော ထရှူနေရတာ လက်တွေ့။ လှလိုက်တာ မမရယ်။ အရမ်းလည်း ချစ်ဖို့ကောင်းတယ်ဆိုသည့် ပြောရေးဆိုခွင့်ကို ရလိုက်ချင်ပြီလေ။



"မမစားဖို့ ဈေးထဲက သွားဝယ်လာတာ၊ မမ ဘာကြိုက်မှန်းမသိလို့ ထမင်းကြော်တစ်ထုပ်၊ ခေါက်ဆွဲကြော်တစ်ထုပ်၊ ဟင်းလည်း နှစ်မျိုးလောက်ပါတယ်"

"ဟောတော့ ... အဲဒါတွေ နေချို စားလို့ ဘယ်ကုန်မှာလဲ"

"မမ ထမင်းစားမကောင်းဘူးဆိုလို့"

"ဘယ်သူက ပြောလဲ၊ ကောင်းပါတယ်၊ ဒေါ်ဆိုင့်လက်ရာက ကောင်းတာပဲ"

"နည်းနည်းလေး စားတယ်ဆို"

"အမယ်လေး ထွန်းရယ်၊ ပုံစံနဲ့စားနေရတဲ့ဒုက္ခကို မသိတော့ဘူးလား၊ ခံတွင်းတွေ့တိုင်း စွတ်စားလိုက်ရင် ဖက်တီးကြီးဖြစ်လာမှာပေါ့၊ ဒီကို ရောက်ရောက်ချင်းပဲ ရောက်ပြီဆိုတဲ့အကြောင်း ဦးဆီ ဖုန်းဆက်တယ် ...

"ဦးကို အရမ်းစိတ်ချမ်းသာသွားပါပြီ ဆိုတာလည်း ပြောရတယ်၊ ဦးက ပျော်ရင် ဝမ်းသာပါတယ်တဲ့၊ အနားယူတယ်ဆိုပြီး စားလိုက် အိပ်လိုက်ချည်းလည်း မနေနဲ့တဲ့၊ နေချိုက မင်းသမီးလည်းဖြစ် မော်ဒယ်လည်းဖြစ်တော့ နေချို့အရပ်ငါးပေလေးလက်မနဲ့ဆိုရင် ...

"ခါးကို နှစ်ဆယ့်တစ်လက်မ အများဆုံးထား၊ ဒီထက်ပိုတုတ်မလာစေနဲ့တဲ့၊ ကိုယ်လုပ်တဲ့အလုပ်မှာ ကိုယ်ဟာ ပိုင်နိုင်ရမယ်တဲ့၊ ဒါကြောင့် အမှုအရာလည်း အမြဲကျင့်တဲ့၊ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်ဘဲ၊ ရှုတင်မှ မရှိဘဲဆိုပြီး ထင်သလို နေမပစ်လိုက်နဲ့ဆိုလို့ ထွန်းရယ်"

နေချိုက အားတက်သရောလေး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ စိတ္တဇဝေဒနာရှင်လေး မဟုတ်တော့ဘူးပေါ့။ ဟုတ်နေရင်တောင် သူမအပေါ် ချစ်လိုက်မိသည့် အတိုင်းအတာက လျော့ကျသွားမှာမဟုတ်ဘဲ ဆေးရုံတင်ပေးချင်သည့် စေတနာသာ ပိုလာမှာဖြစ်ပါ၏။

"နေချိုက ဒီမှာနားရတာ ပျော်ပါတယ်၊ ဒါပေမဲ့ ရွယ်တူ တန်းတူနဲ့လည်း စကားပြောချင်သေးတာ၊ ထွန်း လာစကား ပြောတာ အရမ်းဝမ်းသာတာပဲ၊ ဒေါ်ဆိုင်က ပြောတော့ ထွန်းက လူသာငယ်တာ စိတ်က လူကြီးတဲ့ ...

"အလုပ်လုပ်ဖို့၊ စီးပွားရှာဖို့ပဲ စိတ်ကူးရှိတာတဲ့၊ အနေအထိုင်လည်း သိပ်တည်တယ်ဆိုလို့ ဒီဘက်ဆောင်က နေ ခြေသံတောင် ပြင်းပြင်းမနင်းဝံ့ဘူး ထွန်းရဲ့"

"မဟုတ်တာ"

"ခုတော့လည်း ထွန်းက ကလေးလေးလိုပဲ"

"မမ ခေါ်တာ ကြိုက်ရဲ့လား"

"နေချိုအာ နှစ်ဆယ့်ပြည့်ပြီ"

"ကျွန်တော်က ဆယ့်ရှစ်ပါ"

"မောင်လေးပေါ့၊ ခေါ်ပါ၊ မမလို့ခေါ်ခံရတာလည်း နားဝင်ချိုတယ်၊ နေချိုက တစ်ဦးတည်းသောသမီး၊ မောင်မရှိ ညီမ မရှိဆိုတော့ ကိုယ့်ထက်အငယ် သိပ်လိုချင်တာ၊ ကိုယ့်ထက်ကြီးတော့ မလိုချင်ဘူး၊ ဩဇာပေးခံရမှာ ကြောက်လို့"

မမက စကားပြောကောင်းလိုက်တာ။

သူ့အသံချိုချိုလေးနှင့် သွက်သွက်လည်အောင်ပြော သည်။ ဘယ်တုန်းကတည်းကများ စကားပြောဖို့ လိုနေသည်မသိပါ။



"မေမေကျတော့ ပုတီးစိပ်နေတာများတယ်၊ မေမေတို့အရွယ် က သေဖို့ပြင်ဆင်ရတော့မယ့်အရွယ်တဲ့၊ သေတဲ့အခါ ငရဲ တွေ ကျုံးပါမလာအောင် အကုသိုလ်တွေ လိုက်ရှာမနေ ချင်တော့ဘူးတဲ့၊ ကိုယ့်နောက်ပါမယ့် ကုသိုလ်ရေးလေးတွေ နဲ့ပဲ ကြည်မွေ့ချင်တော့တာတဲ့၊ နေချိုက သွားစကားပြော ရင် မေမေ ပုတီးစိပ်ပျက်မှာစိုးလို့ ထင်းရှူးပင်ကြီးတွေနဲ့ပဲ သွားစကားပြောရတယ်"

"ဪ ..."

စိတ်မှန်ရဲ့လားထင်လိုက်ခဲ့တာ အားနာစရာကြီးများ တောင် ဖြစ်လို့ပါလား။

"တစ်ခါတစ်ခါလည်း ငိုရတယ်၊ ထွန်းတွေ့သေးလား"

"ဟုတ်ကဲ့၊ ဘာများ ဝမ်းနည်းစရာတွေ့လဲ မသိဘူး၊ ကျွန်တော် ကူညီနိုင်ရင် ကူညီချင်ပါတယ်"

"ဦးအမိန့်ကို နာခံတာလေ၊ ဦးက အမှုအရာတွေ မေ့ကုန် ပျက်စီးကုန်မှာ စိုးတယ်ဆိုလို့"

"ဪ ..."

"နေချိုက ဦးခတ်ပေးထားတဲ့ စည်းဘောင်ထဲမှာပဲ လှုပ်ရှား တာ"

စင်စစ် သည်စကားပြောဖို့ မလိုပါ။ တကယ်ပြော လိုက်ချင်တာကလည်း ဦးကိုပါ။ သို့ပေမဲ့ ဘာကြောင့်မှန်းမသိ ဦးကို မပြောဖြစ်သေးခင် ထွန်းဆီမှာ ဖွင့်ဟဝန်ခံသလို ပြောဖြစ် လိုက်သည်။

"ကျွန်တော်က စိတ်ပူနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ထွန်းကို ကျေးဇူးတင်တယ်သိလား၊ ဒီမှာနေရတာ စိတ်ချမ်းသာလို့"

"မတင်ပါနဲ့ မမရယ်၊ ကျွန်တော်က ပိုက်ဆံယူထားတာပဲ၊ ကျွန်တော့်သဘောတော့လည်း မဟုတ်ဘူးပေါ့လေ၊ ရန်ကုန်က မေမေနဲ့ ယောက်ဖကြီးနဲ့ စီစဉ်ကြတာပါ၊ ကျွန်တော့်သဘောဆိုရင် ..."

"မဖွင့်သေးတဲ့ ဟိုတယ်မှာ ဇွတ်လာတည်းရမလားဆိုပြီး မောင်းထုတ်မလို့လား"

"ဟင့်အင်း ... အလကား ထားမလို့"

"အပြောနဲ့တင် လွမ်းနေပါပြီနော်"

ရယ်သံလေးက လျှပ်စစ်လှိုင်းလို တွန့်ခွေသိုင်းဖွဲ့၍ လွင့်သည်။ ချိုလှပါဘိ။

"ထွန်းလည်း စားသွားလေ၊ နေချို ပြင်လိုက်မယ်၊ ဩော်မေ့လို့၊ ဟိုတယ်ပိုင်ရှင် ရှေ့မှာထားပြီး စည်းကမ်းပျက်တော့မလို့"

"ရပါတယ်၊ မမ ဒီမှာစားချင်ရင် စားပါ"

"တစ်ခါမှ မစားပါဘူးနော်၊ ဒိုင်းနင်းရွမ်း(Dining Room) ထမင်းစားခန်းမှာ သွားစားတာချည်းပါပဲ"

ဟိုတယ်တွေက အိပ်ခန်းထဲ၊ ဧည့်ခန်းထဲသို့ နေ့လယ်စာ ညစာ ယူစားတာ ခွင့်မပြုကြပါ။ အချို့တည်းခိုသူတွေက အိပ်ခန်းကို တံခါးပိတ်၍ ခိုးစားလေ့ရှိသည်။ နေချိုတို့သားအမိ ကလောဟိုတယ်မှာ နေစဉ်က ဟိုတယ်မှ ထမင်းဟင်းကို မစားချင်သည့်အခါ အပြင်ထွက်၍ ချိုင့်နှင့်ဝယ်လာခဲ့ပြီး ဆာသည့်အချိန်ကျမှ ကိုယ့်အိပ်ခန်းထဲမှာ ခိုးစားခဲ့ကြသည်။



စည်းကမ်းပျက်သည်ဆိုတာထက် လူကြီးက မလုပ်နှင့်ဆိုတာကို ခိုးလုပ်ရတာ ပျော်သည့်ကလေးလို နေချိုက ပျော်နေခဲ့လေ၏။

"ကျွန်တော်က စည်းကမ်းပျက်တာ"

"အိပ်ခန်းထဲ ယူစားတာချည်းပဲလား"

"ဘယ်ဟုတ်မလဲ၊ ဧည့်ခန်း၊ အပေါ်ကပ်ဘုရားခန်း၊ အလုပ်ရှိရင် ရှိသလို လုပ်နေတဲ့နေရာက မှာပြီး မထတမ်း စားတာ"

"ထွန်း ဘာတွေပြင်နေတာလဲ၊ ဆောက်လို့မပြီးသေးတာလည်း မဟုတ်ပါဘူးနော်၊ ပြီးနေတာတွေ့သား"

"အလှဆင်နေတာ၊ အင်တီးရီးယား ဒက်ကော်ရေးရှင်း (Interior Decoraticn) အိမ်တွင်းမွမ်းမံပြင်ဆင်ခြင်းပေါ့။ ပန်းဆိုင်းတွေ၊ မီးအုပ်ဆောင်းအလှလေးတွေတပ်၊ ပန်းအိုးတွေကအစ လှေကားထောင့်လေးတွေမှာ ဘယ်နေရာ ဘယ်လိုအပင်မျိုးဆိုတာတွေပေါ့"

"မပြီးသေးဘူးလား"

"ဟိုဘက်ဆောင် ပြီးလုပြီ၊ ဒီဘက်ဆောင်ပဲ ကျန်တယ်"

"နေချိုတို့ရှိပေမယ့် ထွန်းအလုပ်ရှိရင် လာလုပ်နော်၊ လွတ်တဲ့နေရာ ကြည့်နေမှာပေါ့"

"တစ်ရက် နှစ်ရက်ကြာမှ လာမယ်၊ ဟိုဘက်ဆောင် ဧည့်ခန်းလယ်က ငါးကန်လေးက မနက်ဖြန်လောက်မှ လက်စသတ်မယ်၊ ငါးကို ချက်ချင်း ပြန်ထည့်လို့ မရဘူးလေ၊ ဘိလပ်မြေ နည်းနည်းသုံးထားတော့ အနံ့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါးက ဘိလပ်မြေနဲ့ မခံနိုင်ဘူးလား"

"သေတတ်တယ်"

"ဟောတော့"

မျက်လုံးလေးပြူးကာ ပါးစပ်ပိတ်၍ ရယ်ပုံလေးက ဖိုတိုကင်မရာ (Photo Camrer) မလိုပါဘဲ ထွန်းထွန်းမျက်ဝန်းမှ တစ်ဆင့် နှလုံးသားမှာစွဲထင်၏။ မိန်းမတစ်ယောက်ကို သည် လောက်ရက်လေးအတွင်းမှာ သေမလောက် ကြိုက်သွားမိသည့် ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩသည်။ အချစ်ဆိုတာ ဒါပဲထင်ပါရဲ့။ အချိန်အခါ နေရာရယ်လို့မရှိ။ သူဖြစ်ထွန်းပေါက်ကွဲချင်သည့် အခိုက်မှာ ပေါက်ကွဲပစ်လိုက်တာပဲနှင့် တူပါသည်။

"မေမေ့ကိုခေါ်ပြီး ထမင်းစားခန်း သွားကြမယ်နော်"

ထွန်းထွန်းပဲ သူ့အထုပ်တွေ သူဆွဲလာသည်။

"ထမင်းစားကြတော့မလား"

ဒေါ်ဆိုင်က ဝတ္တရားအရမေးရင်း မျက်လုံးပြူးနေသည်။ ထွန်းထွန်းမျက်နှာက အိမ်ကလူကြီး ပြင်ဦးလွင်သွားတုန်းက တောစပ်မှာ မှိုတစ်ကျင်းတွေ့တုန်းကထက်တောင် မြူးသေးဟု ခက်တော့မည်ထင်သည်။

နေချိုက မေမေ့ကို ဦးချထည့်ပေးသည်။ သူ့ပန်းကန်ထဲမှာ ဘာမှုမထည့်ရသေးပါ။ ထွန်းထွန်းက မမ ဘာစားမလဲ မေးကာ ခေါက်ဆွဲကြော် တစ်ထုပ်လုံးထည့်ထားသည့် ပန်းကန်နှင့် ထမင်းကြော်ပန်းကန်နှစ်ခုကို ဘယ်ညာစုံကိုင်၍ နိမ့်ချီမြှင့်ချီ မြှောက်ပြသည်။

"နည်းနည်းပဲယူမယ်"



ထွန်းထွန်း ပြန်ချတော့ သူ့အမေထဲ နည်းနည်းခပ်ထည့်ဦးချပြန်သည်။ ပြီးတော့မှ သူ့အတွက် ဘာမှုမထည့်ရသေးသော ပန်းကန်ထဲသို့ ထမင်းကို ထမင်းခူးသည့်ဇွန်းကြီးနှင့် မခ်ပ်ဘဲ ဟင်းခပ် စတီးဇွန်းနှင့် နှစ်ဇွန်းထည့်သည်။ ခေါက်ဆွဲကြော် နှစ်ဇွန်း။ ထမင်းကြော်နှစ်ဇွန်းထည့်သည်။ စုစုပေါင်း ခြောက်ဇွန်း။ ကြက်သားတစ်တုံးနှင့် ဂေါ်ဖီထုပ်အရွက်တွေ ရေဆေးပြီး ထည့်ထားသည့်ပန်းကန်ကို သူ့နားဆွဲတိုးကာ ဗိုက်မပြည့်မချင်း ဂေါ်ဖီထုပ်ချည်း ဖိစားနေတော့သည်။

ဖြစ်မှဖြစ်ရလေ။

ထွန်းထွန်းကတော့ နေချိုနှင့် ထမင်းတစ်ဝိုင်းတည်း မျက်နှာချင်းဆိုင်ကာ စားရသည်မို့ ထမင်းထဲ အာရုံမရောက်ပါဘဲ ရယ်ရင်းပြုံးရင်း အသိစိတ်မဲ့စွာ သွတ်သွင်းနေမိသမျှ အားလုံးဝင်ကာ ဗိုက်ကြီး အဆမတန်တင်းတော့မှပဲ လွန်သွားပြီဆိုတာ သိလိုက်ရတော့သည်။

"ထွန်းက စားနိုင်လိုက်တာ"

"စားလို့စားနေမှန်းမသိဘူး မမရဲ့၊ သူ့အလိုလိုဝင်သွားတာ၊ ဗိုက်အရမ်းတင်းနေပြီ"

"ဟုတ်ပါရဲ့ ထွန်းထွန်းရယ်၊ ခါတိုင်းထက်နှစ်ဆလောက် ရှိမယ်"

ဒေါ်ဆိုင်က ရယ်ချင်ပက်ကျိနှင့် ဝင်ပြော၏။ ဒေါ်စီစီချိုက ပုံမှန်ပဲစားသည်။ နေချို့ခမျာတော့ ဂေါ်ဖီထုပ်တွေပဲ တစ်ရွက်ပြီးတစ်ရွက်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေ ခရမ်းချဥ်သီးတွေ အကွင်းလိုက်လှီး၊ အစေ့ညှစ်ပြီး တစ်ပန်းကန်ကြီး ချပေးရတာ ပြောင်ရော ထွန်းထွန်းရဲ့"

ဒေါ်ဆိုင်ဝင်ပြောတော့ ထွန်းထွန်းက ဟင် ... ဟု ဆိုကာ အသနားကြီး သနားရပြန်ပါသည်။

"မမမှာလည်း ဒုက္ခပါလား၊ ကျွန်တော် သနားလာပြီ"

"မသနားနဲ့၊ အလှပျက်မှာစိုးတော့ ဒီလိုပဲ ဒုက္ခခံရတာပဲ"

"မမ လေ့ကျင့်ခန်းရော လုပ်သေးလား"

"ရေချိုးခါနီး သွေးပူရုံပါ၊ ခါးသေးတဲ့ လေ့ကျင့်ခန်းတစ်ခန်းမျိုးပဲလုပ်တယ်၊ ဦးကပြောတယ်၊ ခါးသေးဗိုက်ချပ်မယ်၊ လူကမဝဘူး၊ ရှိုက်ကုန်း ပိန်ချည့်လည်း ဖြစ်မနေဘူးဆိုတဲ့ ပုံစံမျိုးမှ လှတာတဲ့"

ဤပြိုတယ်ကိုရောက်မှ ဦးနှင့် တစ်နေ့နှစ်ခါ စကားပြောဖြစ်သည်။ ဖုန်းထဲမှာ ရင်းနှီးမှုက အတိုင်းမသိ ဖြစ်ထွန်းပွားများလာခဲ့ပြီလေ။

"နေရာတကာမှာ အသားတွေများတိုင်း လှတာမဟုတ်ဘူးတဲ့"

ပြောပြီး နေချို မျက်နှာလေးရဲ့ ရှက်ရယ်ရယ်၏။

"နိုင်ငံခြားမိုဒယ် အမျိုးသမီးတွေဟာ မြန်မာ့မျက်စိနဲ့ကြည့်ရင် ပိန်ကပ်ကပ်တွေလို့တောင် ပြောနိုင်တယ်တဲ့၊ ပိန်တာကမှ အင်တာနေရှင်နယ်ဗြူတီ (International Beauty နိုင်ငံတကာစံချိန်မီအလှ)တဲ့"

"မမ ဒီရောက်မှ ပိုတောင်ပိန်သွားသလိုပဲ"



"ပိန်တယ်၊ ရန်ကုန်ကလာတုန်းက ခါး နှစ်ဆယ့်လေးနဲ့လာတာ၊ ဦးက နှစ်ဆယ့်တစ်ကို လျှော့ချဆိုလို့"

"ဦးဆိုတာ မမဆရာလား"

"ထွန်း ကြားဖူးမလားမသိဘူး၊ ဦးမင်းခန့်ထယ်"

ကမ္ဘာကြီး ဇောက်ထိုးမိုးမျှော် ဖြစ်သွားသည်။

"နေချို့ကို အလင်းရောင်ပေးပြီး အစစကူညီနေသူပဲ"

ဦးမင်းခန့်ထယ် ... ခင်ဗျား တော်တော်ကြီး လွှမ်းမိုးပိုင်စိုးနိုင်နေပြီပဲ။

"ဆွေနည်းမျိုးနည်းမို့ ဦးကို ဆွေမျိုးရင်းချာလို ပုံပြီး အားကိုးလိုက်ရတာ၊ လူချင်းသိတာတောင် သိပ်ကြာသေးတာမဟုတ်ဘူး၊ ဒီကလောရောက်တော့၊ နောက်ထပ်ဆွေမျိုးသားချင်းတစ်ယောက် ထပ်တိုးသလိုပဲ၊ ထွန်းနဲ့ကလည်း ဒီမနက်မှ စကားများများ စပြောဖြစ်တာ၊ ဒီမနက်ပဲ ခင်သွားပြီ"

ဆွေမျိုးစာရင်းမှာ တန်းတူရည်တူ အသွင်းခံရပေမယ့် ဒေါ်နေချိုနုနု ခင်ဗျား၊ ကျွန်တော် အလကားကောင်ပါ။ ပိုက်ဆံသရဲလို့ ကင်ပွန်းတယ်ခံရပေမယ့် ခုမှရှာမလို့ကြိုးစားတုန်းပါ။ ဦးမင်းခန့်ထယ်လို သိန်းကို ထောင်ပေါင်းများစွာချီပြီး စုမိဆောင်းမိမဖြစ်သေးပါဘူး။ ဟိုပုဂ္ဂိုလ်ကြီးက မီလျံနာ၊ ဘီလျံနာ၊ ကျွန်တော်ကျတော့ နာတွေထဲက တစ်နာနာကိုသာ နာရမယ်ဆိုရင် 'သေနာ' ဆိုတဲ့နာမည်ကိုသာ လက်ခံသိမ်းပိုက်လိုက်ချင်ပါတော့တယ် မင်းသမီးခင်ဗျား။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

လပြည့်ကျော်ဆယ်ရက်တောင်ဖြစ်နေပြီမို့ လ၏ အရောင်ဝါက တော်တော်လေး လျော့ပါးနေပါပြီ။ ကွယ်လုနီးပါး ရှိ၏။ ဖယောင်းတိုင်အကြီးစား ဆယ်တိုင်တိတိထွန်းထားသည်မို့ မြင်မြင်ထင်ထင်ရှိနေ၏။ ဒါတောင် ဖိုးအေးက အရေးပေါ်မီးအိမ် ထားပေးထားသေးသည်။ ထိုမီးအိမ်ကိုထွန်းလျှင် တစ်ပေမီးချောင်း လေးနှစ်ချောင်းက အလင်းရောင်ပေးဦးမှာ။ သိပ်မလင်းချင်တော့ တာနှင့် မထွန်းဘဲ ထားလိုက်သည်။ ပြီးတော့ လက်မောင်းလုံး မရှိတရှိခန့် သစ်ကိုင်းခြောက်တွေကို ဖွဲ့ငြိနေသည့်မီးကလည်း တစ်ခါတစ်ခါ ထပြီး မီးတောက်မီးညွန့်တက်လျှင် လင်းထိန်သွား တတ်သေးသည်။

ဖိုးအေး သီပေးထားသည့် ဝါးတံမှ ဝက်သားပြား လေးတွေကို မီးကျီးမှာတင်တော့ ဆီတွေကျကာ မီးထတောက်သည်။ ခဏကြာတော့ ပြန်ငြိမ်း၏။ ဘာအချိုးမကျမှန်းမသိ။ တစ်ယောက် တည်း ကျင်းပနေသည့် မီးပုံပွဲက အဆင်မပြေနိုင်အောင် ရှိတော့ သည်။



မင်းခန့်ထယ် ကောင်းကင်ကြီးကို မော့ကြည့်သည်။ ခပ်မှောင်မှောင်ရှိ၏။ ကြယ်ကလေးတွေက တဖျိုးတဖြောက် ဟိုတစ်စ သည့်တစ်စရှိသည်။ သည်ညမှာ ကြိုက်လွန်းလို့သောက် နေသည့် ကဗ္ဗိုင်းဆီးယားကော့ညက်ကလည်း အရသာသိပ်မရှိ သလိုထင်နေရသည်။ အမြည်းကလည်း အဆင်မပြေလှပါ။ စကား ပြောဖော်လည်းမရှိ။ ဖိုးအေးဆိုသည့်ကောင် ငါးပါးသီလကို မြဲ သလားမမေးနှင့် ခြင်လာကိုက်လျှင် ဖူးခနဲ လေနှင့်မှုတ်ထုတ်ပစ် တတ်သည့် တကယ့်လူသူတော်ကောင်းက မင်းခန့်ထယ် အရက် ပုလင်းကိုင်လျှင် လုပ်စရာရှိတာ မြန်မြန်လုပ်ပေးပြီး လွှင့်ခနဲပြေး တော့သည်။ သူ့အိပ်ရာထဲမှာ ပုနေအောင် ကွေးနေမှာသေချာသည်။

နွဲ့ရှိလျှင် အမြည်းက သည်လို ဘယ်ဟုတ်ပါ့မလဲ။

ကောင်းကင်ကြီးကို မော့ကြည့်ရင်း ဆွတ်ကြင်လွမ်း မောသလိုခံစားရခိုက် အမြည်းကောင်းကောင်း ရှိမနေသည့်အတွက် နွဲ့ကို သတိရလိုက်သည်။ သူလုပ်ပေးသမျှ စားဖွယ်ဖူးသော အမြည်း များကို ပြန်လည်စုစည်းလို့ရလျှင် စုစည်းပြီးမှ ထွေးအန်ပစ်လိုက် ချင်၏။

“မိန်းမလှ ပါးဖောင်း ဘာဘီကျူး”တဲ့။

သူ့ပါးကိုများ လှီးပြီး အချိုအငန်နယ်၊ ဝါးတုတ် နှင့်ထိုးပြီးမှ အရက်နှင့်မြည်းဖို့ ကင်ပေးဦးမလို့ဆိုပဲ။ တော်တော် ကြောက်စရာကောင်းသည့် မိန်းမ။ အလိမ်အညာအလှည့်အဖြား မှာ တံခွန်ထူ၍ သရဖူဆောင်းနိုင်သော မာယာရှင် ဘုရင်မကြီး ဖြစ်၏။ မင်းခန့်ထယ် အယုံကြီးယုံခဲ့သည်။ ဘယ်လောက် နှ ကျခဲ့ပါသလဲ။ သည်မိန်းမသေတာ နည်းနည်းကလေးမျှ မနှမြော။

www.burmeseclassic.com

www.burmeseclassic.com



သေသင့်တာတောင်ကြာပြီ။ သို့ပေမဲ့ သူ့ဘာသာသေခွာက အရေးမကြီး။ ကျန်ရစ်သူ၏အရှက်ကို ခွဲပစ်ခဲ့တာကဆိုးသည်။

နွဲ့အလောင်းကိုတွေ့တော့ အဝတ်အစားတွေ ဖရိုဖရဲနှင့်။ လင်ရှိမယားတစ်ယောက်မဖြစ်သင့်သည် ဖောက်ပြန်ခြင်းကို အရှက်မဲ့စွာ ကျူးလွန်ခဲ့ကြောင်း ဆရာဝန် စစ်ဆေးချက်အရ သိရသည်။

"တောက် ... ရှက်စရာကောင်းလိုက်တာ"

ဒေါသထွက်ခိုက် ဝက်ဆီကျသွားသည့်နေရာမှာ ထင်းတုံးက ဝုန်းခနဲ မီးထတောက်၏။ ဖြုန်းခနဲ ပူသွားသည်မို့ မျက်နှာကို နောက်သို့ဆုတ်လိုက်ရသည်။

လက်ညှိုးထိုးလွှတ်ခဲ့သည့် မိသားစု အစဉ်အလာသည် နွဲ့နှင့်ကျမှ ကျိုးပျက်တော့သည်။ ဗိုက်ကိုဓားနှင့်ခွဲ၍ ဝမ်းတွင်းကလီစာတွေကို စိတ်ရှိလက်ရှိ ထိုးမွှေသွားသည်မို့ မည်သည့်ပစ္စည်းမှ အကောင်းမကျန်။ ကြေမွပျက်စီး၊ ဗိုက်ပွင့်လျက် သွေးအိုင်ထဲမှာ အသက်ပျောက်နေသည့် နွဲ့၏မြင်ကွင်းက မျက်စိထဲမှာ ပြန်ပေါ်လာသည်။

ဝါးလက်စ ဝက်သားကင်ကို ထွီခနဲ ထွေးထုတ်ပစ်လိုက်တော့သည်။ ဖန်ခွက်ထဲမှ လက်ကျန်ကို တစ်ကျိုက်တည်းနှင့် မော့သည်။ ဖိုးအေးချပေးခဲ့သည့် ကြိမ်ကုလားထိုင်က နောက်ဘက်ခပ်လျောလျောမို့ မှီချလိုက်လို့ရသည်။ စီးကရက်ဘူးကို လှမ်းယူ၍ မီးညှိသည်။ တယ်လီဖုန်းကိုဖွင့်၏။ နှိပ်နေမိသည့်နံပါတ်တွေက ကလောမြို့မှာရှိနေသည့် မဖွင့်ရသေးသော ဟိုတယ်ဆီသို့သာ ဖြစ်နေတော့သည်။



"နေချိန္ဒနုနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ခဏကိုင်ထားပါ"

ဟိုနေ့တွေက တယ်လီဖုန်းကို နေချိုတို့ဘက်အဆောင်ဆီသို့ပဲ ပေးထားလိုက်သည်။ သည်နေ့တော့ ဧည့်ကြိုကောင်တာပြင်ဆင်၊ အခန်းတိုင်းမှာထားပေးမည့် တယ်လီဖုန်းတွေအတွက် ဧည့်ကြိုကောင်တာဘေးမှာ အိပ်ချိန်းပေါက်စလေးတောင်ဆင်ပြီးသွားပြီဖြစ်ပေမယ့် မစမ်းသပ်ရသေးပါ။ ခု ... နေချို့ဆီဖုန်းလာသည်ဆိုတော့ စမ်းသပ်ပြီးသားလိုတောင်ဖြစ်သွားသည်။

ထွန်းထွန်းလက်မှ နာရီကိုကြည့်သည်။ ညဆယ့်တစ်နာရီနှင့် ငါးမိနစ်။ မမ အိပ်နေနိုင်သည်။ ဖုန်းခေါ်သံမြည်လာလျှင် အိပ်ရေးများပျက်သွားမလား၊ ခေါ်သင့် မခေါ်သင့်။

မမမိတ်ဆွေက ကိစ္စရှိလို့ဆက်တာဆိုလျှင် ခေါ်မပေးဘဲထား့ခြင်းဖြင့် မမကတောင် စိတ်ခုနိုင်သေးသည်။

"အိပ်နေပြီထင်ပါတယ်ခင်ဗျာ၊ အရေးကြီးလား၊ နှိုးပေးရမလား"

မင်းခန့်ထယ် နဖူးကြောတွေ ရှုံ့တက်လာသည်။ ဘယ်ကသူငယ်လေးလဲ။ ခါတိုင်းဆို ဒီလိုယောကျ်ားသံက တစ်ဆင့်မလာ။

"ကျေးဇူးပြု၍ခင်ဗျာ ... အဲဒီက ဘယ်သူပါလဲ"

မင်းခန့်ထယ် စကားပြောယဉ်ကျေးတာက မေမေ့အဆုံးအမကြောင့်ပါ။ ခုလို လုပ်ငန်းကိုင်ငန်းကြီးများကို ဦးစီးရတော့လည်း ယဉ်ကျေးသိမ်မွေ့ပြရတာ အလုပ်ဝတ္တရားလိုမို့ ခေါက်ရိုးကျိုးခဲ့ပြီဟု ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထွန်းထွန်းနိုင်"

"ဩော် ... ကိုစံချိန့်ညီလေးလား"

တစ်ဖက်မှ အသံက ချို၏။ ထွန်းထွန်း မျက်ခုံးအတွန့် ကျိုးနှင့် စဉ်းစားသည်။

"ကိုယ် ... မင်းခန့်ထယ်ပါ"

ထင်လိုက်သည့်အတိုင်းပါပဲ။

"တစ်ချက်လောက်တော့ ခေါ်ကြည့်ပေးပါကွာ၊ အိပ်နေပြီ ဆိုလည်း ကိုယ် မပြောပါဘူး"

ထွန်းထွန်း သက်ပြင်းမောကိုချသည်။ ကိုယ် ဘယ် တော့မှ ပြိုင်လို့မနိုင်မည့် ပြိုင်ဘက်ဖြစ်မလာပါစေနှင့်ဟု ဆုတောင်း ချင်၏။

"ဟုတ်ကဲ့ ... ကိုင်ထားပါ"

မမ အခန်းဆီသို့ လှည့်၏။ ဒါမျိုး ဟိုတယ်ပိုင်ရှင် အနေနှင့်ပဲဖြစ်ဖြစ် ကောင်တာမှာထိုင်မည့်သူ အနေနှင့်ပဲဖြစ်ဖြစ် လုပ်ပေးရမှာ တာဝန်ပဲလေ။ သူတို့ချင်း ပြောကြပစေတော့။

✧ ❦ ✧

"နေချိုလေး"

"ဟယ် ... ဦး"

"အရမ်းသတိရနေတယ်ကွာ"

"နေချိုရောပဲ"

"မအိပ်သေးဘူးလား"



"ဝတ္ထုဖတ်နေတယ်၊ ဦးရော ဘာလုပ်နေလဲ"

"ခြံထဲမှာ သစ်ကိုင်းခြောက်တွေနဲ့ မီးပုံပွဲလုပ်နေတယ်၊ ပါဝင် ဆင်နွှဲသူက ဦးတစ်ယောက်တည်း"

"အရက်တွေ သောက်နေလား"

"အမြည်းက ညှံ့နေတယ်"

"ဖိုးအေးက လုပ်မပေးဘူးလား"

"သူက ခပ်ညှံ့ညှံ့ရယ်"

"အမှုကိစ္စ ဘယ့်နှယ်လဲ ဦး"

"နေချို့ကို သေချာပြောမပြရသေးဘူးနော်၊ ပြောပြမယ် နားထောင်၊ ဘာဖြစ်လို့လဲမသိဘူး၊ ပြောပြချင်နေတယ်၊ သူတို့ရဲတွေက တွေ့ပြီးမှ ဦးဆီ အကြောင်းကြားတာ၊ ဦးက ရုံးခန်းမှာ၊ မေမေ့ဆီလည်း မသွားချင်တာနဲ့ ရုံးခန်း ပြန်ပြီး ကိုယ့်စိတ်ကိုယ် ထိန်းနေတာ၊ သူ့ကိုမသတ်မိဖို့၊ ဦးဆီကို ဖုန်းလာတော့ ရဲက အိမ်ပြန်လာခဲ့ပါတဲ့၊ ဦးက မလာချင်ဘူးလို့ ပြောလိုက်တယ်၊ ဒေါ်နွဲ့နွဲ့ခန့်ထယ် ဘာ ဖြစ်နေပြီဆိုတာကို သိလို့လားတဲ့၊ ဦးက သိတယ်လို့ပြော လိုက်တယ်၊ အဲဒီမှာ ဦးကို ငြိတော့တာ၊ ဦးသိတယ်ဆိုတာ က သူ့ကို ယောက်ျားတစ်ယောက်နဲ့ တွေ့ခဲ့တာ၊ ဦး စိတ် ထိန်းပြီး ထွက်လာတာ"

"ဦးက ရှင်းမပြဘူးလား"

"ရဲက ပြန်လာရမယ်ဆိုတာနဲ့ ဦး ပြန်လာတော့မှ သူ သေနေမှန်းသိတယ်၊ အဝတ်အစားက မရှိသလောက်ပဲရှိ

www.burmeseclassic.com

www.burmeseclassic.com



သလောက်ကလည်း စုတ်ပြတ်နေတယ်၊ အဲဒီကျမှ သူ လူ သတ်ခံရမှန်း သိတာ”

မင်းခန့်ထယ်က နွဲ့အကြောင်းတွေ ပြောပြသည်။ နွဲ့သည်လို ဖောက်ပြန်လိမ့်မယ်ဆိုတာ ဆံပင်တစ်ချောင်းစာ သံသယ ဝင်ဖို့ မရှိဘူးဟု ပြောသည်။

“ဆံချည်တစ်မျှင်လို့ ပြောကြပါတယ် ဦးရဲ့၊ ဦးကလည်း ကဗျာမဆန်လိုက်တာ”

“ဦး အနုပညာနဲ့ပတ်သက်ရင် သိပ်ဒုံးဝေးတာ၊ ဒါကြောင့် အနုပညာလောကထဲ ဝင်ကြည့်ချင်တယ်၊ အနုပညာကို ဟိုတစ်စ ဒီတစ်စ မြည်းစမ်းကြည့်ချင်တယ်၊ အဲဒါကြောင့် နေချို့ကို ဗီဒီယိုရိုက်ချင်တာ၊ အဲဒါလည်းပါတယ်”

မင်းခန့်ထယ်က သူ အရမ်းအားနေကြောင်းတွေ ပြောပြသည်။

“အရမ်းပျင်းတာပဲ၊ စက္ကန့်နဲ့အမျှ အလုပ်လုပ်ခဲ့ရတာဆို တော့ အလုပ်မရှိတော့ လက်ကြောတောင်မတင်းဘူး၊ မနေတတ်လိုက်တာ၊ ရှက်လို့ နေချိုရယ်၊ ခုလိုဖြစ်သွားရတာ သိပ်ရှက်တယ်၊ ဦးတို့ မျိုးရိုးမိသားစုတွေ ဆင်းသက်လာခဲ့ တဲ့အထဲမှာ သူများလက်ညှိုးထိုးစရာမပါခဲ့ဘူး ...

“အထင်ကြီး အားကျကြရတာချည်းပဲ၊ မိန်းမသေ တယ်ဆိုတာ ရိုးရိုးတန်းတန်းသေရင် ဘာရှက်စရာရှိလဲ၊ ခုတော့ သိပ်ဆိုးတယ်ကွာ၊ ပြီးတော့ ရဲက ဦးကိုလည်း သိပ်သကာချင်တာမဟုတ်ဘူး၊ နွဲ့အဝတ်အစားတွေ၊ နွဲ့အနီး



အနားမှာတွေ့သမျှ လက်ရာခြေရာတွေမှာ ဦးလက်ဗွေတို့ ဘာတို့ပေါ့၊ ဘာမှမတွေ့ဘဲ တခြားယောက်ျားလက်ဗွေရာ တွေတွေ့နေလို့ ဦး အချုပ်ထဲမှာမနေရတာ၊ ဒါပေမဲ့အခန်းဝ မှာ ဦးကုတ်အင်္ကျီနဲ့ နက်ကတိုင်တွေ့ကြတော့ ဦးအတွက် မကောင်းဘူး ...

“ဒါကြောင့် မေမေ ခဏခဏပြောတာ၊ ဘုရား တရား မမေ့နဲ့တဲ့၊ ကံမကောင်းအကြောင်းမလှရင် အကုသိုလ် က အိမ်ထဲကို အတောင်တပ်ပြီး ပျံဝဲဝင်လာတတ်တယ်တဲ့၊ ကိုယ်ကောင်းရဲ့သားနဲ့ ခေါင်းရွှေ့ရထာပဲ စိတ်ပျက်တာ”

“ဦးက အမေကို သိပ်ချစ်တယ်နော်”

“အထင်ကြီးလေးစားတာလည်းပါတယ်၊ ဖေဖေ ကြိုးစား ရှာဖွေခဲ့သမျှ စီးပွားတွေမှာ မေမေ့အကြံဉာဏ်မကင်းဘူး၊ မေမေက ဦးတွေ့ဖူးသမျှ မိန်းမသားတွေထဲမှာတော့ အတော် ဆုံးပဲ”

“နေချိုလည်း ဖမေမေ့ကို သိပ်ချစ်တယ်၊ အားလည်းကိုးပါ တယ်၊ ပြီးတော့ ရိုးလွန်းလို့သနားတယ်၊ ခု ဦးက အလုပ် မသွားဘူးပေါ့၊ ဟုတ်လား”

“မသွားဘူး၊ မလွှဲစဘူး သူ့နေရာနဲ့သူ မန်နေဂျာတွေနဲ့ ချည်းပဲ လွှတ်ထားလိုက်တယ်၊ တယ်လီဖုန်းကလည်း တဂွီးဂွီးနဲ့ ဒီကိစ္စ သတင်းမေးကြတယ်ကွာ၊ မဖြေချင်ဘူး၊ ဟိုရက်တွေက သွားသေးတယ်၊ ခု မသွားတော့ဘူး၊ ဆပ် လူလာလည်း ကိုယ်ပြောချင်မှဖွင့်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဦးမေမေနဲ့ ပြန်နေပါလား"

"အဲဒါကျတော့လည်း မနေချင်ပြန်ဘူး၊ မေမေတို့အိမ်မှာ အဘိုးကြီး အဘွားကြီးချည်းပဲ သုံးယောက်နေတာ၊ တရားကျောင်းလိုပဲ ဝိပဿနာဇရပ်နဲ့လည်းတူရဲ့၊ မေမေ့အိမ်မှာ အလုပ်လုပ်တဲ့ ကောင်မလေးတွေဆို မမြဲဘူး"

"ဘာဖြစ်လို့လဲ"

"ပျင်းလွန်းလို့တဲ့၊ အလုပ်လည်းသက်သာတယ်၊ အခွင့်အရေးနဲ့လခလည်း ကောင်းတယ်၊ ဆူပူမာန်မဲမယ့်သူလည်း မရှိဘူး၊ အဲဒါတောင် မနေနိုင်ကြဘူး၊ ဘာသံမှလဲ မထွက်ဖြစ်တဲ့"

နေချို ရယ်လိုက်၏။ မင်းခန့်ထယ်လည်း လိုက်ရယ်သည်။

"ပြီးတော့ ဦး အရက်သောက်တာ မေမေ သိပါတယ်၊ ဦးကလည်း စည်းနဲ့ကမ်းနဲ့သောက်တာပဲ၊ မေမေက မဆူပါဘူး၊ ဒါပေမဲ့ မေမေ့ရှေ့မှာ ပုလင်းထောင်နေရမှာကျတော့ အားနာတယ်၊ မရှိသေ့မလေးစားရာ ရောက်မှာစိုးတယ်၊ အဲဒါကြောင့် မနေချင်တာလည်းပါတယ်၊ နောက်ပြီး ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် နေလာခဲ့ပြီးမှတော့ လူကြီးသုံးယောက် မျက်စိအောက်ကို ပြန်မဝင်ချင်ဘူး"

"စားရသောက်ရတာ ဘယ်အဆင်ပြေမလဲနော်"

"ရုံးတက်တုန်းက ကစ်တီက စီစဉ်ပေးလို့ တော်သေးတယ်"

"ကစ်တီ ဆိုတာ ဘယ်သူလဲ"



"ဦးရဲ့အတွင်းရေးမှူး နှစ်ယောက်ရှိတယ်၊ ကိုသိန်းမောင်နဲ့ ကစ်တီ၊ သူတို့နှစ်ယောက်က အလုပ်တော်တယ်၊ ခုတော့ ဖိုးအေးချက်ပေးသလောက်နဲ့ ပြီးချင်လည်း ပြီးလိုက်တယ်၊ ဒါမှမဟုတ် တစ်ယောက်တည်း အပြင်ထွက်စားတယ်"

"တစ်ယောက်တည်း အရမ်းအထီးကျန်ဆန်နေတာပဲ၊ မနေတတ် မထိုင်တတ်ကြီး"ဟု ပြော၏။ "နွဲ့ကို လွမ်းနေတာလို့တော့မကောင်နဲ့ သစ္စာမရှိတဲ့မိန်းမ အသေနောက်ကျတယ်လို့လည်း ဒေါသဖြစ်မနေပါဘူး"ဟု ဆက်ပြောသည်။ "နွဲ့နဲ့ပတ်သက်လို့ မုန်းလည်းမနေဘူး၊ စိတ်ဆိုးလည်း မနေဘူး၊ လွမ်းလည်းမနေဘူး၊ ကိုယ်နဲ့ ဘယ်လိုမှ မပတ်သက်ခဲ့သလို တကယ့်ကို ပုံမှန်ပဲ"တဲ့။

'နီဂလက်(Neglect)'ဟု ဆက်ပြောပြန်၏။ ဥပေက္ခာဟု ဘာသာပြန်ရမည်ထင်သည်။ 'ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်ကျခဲ့ဖူးတယ်ဆိုတာတောင် သတိတရမရှိဘူး၊ အဲဒီလောက်ထိ ဘာမှ မကျန်တာတဲ့'တဲ့။

"အလုပ်ပြန်ဆင်းပါတော့လား ဦးရဲ့"

"အဲဒါပေါ့၊ လူဆိုတာ တကယ့်ကို အတ္တသမားသီလား၊ ကိုယ့်ကိုယ်ကိုယ် သိပ်ညှာတဲ့အမျိုးအစား၊ ဒါကြောင့် မေမေက အလုပ်ဆိုတာ လက်နဲ့မပြတ်ရဘူးလို့ ပြောတာ၊ ပြတ်သွားရင် ပြန်မဆက်ချင်တော့ဘူးတဲ့ ...

"အခု ဦးအိမ်မှာ အလုပ်မလုပ်ဘဲ အလကားနေရတာ တော်တော်ဇိမ်တွေ့နေတယ်၊ ဒါပေမဲ့ လိမ်ပိန်ပြီး ပျင်းနေတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦး စိတ်လေတာပဲ ဖြစ်ရမည်။ ဦးထံမှ စကားသံ ခေတ္တပြတ်နေ၏။

"နေချိုလေး၊ နားလို့မဝသေးဘူးလား"

"ရှင် ..."

"ပြန်လာခဲ့စေချင်ပြီ"

"ကားစရိုက်ချင်ပြီလား"

"ဦး ... လွမ်းလို့"

"ဘယ်သူ့ကိုလဲ"

"နေချိုလေးကို ဖုန်းထဲက စကားပြောနေရတာမျိုး မဟုတ်ဘဲ မျက်နှာချင်းဆိုင်ပြီး ပြောချင်တယ်"

"ဟင် ..."

နေချို ကိုယ်ကလေး တွန့်သွားသည်။ ဦးစကားက ရိုးမှရိုးရဲ့လား၊ မရိုးဘူးဆိုလျှင် မြန်လွန်းသည်။ မြန်သည်ဆိုရာ၌ မှဆိုးဖိုဖြစ်ပြီး သည်လောက်ရက်ပိုင်းလေးထဲမှာ သည်လို မရိုးသားဘူးဆိုလျှင်လည်း မြန်သည်။ နေချိုနှင့် တွေ့ဖူးတာကလည်း ရက်ပိုင်းပဲရှိသေး၏။ ဖုန်းထဲမှာ စကားပြောရင်း ရင်းနှီးသွားရတာ ပေမယ့် မျက်နှာချင်းဆိုင်တွေ့ဖူးချိန်နည်းလွန်းသည်။ ရက်တိုလွန်းသည်မို့လည်း မြန်သည်။

"ဦးမှာ အပေါင်းအသင်းမရှိဘူး နေချိုရဲ့၊ ရှိခဲ့ပြီးသား အပေါင်းအသင်းတွေနဲ့လည်း တစ်ယောက်မှ မတွေ့ချင်ဘူး၊ သူတို့နဲ့တွေ့ရင် သူတို့မှာလည်း လူမှုရေးအရ ဝတ္တရားကျေ သတင်းမေးမယ်၊ ဦးက မဖြေချင်ဘူး၊ မျက်နှာပူတယ်၊ ရှက်တယ်၊ အလုပ်လည်းမသွား၊ စကားပြောဖော်လည်းမရှိနဲ့ မနေတတ်မထိုင်တတ် ဖြစ်နေတယ်"



ဒီလိုတော့လည်း ဟုတ်ရှာမှာပဲဟု တွေးမိပြန်၏။

"ဦးရဲ့ နောက်ဆုံးနဲ့ အရင်းနှီးဆုံးမိတ်ဆွေက နေချိုလေး လေ၊ နေချိုနဲ့စကားပြောဖို့ကျတော့ ဦး ရှက်လည်းမရှက်ဘူး၊ မျက်နှာလည်းမပူဘူး"

"တစ်နေ့တည်းမှာ တူတူအရှက်ကွဲကြတဲ့ လူချင်းမို့ ပေါ့လေ"ဟု ပြောလိုက်လျှင် စကားနာထိုးရာရောက်မှာစိုးသည်မို့ မပြောဖြစ်တော့ပါ။ ဦးက သူခိုးသေဖော် ညိုနေတာပဲ။ ဦးမှာ ပေါင်းစရာသင်းစရာ လက်ကျန်မိတ်ဆွေဆိုလို့ နေချိုတစ်ယောက်တည်းရှိတော့သည်မို့ နေချို့ကို တမ်းတတာ၊ နေချို့ကို လွမ်းတာ ဆိုလျှင်တော့ ဦးစကားက ရိုးသားရှာပါသည်။ ရိုးမှရိုးရဲ့လားဟု ထင်မိတာတောင် ဦးကို အားနာစရာကောင်းပြီး ကိုယ့်ဘာသာကျတော့ ပြန်ရှက်ဖို့ဖြစ်နေရတော့သည်။

"ဟင် ... ပြန်လာခဲ့တော့မလား နေချိုလေး"

"ကျော့်ကို ရှောင်ချင်သေးလို့ပါ ဦးရယ်"

"ဘာရှောင်စရာလိုလဲ နေချိုရဲ့၊ နေချို့သဘော နေချို့ဆုံးဖြတ်ချက်အတိုင်း အတည်ဖြစ်ရမှာပဲပေါ့"

ဦးနှင့် ဖုန်းဆက်ရင်း ကျော်နှင့် ပတ်သက်သမျှ အကြောင်းအရာတွေ အားလုံး ပြောထားပြီးပြီမို့ ကျော့်ကိစ္စကို ဦး သိနှင့်သည်။

"မေမေ့ကို စိုးရိမ်တာ၊ ကျော့်မေမေကိုတွေ့ရင် မေမေက အားနာပါးနာနဲ့ ခေါင်းပြန်ညိတ်လိုက်မှာစိုးလို့၊ နေချိုတစ်ယောက်တည်း ပုန်းရတာမဟုတ်ဘူး ဦးရဲ့၊ မေမေ့ကိုလည်း ဝှက်နေရတာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ထယ် ရယ်၏။

"တစ်သက်လုံး ပုန်းလို့ဖြစ်တာမှမဟုတ်ဘဲ၊ တစ်နေ့တော့ ပြန်တွေ့ကြရမှာပဲ၊ အဲဒီတော့လည်း ရင်ဆိုင်ရမယ့်တူတူ ကိုယ့်ဘာသာ စိတ်နိုင်ဖို့ပဲ အရေးကြီးပါတယ်၊ နေချိုက ခုထိ စိတ်ဆိုးတုန်းလား"

"မေးရက်တယ်၊ မဆိုးဘဲ ရှိပါ့မလား"

"မဆိုးရတော့ဘူး၊ ဖြစ်တုန်းခဏတော့ ဆိုးပေါ့၊ စိတ်ပြတ်တယ်ဆိုရင် ခုချိန်မှာ ဥပေက္ခာသဘော ထားနိုင်ရတော့မယ်၊ ဒီလူကို နေချို လက်မထပ်နိုင်တော့ဘူး၊ ဒါပေမဲ့ သူဟာ နေချို့သူငယ်ချင်းပေါ့၊ စိတ်လည်းဆိုးမနေနဲ့ အေးဆေးပေါ့"

"ဟုတ်သားပဲနော်"

"သိပ်ဟုတ်တာပေါ့၊ သူ့ကို စိတ်ဆိုးနေသမျှ နေချို မျှော်လင့်နေသေးလို့ပဲ"

"ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူးသိလား၊ ငယ်သူငယ်ချင်းမို့ သံယောဇဉ်ပဲရှိတယ်"

"ဒါဆို ပြီးပြီလေ၊ ပုန်းနေရာက ထွက်ခဲ့တော့"

"ဦးက အလုပ်မလုပ်ရရင် မနေနိုင်ဘူးပေါ့လေ၊ ဟိုဘက်စီးပွားရေးတွေရဲ့ ဟိုဘက်က မိတ်ဆွေတွေဆီက ခဏရှောင်တုန်း ဦးနဲ့ မျက်နှာစိမ်းဖြစ်နေတဲ့ အနုပညာလောက,က လူတွေနဲ့ ပေါင်းမယ်ပေါ့"

မင်းခန့်ထယ် အသံတိတ်သွားသည်။ နေချိုပြောတာ အမှန်ပဲလားဟု စဉ်းစားသည်။ မှန်သင့်သလောက် မှန်ပါမည်။



သို့ပေမဲ့ နေချိုမရှိလည်း တခြားမင်းသမီးတစ်ယောက်နှင့် ဇာတ်ကားတစ်ကား ထရိုက်လိုက်လို့လည်း ဖြစ်တာပဲလေ။ ဗီဒီယိုမှ သိပ်ရိုက်ချင်နေသည်ဆိုလျှင်ပေါ့။ ခုတော့ နေချိုမှနေချိုပါ နေချိုလေးရယ်။

ကိုယ်သိသွားပြီကွယ်။

တကယ်ဆို သည်လောက်မြန်ဖို့ မကောင်းဘူး။

သူ ဘယ်ယုံမှာလဲ။

မေမေကကောင် ယုံမှာမဟုတ်တာ။

မှဆိုးဖိုဆိုသည့် ဘဝကိုတောင် ရောက်ခဲ့ရပြီ။ ကိုယ်ဟာ မိန်းမရှုပ်ဖူးသူ။ အိမ်ထောင်သည်ဘဝမှာတောင် ကိုယ့်ဘဝကိုယ်ကျေနပ်ပြီး ပျော်ခဲ့ဖူးသူ။ အသက်အားဖြင့်ကျတော့ သုံးဆယ်ကျော်။

အဲသည်လူတစ်ယောက်ဟာ ဘယ်တုန်းကမှ အချစ်မဖြစ်ထွန်းခဲ့ဖူးပါဘူး။ နှလုံးသားလေး ဖိုရှိုက်လှိုက်ခုန် မလှုပ်ရှားခဲ့ဖူးပါဘူးဆိုလျှင် မည်သူယုံမှာလဲ။

ကျွမ်းကျင်လျှင်လည်း ကျွမ်းစူးမှာ မကြောက်တတ်သူ အထင်ခံရမည်။ မေမေ့စကားနှင့် ပြောရလျှင် မစင်စားပြောလျှင်တောင် ကြိုက်တတ်လို့စားသူ ဖြစ်တော့မည်။ ကိုယ့်ရင်ထဲက ခံစားချက်ကို ကမ္ဘာပေါ်ရှိ လူသားသန်းပေါင်းငါးထောင်ကျော် တစ်ဦးတစ်ယောက်ကမျှ ယုံကြည်ဖို့ မရှိပါဆိုလျှင် ကာယကံရှင် နေချိုလေးကရော ယုံပါ့မလား။

စိတ်ထားပျော့ပျောင်းနူးညံ့၍ ဝက်ထားရပါသည့်

သော ဒေါ်စီစီချိုကရော ယုံပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



နေချိုလေးရယ် ကိုယ့်ကိုယ်ကိုယ်တော့ သိပ်ကို ယုံကြည်သွားရပြီ။ သုံးဆယ်ကျော်မှ ပထမဆုံး ရင်ခုန်ရတဲ့အချစ်။ နေချိုဟာ ကိုယ့်ရဲ့အချစ်ဦးပါ။ မုဆိုးဖိုတစ်ယောက်မှာ အချစ်ဦး ကို တွေ့ရပါသည်ဆိုလျှင် ကိုယ်ပဲအရှက်နည်းစွာ ပြောရာရောက် ပါလိမ့်ဦးမည်။ ကိုယ့်နှလုံးသား မုသားမဆိုတတ်တာ နေချိုသိ အောင် ဘယ်လိုပြောရမလဲ။ ပြောရော ပြောသင့်ရဲ့လား။

စွန့်လွှတ်အဆုံးရှုံးခံလိုက်ရမှာလား။

လူကြီးလူကောင်းတစ်ယောက်ဆိုတဲ့ အနေအထားမှ ပြားဝက်ဖိုးစာလေးတောင် နိမ့်ဆင်းလျော့ကျမသွားအောင် ကိုယ့် သိက္ခာတွေကို ဘယ်နည်းနဲ့ ဆယ်တင်ရမလဲ။

နေချိုလေးရယ်။

အားလုံးကို စွန့်လွှတ်အရှုံးခံပြီး အရှက်နဲ့သိက္ခာတွေ ပါ လွှင့်ပစ်ပြီးမှ နေချိုဆိုတဲ့ ကောင်မလေးတစ်ယောက်ရှေ့မှာ ကိုယ် ဒူးထောက်လိုက်ရတော့မလား။

တစ်ကမ္ဘာလုံးကို အရှက်မဲ့စွာ ရင်ဆိုင်ပစ်လိုက်ရ မလား။

သိက္ခာဂုဏ်ဒြပ်ဆိုတဲ့ စင်မြင့်ကြီးပေါ်မှာ နှလုံးသား ဗလာနဲ့ ရင်ခွင်ဟင်းလင်းပွင့်ပြီး တစ်ဘဝလုံး ခြောက်သွေ့စွာ နေထိုင်သွားရမလား။

အဲသည်အတွက် လိုအပ်တဲ့ဆုံးဖြတ်ချက်ကိုရဖို့ မေမေ့ ဆီ ပြေးဝင်ခိုလှုံ တောင်းခံရမည်ဆိုလျှင် ကိုယ်ဟာ လူညံ့ဖြစ်သွား မလား။



အချိန်အများကြီး နောက်ကျပြီးမှ ဖြစ်ထွန်းလာသည့် အချစ်ကို စိတ်ဆိုးသည်။ သို့ပေမယ့် တားဆီးနိုင်မည် မဟုတ်ပါ။ အချိန်အများကြီး နောက်ကျပြီးမှ တွေ့ခွင့်ကြုံဆုံရသည့် ကံကြမ္မာ ကို စိတ်ဆိုးသည်။ သို့ပေမယ့် ပြင်ဆင်ဖန်တီး၍ ရမည်မဟုတ်ပါ။

သက်တံရောင် အတွေးမျှင်တွေ ဦးနောက်ထဲမှာ ဖြတ်ပြေးရင်း တွန်းထိုးတိုက်ခိုက်သွားကြသည်မို့ ဦးခေါင်းတစ်ခု လုံး နာကျင်ကျိန်းစပ်၍ကျန်၏။

အဲသည် သက်တံလှိုင်းတွေပဲ ရင်ထဲလိမ့်ဝင်၊ နှလုံး သားနှင့် အသည်းအဆုတ်၊ အူအခွေတွေ အားလုံးကို လွှမ်းမိုးဖုံး အုပ် တိုက်စားသွားကြပြန်သည်မို့ ရင်တွင်းကလီစာအားလုံး ပွဲ့ရွဲ့ ကျိုးကြေ၍ ဆတ်ဆတ်ခါနာလျက်ကျန်၏။

မင်းခန့်ထယ် ကံအကောင်းဆုံး လူသားဆို။

လူတကာက အားကျချီးကျူးကြရသည်ဆို။

ဘယ်မှာဟုတ်လို့လဲ။ ဒီမှာ ကမ္ဘာ့ကံအဆိုးဆုံးလူသား ကျိတ်ဖြစ်နေရတာ ဘယ်သူသိကြလဲ။ သိကြလားဟေ့ဟု အော် မေးလိုက်ချင်၏။

လက်ထဲမှဖန်ခွက်ကို အဝေးဆုံးရောက်အောင် အား ကုန်လွှဲ၍ ပစ်ပေါက်လိုက်သည်။ ထိချင်တာနှင့်ထိ၊ ကွဲချင်သလောက် ကွဲစမ်း။ သည်ဖန်ခွက်ကွဲတာ ရင်ထဲမှ နှလုံးသားကွဲတာနှင့်စာလျှင် အပုံတစ်သိန်းပုံမှ တစ်ပုံလောက်ရှိမည်။ ပုလင်းလည်းတူတူ။ သွားစမ်း။ အထိမနာနိုင်သည့် အသားစလေးတွေ ထိုးထားသော ငါးချောင်းသီတံလေးတွေကိုတော့ တစ်ခုချင်းမပစ်ချင်တော့ပါ။ သူတို့ကို တင်ထားသည့် စားပွဲကိုပဲ စားပွဲလိုက် ကန်ထည့်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အသားတစ်ကလေးတွေ မြေကြီးပေါ်မှာ တုံးလုံးပက်လက်နေကြ။

"ဦး"

အစိုးရိမ့်ကြီး ကြင်နာသံလေးက နားထဲသို့ ဝင်ရာတွင် မျှားရည်မြစ်ကို ဖြတ်လျှောက်လာ၏။

"နေချိုလေး"

"အကြာကြီး အသံတိတ်နေလို့ နေကောင်းရဲ့လား"

"သိပ်မကောင်းဘူး၊ ပြန်လာနိုင်ရင် လာစေချင်တာပါပဲ၊ ဒါပဲနော်"

"ဟုတ်ကဲ့ ... ကျန်းမာရေးကို ဂရုစိုက်ပါ ဦးရယ်"

ဦးဘက်မှ ဖုန်းအဆက်အသွယ် ပြတ်သွားသည်။

ဦးပိုက်ဆံတွေ အများကြီး ကုန်သွားမှာပဲ။ ရန်ကုန်–ကလော ဆိုတာက သည်လောက် အကြာကြီး ပြောချင်တိုင်း ပြောလို့ရတာ မဟုတ်ပါ။ မကြာခဏ ဖုန်းလိုင်းက ကျကျသွားသည်။ ကျသွားတိုင်း ပြန်ခေါ်။ ပြောလက်စနှင့်မို့သာ စကားတွေက တစ်ဆက်တည်း ဖြစ်ရတာ။ ဆယ်လူလာနှင့်ဆိုတော့ ဦးပိုက်ဆံတွေ အများကြီးကုန်မှာပဲ။ ဦးကိုယ်စား နမြောလိုက်တာ။ နေမကောင်းဘူးတဲ့။ ပြန်လာနိုင်ရင် လာစေချင်တယ်တဲ့။ ပြန်သင့်တာပေါ့။ ခုနေတာကလည်း ဦးအစီအစဉ်၊ ဦးစရိတ်နဲ့လေ။

ပြန်သင့်ပြီ။

မိုးအလင်းထွန်းအိပ်သည့်မီးကို မပိတ်တော့ပါ။ စောစောက ဖတ်လက်စဝတ္ထုကိုလည်း ပြန်မကိုင်ချင်တော့ပါ။ အိပ်ချင်စိတ်ကလည်း ဝင်မလာ။ ခေါင်းအုံးဘေးက နာရီကိုကြည့်တော့



တစ်နာရီတိတိ။ ဦးနှင့် ဖုန်းပြောလိုက် ပြတ်လိုက် ပြန်ခေါ်လိုက်။ စုစုပေါင်း နှစ်နာရီတောင် ကြာသွားသည်။ အော်တိုရနေပြီမို့သာ တော်တော့သည်။ အလျှင်လို ကလောအိပ်ချိန်းက ခေါ်ပေးရတာမျိုးဆို ဘယ်ရပါ့မလဲ။ ဒါတောင် သည်ဟိုတယ်မှာပဲ သည်နေ့အိပ်ချိန်းတစ်ခု တပ်သည်ဆိုလားပဲ။

ထွန်း ခေါ်ခေါ်ပေးနေရတာလည်း မသိ။

သူ့ဘာသာပဲ လိုင်းဝင်သလား။ နေချို သိပ်နားမလည်ပါ။ မျက်ဝန်းထဲမှာ ဦး၏သပ်ရပ် ခန့်ထည်စွာ ညှိုးနေမည့် မျက်နှာနွမ်းနွမ်းကို မြင်မိသည်။

ဦးကို အရမ်းခင်ပါသည်။ အံထူးတလည် သတိရပါ၏။

✧ ❦ ✧

သစ္စာရှိစွာ လုံးဝခိုးနားမထောင်လိုက်ပါ။

သို့ပေမဲ့ တယ်လီဖုန်းနားမှ မခွာဖြစ်ခဲ့ချေ။ မည်သို့သော စေးထန်းသည့်ကော်မျိုးနှင့် ကပ်တွယ်ထားပါသနည်း။ ပြတ်လိုက် ပြန်ခေါ်လိုက်။ ဆက်ပြောလိုက်နှင့် နှစ်နာရီတိတိကြာ၏။ ဦးမင်းခန့်ထယ်နှင့် နေချိုနုနုတို့ကြားမှ ဆက်ဆံရေးက ညကြီးသန်းခေါင် နှစ်နာရီဖုန်းပြောဖို့ လိုသတဲ့လား။

ထွန်းထွန်း ရင်ထဲ ပူလောင်လာ၏။

ဘယ်လိုမှ သဘောထား မကြီးနိုင်တော့ပါ။ သည်တစ်ခါ ဖုန်းသံထပ်မြည်လာရင် မကြားရတော့အောင် အဆက်

www.burmeseclassic.com

www.burmeseclassic.com



အသွယ်ကို ဖြုတ်ထားပစ်လိုက်မည်။ သန်းခေါင်ကျော် ရင်ကွဲချိန်၊ နှစ်နာရီ ခံစားရပြီးလျှင် လုံလောက်ပြီဟု ကိုယ့်ဘာသာဆုံးဖြတ်သည်။ ထမင်းစားခန်းတွင်းသို့ဝင်၏။ ရေခဲသေတ္တာဖွင့်သည်။ ရေခဲရေပုလင်းကို ဖန်ခွက်မရှာဘဲ မော့သည်။ ရင်ထဲအေးစက်ကျင်ရှသွားတာကသပ်သပ်၊ ပူလောင်နေတာကသပ်သပ်။ အပူနှင့်အအေး တစ်နေရာတည်းမှာ။ အဲသည်နေရာ ဆိုတာကလည်း လူသားတစ်ဦး၏ရင်ခွင်။ အဲသည်ထဲမှာ အားပြိုင်ကြသည်။

ထွန်းထွန်း သေချင်လောက်အောင် စိတ်ပျက်သည်။ စိတ်ညစ်သည်၊ စိတ်ရှုပ်သည်။ ကိုယ့်ပြိုင်ဘက်က အင်အားကြီးမားလွန်းနေ၏။

ဒါကလည်း ကိုယ့်အထင်လေ။ ပြိုင်ဘက်မဟုတ်ဘဲ ဖေးမသူလည်း ဖြစ်ချင်ဖြစ်နေနိုင်သေးသည်။

"ထွန်းထွန်းခိုင်ဆိုတဲ့ လူကောင်းလေးနဲ့ ..."

ကိုယ့်အတွေးက ကိုယ့်ဘက်ကိုယ် ပင်းလွန်း၏။ အော်ရယ်လိုက်သည်။ စင်စစ် ကိုယ်ဟာ လူကောင်းလေး အမှန်ဖြစ်သည်။ ဆယ်ကျော်သက်ပဲ ရှိသေးသည့်။ ပညာရေးက အထူးချွန်ကြီး မဟုတ်ပေမယ့် ဆယ်တန်းကို သချ်ာဂုဏ်ထူးလေးနှင့် အောင်ထားသေးသည်။

တာဝန်မဲ့စွာ မိဘပိုက်ဆံဖြုန်းပြီး ပျော်နေ လေနေဖို့ထက် စီးပွားရှာဖို့ စိတ်ထက်သန်နေသည်။ ဘယ်လောက်တန်ဖိုးရှိသည့် လူငယ်လေးလဲ။ လူကြီးသူမတွေ ကောင်းချီးပေးလောက်သည့် အရည်အချင်းတချို့ ကိုယ့်မှာလည်းရှိသား။

စိတ်ဓာတ်က ပြန်လည်တက်ကြွလာသည်။



ကိုယ့်အခန်း ကိုယ်ပြန်ခဲ့သည်။ ခုတင်ပေါ်မှ ဂစ်တာကို ဆွဲယူ၏။ ဒါလေးတစ်ခုတော့ ကိုယ့်ဝါသနာ။ ပိုက်ဆံသရဲလေးမှာ ပိုက်ဆံမရဘဲ အကုန်ချည်းသက်သက် ဖြစ်နေသည့် ဝါသနာတစ်ခု ကျရောက်ကပ်ငြိနေရှာ၏။

သည်ဂစ်တာကို ဘယ်သူကမျှ အလကားမပေးပါ။ ပိုက်ဆံပေး၍ ဝယ်ရသည်။ ဆရာသမားတွေထံမှာ အနုပညာကြေးပေး၍ အတီးတတ်အောင် သင်ရသည်။ တေးရေး အနုပညာရှင်ထံမှ သီချင်းဝယ်ရသည်၊ သိန်းနားကပ်သည့်သောင်း သိန်းကျော်တာတွေ ရှိသည်။ တစ်ပုဒ်ကို ...။

တီးဝိုင်းငှားရသည်။ စတူဒီယိုကြေး ပေးရသည်။ မြန်မာ့ရုပ်မြင်သံကြားမှ ထွန်းထွန်းခိုင် သီချင်းလေးတွေ မကြာခဏလာသည်။ ထွန်းထွန်းဆိုသည့် အဆိုတော်ပေါက်စကို သိသူမရှားလှပါ။ သီချင်းတစ်ပုဒ် ဆိုလိုက်တိုင်း ဆိုလိုက်တိုင်း ပိုက်ဆံက သိန်းချီထွက်သည်။ ဒါတွေကို လူမသိပါ။ အခွန်ဦးစီးဌာနမှာ အလုပ်,လုပ်သည့် အထက်တန်းစာရေးက ထွန်းထွန်းခိုင်အစ်မကြီး သင်းသင်းခိုင်၏သူငယ်ချင်း။

"ထွန်းထွန်း အမြတ်တော်ခွန် မဆောင်သေးဘူးလား၊ ဝင်ငွေကြော်ငြာလွှာ တင်တော့လေ"တဲ့။

ထွန်းထွန်း ကျိတ်ရယ်ရ၏။ တခြားနည်းနှင့် မဖြုန်းပေမယ့် အမေ့ပိုက်ဆံအိတ်ထဲမှ ဂစ်တာတီးသီချင်းဆိုဖို့ နှိုက်နေရတာ အားတောင်နာချင်ချင်။ ထွန်းထွန်း ဝိုင်းကူလုပ်ပေးတာကတော့ မိဘလက်ငုပ်ပေါ့လေ။ ခု ကလောရောက်လာတာကလည်း မိဘစီးပွားရေးပဲပေါ့။ စီးပွားရေးထဲ စိတ်ဝင်စားရင်း ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဗလောင်ဆူကိန်းနှင့် လာကြုံရတာ ကံမဆိုးတန်ကောင်းဘူး ထင်ပါရဲ့။

ဂစ်တာကို တဖြန်းဖြန်း တီးပစ်လိုက်သည်။ ပြီးတော့မှ ဂစ်တာလေးကို သနားသွားသည်။ တီဗီမှာ နောက်ဆုံးလွှင့်ခဲ့သည့် သီချင်းအေးလေးကို ညည်းသည်။ သံစဉ်ငြိမ့်ညောင်း၏။ ဂစ်တာလေးလည်း ကြည်နူးရာမှာ ထင်ပါရဲ့။

သည်ညတော့ အိပ်ပျော်မယ် မထင်ဘူးလေ။

✧ ❦ ✧



## အခန်း(၈)

"မမ"

"ဟယ် ... ထွန်း၊ ဒီဂေါ်ဖီထုပ်ကြီး ဘာလုပ်ဖို့လဲ"

"မမစားဖို့"

"ဟောတော့"

နေချို လက်ခုပ်လေးတီး၍ ရယ်တော့သည်။ ထွန်းထွန်း ပွေ့ကိုင်မြှောက်ပြထားသည့် ဂေါ်ဖီထုပ်ကြီးက ရန်ကုန်မှာသာဆိုလျှင် ပြိုင်ပွဲဝင်လို့ရသည်။ ထွန်းထွန်း လက်နှစ်ဖက်ပိုက်၍ ပွေ့ထားတာတောင် လက်ဖျားချင်းက သိပ်မထိချင်။ ထိလုထိခင်ပဲရှိသည်။

"မမက ဂေါ်ဖီထုတ်တွေချည်း စားတာမို့"

"ထွန်းရယ်"

နေချို ဆက်ရယ်နေသည်။ ဒေါ်ဆိုင်တို့လည်း ဝိုင်းရယ်၏။ ဒေါ်စီစီချိုပင် လှမ်းကြည့်ကာ ပြုံးမိရတော့သည်။

"ဒါ ဘာရယ်စရာရှိလို့ ဒီလောက် ဝိုင်းရယ်နေကြတာလဲဟျာ၊ ဒေါ်ဆိုင် ခင်ဗျား ဘာရယ်တာလဲ"

"သိဘူး၊ နေချိုရယ်လို့ ရယ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆိုင်က ရှောင်ထွက်၏။

"မမကတော့ ရယ်ချင်ရယ်ပါ၊ ရယ်ရင် လှတာပဲ"

"ကျွန်မကတော့ မလှဘူးလား"

"ဒါတော့ ခင်ဗျားယောကျ်ားကြီးပဲ မေးကြည့်တော့၊ အိမ်ဘေး တောင်စောင်းက ထင်းရှူးပင်ပေါ်မှာရှိတယ်၊ သွားမေးသွား"

"ဟင် ... မကြီးမငယ်နဲ့ ဘာတက်ဆော့နေတာလဲ၊ ပြုတ်ပြုကျပြီး ကျိုးပဲ့သွားရင် ဒီကလေးတွေတစ်ပြုံ၊ ဘယ်သူလုပ်ကျွေးမှာလဲ"

ဒေါ်ဆိုင် လှစ်ခနဲပြေးသည်။

"ဒေါ်ဆိုင် ယောကျ်ားသေမှာတော့ မပူဘူး၊ လုပ်ကျွေးမယ့်သူ မရှိမှာပဲ ပူတယ်"

ထွန်းထွန်းက လှမ်းအော်ပြောလိုက်သည်။

"မပူလို့ရမလား ထွန်းထွန်းရဲ့၊ နောက်ယောကျ်ားထပ်ယူရင် ဒီကလေးတွေကို ခေါ်မလာနဲ့ပြောမှာ"

ဒေါ်ဆိုင်က ခပ်လှမ်းလှမ်းမှ ပြန်အော်ဖြေရှင်းနေသေး၏။

"တော်တော့ ဒေါ်ဆိုင်ရေ၊ ဖြေရှင်းလေ ပြစ်မှုကြီးလေပဲ"

ရိုးသားလှသော သူ့ဘဝပေးအသိကလေးနှင့်သူ အရိုးခံစင်းစင်းကြီး ပြောနေသော ဒေါ်ဆိုင့်စကားတွေကို နေချို ကိုယ်ကလေး ယိမ်းထိုး၍ ရယ်မိ၏။ ဒေါ်ဆိုင်ကို လှမ်းအော်ပြောပြီး နောက် ပေါ့ပါးရွှင်မြူးစွာ မရယ်ဖြစ်တာ ကြာပြီပဲဟု တွေးလိုက်မိသေးသည်။ အကြည့်ငေးက ဒေါ်ဆိုင့်နောက်ပါးမှ ပါသွားသည်။



"ငါတောင် မသေသေးဘူး လင်ငယ်ယူဖို့ စိတ်ကူးနေပြီ"

ဦးသိုက်က ထင်းရှူးပင်တွေကြားမှ ဘယ်လိုကြားပြီး ဘယ်လိုခုန်ချလာသည်မသိ။ ရှမ်းဘောင်းဘီကို ပြင်ဝတ်ကာ လက်သီးကျစ်ကျစ်ဆုပ်၍ ဒေါသနှင့် စောင့်နေသည်။

"သဘောကိုပြောတာ ထွန်းထွန်းရေ"

ဦးသိုက် လက်သံပြောင်တတ်တာ ထွန်းထွန်း သိသည်မို့ သူ့ဂေါ်ဖီထုပ်ကြီးကို ရော့ ... မမ ဆိုကာ နေချို့လက်ထဲ ထိုးထည့်ကာ ပြေးသွားရတော့သည်။ နေချို့လက်ထဲရောက်လာသည့် ဂေါ်ဖီထုပ်ကြီးအရှိန်ကြောင့် နေချိုတောင် ခြေတစ်ဖက်ယိုင်သွားသည်။ ပွေ့မထားနိုင်သဖြင့် ထိုင်ချလိုက်ရ၏။ ခုမှကြမ်းပြင်ပေါ်မှာ ချထားသည့် ခြင်းတောင်းကြီးနှစ်တောင်းကို တွေ့သည်။ တစ်တောင်းထဲမှာကျတော့ လက်ထဲက ဂေါ်ဖီထုပ်လိုပဲ ကြီးမားပေမယ့် အဝိုင်းမဟုတ်။ ရှည်မျောမျောပုံစံရှိသော တစ်လုံးတည်းနှင့် တစ်ခြင်းလုံးပြည့်ရုံမက ရှည်လို့တောင် ထွက်နေသေးသည့် ရောမသဘော်သီးကြီး။

"ဖြစ်မှဖြစ်ရလေ ထွန်းရယ်၊ တို့ကို ဘီလူးများမှတ်နေလားမသိဘူး၊ ဒါတွေ လူစားလို့ ကုန်နိုင်ပါ့မလား၊ ဘီလူးစားမှကုန်တော့မယ်"

ဦးသိုက်နှင့် ဒေါ်ဆိုင်က ဘယ်လိုပြေလည်သွားမှန်းမသိ ရယ်ရယ်မောမော ပြန်လျှောက်လာကြသည်မို့ သက်ပြင်းချနိုင်ရသည်။

"အဲဒါတွေ ကျွန်တော် နီးဘုရားနားကရွာမှာ သွားဝယ်လာတာ၊ မမဖို့"

www.burmeseclassic.com

www.burmeseclassic.com



"အလှူလုပ်လို့ရတယ် ထွန်းထွန်းရဲ့"

ဒေါ်ဆိုင်က ဝင်ပြောကာ ဆွဲခြင်းတွေသိမ်းသည်။

"နီးဘုရားကို နေချို မရောက်ဖူးသေးဘူး"

"ဟုတ်လား၊ ဒီလိုမှန်းသိ ခေါ်သွားပါတယ်၊ နှစ်ပေါင်းသုံးရာကျော်က နီးနဲ့ရက်ပြီး စစ်စေးသုတ် ရွှေချထားတဲ့ဘုရား၊ အရမ်းကြည်ညိုဖို့ကောင်းတယ်၊ အရမ်းလည်း သပ္ပာယ်တယ်၊ မိုးထဲမှာ ဘယ်နနှစ်ဆိုလားပဲ တန်ဆောင်းမရှိ စံပယ်နေခဲ့ရတာ မဆွေးဘူးတဲ့"

"စေတီလား"

"ဆင်းတုတော်၊ မန္တလေး မဟာမြတ်မုနိ ပုံတော်မျိုး"

"ဖူးချင်လိုက်တာ"

"ဒီနေ့ သွားမလား ပို့မယ်၊ အဲဒီဆင်းတုတော်ကို နေရာရွှေ့တော့ ယောက်ျားခြောက်ယောက်ရွှေ့တာ လွယ်လွယ်လေးတဲ့၊ ပေါ့ပေါ့လေးတဲ့၊ အထဲမှာ ဂလိုင်ကြီးတဲ့"

"ဖူးချင်ပါတယ်ဆိုမှ"

"ခုသွားမလား"

"သွားမယ်"

"ဒေါ်ဆိုင်ရေ ... ခင်ဗျား ဘာတွေချက်ထားလဲ၊ ချိုင့်နဲ့ထည့်လိုက်တော့၊ ကြုံရာမှာစားမယ် မဟုတ်လား မမ၊ ရွှေဥမင်ဘုရားလည်းရှိတယ်၊ ပင်းဒယ ရွှေဥမင်နဲ့ မတူဘူး၊ တောင်စောင်းမှာ လိုဏ်ဂူကြီး ဖြစ်နေတာ၊ ဘယ်မြစ်ဆိုလဲ သွားပေါက်တယ်တဲ့၊ ပုဂံကို ရောက်တယ်ဆိုလားပဲ"

"သေချာသားပဲ"



"ကျွန်တော် သွားတုန်းက ဂေါပကရုံးခန်း သော့ခတ်ထားတာနဲ့ကြုံလို့ ဘုရားလှူကြီးတွေနဲ့ မတွေ့ခဲ့ရလို့ပါ၊ ဒီတစ်ခါ သေသေချာချာ မေးလေ၊ မမ အဝတ်သွားလဲလေ"

"ဒီတိုင်းပဲ သွားမယ်"

"ဒါလည်း လှတာပဲ"

ဘာရယ်မဟုတ် မိန်းမသားတို့ဗီဇနှင့် ပစ်လွှတ်လိုက်မိသည့် မြားမျက်စောင်းက ထွန်းထွန်းခိုင် ရင်ထဲသို့ တန်းခနဲ စိုက်လေ၏။

"ဒီလိုရှုခင်းမျိုး ရန်ကုန်မှာ ဘယ်ရှိမလဲနော်"

"မမက ရန်ကုန်သူ အစစ်ကြီးလား"

"အစစ်ကြီး၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဗားကရာလမ်း လမ်းလေးခွဆုံရဲ့ ချောက်ထိပ်မှာ မမကိုမွေးတာ"

"ဒါဖြင့် ဘယ်မှမရောက်ဖူးဘူးပေါ့"

"မင်းသမီးဖြစ်မှ ဟိုနယ်ဒီနယ် ရောက်ဖူးတာ၊ ဒါပေမဲ့ ကိုယ်က မင်းသမီးပေါက်စဆိုတော့ ဟိုသွားမယ်၊ ဒီလာမယ် ဆန္ဒတွေမတင်ပြရဲဘူး၊ ရှူတင်အဖွဲ့က ပို့သလောက် ရောက်တာပေါ့"

"ခုပေါက်စမှ မဟုတ်တော့တာ"

"ခုကျတော့လည်း ရန်ကုန်မှာတင် ရိုက်ဖြစ်တာများတယ်၊ မေမေက သိပ်မလိုက်နိုင်တာရယ်၊ ခုပဲကြည့်လေ ... ခုလည်း ကျန်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စီစီချိုက ဗိုက်ပျက်နေသည်။ အိမ်သာချည်း တက်နေရတော့ လမ်းမထွက်နိုင်ပါ။

"မေမေ နေမကောင်းရင် ဒီနေ့မသွားဘူးလေ"

ဟု နေချိုက ပြောပါသေးသည်။

"ငရုတ်သီးအစားများသွားလို့ပါ သမီးရဲ့၊ ခရမ်းချဉ်သီး ပန်တွေဖျော်လေးစပ်စပ်နဲ့ စားကောင်းတိုင်း စားလိုက်တာ၊ ကိစ္စမရှိဘူး၊ ကောင်းသွားမှာပါ၊ သမီးပဲလိုက်သွားလေ၊ ကောင်လေးက လူကောင်းလေးပါ"

အရွယ်နှင့်မလိုက် မိဘစီးပွားရေးလုပ်ငန်းကို တစ်မြို့ တစ်ရွာလာပြီး တစ်ယောက်တည်း လုပ်နေသော လူငယ်လေးကို ဒေါ်စီစီချို အထင်ကြီး စိတ်ချ၏။

"နောက်ပြီး ပရိဂျူဆာတွေ အနေနဲ့ကလည်း မင်းသားခ ဈေးသိပ်ကြီးတော့ ကျန်တဲ့ဘက်က ကုန်ကျစရိတ်ကို ချွေ တာရတယ်၊ တော်ရုံနဲ့ နယ်စရိတ် အကုန်မခံနိုင်တော့ဘူး၊ ပြင်ဦးလွင်၊ မန္တလေးကားလမ်းဆိုရင် နှင်းဆီကုန်းဘိုးဘွား ရိပ်သာရှေ့က ချောက်ကြီးတစ်လျှောက်မှာ တချို့ရိုက်ကြ တာ"

"ဟုတ်လား"

"ရယ်ရသေးတာရှိတယ်၊ ပြင်ဦးလွင် ဆောင်းတွင်း၊ ဒါပေမဲ့ အောက်ဒိုးမဟုတ်ဘူး တိုက်ထဲမှာ၊ အင်ဒိုးပေါ့၊ အဲဒါကို ရွှေတောင်ကြားထဲက အိမ်တစ်အိမ်မှာ ရိုက်တာ၊ ဗြောလကြီး ဆွယ်တာတွေ အထပ်ထပ် ဝတ်ပြရတော့ ဘာပြောကောင်း မလဲ၊ ချွေးတွေဆိုတာ ပေါက်ခနဲ ပေါက်ခနဲ"



"မမ ပျော်လား၊ ခုသွားနေရတာ"

"ပျော်တာပေါ့ ထွန်းရယ်၊ တာဝန်လည်းမရှိဘူး၊ ပေါ့ပါး လွတ်လပ်ပြီး စိတ်ထဲမှာကို ကြည်နူးနေတာပဲ၊ ရှုခင်းတွေ ကလည်းလှ၊ ရှူရတဲ့လေကိုက အေးပြီးချိုနေတာပဲ၊ နေချို လေ မနက်ကလည်း အရမ်းရယ်ရတယ်၊ အဲဒီလောက် မရယ်ဖြစ်တာ ကြာပြီ၊ ကိုယ့်သဘောနဲ့ ကိုယ်ပြောတာ၊ ကားရိုက်ရင်း လိုအပ်လို့ ဟက်ဟက်ပက်ပက် ရယ်ပြရတာ တော့ ရှိတာပေါ့"

"ကားရိုက်နေတာလည်း ပျော်မှာပေါ့နော်"

"မပျော်လှဘူး ထွန်းရဲ့၊ မီးတွေဝိုင်းထိုး၊ ကင်မရာတွေနဲ့ ချိန်ထား၊ လူတွေဝိုင်းကြည့်နေကြတဲ့ကြားက ကိုယ့်အနု ပညာကို အလုပ်တစ်ခုအနေနဲ့ တာဝန်ကျေအောင် ပီပြင် အောင် ဆောင်ရွက်ရတာဆိုတော့ ပင်ပန်းတယ်"

"ဒါဖြင့် ဘာလို့ မင်းသမီးလုပ်တာလဲ"

"သရုပ်ဆောင်ရတာကို ကြိုက်တယ်၊ ဝါသနာပါတယ်၊ ပြီးတော့ အဲဒါ တကယ့်သမာအာဇီဝ စစ်စစ်ကြီး၊ ဒီကရတဲ့ ပိုက်ဆံနဲ့ မေမေ့ကို လုပ်ကျွေးရတာ အရမ်းသဘောကျတယ်၊ ပြီးတော့ ဆပ်ကဆက်စ်(Success အောင်မြင်မှု)ပေါ့ ထွန်း ရယ် ...

"တစ်သောင်းမှာ တစ်ယောက်မရနိုင်တဲ့ အောင်မြင်မှု ကို ရမယ်ဆိုရင် ဘယ်သူမလိုချင်ဘဲ ရှိပါ့မလဲ၊ အဲဒါကို လည်း မက်မောပါတယ်၊ ဒီအခွင့်အရေးမျိုးကို ရမယ်ဆို ရင် ဘယ်သူလက်လွှတ်ချင်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com



"နေချို့တို့ဖေဖေ ဆုံးပြီးတော့ မေမေကလည်း ရိုးရိုးအေးအေးကြီး၊ စီးပွားမရှာတတ်ဘူး၊ နေချို့ထွက်ရှာရ မယ့်အခြေအနေမှာ ဆယ်တန်းလေးအောင်ထားတဲ့ ဆယ့် ခုနစ်နှစ်သမီးက တစ်လဝင်ငွေ ဘယ်လောက်ရအောင် ရှာနိုင်မှာလဲ"

"မမ ဘယ်လိုအဆက်အသွယ်ရပြီး သရုပ်ဆောင်ဖြစ်သွား တာလဲ"

"နေချို့ ကျေးဇူးရှင်က ကျော်ပါ၊ ကျော်ဆိုတာ နေချို့ သူငယ်ချင်း"

"မိန်းကလေးပေါ့"

"ဟင့်အင်း ... ယောက်ျားလေး"

"ဩော် ..."

ကိုယ့်ကို "ထွန်း"လို့ ခေါ်နေသည်မို့ တော်တော် အခွင့်အရေးရနေပြီ ထင်ထားတာ၊ တခြားယောက်ျားလေးသူငယ် ချင်းကိုလည်း "ကျော်"လို့ ခေါ်သည်ဆိုတော့ မမကိုက ယောက်ျား မိန်းမ မရွေး နာမည်လေးတွေ အဖျားဆွတ် ခေါ်ရတာ ဝါသနာ ပါတယ် ထင်ပါရဲ့။

"ကျော်တို့က သူဌေးတွေလေ၊ ကျော့်အမေဆိုရင် မောင်နှမ တွေအများကြီး၊ အဲဒီမောင်နှမတိုင်းဟာ ကိုယ်စီချမ်းသာ ကြတယ်၊ အဲဒါတွေထဲက တစ်ယောက်၊ ကျော့်ဘကြီးပေါ့၊ နေချို့ဖေဖေရဲ့ မိတ်ဆွေလည်းဖြစ်တယ်၊ သူက ကုမ္ပဏီ ပိုင်ရှင်လည်းပိုင်ရှင်၊ နာမည်ကြီး ဒါရိုက်တာလည်းဖြစ်တယ်၊ အဲဒီဘကြီးရဲ့အကူအညီနဲ့ နေချို့ ဒီလောကထဲ ရောက်ခဲ့ တယ်"



"မမမှာလည်း ပါရမီပါလို့ပါ"

"ဝါသနာပါတယ်လေ၊ ကြိုးစားရတာပေါ့၊ ကျောထောက် နောက်ခံကောင်းကောင်းနဲ့ ဝင်လာရတော့ ငွေနဲ့ရင်းပြီးလည်း မဝင်ရဘူး၊ အကျင့်စာရိတ္တနဲ့ရင်းပြီးလည်း မဝင်ရဘူး"

"မမကိုတော့ အားလုံးက ပြောကြပါတယ်"

"ဘာပြောတာလဲ"

"ကိုယ်ကျင့်တရားထိန်းတဲ့အကြောင်း"

"ထိန်းတဲ့လူတွေ များပါတယ် ထွန်းရဲ့၊ ပျက်စီးတဲ့သူလည်း ရှိတာပေါ့၊ ဒါကတော့ အနုပညာလောကမှာမှ မဟုတ်ဘူး၊ ပျက်စီးတဲ့လူဟာ လောကတိုင်းမှာ ရှိတာပါပဲ၊ အနုပညာ လောက,ကတော့ ပရိသတ်ရဲ့မျက်ရှုအဝန်းအဝိုင်းလေး မဟုတ်လား ...

"ဖြစ် ... ဖြစ်ပြန်ပြီ၊ ပျက် ... ပျက်ပြန်ပြီ၊ မြင်လည်း မြင်ကြတယ်၊ ပြောလည်း ပြောကြတယ်၊ ပျက်စီးရင်သာ စကားဖြစ်ပြီး ပြောကြတာ၊ ကောင်းတာကျတော့ ပုံမှန်ပဲ ဆိုပြီး မပြောဖြစ်ကြဘူး၊ ကောင်းတဲ့လူက ပိုများပါတယ်"

"မမ ... ကျွန်တော် တစ်ခုမေးမယ်"

"မေး"

"မမ တစ်လဝင်ငွေ ဘယ်လောက်ရှိလဲ၊ အားတော့နာတယ်"

"အခွန်ဦးစီးဌာနကို သတင်းပို့မလို့လား"

"ဟာ ... မမကလည်း"

"ပျမ်းမျှပေါ့နော်၊ သူများတွေတော့ မပြောတတ်ဘူး၊ နေချို့ ကတော့ နားနားနေနေပေါ့၊ တစ်လမှာ ရုပ်ရှင်ကားကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ဗီဒီယိုဖြစ်ဖြစ် နှစ်ကားပဲလက်ခံပါတယ်၊ ပြီးတော့ ကြော်ငြာနဲ့ ဘာနဲ့ သိန်းလေးငါးခြောက်ဆယ် ပတ်ဝန်းကျင်ပေါ့၊ ဒါ … ကြော်ငြာ လတိုင်းရိုက်ရမှ၊ ကြော်ငြာမရိုက်ရတဲ့လဆိုရင် မပြည့်ဘူး"

"မင်းသားတွေ ဆိုရင်ရော"

"မင်းသားက မင်းသမီးထက် အများကြီး ပိုရပါတယ်၊ ဒါပေမဲ့ သူတို့ကကျတော့ ကြော်ငြာနည်းတယ်၊ မင်းသမီးတွေက ကြော်ငြာများတယ်၊ ကြော်ငြာတစ်ရက် ရိုက်ခက ဗီဒီယိုတစ်ကားစာလောက်ရှိတာ"

"မမလက်ထဲကို တစ်လသိန်းငါးဆယ် ကျွန်တော် အပ်ချင်လိုက်တာ"

"ထွန်းက ပရိုဂျူဆာလုပ်မလို့လား"

"ဟင့်အင်း … မမ အိမ်မှာထိုင်စား၊ ကားမရိုက်နဲ့တော့လို့ ပြောမလို့"

"ကျော်ကလည်း ပြောခဲ့တာပါပဲ၊ ဒါပေမဲ့ ထွန်းရယ်၊ စောစောက ပြောခဲ့တဲ့ ဆပ်ကဆက်စ်ပေါ့၊ ပိုက်ဆံကိုစွန့်လွှတ်နိုင်ရင်တောင် အောင်မြင်မှုကိုတော့ မစွန့်လွှတ်နိုင်ပါဘူး"

"ကျော်က မမထက် ငယ်လား"

"ကြီးတယ်၊ ဒါပေမဲ့ လူကြီးစိတ် မဝင်ပါဘူး"

လမ်းက တော်တော်ဆိုးသည်။ အလယ်မှာမောက်၍ ဘေးနှစ်ဖက် ချိုင့်ကျနေတာမျိုးကျတော့ ကားသွားရခက်သည်။ ကားကို အေးကပ်ကာ တစောင်းကြီး မောင်းရတာလည်းရှိသည်။



"ရွာထဲအရင်သွားရအောင်နော်"

"ထွန်းသဘော"

"မမဆီမှာ ကျွန်တော် တောင်းစရာတစ်ခုရှိတယ်၊ အဲဒီအခါကျရင် အခုလိုပဲ ထွန်းသဘောလို့ မမပြောနော်"

နေချို ရယ်နေလိုက်သည်။ မင်းသမီးပဲ မသိချင်ယောင်ဆောင်ဖို့များ ဘာခက်တာမှတ်လို့။ ထွန်းရယ် … မင်းဘာပြောမယ်ဆိုတာ နေချို သိနေပါပြီ။ အဲသည်အခါကျရင် ထွန်းသဘောလို့ မပြောဖြစ်လိုက်အောင် မမက ကြိုးစားရမှာပါ။ ထွန်း သိပ်ငယ်ပါသေးတယ်။ ဆယ့်ခုနစ်နှစ် … ဆယ့်ရှစ်နှစ်ဆိုတာ ယောကျ်ားလေးတစ်ယောက်အတွက် ကလေးသာသာ ဆော့ချင်စိတ် မကုန်သေးဘဲ မိန်းမပိုးချင်တဲ့ အရွယ်လေ။ ထွန်းရယ် … မတည်ငြိမ် မခိုင်မြဲတတ်ပါဘူး။

တခြားလူကိုမကြည့်ပါနဲ့ ကျော့်ကိုပဲကြည့်။

"ဆင်းမယ် မမ၊ ကြည့်လျှောက်နော် ချော်လဲမယ်၊ မိုးများရွာထားလား မသိဘူး၊ ရွံ့စေးတွေ ချောနေတယ်"

"သကြန်မိုး ထင်တယ်နော်"

"မိုးရွာရင် ရန်ကုန်လိုပဲ သည်းလားမသိဘူး"

"နေချိုလည်း ဘယ်သိမှာလဲ"

ကားပေါ်မှဆင်းကာ မြေနီ ရွံ့စေးလမ်းတွေအတိုင်း လျှောက်ကြရသည်။

"ရွာဆိုပေမယ့် တဲလေးတွေ မဟုတ်ဘူးနော်၊ သစ်သားအိမ်တွေပဲ၊ ခြံဝိုင်းတွေလည်း ကျယ်တယ်၊ ကြည့်ပြီး ထွန်း

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဒီအိမ်ကြီးက လှမ်းမြင်ရတာ တောင်ကြီးက မျက်စိရှေ့မှာ ဘွားဘွားကြီးပါလား"

"ရှမ်းပြည်နယ်ရဲ့အလှဟာ ဒါပဲထင်တယ်နော် မမ၊ တောင်တွေက ကိုယ့်မျက်စိထဲ တိုးဝင်နေတာ"

"ဝိုင်းတွေကလည်း ကျယ်တယ်နော်"

"နွားရှိလားမသိဘူး မမ၊ နွားလှည်းတွေ့တယ်"

"မြင်းလှည်းရှိတယ်နော်"

"မြင်းလှည်းက ရန်ကုန်လိုတော့ ဂိတ်ထိုးတယ်ခေါ်မှာပေါ့၊ ဒီရွာကနေ ကလောဈေးနားထိ လာရတာ"

"ဟင် ... အဝေးကြီး"

"ဝေးလှတယ်တော့လည်း မဟုတ်ပါဘူး"

"ဟောတော့ ... သဘော်ပင်ကြီး"

"အဲဒါကြီးပေါ့၊ ကျွန်တော် ဖက်တက်ခဲ့တာ"

သဘော်ပင်ကြီးက ပင်စည်ရင်းမှနေ၍ သုံးကိုင်းဖြာထွက်လျက် ခပ်ကိုင်းကိုင်း ဖြစ်နေတာလည်းရှိသည်။ တစ်ပင်တည်း ဖြောင့်ဖြောင့်ကြီးတွေလည်းရှိသည်။ ထူးခြားတာက ရောမလုံးပတ်ကြီးတွေနှင့် ခိုင်ခန့်နေခြင်းပါပဲ။

"သဘော်ပင်ဆိုတာက တက်လို့ရတဲ့အပင်မှ မဟုတ်တာ၊ ကျိုးကျမှာပေါ့"

"မကျိုးဘူး၊ ကျွန်တော်ရလာတဲ့ သဘော်သီးကြီးလေ၊ အောက်ကနေ တုတ်နဲ့ထိုးချရင် ကွဲမှာစိုးလို့ ဖက်တတ်ပြီး အညာကိုလှည့်ခြွေတာ၊ အောက်ကနေ ပိုဆိုးနဲ့ခံခိုင်းတာ"



"ဘယ်လောက်တောင် ပေးခဲ့ရလဲ"

"ခရမ်းချဉ်သီး ဝယ်တာနဲ့ အဲဒီသဘော်သီးကြီး လက်ဆောင်ပေးလိုက်တာ၊ ဒီမှာတော့ သဘော်သီးကို ရောင်းတယ်မဟုတ်ဘူးတဲ့၊ သူ့သီး ကိုယ့်ပေး၊ ကိုယ်သီး သူ့ပေးတဲ့၊ ဒီခြံက အမျိုးသမီးရဲ့အစ်ကိုက နီးဘုရားမှာ ဘုန်းကြီးဝတ်နေတယ်၊ ခြောက်နှစ်ရှိပြီတဲ့၊ ထွက်တော့မယ် မထင်ဘူး၊ သင်္ကန်းဝတ်နဲ့ အရိုးထုတ်မှာတဲ့"

ခြံရှင်အမျိုးသမီးက မှတ်မိစွာ ထွက်ခေါ်သည်။ ရေနွေးကြမ်းနှင့် လက်ဖက်နှင့် ဧည့်ခံ၏။

"နီးဘုရားပေါ်မှာလည်း လာသမျှဘုရားဖူးတွေကို ရေနွေးကြမ်းနဲ့ လက်ဖက်နဲ့ ဧည့်ခံတယ် မမရဲ့"

"ဟုတ်လား၊ ကောင်းလိုက်တဲ့ စိတ်ကူးနော်"

"ကျွန်တော့်မမက စိုက်ခင်းတွေ ကြည့်ချင်တယ်ဆို လို့ ခေါ်လာတာ"

ထွန်းထွန်းက ခြံရှင်အမျိုးသမီးဘက် လှည့်ပြောသည်။ စကားနည်းပေမယ့် ဖော်ရွေပြုံးကျတော့ ဖောသီရှာ၏။

"စကားသိပ်မပြောတတ်ဘူး"

ဟု ဝဲဝဲကြီးတစ်ခွန်းပြောကာ ရယ်နေပုံက ချစ်စဖွယ် အတိပါ။

"အရမ်းပျော်တာပဲ"

"လာနေလေ၊ မပြန်နဲ့ ဒီမှာနေ၊ ကျွေးနိုင်တယ်"

မင်းသမီး နေချိုနုနုမှန်း မသိတာသေချာ၏။ လှလိုက်တာ ရုပ်ရှင်မင်းသမီး လုပ်ပါလားဟု ပြောနေသည်မို့ ပြုံးရှင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထွန်းထွန်းကပြောဖို့ နှုတ်ခမ်းပြင်တာကို နေချိုက ကျိတ်ဆိတ်လိုက်ရသည်။

"ဒီနေရာကိုရောက်အောင် ပို့ပေးတဲ့ ထွန်းကို ကျေးဇူးတင်ပါတယ်"

ရွာကထွက်တော့ စောင်းတန်းတစ်လျှောက်မှတက်၍ နီးဘုရားကို ဖူးရသည်။ သည်ဘက်မှာကျတော့ ဘုရားခြေတော်ရင်းထိ ကားရောက်၏။

"မမကို မင်းသမီးမှန်း မသိကြဘူး"

"လွတ်လပ်တယ် ဒါမှ၊ သိတဲ့နေရာမှာဆိုရင် အရမ်းစိတ်ကျဉ်းကျပ်တယ်၊ အောင်မြင်မှုဆိုတာ လူတိုင်းမက်မောကြတာပါပဲ၊ ရလာတဲ့အခါလည်းကျရော လွတ်လပ်မှုတွေဆုံးရှုံးသွားရော"

"ကျွန်တော်တို့များ အဆုံးရှုံးခံချင်လွန်းလို့၊ ဘုန်းကြီးကျောင်းသား သာဂိလိုပေါ့၊ မမ သိလား"

"သာဂိက ဘာတဲ့လဲ"

"ကျောင်းထိုင်ဆရာတော်က ဒကာ ဒကာမတွေလှူတဲ့စားသောက်ဖွယ်တွေကို တရားအမှတ် မလွတ်စေဘဲ ဘုဉ်းပေးတာလေ၊ ဒကာ ဒကာမတွေ လှူထားလိုက်တာကလည်း မျိုးစုံ၊ စုံစေ့အောင် စားမှလည်း အလှူရှင်တွေက စိတ်ချမ်းသာမှာဆိုတော့ ...

"ကိတ်မုန့်လေးဖွဲ့စားလိုက်၊ နှုတ်က ဒုက္ခ ... ဒုက္ခလို့ ရွတ်လိုက်၊ ပန်းသီးစားလိုက် ဒုက္ခ ... ဒုက္ခလို့ ရွတ်လိုက်၊ အနားက သာဂိက သွားရည်တွေကျပြီး ...



"အဲဒီဒုက္ခတွေ သာဂိ ခံစားချင်လို့ စွန့်ကြဲတော်မူပါ ဘုရားတဲ့"

"သွား"

ထွန်းထွန်း လက်မောင်းတစ်ဖက်ကိုရိုက်ကာ ဟက်ဟက်ပက်ပက်ကလေး ရယ်မိတော့သည်။

"ကြံဖန်ပြောတယ် ထွန်းရယ်"

"ကျွန်တော်တို့လည်း လွတ်လပ်မှု ဆုံးရှုံးချင်လို့ အောင်မြင်မှုလေး ခံစားပါရစေလို့ ပြောချင်ပြီ"

နေချို ကိုယ်ကလေး သိမ့်သိမ့်ခါ၍ ရယ်၏။

"မကြုံသေးလို့ ထွန်းရဲ့၊ ဘယ်သွားသွား လူဝိုင်းခံရတာဟာလည်း အစပိုင်းတော့ ပီတိပါပဲ၊ နောက်ပိုင်းကျတော့ စိတ်ညစ်လာရော၊ လမ်းဘေးမှာထိုင်ပြီး ဆွဲခြင်းထဲက ဝက်သားတုတ်ထိုးတွေ နှိုက်စားချင်လို့လည်း မစားရ"

"သာဂိကိုသာ စွန့်ကြဲပါ မမရယ်"

နေချို ရယ်ပြန်၏။

"အဲဒါဆိုလည်း စွန့်လွှတ်ခဲ့ပေါ့ မမရဲ့"

"တစ်ထောင် တစ်ယောက်တောင် မကဘူး၊ တစ်သောင်းမှာ တစ်ယောက်လောက်ရတဲ့ အောင်မြင်မှုပဲ ထွန်းရယ်၊ မြန်မာပြည်လူဦးရေ သန်းငါးဆယ်ကျော်နဲ့ လက်ရှိမင်းသားမင်းသမီး အချိုးကျတွက်ကြည့်လေ ...

"ဘယ်သူ စွန့်နိုင်မှာလဲ"

"ဒါဆိုလည်း လွတ်လပ်မှု ဆုံးပစေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ရင်တောင် တစ်သက်မှာ တစ်မင်္ဂလာပဲဆိုပြီး လူသိနတ်ကြား မင်္ဂလာဆောင်ရဲတဲ့အထိ သတ္တိရှိသူက ခပ်ရှားရှား၊ ပရိသတ်ကလည်း ကိုယ်ချစ်တဲ့ အနုပညာရှင်ကို အပျိုလူပျိုပဲ ကြည့်ချင်တာ"

"ဒါကြောင့် မမလက်ထဲ တစ်လသိန်းငါးဆယ် ထည့်ချင်တာပေါ့"

"အိုး ... ဘာလို့ ယူရမှာလဲ"

"ရုပ်ရှင်မရိုက်နဲ့တော့လို့ ပြောမလို့"

"ရုပ်ရှင်မရိုက်ဘဲ အိမ်မှာ ဘာလုပ်နေရမှာလဲ ထွန်းရဲ့၊ ပျင်းစရာကြီး"

"ထမင်းချက်"

"ချက်ချင်ပါဘူး"

"အဝတ်လျှော်"

"မလျှော်ချင်ပါဘူး၊ ဆက်မပြောနဲ့၊ အိမ်မှုကိစ္စဆိုတာ အပြောလွယ်သလောက် လုပ်ရတာ အလွန်ပင်ပန်းတယ်၊ အားရတယ်ပဲ မရှိဘူး၊ အိမ်အလုပ်ဆိုတာ လုပ်မယ်ဆိုရင် ပြီးတယ်လို့ ဘယ်တော့မှမရှိဘူး၊ လုပ်စရာချည်းပဲ မလုပ်ဘဲ ပစ်ထားလိုက်တော့မှပြီးတာ"

"မလုပ်နဲ့ ပစ်ထားလိုက်တော့၊ မမကို ကျွန်တော် ဘာမှ မခိုင်းဘူး"

"ဘာရယ်"

"ကျွန်တော် ချစ်တယ်"

"ဟင်"



ခုလောက် ဖြုန်းစားကြီး ပြောမည်မထင်သည်မို့ လန့်ဖျပ်တောင် သွားရသည်။

"ကျွန်တော် လက်ထပ်ချင်တယ်၊ လက်ထပ်ချင်တယ်ဆိုတာက ကျွန်တော် တကယ်ချစ်တယ်ဆိုတာကို သက်သေထူတာ"

"အို ... ကားကို ဘာလို့ရပ်တာလဲ"

ကတ္တရာလမ်းဘေးမှာ ကားထိုးရပ်တော့ တစ်ဖက်မှာ ကွင်းပြင်ကြီး။ ဟိုဘက်ခြမ်းမှာတော့ လူသွားလမ်းမှ တစ်ဆင့် ဘုရားပရိဝုဏ်။

"ရွှေဥမင်ဘုရားလေ၊ ဒါပေမဲ့ မဆင်းပါနဲ့ဦး မမ၊ ကျွန်တော်က ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရှာ ဝါသနာပါနေလို့၊ ကျွန်တော့်ယောက်ဖကဆိုရင် ကျွန်တော့်ကို ပိုက်ဆံသရဲလို့တောင် ခေါ်ပါတယ်၊ ကျွန်တော် ကြိုးစားမှာပါ၊ တစ်လကို သိန်းငါးဆယ်အပ်နိုင်တဲ့နေ့မှာ မမ ရုပ်ရှင်မင်းသမီးမလုပ်တော့ဘဲ ကျွန်တော့်ကို လက်ထပ်ပါ"

"ဩော် ... ကျွန်မက သက်မဲ့ကုန်ပစ္စည်းတစ်ခုလား"

"ဆောရီး မမ၊ ကျွန်တော် စကားအပြောမတတ်လို့ပါ၊ ကျွန်တော့်ကိုရိုက်"

ခေါင်းကြီးငုံ့၍ ထိုးပေးပုံကကျတော့ ကလေးဆိုးပုံနှင့် တူနေတော့သည်။

"ရုပ်ရှင်မင်းသမီးဆိုတော့ သူစိမ်းယောကျ်ားတွေနဲ့ တွဲရတာ ကျွန်တော် မကြည့်နိုင်ဘူး၊ သဝန်တိုတယ် မမရဲ့၊ တစ်လသိန်းငါးဆယ် ရှာနိုင်တဲ့ မိန်းမတစ်ယောက်ကို ရှ

www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် အဲဒီယောက်ျားက အဲဒီလောက်ရှာပေးမှ ဖြစ်တော့မှာပေါ့၊ ကျွန်တော် သချာလေးတစ်ခု ဂုဏ်ထူးပါတာ၊ မေဂျာတစ်ခုခုယူရမယ့်အတူတူ အဝေးသင်တက်မယ် မမ...

"ဖေဖေ့အလုပ်တွေထဲမှာ ယောက်ဖကြီးနဲ့ ဝိုင်းလုပ်တော့မယ်၊ ပြီးတော့ စီးပွားခွဲမယ်၊ ကျွန်တော် မမနဲ့လက်ထပ်မယ်နော် မမ"

"ကဲပါ ဘုရားဖူးလာတာ ပေါက်ကရတွေ ပြောမနေနဲ့၊ ဘုရားဖူးဦးမယ်"

နေချို ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။ ဘုရားတန်စောင်းဆီသို့ လျှောက်ခဲ့၏။ တန်စောင်းအောမှ ပတ်ထွက်လိုက်တော့ ကျောက်တောင်ကြီး။ တောင်တော့ တောင်ပါပဲ။ သို့ပေမဲ့ မြေကြီးသားမဟုတ်ဘဲ မီးခိုးရောင်ရင့်ရင့် ကျောက်သားမျိုးဖြစ်နေသည်။ သစ်ပင်တွေကျတော့လည်း ပေါက်နေ၏။ အေးစိမ့်မှုက ရင်ထဲသို့တိုင် ဝင်သည်မို့ စောစောက လှုပ်လှုပ်ရှားရှားယိမ်းနွဲ့ပါး ဖြစ်သွားရသည့် နှလုံးအိမ်လေး ငြိမ်ကျသွားရတော့သည်။

ဘုရားရိပ် တရားရိပ်ဟူသည် ချမ်းမြေ့ငြိမ်းချမ်းလှပါဘိ။

✧ ❦ ✧



"ကျွန်တော် အန်တီ့ကို ပြောလိုက်ရမလား"

"အို ... ဘာပြောမှာလဲ"

"ကျွန်တော် မမကို ချစ်တယ်လို့"

"ခက်တာပဲ၊ ဒါ လူငယ်က လူကြီးကို ကိုယ်တိုင်တက်ပြောရတဲ့စကား မဟုတ်ဘူး၊ မရိုသေရာရောက်တယ်"

"ကျွန်တော်တို့ မြန်မာ့ထုံးတမ်းစဉ်လာတွေက ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူးတွေ သိပ်များတာပဲ၊ သိပ်လည်း နားမလည်တော့ ခက်တာပဲ ဒုက္ခ"

ချူသံပါအောင် ညည်းပြပြီးမှ နေချို့ကို စူးစူးကြည့်၍ပြုံးသည်။

"သိပ်လှတာပဲ"

"နေချို တောင်းပန်ပါတယ် ထွန်းရယ်၊ နေချိုတို့က ထွန်းအားကိုးနဲ့ ဒီမှာတည်းခိုနေတာ"

"အားကိုးလေ၊ မမကို ခြင်တစ်ကောင် မကိုက်စေရဘူး"

"ထွန်းကိုယ်တိုင်က ဒီစကားတွေ ပြောနေတော့ ဘယ်လိုနေရမလဲ"

"အရမ်းချစ်တယ်ဗျာ၊ မအောင့်နိုင်ဘူး၊ ပြောနေရမှ"

"နေချို နားရှက်တယ်"

"ရုပ်ရှင်ရိုက်နေတယ်လို့ သဘောထားလိုက်လေ၊ အလုပ်သဘောဆိုတော့ မရှက်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့လား ထွန်းရယ်"

"ပြောချင်တယ်၊ ပြောပါရစေ၊ ရန်ကုန်မှာတုန်းက မမပါတဲ့ ဗီဒီယိုကားတွေ ကြည့်ဖူးတယ်၊ အမူအရာ ကောင်းတာကို အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ မချစ်ခဲ့ဘူး ...

"ကျွန်တော် ကလောဟိုတယ်မှာ အမျိုးသမီးသွား အမိန့်စ်ယောက်ကို သွားကြိုရမယ် ဆိုတုန်းက မမမှန်း မသိဘူး၊ ကိုစံချိန်ကလည်း မပြောဘူး ...

"မမမျက်နှာလေး ကားပြတင်းထဲ ငုံ့ဝင်လာတာ မြင်ကတည်းက ကျွန်တော် လန့်ပြီးရင်ခုန်သွားတယ်၊ အဲဒီကတည်းက စ,ချစ်သွားတာပဲ"

"ဘာပဲဖြစ်ဖြစ် မြန်လွန်းပါတယ်၊ ဒီလောက်အချိန်လေး အတွင်းမှာ ဒီစကားတွေ မပြောသင့်ဘူး"

"အချစ်ဆိုတာ ဘာလဲ မမ၊ သတ်မှတ်ပုံစံရှိလား၊ ရှိရင် ယူခဲ့၊ ကျွန်တော် ဖြည့်မယ်"

"ဘာဆိုင်လဲ"

"အချစ်ဆိုတာ ပုံသေနည်းမရှိဘူး၊ မမအနေနဲ့ နှေးတယ် မြန်တယ် ပြောလို့မရဘူး၊ သူပေါက်ကွဲချင်တဲ့ အချိန်မှာ ပေါက်ကွဲမှာပဲ"

နေချို တစ်ခါမျှ မပေါက်ကွဲဘူးသေးပါလားဟု တွေးမိ၏။ ကျော် နေချို့ကို ဘယ်အချိန်မှာ ပေါက်ပေါက်ကွဲကွဲ ချစ်သွားရာတာပါလိမ့်။ ကျော်နှင့် စေ့စပ်ဖြစ်ခဲ့ပေမယ့် ယနေ့ထက်တိုင် မချစ်သေးတာ သေချာ၏။ လက်ထပ်သင့်သူတစ်ဦးအနေနှင့် မေမေ့အလိုကျ လက်ခံခဲ့ခြင်းသာဖြစ်သည်။



"ကျွန်တော့်ကို ပြန်ချစ်ပါ မမရယ်၊ ကျွန်တော် လူငယ်ပေမယ့် ဘာတစ်ခုမှတော့ ပေါ့ပေါ့ရမ်းရမ်း မရှိဘူး၊ ဆေးလိပ်မသောက်ဘူး၊ ဝါသနာပါလို့ သီချင်းဆိုတာပဲရှိတယ်၊ ကိုယ်ကျင့်တရားကို အထူးထိန်းတယ်"

"ထွန်း နေချို့အကြောင်းကို မသိဘဲနဲ့ အရမ်းပြောမနေနဲ့၊ နေချိုက စေ့စပ်ပြီးသား"

"ဟင် ... ဘယ်သူနဲ့လဲ"

"ကျော်နဲ့"

"ဩော်"

ထွန်းထွန်း စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားတော့သည်။ သူ့ကျေးဇူးရှင်ဆိုတဲ့လူလေ။ ကျေးဇူးရှင်နဲ့ စေ့စပ်ပြီးမှတော့ သည်က ဆယ်တန်းအောင်ရုံကောင်ကို ဘယ်မှာချစ်နိုင်ပါတော့မလဲ၊ အတွေ့နောက်ကျလိုက်တာ မမရယ်။

"မမတို့ ဘယ်တော့ လက်ထပ်မလဲ"

"အဲဒါ လူကြီးတွေအပိုင်းပါ၊ မမသဘော မဟုတ်ဘူး"

"ကျွန်တော့်ဆုတောင်း မပြည့်ဘူးနော်၊ ကျွန်တော် တစ်ခုခု တောင်းဆိုတဲ့အခါမှာ ထွန်းသဘောလို့ မမ ပြောနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းခဲ့တာ၊ ဘုရားမှာတော့ မဟုတ်ဘူးပေါ့၊ ကိုယ့်ဘာသာ ဆုတောင်းတာ"

နီးဘုရား ဆုတောင်းပြည့်သည်ဆို၍ ဘုရားမှာ ဆုတောင်းဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါသေးသည်။ မမကို ချစ်လွန်းစိတ်ကြောင့်ပဲ အကြိမ်ကြိမ် ပျက်ခဲ့သည်။ ဘုရားက ဆုတောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည်ဆိုတော့ ဘုရားမှာ ဆုတောင်းလိုက်လျှင် မမဆန္ဒမပါဘဲ ဆုတောင်းပြည့်သွားလျှင် ဘယ့်နှယ်လုပ်မလဲဟု ကြံဖန်တွေးပူ၏။ သူများတွေကိုပြောလျှင် "ငကြောင်"ဆိုသည့်ဘွဲ့ကို ရနိုင်သည်။ ကိုယ့်ရင်ထဲမှာ မမအတွက် မမဘက်က ကြည့်ပေးနေမိပြီး မမ ရှေ့နေကြီးလုံးလုံး ကိုယ့်ဘာသာ ပြန်ဖြစ်နေ၏။ မမကို ညှာချင်စိတ်နှင့်ပါ။

လူကြီးတွေကစီစဉ်လို့၊ ဘုရားမှာ ဆုတောင်းပြည့်လို့ ဆိုတာမျိုးနှင့် မဟုတ်ဘဲ မမဘာသာ မမရင်ထဲက ပွင့်အန်ပေါက်ကွဲလာသည့် အချစ်ဆိုလျှင် အစအန အပဲ့အရွဲ့ကလေးပဲရရ၊ ရချင်၏။ ကဗျာဆန်တယ်ပဲပြောပြော၊ ကြောင်တယ်လို့ဆိုဆို မမကို သိပ်ချစ်သည်မို့ သည်ရင်ဘတ်ကြီးလည်း ပေါက်ထွက်တော့မည်။ မမထံမှအချစ်ကို ပတ်ဝန်းကျင်ပယောဂမပါဘဲ သန့်သန့်လေးပြန်ရချင်သည်။

မမရှေ့မှာ ဒူးထောက်ပြီး မမမျက်နှာကို မော်ဖူးနေရသည့်ဘဝမှာ နေချင်၏။ မမထားရာ နေချင်သည်။ မမစေရာ သွားချင်သည်။ ကိုယ့်ဘက် ကိုယ်ယက်သည့် ခပ်ညံ့ညံ့အတွေးတွေထဲမှာက မမက ကိုယ့်ကို ပြန်ချစ်နေသည်။ မမကိုချစ်ရာမှာ မမဆီက ဘာတစ်ခုမျှ ရယူပိုင်ဆိုင်လိုစိတ် မရှိပါ။

မမ မင်းသမီးမို့၊ မိုဒယ်မို့ ချစ်တာမဟုတ်ပါဘူး မမရယ်။

တီဗီမှာ အလှကုန်ကြော်ငြာလာတော့ မမက ခိ ... ခိနှင့် ရယ်ပြနေသေးသည်။



"ဒါလိမ်းလို့ လှတာ သိလား"တဲ့။

အရမ်းလှတဲ့ မမ။ မိတ်ကပ်ကြော်ငြာမို့ အလှဖန်တီးရှင်တွေကလည်း လက်ကုန်ကြံထားကြသည်ထင်၏။ နဂိုရှိသော မမက "နဂိုင်း"တွေ တရကြမ်းထွက်နေသည်။ ရက်ရက်စက်စက် လှနိုင်ပါပေ့ မမရယ်။ တကယ်တော့ သည်ကြော်ငြာကို ရန်ကုန်တုန်းကလည်း ကြည့်ဖူးသား။ အလှအပကိုလည်း အသိအမှတ်ပြုပြီးသား။ ချစ်သည့်စိတ်သာ မဖြစ်ထွန်းခဲ့တာ။

"နေချိုတော့အရမ်းကြိုက်၊ ရော့ ... စားကြည့်"

ဆီးထုပ်လေးထဲမှ တစ်လုံးနှိုက်စား၊ မျက်စိမှိတ်၊ ခေါင်းမော့၊ နှာခေါင်းလေးရှုံ့ပြပြီးမှ ပရိသတ်ဆီ ရယ်ရယ်မောမောလေး လှမ်းပေးသည်။

ချစ်စရာကောင်းလိုက်တဲ့ မမရယ်။

တကယ်တော့ အချစ်ဟူသည် အလွန်နားလည်ရခက်ပါဘိ။ မမလှတာကို လွန်ခဲ့သော ရက်ပေါင်း လပေါင်းများစွာကတည်းက သိပြီးဖြစ်ပါလျက် အဲသည်တုန်းကချစ်ဖို့ စိတ်ကူးမရခဲ့ပါ။ မမမျက်နှာလေး ကားမှန်ပြတင်းထဲ ငုံ့ပြုံးလေးနှင့် ဝင်အလာမှာ ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားရတာကစတော့သည်။

"မိုဒယ်တွေထဲမှာ မမ အလှဆုံးပဲ"

"ထွန်းက ခင်တဲ့စိတ်နဲ့ ကြည့်လို့ပါ"

"ချစ်တဲ့စိတ်နဲ့ ကြည့်တာပါ မမရဲ့"

"ထွန်းအားကိုးနဲ့ နေရချိန်မှာ ဒီစကားတွေ မပြောပါနဲ့လို့ နေချို တောင်းပန်ထားတယ်လေ"

"မမ ... ကျွန်တော့်ကို မကြိုက်တာလား၊ မုန်းတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မမုန်းပါဘူး ထွန်းရဲ့ ခင်တောင်ခင်သေးတယ်၊ မကြိုက်လည်း မရှိပါဘူး၊ ထွန်းဟာ လူကောင်းလေးပဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အပိုးကျိုးကျိုးလေး"

"အဲဒါဆိုလည်း ချစ်လိုက်လေ"

"ခင်တာနဲ့ ချစ်ရတော့မယ်ဆိုရင် နေချို ခင်တဲ့လူတွေ မြန်မာပြည်မှာ အများကြီး၊ ဘယ်လိုလုပ်မလဲ၊ ထွန်းလို အသက်ငယ်ပြီး ကြိုးစားနေတဲ့ လူကောင်းလေးတွေလည်း ရှိတာပါပဲ၊ ပြီးတော့ နေချို စေ့စပ်ထားပြီးသားဆိုတာ ထွန်း မေ့မပစ်နဲ့လေ၊ နေချို့ ကိုယ်ကျင့်တရားမှာ မှဲ့စွန်း မထင်စေချင်ရင် ထွန်း ဒီလိုတောင်းဆိုမနေသင့်ဘူး"

"မမ ... မချစ်ဘူးဆို"

"ထွန်းကို ဘယ်သူပြောလဲ"

"မမရဲ့စေ့စပ်ကြောင်းလမ်းခြင်းက ပျက်ပြီးသားမို့ ကျွန်တော်က ဖွတ်တောင်းနေတာပါ မမရဲ့၊ သူတစ်ပါး ချစ်ခြင်းထဲ ကြားဝင်ခွင်းလောက်အောင် ကျွန်တော် အောက်တန်းမကျဘူး"

"ထွန်း ဘယ်သူပြောလဲလို့ နေချို မေးနေတယ်"

"ဟိုလူကိုမှ လက်မထပ်နိုင်တော့တာ၊ ကျွန်တော့်ဘက် တစ်ချက်ကလေး လှည့်ကြည့်ပါလား မမရာ၊ ကျွန်တော် တကယ်ပဲ မမကို ဘယ်လိုချစ်မှန်း မသိဘူး၊ ပြောရမှာလည်း အရှက်မရှိဘူး၊ တစ်နေ့တခြား ပိုပိုချစ်လာတယ်၊ ဘာမှမလုပ်ဘဲ မမကိုပဲ ထိုင်ငေးနေချင်တယ်"

"ထွန်းကို မေမေ ပြောပြလား"



"အန်တီ မပြောပါဘူး"

"ဒါဖြင့်"

"ကျွန်တော် ရန်ကုန်သားပဲ၊ ရန်ကုန်မှာ ကျွန်တော့်အပေါင်းအသင်းတွေလည်း အများကြီး ကျန်ခဲ့တာပဲ"

"ဘယ်တွေကို လျှောက်မေးတာလဲ"

ဖုံးဖုံးဖိဖိ ဖြစ်စေချင်တာတွေ သူ လျှောက်စုံစမ်းတာနှင့် ပေါ်ပေါ်လွင်လွင် ဖြစ်ကုန်ပြီ ထင်ပါရဲ့၊ လူမိုက်ကလေး။

နေချို့စိတ်ထဲ တော်တော်ကြီး အနှောင့်အယှက်ဖြစ်သွားမိသည်၊ ခင်မင်ထားတာလေးတွေ မှိန်ချင်၏။

"မမ စိတ်ဆိုးလား"

"မဆိုးပါဘူး"

တီဗီရှေ့မှ ထလိုက်သည်။ တကယ်ဆို နေချိုက တီဗီအစီအစဉ်တွေထဲမှာ ကြော်ငြာကဏ္ဍကို အထူးဂရုစိုက်ကြည့်လေ့ရှိသူဖြစ်သည်။ ဘယ်သူတွေ ဘာကြော်ငြာမှာ ဘယ်လိုသရုပ်ဆောင်နေကြလဲဆိုတာ နေချို သိဖို့လို၏။

"မမ ... စိတ်မဆိုးဘူးဆို"

ထွန်းထွန်းက ဆတ်ခနဲထရပ် သူ့ကိုထွက်မသွားနိုင်အောင် ဘာရယ်မဟုတ် လှမ်းဆွဲထားလိုက်မိသည်။ နေချို့ရင်ထဲ ဝုန်းခနဲ ဆောင့်ခုန်သည်။ ဝုန်းဒိုင်းဆို ယိမ်းထိုးသွားတာ ဒေါသလည်း ဖြစ်နိုင်၏။ လက်ဖျားကို လှမ်းဆွဲထားသော ထွန်းထွန်းကို စေ့စေ့ကြည့်လိုက်၏။ ဆောင့်မရုန်းပါ၊ လွှတ်ပါဟု မပြောပါ၊ လူလိမ္မာသား ယဉ်ပါးသတဲ့၊ သူလုပ်သင့်တာနှင့် မလုပ်သင့်တာကို

www.burmeseclassic.com

www.burmeseclassic.com



သူများပြောမှ သူသိလျှင် နေချို အများကြီး အထင်သေးလိမ့်မည်။ သူ့ဘာသာ သိပစေ။

"ကန်တော့ မမ"

ထွန်းထွန်း ရင်ထဲ ဝမ်းနည်းသွားသည်။ ကြေကွဲနာကျင်၏။

နေချို့အကြည့်စူး၏ အဓိပ္ပာယ်ကို ထွန်းထွန်းသိသည်။ "မိုက်ရိုင်းဦး"ဟု လက်ဆွဲမှုနှင့် ပါးရိုက်ပစ်တာ ခံလိုက်ချင်သည်။ မိုက်ရိုင်းစိတ်နှင့် လက်ဆွဲရတာ မဟုတ်ပါကြောင်း နောက်မှ ဖြည်းဖြည်းရှင်းပြမည်။ လောလောဆယ် မမရဲ့"စက်ဆုပ်ကြည့်"ကို ဖိန့်ဖိန့်တုန်အောင် ကြောက်သည်။ မမ ရင်ထဲမှာ ခင်မင်မှုတွေ လျော့ပါးကာ စိတ်ပျက်ရွံရှာသွားမှာစိုးသည်။

ဝန်ခံချင်ပါသည် မမ။ မမကို ကျွန်တော် ရူးသွပ်တိမ်းမူးစွာ ချစ်ရပါသည်။ ချစ်တတ်သူ ရူးစတမ်းဆိုလျှင် ကျွန်တော် ဘယ်တော့မှ စိတ္တဇဆေးရုံမှာ တက်ပြီးမကုဘဲ တစ်သက်တာ ရူးပြနေချင်ပါသည်။ အရမ်းချစ်ပါသည်။ အလွန်အမင်းချစ်ပါသည်။ မွန်နေအောင် ချစ်ပါသည်။

ဒါပေမဲ့ သန့်သန့်လေးပါ မမရယ်။

"ဆောရီး"လို့တောင် မပြောပါ။ အနားမှ ထွက်သွားမည်စိုးသည်မို့ လျှပ်တစ်ပြက် ဖမ်းဆွဲလိုက်မိသည်ကို ရိုကျိုးစွာပဲ တောင်းပန်လိုက်သည်။ လက်ကိုလည်း လွှတ်လိုက်၏။ သို့ပေမဲ့ ရှင်းပြမနေတော့ပါ။ "ကန်တော့ မမ"ဆိုသည့် ဝါကျတိုလေးတစ်ကြောင်းအပေါ်မှာ မမ နားလည်ပေးပါတော့။



"ထွန်း ... ဘယ်သူတွေ လျှောက်မေးတာလဲ"

"ကျွန်တော် အမှန်အတိုင်း ပြောရမလား မမ"

"အမှန်အတိုင်း သိချင်လို့ မေးနေတာ"

"သူငယ်ချင်းတွေဆီက ဖုန်းလာပါတယ်၊ ကျွန်တော့်အလုပ်တွေ မပြီးသေးဘူးလားတဲ့၊ ကျွန်တော် စတူဒီယိုမှာအသံသွင်းပြီး စာသားရော အသံပါ မြန်မာ့အသံမှာ တင်ထားခဲ့တာ ကျပြီတဲ့၊ တီဗီလာရိုက်တဲ့ ...

"ကျွန်တော်က မလာအားသေးဘူး၊ တည်းခိုတဲ့ ဧည့်သည်တွေ ရောက်နေတယ်လို့ ပြောမိတယ်၊ ကျွန်တော့်ကို နှုတ်ဖွာတယ်လို့ မမ စိတ်ဆိုးချင်ဆိုးပါ၊ ကျွန်တော် ကြွားချင်စိတ် ဖြစ်သွားတယ် ...

"ကျွန်တော်ချစ်တဲ့ မမ၊ ကျွန်တော် ပြင်ဆင်နေတဲ့ ဟိုတယ်မှာ ပထမဆုံး ဧည့်သည်အဖြစ် ဟိုတယ်မဖွင့်ခင် ရောက်လာတာ ကျွန်တော်တို့ ဖူးစာဆုံဖို့ပဲလို့လည်း ကျွန်တော့်စိတ်ထဲမှာ ထင်နေတယ် ...

"ကိုယ့်ဘက်ကိုယ်ယက်တယ်ပဲ မမ ပြောချင်ပြောပါ။ မမအချစ်ကို ကျွန်တော် ရမှာပဲလို့ ထင်နေတယ်၊ အဲဒါနဲ့ မမ လာတည်းနေတယ်၊ အနားယူနေတယ်၊ ကျွန်တော့်မှာ တာဝန်ရှိနေတယ်လို့ ပြောလိုက်မိပါတယ်"

"အဲဒါနဲ့ ရန်ကုန်က သူငယ်ချင်းတွေက နေချို့အကြောင်းကို ပြောတာလား"

"မမ လေဆိပ်မှာ ဇာတ်ဝင်ခန်းတစ်ခု ရိုက်သွားတယ်ဆိုတဲ့အကြောင်း ပြောတာပါ၊ အဲဒါကို တချို့က ဇာတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



ခန်း။ တချို့က တကယ့်အဖြစ်ဆိုပြီး ရန်ကုန်မှာ ကောလာ ဟလ ဖြစ်နေတယ်လို့ ပြောပါတယ်၊ ဒီပေါ်မှာ ကျွန်တော် သဘောပေါက်လိုက်တာပါ"

တော်ပါပေတယ် ရွှေဉာဏ်ရှင်ဟုသာ ပြောချင်ပါ တော့သည်။ စောစောက ဝုန်းဒိုင်းဆို စိတ်ဆိုးမိပြီး ခုတော့လည်း ပြေလွယ်သလိုလို ဖြစ်သား။ သည်ကောင်လေးအပေါ် ခင်ကိုခင် မင်မိနေပါပြီ။

"မမ ခွင့်လွှတ်လား"

"ပြီးပြီလေ၊ ပြီးသွားပြီပဲ ထားလိုက်တော့၊ ခွင့်လွှတ်ရအောင် ထွန်းက ပြစ်မှုကျူးလွန်တာမှ မဟုတ်တဲ"

"မမ"

ခုထိ ပြန်မထိုင်သေးဘဲ နေချို့နှင့်ယှဉ်ရပ်လိုက်သည့် အခါ ကိုယ့်ထက် နှစ်နှစ်လောက်ငယ်သည့် ကောင်လေးက ကိုယ့်ပေါ်မှာ ခေါင်းတစ်လုံး ပိုမြင့်နေတော့သည်။

"ထွန်း ... မြောက်ပေလား"

"တိတိပဲ၊ အရပ်ကောင်းပါတယ်၊ သေရင်တော့ အလောင်း လှမယ် မထင်ပါဘူး"

နေချို့ ပြုံးဖြစ်လိုက်သည်။ စောစောက သေတော့မ လောက် သွေးဆုတ်ဖြူရော်နေသည့် မျက်နှာနုနုနှင့် ပိုက်ဆံသရဲ လေးက ခုမှ သူ့ကိုယ်ထဲ သွေးတွေပြန်စီးသလို သွေးရောင်လေး စဝင်သည်။

"ဒီသတင်းစာထဲက ကြော်ငြာလေးဟာ မမနဲ့ဆိုင်မယ် ထင်တယ်"



စောစောကတည်းက စားပွဲပေါ်မှာ တင်ထားသည့် သတင်းစာကို ငုံ့ယူပြီးတော့ စာမျက်နှာတစ်ခုကိုလှန်၍ လက်ညှိုး နှင့်ထောက်ပြသည်။ နေချို့ လှမ်းကြည့်လိုက်၏။

"ကျော် တော်တော်နေမကောင်းဖြစ်နေလို့ ပြန်လာခဲ့စေချင်ပါသည်။ သို့မဟုတ် ဖုန်းဆက်ပါ။

ဒေါခင်ခင်သစ်"

"ဟင် ... ထွန်း၊ ဒါ နေချို့အတွက်လို့ ထွန်း ဘယ်လိုသိ ပြန်တာလဲ"

"ကျော်ဆိုတဲ့ နာမည်ရယ်၊ ပြေးပုန်းနေတဲ့သူကို ပြန်လာ စေချင်တာရယ်၊ ဒေါခင်ခင်သစ်လို့ ရေးထားတော့ မိခင် လို အမျိုးသမီးကြီးနေရာက ကြော်ငြာတာရှယ်၊ ပေါင်းဖြီး ထင်လိုက်မိတာပါပဲ"

တော်ပါပေတယ် ဉာဏ်ကြီးရှင်လေးရယ်။

ရင်ထဲမှာ ကျိတ်ပြောဖြစ်ပေမယ့် ချစ်စနိုးစကားလေး တွေနှင့် သူ့ကို မျှော်လင့်ချက် မပေးချင်တော့သည်မို့ အသံတိတ် လေးပဲ နေလိုက်သည်။

"မမ"

"နေချို့ ပြန်တော့မယ်"

ဧည့်ခန်းဆောင် ဧည့်ကြိုကောင်တာမှာ တီဗီထိုင် ကြည့်နေကြတာမို့ နေချို့က ပြန်မည်ဆိုလျှင် ခြံထဲပြန်ဆင်းပြီး ကိုယ့်အဆောင်ဘက် ကူးရမည်။

"ကျွန်တော် လိုက်ပို့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အခန်းဝသို့ထွက်ပြီး မြေပြင်သို့ရောက်အောင် လှေကားသုံးထစ် ဆင်းရသည်။

"တစ်ခုတော့ ပြောခဲ့ပါ မမ"

"ဘာများလဲ ထွန်းရယ်"

"စိတ်ကလေး နည်းနည်းရှည်ပေးပါ မမရယ်၊ အဲဒီ ကျော်ဆိုတဲ့လူကို မမ ချစ်လားဆိုတာ သိချင်တာပါ"

"မချစ်ဘူး ထွန်း၊ ဒါပေမဲ့ သိပ်ခင်တယ်၊ အားလည်းကိုးတယ်၊ ကျေးဇူးရှင်လည်းဖြစ်ပါတယ်၊ ဖေဖေ ဆုံးပြီးကတည်းက သူ့မိသားစုကို အားကိုးခဲ့ရတာပါ၊ သူ ရည်းစားများတာ သိပေမယ့် နေချို ခွင့်လွှတ်ခဲ့ပါတယ်၊ ဒါပေမဲ့ ခုလိုမဲ့စွန်းထင်တာမျိုးကို ရွံတယ်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမသားတစ်ယောက်ကို တရားဝင် လက်မထပ်နိုင်ရင် အဲဒီမိန်းကလေးဟာ မိကောင်းဖခင်သားသမီးပဲဖြစ်ဖြစ် ...

"မိန်းမပျက်ကလေးပဲဖြစ်ဖြစ်၊ ကိုယ်ထိလက်ရောက် မမှားယွင်းသင့်ဘူးလို့ နေချို ယူဆတယ်၊ ခြေကျွံလက်ကျွံဆိုတာမျိုး ဖြစ်ခဲ့ရင် လက်ထပ်လိုက်တော့၊ မိန်းမပျက်မို့ လက်မထပ်နိုင်ပါဘူးဆိုတဲ့ ဆင်ခြေကို ပေးချင်ရင် အစကတည်းကဆင်ခြင် ...

"အဲဒါ နေချို့မူပဲ၊ အတွေ့ကို မရှောင်နိုင်ဘူးဆိုတာ ယောကျ်ားညံ့တွေရဲ့ဆင်ခြေ၊ ရှောင်နိုင်တာမှ ယောကျ်ားကောင်း၊ ကျော့်ကို နေချို ခွင့်မလွှတ်ဘူး ထွန်း၊ အစကတည်းက မချစ်လို့ အပြစ်မြင်နေတာ မဟုတ်ဘူး ...



"လက်ထပ်ဖို့ စိတ်ပိုင်းဖြတ်ပြီးသား၊ ကျော်ဟာ နေချို သိပ်ခင်တဲ့ ငယ်သူငယ်ချင်းပါ"

ထွန်းထွန်းက ဆက်မမေးတော့ပါ။ နေချို လှေကားသုံးထစ်ကို ဆင်းလိုက်သည်။ အိမ်ထောင်ရှင်ယောကျ်ားတွေ လှေကားသုံးထစ်ဆင်းလျှင် လူပျိုပြန်ဖြစ်သည်တဲ့။ ဆိုင်သလား မဆိုင်သလားတော့ မပြောတတ်ပါ။ စေ့စပ်ကြောင်းလမ်းခဲ့ဖူးသူ မိန်းမသားလေး လှေကားသုံးထစ်ဆင်းတော့ရော အဲဒီကြောင်းလမ်းစေ့စပ်ခြင်းက မပျက်ဘူးတဲ့လား။

နေချိုနုနု လှေကားသုံးထစ်ကို ဆင်းခဲ့ပါပြီ။

အဲသည်အချိန်မှာပဲ တယ်လီဖုန်းသံက မြည်လာခဲ့သည်။ မမ ခဏဟုဆိုကာ ထွန်းထွန်းက သွားပြေးကိုင်သည်။

"မမ ဖုန်း"

"အခန်းထဲက ပြန်ပြောတော့မယ်"

"ဦးမင်းခန့်ထယ်တဲ့"

"ဟုတ်ပြီလေ ... နေချို သွားတော့မယ်"

ထွန်းထွန်း တယ်လီဖုန်းလေးကိုကိုင်၍ ကျန်ရစ်ခဲ့လေတော့သည်။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

“ဦး”

“နေချိုလေး ပြန်မလာသေးဘူးလား”

“ဒီမှာ ပျော်နေတယ် ဦးရဲ့၊ နေချို နီးဘုရားလည်းဖူးပြီးပြီ၊ အဲဒီနားက ရွာထဲလည်း လျှောက်လည်ပြီးပြီ၊ အပြန် ရွှေဥမင်ဘုရားကို ဝင်ဖူးပြီးပြီ”

“ပင်းဒယထိ သွားတာလား”

“မဟုတ်ဘူး ... ကလောက ရွှေဥမင်၊ ရွှေဥမင်ပဲ ထင်တာပဲ၊ ထွန်းကပြောတော့ ရွှေဥမင်တဲ့”

“ထွန်းဆိုတာ ...”

“ဦးရဲ့သူငယ်ချင်း ဦးစံချိန်ရဲ့ယောက်ဖလေ”

“နေချိုနဲ့ သူငယ်ချင်း ဖြစ်နေပြီလား”

“ဖြစ်နေပြီ၊ ဒါပေမဲ့ သူက ငယ်ပါတယ်၊ ခုမှ ဆယ့်ရှစ်လား၊ ဆယ့်ခုနစ်လား”

“ကျော်တိုင်းကျော်ရဲ့ သတင်းကြားလား”



“ဒီနေ့ပဲ ထွန်းက သတင်းစာပြတယ်၊ ကျော် နေမကောင်းဖြစ်နေတာလား၊ စိုးရိမ်ရလား ဦး၊ ဆေးရုံတွေ ဘာတွေတင်ထားရတာလားဟင်၊ နေချို ပြန်လာပြီး သတင်းမေးဖို့ကောင်းမယ်ထင်တယ်နော် ဦး”

“ဘာပဲဖြစ်ဖြစ် ကျော်တိုင်းကျော်ဟာ နေချို့သူငယ်ချင်းပဲလေ”

“ဦးက ပြန်လာစေချင်တာလားဟင်”

“နေချို့အတွက် ဝန်မလေးရင်ပေါ့”

“ကျော့်အတွက်ပေါ့နော်”

“ဦးအတွက်လည်း ပါတယ်”

“ကား စရိုက်ချင်ပြီလား”

“စချင်ပြီ၊ ပြီးတော့ ဦးမိတ်ဆွေ မြန်မာတစ်ယောက် သူက ဗန်ကောက်မှာသွားပြီး သူဌေးဖြစ်နေတယ်၊ သူက သားရေလုပ်ငန်း ခေါ်မှာပေါ့၊ ပိုက်ဆံအိတ်တို့ ဖိနပ်တို့ ဂျာကင်တို့ လုပ်တယ်၊ အဲဒါ ရန်ကုန်မှာလာပြီး သူ့သားရေပစ္စည်းချည်း သပ်သပ်ရောင်းတဲ့ ကုန်တိုက်တစ်ခုဖွင့်မယ် ...

“လေးထပ်တိုက်၊ လေးထပ်လုံး ဘယ်သူ့ပစ္စည်းမှ မတင်ဘူး၊ သူ့သားရေပစ္စည်းချည်းပဲ၊ အဲဒီအတွက် နေချိုနဲ့ ကြော်ငြာရိုက်ချင်လို့တဲ့”

“ဘယ်တော့လဲ”

“အခု နေချို့ကို ဗန်ကောက်ခေါ်သွားပြီးရိုက်မှာ၊ ဟိုက သူ့စက်ရုံထဲလည်း ရိုက်မယ်၊ ဒီက သူ့ကုန်တိုက်မှာလည်း ရိုက်မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ပွတာပဲ"

"ဘာပွတာလဲ"

"ဗန်ကောက်ကို ရောက်ဖူးရချေသေး"

"အေး ... ပြန်လာတော့"

"ဟင့်အင်း ... မလာသေးဘူး"

"ဘာဖြစ်လို့လဲ"

"ဦးက အလုပ်ကိစ္စရှိလို့ ခိုင်းဖို့ခေါ်တာပဲ၊ အလုပ်များ ဘယ်တော့လုပ်လုပ်၊ ပျင်းပါတယ်"

"ချွေးမလေး"

ချွေးမလေး။ အနားမှာသာရှိလျှင် ငယ်ထိပ်ကို ထုချလိုက်ချင်သည်။ မင်းခန့်ထယ်မျက်နှာ ပြုံးပြုံးကြီး ဖြစ်နေသည်။ နားမှာကပ်ထားသည့် တယ်လီဖုန်းခွက်ကလေးက နေချို့အသံစာစာလေးနှင့် နွေးနေ၏။ နှုတ်ခမ်းနားမှာ ရှိနေသည့် တယ်လီဖုန်းခွက်ကျတော့ ကိုယ့်အသံ သူ့ဆီသယ်သွားပေးမည့် ပစ္စည်းလေးမို့ ရွှေရည်လေး သွန်းပြီးမှ လွှတ်ချင်၏။ ပြန်လာပါတော့ နေချို့လေးရယ်၊ ဦး လွမ်းလှပြီဟု ပြောချင်၏။ နုနုထွတ်ထွတ် အလှခဲလေး၊ လက်မထပ်ဖြစ်ဘဲ သီးသန့်တစ်ကိုယ်ရေ ရှိနေသမျှတော့ မော့ငေးလို့ သူ့အလှထဲမှာ ပျော်ဝင်နစ်မွန်း မူးယစ်စွာ ခံစားခွင့်ရှိနေမှာပါပဲ။

သူ ကျော်တိုင်းကျော် ဆိုသည့် ပုဂ္ဂိုလ်လေးအပေါ် ခွင့်လွှတ်နိုင်စိတ်တွေ ဝင်သွားပြီဆိုလျှင်တော့ ...

သူ့ထက်ငယ်သည့် ကောင်လေးအပေါ် သံယောဇဉ် ဖြစ်သွားပြီ ဆိုလျှင်တော့ ...



အဲသည်ကောင်လေးက သီချင်းဆိုလည်း ကောင်းတယ်ဆိုပဲ။

"နေချို့လေး"

"ရှင် ... ဦး"

"ဦး ... သတိရ၊ အာ့ ... အား"

"ဦး ... ဦး ဘာဖြစ်လဲ၊ ဘာဖြစ်သွားတာလဲ၊ ဦး ... ဦးရေ ဦး ... ဦး"

ဘယ်လိုမှ ခေါ်မရတော့ပါ။ ကြေးနန်းလိုင်းလည်း ပြတ်သွားသည်။ နေချို့ မျက်ဝန်းလေးပြူးပျာစွာ အထိတ်ထိတ် အလန့်လန့် ဖြစ်နေ၏။ ဘယ်ဘက်နှစ်လုံးလောက် လျှောက်ဖြစ်သည်။ ပြန်လာကာ ညာဘက်သို့ သုံးလေးလှမ်း လျှောက်ပြန်သည်။ ရှေ့လည်းတိုးဖြစ်၏။ နောက်လည်း ဆုတ်ဖြစ်သည်။ စိုးရိမ်ပူပန်စိတ်က ရင်ဘတ်ကြီးတစ်ခုလုံးကို လောင်မြိုက်နေ၏။

"ထွန်း ... ထွန်းရေ ... ထွန်း ..."

သည်မှာတော့ အားကိုးစရာ ထွန်းပဲရှိသည်လေ။

"ထွန်းရေ ..."

ပိတ်သွားပြီဖြစ်သည့် သည်ဘက်ဆောင်တံခါးကို တဒုန်းဒုန်းထုရင်း ပူပန်စိတ်ကြောင့် ဖြစ်ထွန်းရသည့် မျက်ရည်ချောင်းလေး ပါးပြင်ပေါ်သို့ ဖြတ်စီးလေသတည်း။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် ... အချစ် ...
သတ္တိရှိရင် တစ်ယောက်ချင်း ...
မင်း ငါ့ကို ဘာကြောင့် ရန်လာစတာလဲ ...
မင်း ငါ့ကို ဘယ်တုန်းက မုန်းမျက်ငြိုး
ထေးထားတာလဲ ...”

ထွန်းထွန်း ဂစ်တာလေး တစ်ချက်နှစ်ချက်တီးသည်။ စာရွက်ပေါ်သို့ စာသားလေးတွေ ချရေးသည်။

သူငယ်ချင်း “အသုံးလုံး”က ဖုန်းဆက်၏။

“ဟော့ကောင်ရေ ... သီချင်းတစ်ပုဒ် တစ်သိန်းကျော်နေပြီကွ၊ ဘော်ဒါကြေးတောင် တစ်သိန်းအောက် နည်းနည်းပဲလိုတယ်၊ ပိုက်ဆံဖြစ် အဆိုတော်အတွက်က အရေးမကြီးဘူး၊ ငါတို့လို ပိုက်ဆံဖြုန်း အဆိုတော်အတွက်ကျတော့ အရေးကြီးပြီကွ၊ ဂစ်တာလည်း တီးတတ်တယ်၊ ကဗျာလည်း စပ်ဖူးတယ်ကွာ ...

“ဖီးလည်း ရှိတယ်ဆိုရင် ကိုယ့်ဘာသာကျဲမှ ဖြစ်တော့မယ်၊ အိမ်ကမိဘတွေလည်း ငါတို့ကို မသထာနိုင်တော့ဘူး၊ ဖြုန်းတာများပြီးတဲ့”

သူ့ဘာသာ သံစဉ်ရှာပြီး သူ့ဘာသာစပ်သည့်သီချင်းတဲ့။ တယ်လီဖုန်းထဲမှာ အော်ဆိုပြနေလို့ ရယ်ရသေးသည်။



“ရှိပြီးသား တေးသွားတွေ အရှေ့ဖြစ်ဖြစ် အနောက်ဖြစ်ဖြစ် ငါ့စကားလုံး ထည့်ရတာ မခက်ပါဘူးကွ၊ ငါ့သံစဉ်နဲ့ ငါ့စာသားလည်း မခက်ပါဘူး၊ မသကာ ငါကိုယ်တိုင်ကြဲထားတော့ ညံ့ရုံရှိတော့မပေါ့၊ လွန်ရောကျွံရော ပြောရရင် သုံးမရရုံ ရှိတာပေါ့ ...

“ငါတော့ ကိုယ့်ဘာသာတီးပြီ၊ တီးပြီဆိုတာ ရေးတာကို ပြောတာ”တဲ့။

ထွန်းထွန်း ဂစ်တာလေးတစ်လက်နှင့် သံစဉ်ရှာသည်။ စာသားတွေကတော့ ရင်ထဲမှာအပြည့်ပါ။

အချစ်ဆိုသည့်အရာကို စိတ်ဆိုးသည်။ အဲသည်ကောင် သက်ရှိသတ္တဝါလား၊ အချစ်ဆိုတဲ့ကောင် လာစမ်း၊ မိုက်ရင် မင်းနဲ့ငါ တစ်ယောက်ကြေး၊ မင်း ဘာဖြစ်လို့ ငါ့နှလုံးသားထဲကို ခွင့်မတောင်းဘဲ ဝင်လာသလဲ။ မင်းကို ဘယ်သူပင့်ဖိတ်သလဲ။ မင်းကြောင့် ငါ့ရင်ထဲမှာ အချစ်တွေပျံ့နှံ့ကုန်ပြီ၊ ငါ သိပ်ချစ်တတ်သွားပြီ။

ငါ့ရင်ခွင်ကြီးတစ်ခုလုံး အချစ်နဲ့ ဇွန်းထင်းသွားရပြီ။ ဖျက်ဆေး ဘယ်မှာရနိုင်မလဲ။ ငါ မချစ်ချင်ဘူး။ မင်း ဆေးစက်တွေ ပြန်ဖျက်ပေး ဟော့ကောင်အချစ်။ မင်းထွက်သွား၊ မင်းကိုငါ လက်မခံနိုင်ဘူး။ မင်းကြောင့် ငါ့နှလုံးသား အဆိပ်သင့်သွားပြီ။ ရူးသွပ်သူအတွက် ကုထုံးမရှိဘူး။ ပြန်မချစ်တတ်တဲ့ သူမမှာအပြစ်မရှိဘူး။ ပြန်မချစ်ချင်တဲ့ သူမကို အပြစ်မတင်ဘူး။ သူမပဲ ရက်စက်တတ်သူ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



တရားခံကတော့ မင်းပဲ။ ဟော့ကောင် အချစ်။ မင်းခုထွက်သွား။ ထွက်မသွားရင် ငါ့ဆီလာခဲ့။ မိုက်လား။ မင်းနဲ့ ငါနဲ့ တစ်ယောက်ကြေး။

အဲသည်ခံစားချက်တွေကို သံစဉ်ညီအောင် ထည့်သွင်းရေးစပ်ရုံပါပဲ။ ကိုယ့်ရင်ခွင်ကြီးတစ်ခုလုံး အဆိပ်သင့်ပြီး တစ်စစီ ပဲ့ကြွေရတာ မမမှာ အပြစ်မရှိရှာပါ။ မချစ်ဘဲ နေနိုင်တာ မမရဲ့ အခွင့်အရေးပဲလေ။ မမ ပြန်ချစ်ချင်မှ ချစ်မှာပေါ့။ တခြားသူတစ်ယောက်ကို သွားချစ်လည်း အပြစ်တင်လို့ ရစကောင်းတာမှ မဟုတ်တာ။ ကိုယ့်ရင်ထဲကို ဝင်လာသည့် အချစ်စိတ်သည်သာ တရားခံစစ်စစ်ကြီးပါ။

"ထွန်း ... ထွန်းရေ"

"ဟိုက် ... မမ၊ မမ အသံပါလား"

"မမ"

ဂစ်တာက မွေ့ရာပေါ် ဝုန်းခနဲ ပစ်ကျကျန်ရစ်၏။

"မမ"

"ထွန်းရယ်"

"ဘာဖြစ်လဲ မမ"

အားငယ်ရှာသူ အားကိုးရာနှင့်ကြုံခိုက်၊ အမြတ်နိုးဆုံးလေးကို ဖေးမလိုစိတ်တွေ ဝေါခနဲ သွန်ကျသွားချိန်နှင့် ဆုံခိုက်။

ထွန်းရယ်ဟုဆိုကာ ပခုံးနှစ်ဖက်ပေါ် လက်ကလေးနှစ်ဖက် တင်လိုက်မိသည်။ မမဟုဆိုကာ ကျောပြင်လေးကိုသာသာ ပွေ့လိုက်သည်။ အကြင်နာပြုရုံလေးသာမို့ နှစ်ဦးသားမှာ ကြားလေသွေးနိုင်ပါ၏။



"ဦး ဘာဖြစ်သွားတယ် မသိဘူး ထွန်းရဲ့"

မိနစ်ဝက်ပင် ကြာမည်မထင်ပါ။ စက္ကန့်နှစ်ဆယ်လောက်သာ ရှိနိုင်ကောင်းပါသည်။ အဲသည်အချိန်လေးထဲမှာပဲ နေချို လက်ကလေးနှစ်ဖက် ထွန်းထွန်းပခုံးပေါ်မှ ပြုတ်ကျသည်။ ထွန်းထွန်း၏ ဝေ့ဝိုက်သိမ်းငင်သော လက်နှစ်ဖက် နေချို့ကျောပြင်ဆီမှ ကွာကျသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ရန်ကုန် တစ်နေရာရာကိုဆက်ပြီး ဦးကို သွားကြည့်ပေးပါ ပြောချင်တယ်၊ ထွန်း ကူညီနိုင်မလားဟင်"

"ရတယ်"

"နေချို ... မနက်ဖြန် ရန်ကုန်ပြန်ချင်တယ်"

"ကျွန်တော် ကားနဲ့ပဲ လိုက်ပို့ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ထွန်းရယ်"

ထွန်းထွန်းကို ကျေးဇူးတွေ အများကြီးတင်လိုက်ရသည်။ အရွယ်လေးနှင့်မလိုက်၊ လူကြီးလူကောင်းဆန်သည့် လူငယ်လေး၊ ကူညီတတ်သူလေး၊ ကိုယ့်ကြောင့် မိသားစုနှင့်မိဘမှာ အနှောင့်အယှက် မဖြစ်စေရဘဲ မိသားစုတာဝန်နှင့် ဝေယျာဝစ္စတွေကိုတောင် ဝိုင်းကူနိုင်သူလေး၊ လူကောင်းလူငယ် လူလိမ္မာလေး ထွန်းရယ်ဟု တိုးတိုးရှိုင်းရှိုင်း ညည်းတွားဖြစ်လိုက်သည်။

ကားရိုက်စဉ်က တာဝန်အရ သူစိမ်းယောက်ျားရင်ခွင်ထဲ ဝင်ရတာ အလုပ်ပဲ ထွန်းရယ်။ နေချို ရင်မခုန်ခဲ့ပါဘူး။ ခုတော့ လှုပ်လှုပ်ရှားရှားနဲ့ ရင်ခုန်သံတွေ မြန်လိုက်တာ။ ဒါပေမဲ့ ထွန်းရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မလောဘဲ မောင်းမယ်၊ ထမင်းစား ဘာညာ ခဏနားမယ်၊ ကားပူလာရင် ခဏရပ်မယ်၊ အဲဒီလောက်နဲ့ဆိုရင် နာရီနှစ်ဆယ်လောက် မောင်းရလိမ့်မယ်ထင်တယ် မမ"

"နေချို့လည်း တစ်လဲမောင်းပါ့မယ်"

"မဟုတ်တာ"

"နေချို့မှာ လိုင်စင်ရှိပါတယ်၊ မောင်းလည်းမောင်းတတ်ပါတယ်၊ မောင်းကျင့်သာ သိပ်မရှိတာပါ"

"မမောင်းရပါဘူး"

"ထွန်း သိပ်ပင်ပန်းနေမှာ စိုးလို့"

"ရပါတယ် ... ယောက်ျားပဲ၊ နာရီနှစ်ဆယ် ကားမောင်းရတာများ၊ မိန်းမတွေ ကလေးမွေးဖို့ ဗိုက်နာရတာလောက် မပင်ပန်းပါဘူး"

"ဟဲ့ ... ထွန်း"

နေချို့မျက်နှာလေး ရဲသွားရသည်။

"ဆောရီး ... ကျွန်တော်က ဆရာဦးအောင်သင်း စာပေဟောပြောပွဲတစ်ခုမှာ ပြောတာကို သွားသတိရလို့ပါ"

"ဦးအောင်သင်း ဆိုတာ စာပေလှုကြမ်းမင်းသားလား"

"သူပေါ့၊ စကားပြောက ဘာကောင်းသလဲ မမေးနဲ့။ ဘယ်ဟောပြောပွဲလဲ မသိဘူး၊ နယ်တော့ နယ်မှာပဲ၊ အဲဒီမှာဟောတာ ကက်ဆက်ခွေနဲ့ သွင်းထားတာ၊ ကျွန်တော့်



သူငယ်ချင်း အံ့အောင်အေး ယူလာလို့ နားထောင်ရတာ အရမ်းကောင်းတာပဲ"

ကားလမ်းတစ်လျှောက် ဒေါ်စီစီချို့က မျက်စိမှိတ်ပုတီးစိပ်လျက် လိုက်လာ၏။ နေချို့ အရမ်းစိတ်ပူသောကရောက်နေမှန်း သိသည်မို့ ထွန်းထွန်းက စကားမပြတ် ပြောပေးကာ အာရုံလွှဲနေသည်။ နေချို့ ကိုယ်တိုင်လည်း စကားပြောနေချင်သည်။

"မိန်းမတွေကို ကိုယ်ဝန်ဆောင်တာ တစ်ခုတည်းနဲ့တင် လေးစားသွားပြီတဲ့၊ ကျွန်တော်တို့ ယောက်ျားတွေကိုလာခဲ့တဲ့၊ တစ်နေ့ တစ်ကျပ်သား တစ်ကျပ်သား တိုးတိုးချိတ်ပေးသွားမယ်၊ ကိုးလတဲ့ နေနိုင်ပါ့မလားတဲ့"

နေချို့ ရယ်ပါလေတော့သည်။ ထွန်းထွန်းကလည်း ကားမောင်းရင်း ကိုယ်ကိုလှုပ်၍ ရယ်၏။ သောကလေးတွေ နွမ်းနယ်မှုလေးတွေ ပေါ့တိမ်ကုန်ကြ၏။

"ကျွန်တော်လည်း နာရီနှစ်ဆယ်လောက် ကားမောင်းရမှာများ တစ်နေ့ တစ်ကျပ်သားတိုးပြီး ကိုးလချိတ်ရမှာလောက် မပင်ပန်းပါဘူး မမရယ်"

ပြောပြီးထပ်ရယ်ကြပြန်၏။ သည်လို အရယ်အမောလေးတွေ ဖြစ်ထွန်းခွင့်မရလျှင် နေချို့ရင်ထဲ မွန်းကျပ်တာနှင့် အသက်ရှူခွင့်မရအောင်ဖြစ်နိုင်၏။ ညတုန်းက ထွန်းထွန်း ရန်ကုန်သို့ ချက်ချင်းပြန်ခေါ်သည်။ ယောက်ဖကြီး ကိုစံချိန်ကို အပူကပ်ရသည်။ စံချိန်ကလည်း သူ့သူငယ်ချင်း ကျေးဇူးရှင်လိုမို့ ညတွင်းချင်း လိုက်သွားသည်။ အခြေအနေကို သိရသည်။ လိုအပ်သည့် အကူအညီတွေ ပေးခဲ့ရသေးသည်။ ပြီးတော့ ညတွင်းချင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ကလောကို ဖုန်းပြန်ဆက်သည်။ အဲသည်အချိန်ထိ နေချို မအိပ်သေးဘဲ ဝုတ်တုတ်ထိုင်စောင့်နေခဲ့၏။ ထွန်းထွန်းလည်း မအိပ်ရတော့ဘဲ ခရီးသွားဖို့ ပြင်ဆင်ရတာ၊ ဝေလီဝေလင်းမှာ ကားမောင်းထွက်ခဲ့ကြခြင်း ဖြစ်လေ၏။

"ထွန်း အိပ်ငိုက်လား"

"မငိုက်ပါဘူး မမ"

"ငိုက်ရင် ပြောနော်၊ နေချို တစ်လဲမောင်းခွင့် မရရင်တောင် တစ်မြုံမြုံ ဝင်နားတာပေါ့"

"ရပါတယ်၊ မရရင် ပြောမယ်"

"ထွန်းကို အရမ်းကျေးဇူးတင်တာပဲ"

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ပေါ့"

"ဆပ်ချင်ပါတယ်၊ ဆပ်နိုင်တဲ့အတိုင်းအတာထဲသာ ဘောင်ဝင်ပါစေ ဆုတောင်းပါတယ်"

"အဲဒီဘောင် ဘယ်မှာလဲများသိရင် ခုပြေးပြီး ခုန်ဝင်လိုက်ချင်ပါရဲ့"

"ဦးက ဆေးရုံမှာပဲပေါ့နော်"

"ဒါပေါ့၊ ကိုစံချိန်ပဲ ဝိုင်းတင်ပေးခဲ့တာ၊ ခုလောက်ဆိုရင် ဦးမင်းခန့်ထယ်ဘေးမှာ သူ့အမေနဲ့ ဆွေမျိုးသားချင်းတွေရော၊ ဆရာဝန် ဆရာမတွေရော ဝိုင်းဝိုင်းလည်နေမှာပါ"

"သိပ်မများဘူးလို့ ပြောတယ်နော်"

"ပခုံးကို စိုက်သွားတာတဲ့၊ ကြည့်ရတာ နောက်ကျောကို ပစ်သွင်းဟန်တူတယ်၊ ဦးမင်းခန့်ထယ်က ကိုယ်ကိုနည်းနည်းပါးပါး ဟိုသည်တိမ်းလိုက်ခိုက်နဲ့ကြုံပြီး ပခုံးပေါ်ရောက်



သွားတာ ဖြစ်နိုင်တယ်၊ မသေနိုင်ဘူးပေါ့၊ နောက်ကျောထဲ တည့်တည့်ဝင်သွားရင် မလွယ်ဘူး"

တယ်လီဖုန်းပြောနေသည့် ဦးမင်းခန့်ထယ်ဆီသို့ ပြတင်းပေါက်မှတစ်ဆင့် ဓားတစ်ချောင်း အရှိန်နှင့် ဝင်လာခြင်းပါပဲ။

"ဦးကို ဘယ်သူကများ ဒီလောက်မုန်းတယ် မသိဘူး"

"ရန်သူဆိုတာ ရှိနိုင်တာပဲ မမရဲ့၊ စီးပွားပြိုင်တွေက မျက်မုန်းကျိုးတာရော မဖြစ်နိုင်ဘူးလား"

"ဦးက သူများထမင်းလုတ်ကို ပုတ်ချမယ့်လူမျိုးမှ မဟုတ်တာ"

"ကျော်"

နှုတ်ခမ်းလေး စုချွန်သွားပေမယ့် အသံထွက်မလာခဲ့ပါ။ ကျော်များလား။ ကျော်က ဦးကိုမုန်းနေနိုင်သလား။ ကျော်ဆိုသည့် ကျော်က တစ်သက်လုံးက လူရှုပ်စစ်စစ်။ ရည်းစားတွေများ၊ ရည်းစားရဲ့အစ်ကိုတွေ မောင်တွေနှင့်ရန်ဖြစ်၊ ဟိုတုန်းကများဆို ထစ်ခနဲဆို ကျော်၊ ချိန်းပွဲလောက်များတော့ ကျော်တို့က ခြင်ကိုက်တာ ကုတ်သလောက် သဘောထားသည်။ ကျော့်ကို မကြာခဏ အညိုအမည်းစွဲ ပေါက်ပေါက်ပြဲပြဲနှင့် တွေ့ဖူးသည်။ သူ နိပ်ကွပ်ခဲ့သည်မို့ ဟိုတစ်ဖက်သားမှာလည်း စုတ်စုတ်ပြတ်ပြတ် ကျိုးကျိုးပဲ့ပဲ့တဲ့လေ။

သို့ပေမဲ့ ရုံးရောက်၊ စခန်းရောက် ဆိုတာမျိုး တစ်ခါမှ မရှိခဲ့ဖူးပေ။ ကျော်တို့က အဲသည်လိုတော့လည်း ပွဲပြီး မီးသေလုပ်တတ်သည်။ သူ ခံလာလည်း အေးဆေး။ တစ်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရလျှင်လည်း အဲသည်ပုဂ္ဂိုလ်လေးက သူ့ကိုဆော်ပလော် တီးသွားသူမှာ "ကျော်တိုင်းကျော်"ပါဟု သူ့မိဘကိုတောင် ပြန် သိစေမှာမဟုတ်ပါ။

ချော်လဲလို့၊ ဆောင့်မိလို့နှင့် ပြီးကြမည့်သူတွေ။ ကျော် လိမ္မာလာတာ နိုင်ငံခြားသို့ ထွက်သွားခါနီးမှ ...

"နေချို ... နင့်ကို ငါ အရမ်းချစ်နေပြီကွ"

ပခုံးတစ်ဖက်ကို ဆွဲဆောင့်ပြီး ရုပ်တည်ကြီးနှင့် ပြောခဲ့တာက စသည်ဟု ဆိုရပါမည်။

"ငါ တကယ်ပြောတာ၊ နင် ဘယ်ရည်းစားမှ မထားနဲ့ တော့"

"အို ... ငါ့သဘော"

"မသဘောနဲ့၊ နင် ရည်းစားထားရင် နင့်ရည်းစားဟာ ငါ့ လက်နဲ့ အသက်တိုပြီသာမှတ်"

"နင်လည်း ထောင်ကျမှာ"

"ထောင်ကျမှာ သေချာရင် မကျခင် နင့်ပါသတ်သွားမယ်၊ နင့်ကို ငါမယူရရင် ဘယ်ကောင်မှလဲ မယူရဘူးကွ"

ရည်းစားစကားကို ဒေါသနှင့်ပြောတာ ကျော်တစ် ယောက်ပဲ ရှိမည်ထင်သည်။

"နင့်ရည်းစားတွေ နင်သွားယူ"

"အဲဒါ အပျော်တွေ"

"ကျော် ... စကားကို နှမချင်းစာနာပြီး ပြောစမ်း"

"စာနာရအောင် ဘယ်မှာလဲ ငါ့နှမ၊ တစ်ဦးတည်းသော သားကွ"



"ငါနားမထောင်နိုင်ဘူး၊ တစ်ဖက်သားမိန်းကလေး မိကောင်း ဖခင် သားသမီးလေးတွေကို ပန်းကောင်းအညွှန့်ကျိုး"

"ဒီနေ့ကစလို့ အားလုံးကို တဖြည်းဖြည်းဖြတ်မယ်၊ ငါ အတည်ယူမှာ၊ ဟုတ်တယ်၊ နင်ဟာ ငါ့ရဲ့အတည်လေး"

"သွား ... ငါ့နားမကပ်နဲ့"

"ကပ်မယ် ဘာဖြစ်လဲ၊ သိပ်ချစ်တာပဲ အတည်လေးရာ၊ နင်ဟာလေ ဒေါသထွက်နေလည်း လှတယ်၊ ပြုံးနေလည်း လှတယ်၊ ဘာဆေးတွေ မှီဝဲသတုံး၊ ငါ့လည်းနည်းနည်း ကျွေး"

"သေပါလား"

စပ်ဖြဲဖြဲကြီး လာပြောနေပြန်သည်မို့ မျက်စောင်း ထိုးပစ်လိုက်သည်။ စိတ်မဆိုးဘဲ ရယ်ချင်၏။

"ကျော် ... စချင်ရင် တခြားနည်းနဲ့ စပါနောက်ပါကွာ၊ ဒီနည်းက ငါ့ကြွေမွဲ့စေတယ်"

"တကယ်ပြောနေတာကွ၊ ခိုးပြေးလိုက်ရမလား"

"ဟင် ..."

လန့်ဖျပ်တောင်သွားရသည်။ တစ်ဖက်သားကို ရန်စဖို့ဆိုလျှင် ဘယ်နည်းဖြစ်ဖြစ် သုံးတတ်သည့် ကျော်၊ ရယ် စရာပြောပြီး စကားအသားယူနေတာပဲ ထင်ခဲ့သည်။ ဒါကြောင့် လည်း စိတ်မဆိုးဘဲ ရယ်ချင်နေတာဖြစ်သည်။ ရယ်ချင်သည့်ဆို တာတောင် သူ့အကျီစားကို မနှစ်မသက်ဖြစ်ရသေးသည်။ ဒါမျိုး နှင့် ကျီစားတာ၊ ပြောင်တာ၊ နောက်တာ မိန်းကလေးမှာ တစ်ဖိုး မဲ့ရသည်။ ခုတော့ သူက တကယ်ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ"

နည်းနည်းဖြုံလာသည်မို့ နေချို နောက်တစ်လှမ်း ဆုတ်မိသည်။ ကျော့်ကိုဆိုလျှင် နေချိုက ဆွဲဆိတ်ကုတ်ဖဲ့ရဲခဲ့၏။ သူကလည်း သည်းညည်းမခံပါ။ နားရွက်လိမ်ဆွဲသွား၊ ခေါင်းထုသွားနှင့် နာကျင်မှုနောက်ကာ ထူပူကျန်ခဲ့ရသည်မို့ တစ်ခါတလေ ဖက်ကိုက်ချင်စိတ်တောင် ဖြစ်ခဲ့ဖူးသည်။ ခုတော့ သူ့မျက်နှာကြီးက တည်တည်တံ့တံ့နှင့် လူကြီးလူမိုက်ပုံစံဝင်ကာ ရုပ်ရှင်ထဲက လူကြမ်းကြီးလိုလို။

"ငါ အရမ်းချစ်သွားပြီ အတည်လေးရာ၊ ငါ့ကို ပြန်ချစ်နော်၊ နင် မချစ်လည်း ချစ်ရမယ်၊ ချစ်လည်းချစ်ရမယ်၊ ငါ့မေမေ့ကို ပြောမယ်"

"မပြောနဲ့၊ ငါ မကြိုက်ဘူး"

"မကြိုက်လို့ရမလား"

"ရတယ်၊ ငါ့သဘော"

"နင့်သဘောမဟုတ်ဘူး၊ ငါ့သဘော"

"အဲဒါကြောင့် ပိုတောင် မကြိုက်သေးတယ်"

"အေး ... အေး နင့်သဘော၊ ကျန်တာတွေအားလုံး နင့်သဘော၊ ငါ့ကိုချစ်ဖို့တစ်ခုပဲ ငါ့သဘော၊ နင်မကြိုက်တာတွေ ငါ အားလုံးပြင်မယ်၊ ဒီနေ့ကစပြီး ဆေးလိပ်ပြတ်ပြီ"

ဆယ်တန်းတောင်မအောင်သေး ကျော်က ဆေးလိပ်ခိုးသောက်တတ်နေပါပြီ။ ခိုးသောက်သည်ဆိုတာ ကျောင်းက ဆရာဆရာမတွေ မမြင်ဖို့ပဲဖြစ်သည်။ သူ့အိမ်မှာကျတော့ ခိုးသောက်စရာမလိုပါ။



"ဖေဖေ ... ကျွန်တော် ဆေးလိပ်သောက်ချင်တယ်"

"ဟော ... သောက်တတ်လို့လား"

"မသောက်တတ်လို့မသောက်ဘဲနေရင် ဘယ်တော့သောက်တတ်တော့မှာလဲ၊ ဒီလိုပဲ စသောက်ကြည့်ရမှာပေါ့ ဖေဖေရ"

"ရော့ ..."

ဦးတိုင်းကျော်က သူ့လက်ထဲမှ သောက်လက်စ ငါးသုံးလုံး စီးကရက်ကို ကမ်းပေးသည်။ အင်္ကျီအိတ်ထဲမှ ဖောက်လက်စစီးကရက်ဘူးကို ပေးသည်။

"မီးခြစ်ပါယူကွာ၊ ရှန်ဆွန်"

အဲသည်လောက် အလိုလိုက်ခြင်းခံရသည့် ကျော်ပါ။ ဦးတိုင်းကျော်နှင့် ဒေါ်ခင်ခင်သစ်တို့က စီးပွားရှာဖြစ်သည်။ သူတို့ရှာဖွေရသမျှ စီးပွားအားလုံး ကျော့်အတွက်ဖြစ်သည်။ ကျော့်မျက်နှာတစ်ချက်မငြိုငြင်အောင် ထားခြင်းကို မိဘမေတ္တာဟု ထင်၏။ ကျော့်ကို အလိုမလိုက်ခြင်းဖြင့် ကျော်က မချစ်ဘူးဟု ထင်သွားမှာစိုးသည်။ ကျော်သည် မိဘကို အသိပေး၍ ထင်ရာလုပ်နိုင်ခွင့်ရသူဖြစ်လေ၏။

"ရည်းစားတွေ အားလုံးလည်းဖြတ်မယ်၊ နင်မကြိုက်တာ ဘာတစ်ခုမှ မလုပ်တော့ဘူး"

"ဘာပဲဖြစ်ဖြစ် ငါ မကြိုက်ဘူး"

"မကြိုက်ရင် ချစ်"

"လုံးဝ မချစ်ဘူး၊ နင့်ကို သူငယ်ချင်းလိုပဲ ခင်တယ်၊ ခင်ရုံပဲ၊ ဒီထက်မပိုဘူး၊ ခုလည်း မပိုဘူး၊ နောက်လည်း တစ်သက်လုံး ဘယ်တော့မှ မပိုဘူး စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်သေးတာပေါ့"

"စောင့်ကြည့်လေ"

"တစ်ခုတော့ပြောလိုက်မယ်၊ ရည်းစားထားမယ်တော့ စိတ်မကူးနဲ့ သုံးလောင်းပြိုင်ဆိုတာယုံ"

နေချို နှုတ်ခမ်းကိုမဲ့၍ မျက်နှာလွှဲပစ်ခဲ့သည်။ ကျော့ကို အဲသည်တုန်းကတည်းကစ၍ ယနေ့ထိ ဘယ်တုန်းကမျှမချစ်ခဲ့ပါ။ သို့ပေမဲ့ ကျော့အချစ်ကိုတော့ ယုံခဲ့သည်။ ကျော်က ဆေးလိပ်ကို စဖြတ်ပြသည်။

"ထမင်းစားပြီးရင် ဆေးလိပ်သောက်ချင်လွန်းလို့ လူကို လိမ်တွန့်နေရတယ်၊ လွယ်တယ်မထင်နဲ့ မချော"

"နင့်ကို ဘယ်သူက ဖြတ်ခိုင်းလို့လဲ"

"ဖြတ်တော့မခိုင်းဘူးပေါ့၊ ဖြတ်ရင် နင် ကြိုက်မယ်ထင်လို့ လုပ်ရတာ"

ရည်းစားတွေကျတော့ ကိုယ်တော်က မျှဉ်းဖြတ်နေပုံရသည်။ တစ်ယောက်ချင်း တစ်ဦးချင်းစီ အရည်အတွက်လျော့သည်တဲ့။ တီခနဲကြီးဖြတ်ချလိုက်ရမှာကျတော့ သူ့မှာလည်း သူ့အခက်အခဲနဲ့သူတဲ့လေ။

"တချို့က ငါ့ဘော်ဒါတွေရဲ့ညီမတွေကွ၊ ဘောဒါတွေနဲ့ ထိပ်တိုက်တွေ့မယ်၊ ကြောက်လို့တော့မဟုတ်ဘူး၊ ရန်လည်း မဖြစ်ချင်တော့လို့၊ နင့်ဆီကို မျက်နှာအညိုအမည်းစွဲပြီး အခစားမဝင်ချင်လို့၊ ဖြတ်တော့ဖြတ်တယ်၊ သူတို့ဘက်က အပြစ်ရှိလို့၊ သစ္စာဖောက်လို့နဲ့ အပြစ်ရှာနေရတော့ နည်းနည်းကြာတယ်ကွာ၊ အဲဒါ နင် သည်းခံ"



"ဘာမှမဆိုင်ဘူး"

နေချို မဲ့ရွဲ့၍ လက်ခါပြခဲ့သည်သာ။

သို့ပေမဲ့ ကျော်သည် နေချို့ထံသို့ သိုင်းကာဝိုင်းကာ ချဉ်းကပ်နိုင်သူဖြစ်သည်။ သားက မချစ်ဘူး အထင်ခံရမှာစိုး၍ ဆုံးမပဲ့ပြင်ဖို့ ဝန်လေးခဲ့သော ချစ်ခြင်းနှင့် အလိုလိုက်ခြင်းကို ခွဲခြားနားမလည်ခဲ့သော ဦးတိုင်းကျော်နှင့် ဒေါ်ခင်ခင်သစ်တို့သည် ကျော် သူ့ဘာသာ လိမ္မာလာတော့လည်း ထခုန်မတတ် ပျော်ကြသည်။ ဝမ်းသာလိုက်ကြ[illegible]ည့်ဖြစ်ခြင်း။

"သမီးလေးရယ် ... နေချိုလေးရယ်"

နေချိုက လူငယ်မို့သာပဲ။ သက်တူရွယ်တူသာဆိုလျှင် ကန်တော့ပွဲနှင့် လာကန်တော့ချင်လောက်အောင် ကျေးဇူးတင်ကြသည်။ သည်လိုချွေးမလောင်းမျိုးကို ဒေါ်ခင်ခင်သစ် ဘယ်အလွှတ်ခံချင်ပါ့မလဲ။ မိဘပိုင်းမှ လှည့်ဝင်ကာ နေချို့ကို မိသားစု မလှုပ်နိုင်အောင် ကျေးဇူးမျိုးစုံပြုလျက် ကျေးဇူးနှင့် ဖိချသည်။

နေချို့ဖေဖေ နေမကောင်းဖြစ်လိုက်ခြင်းက ကျော့်အပေါ် တင်းမာထားသမျှ ညွတ်နူးကျသွားရဖို့ ဖြစ်တော့သည်။ ဖေဖေ့ကို ဆေးရုံမတင်ခင်ကတည်းက အိမ်မှာ ကရိကထ တော်တော်များနေပြီ။ ဖေဖေက အိပ်ရာထဲမှာ ဆီးဝမ်းမလွတ်ပါ။ သမီးဖြစ်သူ ပြုစုဖို့ ဖေဖေက ရှက်ရှာ၏။ အိမ်ဖော်မိန်းကလေးတွေကျတော့ ပိုလို့တောင် မသင့်တော်သေးပါ။ ဒေါ်စီစီချိုတစ်ယောက်ပဲ ဖင်ပေါ် ခေါင်းပေါ် ချေးကလူ သေးကလူ ကိစ္စတွေ တာဝန်ယူရသည်။ လခစားဝန်ထမ်းမို့ နေ့ည သူနာပြုဆရာ[illegible] စရိတ်ကိုလည်း ရက်ကြာရှည်မနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရောဂါမသက်သာသည့် ဖေဖေ့ကို ဆေးရုံတင်ဖို့
ဆုံးဖြတ်ကြသည်။

"အနာတခြား ဆေးတခြား ဖြစ်မှာစိုးရတယ်၊ ကုတော့
ကုတာပဲ၊ ဖိဖိစီးစီးမဖြစ်ရင်လည်း မကောင်းဘူး"

ဦးတိုင်းကျော်၊ ဒေါ်ခင်ခင်သစ်၊ နေချို့ဖေဖေ
ဦးအုံးမြိုင်၊ ဒေါ်စီစီချိုတို့အားလုံးက သူငယ်ချင်းတွေဖြစ်ကြသည်၊
ဦးအုံးမြိုင်၏ကျန်းမာရေးကို သူတို့နှင့် မဆိုင်ဟု သတင်းမေး
ခေါက်စာလက်ဆောင်ပေးရုံနှင့် ကျေနပ်မနေနိုင်ကြတော့ပါ။

သည်မိသားစုကိစ္စသည် သူတို့မိသားစုကိစ္စပဲ ဖြစ်
လေ၏။

ရှေးဦးစွာ သမားတော်ကြီးတစ်ဦးနှင့် ပြောင်းပြသည်။

"အဆုတ်မှာ တီဘီဖြစ်တာက စခဲ့တာပဲ၊ ကိုယ့်ဘာသာ
ဖြစ်လို့ဖြစ်မှန်းမသိဘဲ ပေါ့ပေါ့နေခဲ့တာကြောင့် ရောဂါပို
ဆိုးလာခဲ့တယ်၊ ချောင်းဆိုးရင်နဲ့လည်း ရောဂါပိုးပါတဲ့
သလိပ်တို့ ဘာတို့ ထွေးမပစ်ဘဲ ပြန်မျိုချမိတာမျိုး
တော့ ...

"အူကြောင်းတစ်လျှောက်မှာ တီဘီရောက်သွားပြီ
အခြေအနေက သိပ်တော့မလွယ်ဘူး"

ပြန်လည် ကျန်းမာလာစေရပါမည်ဟု သမားတော်
ကြီး အားပေးကုသရဲသည့် အခြေအနေမှာ မရှိတော့ပါ။

"ဆေးရုံတင်ပါ၊ ဆေးရုံမှာဆိုတော့ ဘာပဲဖြစ်ဖြစ် အိမ်မှာ
ထက်တော့ သာမယ်"



ဆေးရုံတင်ရသည်။ နေ့ည အမျိုးသား သူနာပြုဆရာ
က တစ်ယောက်။ အကူသူနာပြုတစ်ယောက်စီ။ နေ့နှစ်ယောက်
ညနှစ်ယောက် ထားပေးရသောစရိတ်ခများ၊ ဆေးဖိုးဝါးခများ၊
ဆေးရုံသက်တမ်းတစ်လျှောက် ကုန်ကျစရိတ်မှန်သမျှ ဒေါ်ခင်ခင်
သစ် ဝေါခနဲ ဝေါခနဲ သုံးသည်။

"ငါ့သူငယ်ချင်းကြီးအတွက် ပေးပါကွာ"

ဦးတိုင်းကျော်ကလည်း ပြောသည်။ ကုန်စရာရှိလို့
ဝင်ကုန်ခံသွားတာမျိုးရော၊ ဒေါ်ခင်ခင်သစ်က စက္ကူအိတ်နှင့်ထည့်၍
ဒေါ်စီစီချိုပေါင်ပေါ် ဘုတ်ခနဲ ပစ်ချသွားသည့် ငွေစက္ကူအထပ်
လိုက်ရော၊ မနည်းမနော ရှိလှ၏။

"လုံး၀ ပြန်ပေးဖို့မလိုဘူးနော်"တဲ့။

ဒေါ်စီစီချိုကသာ မနေနိုင်စွာ စာရင်းမှတ်ရသည်။

ဘယ်လိုမှ ပြန်လည်ရှင်သန်· နာလန်ထတော့မှာ
မဟုတ်သည့် 'သေလူ'တစ်ယောက်ကို သူ့သက်တမ်းဆွဲဆန့်နိုင်
ရေးအတွက် တစ်လပဲပိုပို၊ တစ်ရက်ပဲပိုပို၊ ငွေလမ်းခင်း၍ ကြိုးပမ်း
ကြရင်းပဲ အခြေအနေက ပို၍ ပို၍ ဆိုးလာခဲ့သည်။ ဝမ်းတွေ
ဒလဟောသွားလာသည်။ သွေးတွေ ဗွက်ခနဲ ဗွက်ခနဲ အန်၏။
လူက သေးသေးပိန်ပိန်လေး ကျန်တော့သည်ဆိုပေမယ့် ကိုယ်ပိုင်
ခွန်အားနှင့်ဆိုလျှင် လက်ညှိုးတစ်ချောင်းတောင် မမြှောက်နိုင်တော့
သည့် ယောက်ျားလူနာတစ်ဦးကို သန့်ရှင်းစေဖို့၊ ဆေးတိုက်ဖို့၊
ဟိုဘက်သည်ဘက်ရွှေ့လျားနိုင်အောင် ပြုစုသူနှစ်ဦးနှင့်တောင်
မလောက်ချင်ပါ။ ကျော်သည် လူနာရှင်သားတစ်ယောက် အနေ
အထားမှာ ရှိခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရျာပနမှာလည်း သူပဲ သားအကြီးတစ်ယောက်လားထင်ရသည်။ ဖေဖေမရှိသည်နှင့် မျက်စိသူငယ်ဖြစ်နေသည့် သားအမိကို ကူညီခဲ့သူတွေကလည်း ကျော်တို့မိသားစုပါပဲ။

"ငါ အလုပ်လုပ်ချင်တယ်"

"အမယ်လေး ... ကြီးကြီးကျယ်ကျယ်၊ နင်က ဘာလုပ်တတ်လို့လဲ"

"ဘာမှမလုပ်တတ်တာ သေချာတယ်၊ လုပ်တတ်လည်း ငါ့ရှာဖွေစာလေးဟာ ငါတို့အိမ်က ပူစီတစ်ကောင်ပဲဝမယ်"

"ရုပ်ရှင်မင်းသမီး လုပ်ပါလား"

"လုပ်မယ်"

"ဟာ ... ငါက နောက်တာ"

"ငါက တကယ်ပြောတာ၊ ငါဝါသနာပါတယ်"

"ငါ သဘောမတူဘူး"

"ငါ့ကိုခင်ရင် နင့်ဘကြီးကိုပြောပေး၊ မေမေ့ကိုလည်းပြောနိုင်းရမယ်"

"သဘောမတူပါဘူးဆို၊ နင့်ကို ငနာတွေကဖက်မှာ ငါက ဝေသန္တရာမို့ ကြည့်နေနိုင်မှာလား"

"ငါက တကယ်လုပ်ချင်တာ၊ အဲဒါ ဝါသနာပါတယ်၊ ပံ့ပိုးမယ့်သူရှိရင် ဖြစ်ထွန်းမယ်လို့လည်း ထင်တယ်၊ ကူညီပါဟယ်၊ နင် ငါ့ကိုခင်တယ်ဆို"

"ချစ်တာ"

"ချစ်ရင်ကူညီ"

"ငါ့ကို လက်ထပ်မလား"



နေချို့အသံ ပျောက်သွားတော့သည်။

နောက်ဆုံးတော့လည်း နေချို့ဘဝက ကျေးဇူးနှင့် အသိမ်းခံရပါသည်ဆိုသော စကားကို ပြောလျှင်တောင် ရိုင်းရာ ကျေးဇူးကန်းရာ ရောက်နိုင်၏။ ကျေးဇူးကျွေးကို မေတ္တာနှင့် ပြန်ဆပ်ရခြင်းပဲဖြစ်သည်။ ကျော်သည် နေချို မုန်းတီးနေသောသူက လည်း မဟုတ်ပြန်။ မချစ်နိုင်ရုံသာဖြစ်လျက် တော်တော်ခင်သည့် သူငယ်ချင်းလည်း ဖြစ်နေသည်။

စေ့စပ်ကြောင်းလမ်းသည့်နေ့က ကျော် ပျော်ပုံကို စာဖွဲ့မပြနိုင်တော့ပါ။ ကျော့်အချစ်ကို ယုံပါ၏။

"တစ်ခုတော့ရှိတယ် ကျော်၊ ကျော့်ဟာ မိန်းကလေးတစ်ယောက်ယောက်ကို လက်မထပ်နိုင်ဘဲ ကိုယ်ထိလက်ရောက် ရင်းနှီးဖူးတယ်ဆိုရင်တော့ ကျော် အခုတစ်ခါတည်း ဝန်ခံလိုက်ပါ၊ ဝန်မခံဘဲ နောက်မှ သိလာရရင် သိတဲ့နေ့မှာ ကျော်နဲ့ တို့ လမ်းခွဲကြဖို့ပဲ"

'နင်''ငါ'ဆိုတာကို ဖျောက်ရပြီ။ 'ကျော်'ဆိုတာကို သူ့နာမ်စားနေရာတိုင်းမှာ ထည့်သုံးပေးရပါပြီ။ ကိုယ့်ကိုယ်ကိုယ်ကျတော့ 'နေချို' 'တို့' စသည်ဖြင့် အလျဉ်းသင့်သလို သုံးရသည်။

"စိတ်ချ၊ ဝန်ခံစရာပြဿနာ လုံးဝမရှိခဲ့ဘူး၊ ခုမှမရှိတာ၊ နောက်လည်းမရှိနိုင်တော့ဘူး၊ တို့က စေ့စပ်ကြောင်းလမ်းပြီးသားပုဂ္ဂိုလ်၊ ဟဲ ... ဟဲ"

ကျော် လက်မထောင်၍ ရင်ဘတ်မှာ ထောက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဇနီးလောင်းအပေါ် သစ္စာဖောက်တဲ့အလုပ် ဘယ်လုပ်ပါ့မလဲကွာ၊ မနည်းအောက်ကျို့ ဒူးထောက်ပြီးတောင်းထားရတဲ့ အချစ်ပိစိညှက်လေး"

ကျော်က သူ့ကို နေချို ချစ်ပြီဟု ထင်သွားရှာ၏။ နေချို့ဆီမှ အချစ်ပိစိညှက်လေး သူ ရပြီတဲ့လေ။ စင်စစ် နေချို ကျော့်ကို လက်ထပ်နိုင်သည့်သူ၊ ငယ်သူငယ်ချင်း ခင်မင်သူဆိုတာတွေနှင့် စေ့စပ်ကြောင်းလမ်းခဲ့ခြင်းသာဖြစ်သည်။ နေချို့မှာက တခြားချစ်ရမယ့်သူလည်း ရှိမနေဘူးလေ။

"နေချို ... နင့်ကို ငါ အရမ်းချစ်တာနော်၊ နင် ရုပ်ရှင်မင်းသမီးလုပ်မယ်ဆိုတာကိုလည်း ငါ ချစ်လွန်းလို့ ခွင့်ပြုတာ၊ မင်းသားတွေနဲ့ကျတော့ နင့်ကို သဝန်မတိုပါဘူး၊ ဒါဟာ အလုပ်သဘောပဲ၊ သိပ်မကြိုက်ပေမယ့် နားလည်ပေးလို့ရတယ် ...

"နင် တစ်ယောက်ယောက်ကို ချစ်ပြီဆိုရင်တော့ ငါ လုံးဝ ခွင့်မလွှတ်ဘူး၊ ပြီးတော့ နင် ကားရိုက်နေတဲ့ ရိုက်ကွင်းမှာ နင့်ဘေးမှာ ယောကျ်ားဘယ်နှယောက်ရှိရှိ ရတယ်၊ ဒါဟာ နင် အလုပ်လုပ်နေတာ ...

"ရှုတင်ပြင်ပမှာ နင် ကောင်တစ်ကောင်နဲ့တွဲပြီဆိုရင် အဲဒီကောင် အရင်သတ်မယ်၊ ပြီးတော့ နင့်ကိုသတ်မယ်၊ ပြီးတော့ ငါ ရဲစခန်းမှာ အဖမ်းခံမယ် ...

"နောက်တစ်ခု ..."

လက်ညှိုးတစ်ချောင်းထောင်၍ ရုပ်တည်ကြီးနှင့်ပြောနေ၏။



"နင်ဟာ ငါ့ရဲ့ဇနီးလောင်း၊ နင့်ပြဿနာဟာ ငါ့ပြဿနာ၊ နင့်ဒုက္ခဟာ ငါ့ဒုက္ခ၊ နင့်မှာ အကူအညီလိုရင် ငါကလွဲပြီး ဘယ်ယောကျ်ားမှ ကူညီခွင့်မရှိ၊ နင်ကလည်း မတောင်းရ၊ နင့်ဘာသာ ကားမောင်းသွားရင်း လမ်းမှာ ကားဘီးပေါက်တယ်ဆိုပါတော့ ...

"နင်က မိန်းမသားဆိုတော့ ဘီးမလဲနိုင်ဘူးထား၊ လမ်းသွားလမ်းလာ ယောကျ်ားတစ်ယောက်တွေ့ရင် ကူညီပါဦး၊ ကားဘီးလဲပေးပါလို့ မပြောရ ...

"ကားကို ဒီတိုင်းပစ်ထားခဲ့၊ တစ်စီးလုံးပျောက်သွားရင် ငါ အသစ်ဝယ်ပေးမယ်"

"ကိုဖင်ခေါင်းရယ်"ဟု နေချို အော်ရယ်ပေးခဲ့သည်။

"နင်က တက္ကစီငှားပြီး အိမ်ပြန်ရမယ်၊ အဲဒီလောက်အသေးအဖွဲတောင် နင် သူစိမ်းယောကျ်ားရဲ့အကူအညီကို မယူရဘူး၊ မြဲမြဲမှတ်ကွာ၊ ငါက နင့်ကို ချစ်လွန်းလို့ လိမ္မာနေတာ၊ မိုက်ဖို့ဝန်လေးတဲ့ကောင် မဟုတ်ဘူး"

အဲသည်တုန်းက ပခုံးလေးတွန့်ကာ ကြောက်နေရပါလားဟု ပြောခဲ့ဖူးသေးသည်။ ဦးက နေချို့ကို အလုံးအရင်းနှင့် ကူညီနေပြီလေ။ ထစ်ခနဲဆို ဦးဆီပဲ ဖုန်းဆက်ပြီးပြောရတာ။ အဲဒါကြောင့်များ ကျော် ...

ဦးရိုက်မည့်ကားအတွက် နေချိုက ကလောထွက်လာလို့ မပါပေမယ့် ဦးက နာမည်ကြီးဟိုတယ်တစ်ခုမှာ စာနယ်ဇင်းဆရာတွေကိုဖိတ်ပြီး အကျွေးအမွေးနှင့် ရှင်းပြခဲ့ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ပုံတွေလည်း ရိုက်သွားတယ် နေချိုလေးရဲ့၊ ဦးမင်းခန့်ထယ် ရုပ်ရှင်ဗီဒီယိုဘက် စီးပွားရေးခြေတစ်ဖက်လှမ်းပြီ ဆိုတာမျိုးနဲ့ ရှေ့လမဂ္ဂဇင်းတော်တော်များများမှာ သတင်းပါမယ် ...

"မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ဓာတ်ပို့ဓာတ်ရံ တစ်ယောက်မှ မပါတဲ့ ညှော်ခံပွဲ ဖြစ်နေလို့တောင် မေးကြသေးတယ်၊ ဦးက ဗီဒီယိုထုတ်လုပ်ရေး စိတ်ဝင်စားလို့ စဝင်တာ၊ သရုပ်ဆောင်နဲ့ ဒါရိုက်တာ၊ သေချာမရွေးရသေးဘူး၊ မင်းသမီးက နေချိုနုနု ဖြစ်ဖို့များတယ် ...

"သူ့ကို အကူအညီတောင်းပြီး လေဆိပ်မှာ ဓာတ်ဝင်ခန်းတစ်ခု မျက်နှာစိမ်းတွေနဲ့ ရိုက်ကြည့်ပြီးပြီဆိုတော့ မင်းသမီးကတော့ သူပဲဖြစ်ဖို့များတယ်လို့ ပြောလိုက်ရတယ် ...

"ခု အကျွေးအမွေးက ကျွန်တော် လိုင်းတစ်လိုင်းတိုးတဲ့အကြောင်း၊ ဘာညာဝွိုဝွမ်ပေါ့ကွာ၊ ဦးမင်းခန့်ထယ် ဆိုတာ အနုပညာရှင်လည်း မဟုတ်၊ တာဝန်ရှိ ရာထူးကြီးပုဂ္ဂိုလ်လည်း မဟုတ်ဘဲ တိုင်းပြည်က သိရှိနေကြရတဲ့လူပါတဲ့ ...

"ဒီလိုအောင်မြင်ကျော်ကြားပြီး လူသိခံရတဲ့ ရိုးရိုးပုဂ္ဂိုလ်ဆိုတာ မြန်မာပြည်မှာ ဆယ်ယောက်ထက် မပိုပါဘူးတဲ့၊ အဲဒီထဲမှာ ဦးမင်းခန့်ထယ် ပါပါတယ်တဲ့ ...

"ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးလိုက်တယ် နေချိုလေးရ၊ ဆောင်းပါးဆရာနှစ်ယောက်က လေဆိပ်မှာ



နေချိုနုနု ငိုပြီးထွက်ပြေးသွားတဲ့ဓာတ်ပုံ သူ ရလိုက်တယ်တဲ့၊ သူတောင် မဂ္ဂဇင်းထဲ ထည့်တော့မလို့တဲ့ ...

"လက်မတင်လေး နေချိုရဲ့၊ နောက်တစ်ယောက်ကျတော့ ဦးမင်းခန့်ထယ် အဲဒီနေ့က လေဆိပ်လာတာ ကျွန်တော် တွေ့တယ်၊ ကျွန်တော်က နေချိုနုနု ထွက်ပြေးတော့ နောက်က လိုက်တာတဲ့ ...

"ဦးမင်းခန့်ထယ် ကားပေါ် တက်သွားတာတောင် ဓာတ်ပုံလှမ်းရိုက်သေးတယ်တဲ့၊ ကားတံခါးချပ်ကို ပိတ်သွားတော့ မှန်အမည်းတွေပဲပေါ်ပြီး လူပုံမရလိုက်ဘူးတဲ့ ...

"ကင်မရာလည်းမတွေ့၊ ဒရိုင်ဘာလည်း မတွေ့ပါလားမေးတဲ့သူ ရှိသေးတယ်၊ ဦးက ဒါရိုက်တာ မပါဘူး၊ ဦး ဒါရိုက်တာလုပ်ကြည့်တာလို့ ရှက်ကိုးရှက်ကန်း ပြောရသေးတယ်၊ ဖြစ်လားတဲ့၊ ဆက်လုပ်မှာလားတဲ့ ...

"မဖြစ်ဘူးလို့၊ နေချိုနုနု သူ့ဘာသာသူ လုပ်သွားလို့ဖြစ်တာ၊ ကျွန်တော် ဘာမှမညွှန်ကြားလိုက်ရဘူး၊ ဒါရိုက်တာအလုပ် မလွယ်ပါဘူး ...

"စမ်းကြည့်တာ မရဘူး၊ မလုပ်နိုင်ဘူး၊ ဒါရိုက်တာရှာရမယ်၊ ကျွန်တော် မလုပ်နိုင်တာ သေချာသွားပြီလို့ ပြောလိုက်တယ်"တဲ့။

ဖုန်းထဲမှာ ဦးက စုံလင်စွာ ပြောပြခဲ့သည်။ အဲဒါကို တခြားသူတွေ ယုံချင်ယုံမယ်။ ကာယကံရှင် ကျော်ကတော့ ဘယ်ယုံပါ့မလဲ။ သူများတွေသာ ညာလို့ရချင်ရမည်။ ကာယကံရှင် ကျော့်ကို ဘယ်လိုညာလို့ရမှာလဲ။ နေချို့ကို ဦးမင်းခန့်ထယ်

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ကူညီလိုက်တာ၊ အဖတ်ဆည်ပေးလိုက်တာ၊ လူပြော သူပြောမှ လွတ်အောင်လုပ်ပေးလိုက်ရတာက နည်းနည်းနောနော ငွေကုန်ကြေးကျမှ မဟုတ်ဘဲ။ စာနယ်ဇင်းဆရာတွေကို ကျွေးမွေး သည့် ကုန်ကျစရိတ်မှ စတွက်ကြည့်လေ။

ဦး အဲသည်လောက် ကူညီလိုက်တာ။ ဦးအကူအညီ ကို နေချိုယူလိုက်တာ ကျော်မသိဘဲနေပါ့မလား။

ကျော် သိပြီး ...

ဦးကရော နေချို့ကို ဘာဖြစ်လို့ သည်လောက်ကြီး ငွေကုန်ကြေးကျခံပြီး ကူညီရတာတဲ့လဲ။

တစ်နေ့တည်းမှာ အဖြစ်ဆိုးနဲ့ကြုံကြရတဲ့ သားကောင် ဘဝချင်း တူလို့တဲ့။

တူလည်း မကူညီလို့ ရတာပဲ။ စီးပွားရေးလိုင်းသစ် တစ်ခု ပွားချင်တာဆိုလည်း ဒါမျိုးတွေမလုပ်ဘဲ ဒါရိုက်တာတစ်ဦး ဦးထံမှာ အကူအညီတောင်းလိုက်လို့ ရတာပဲ။

လောလောဆယ်မှာ ထွန်းဆိုတဲ့ ကောင်လေးရဲ့အကူ အညီနဲ့ ရန်ကုန်ကို ပြန်ဆင်းချလာတာကို ကျော် သိသွားခဲ့ရင် ထွန်းရဲ့ကျန်းမာရေးကော စိတ်ချရပါ့မလား။

"ဘာဖြစ်လဲ မမ"

"နည်းနည်းမူးလာလို့ပါ ထွန်းရယ်"

"ညကမှ မအိပ်ရတာ၊ အစားဆိုလည်း ဝအောင်စားတယ် မှ မရှိဘဲ၊ ကားခဏရပ်ပေးရမလား"

"နေပါစေ၊ မျက်စိမှိတ်ပြီး လိုက်ခဲ့ပါ့မယ်၊ ရန်ကုန်ကို မြန်မြန်ရောက်ချင်တယ်"



ထွန်းထွန်း သက်ပြင်းမောကိုချ၏။ လှလွန်းဆွေလေး ကို လှည့်ကြည့်သည်။ ကျစ်ကျစ်ကလေးများ ထုပ်လို့ရလျှင် ကျောပိုးအိတ်မှာထည့်၍ လွယ်ထားချင်ပါ၏။

✧ ❦ ✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ကိုယ့်အိမ်ကို ပြန်လာခဲ့တာပါ။ ကျော့်ဆီလည်း သွားရမည်။ ဦးဆီလည်း သွားရမည်။ ကျော်က နေထိုင်မကောင်းဖြစ်နေသူ။ ဦးက ထိခိုက်ဒဏ်ရာရထားသူ။ နှစ်ဦးလုံးကို မေးဖို့ ရှိသည့်အနက် ဦးထံကို အလျင်သွားဖို့ (ကလောကပြန်ချလာတာကိုက ဦး စားနှင့်အပေါက်ခံရလို့) စိတ်ကူးရှိခဲ့သည်။ သို့ပေမဲ့ လူက တအားနွမ်းနေသည်။ အိမ်မှာပစ္စည်းပစ္စယတွေချ၊ ရေမိုးချိုး၊ ခဏလေးနားလိုက်ရုံနှင့် နောက်တစ်နေ့နံနက် မိုးစင်စင်လင်းတာနှင့် အတော့်ပဲဖြစ်မည်။ ရန်ကုန် ပြန်ရောက်တာက အချိန်မတော်ကြီးမို့ ဘယ်မှသွားလို့ရသည့်အချိန် မဟုတ်ပါ။ ကိုယ့်အိမ်ပဲ ကိုယ်ပြန်ခဲ့သည်။

သို့ပေမဲ့ ...

ခြံထဲသို့ ဝင်လိုက်ကတည်းက အိမ်မှာမီးလင်းနေတာကို အံ့သြသည်။

"မီးတွေလည်း လင်းလို့"



"ဟုတ်လား၊ ပုံစံထူးခြားနေလား၊ ကျွန်တော် အရင်ဝင်မယ်"

"သတိထားပါ ထွန်းရယ်၊ တစ်ခုခုဆို နေချို ရင်ကျိုးရပါဦးမယ်"

"ဒီလိုတော့လည်း စိုးရိမ်တယ်လား"

"ထွန်းက မိသားစုအချစ်တော် အငယ်ဆုံး သားလိမ္မာလေးမို့ပါ"

သော့ခတ်မထားဘဲ ချက်ထိုးရုံ ခြံတံခါးကိုဆင်းဖွင့်၍ ဝင်လာကတည်းက အိမ်ထဲမှ ကြားပုံရသည်။ သို့ပေမဲ့ အိမ်တံခါးကိုတော့ ခေါက်ရ၏။ ခေါက်လည်းခေါက်၊ မျက်စိလျင်လျင်နှင့် အနွံ့ရယ်ကိုလည်းကြည့်၊ တံခါးကိုဖွင့်လာသူက ဒေါ်ခင်ခင်သစ်။

"ဟယ် ... သစ်"

"ဟုတ်တယ် စီ"

သူငယ်ချင်း အတွားကြီးနှစ်ယောက် ဆုံတည်းက "သွားပြီ"ဟု နေချို့ရင်ထဲက လေးကျသွားသည်။ မေမေသည် အန်တီသစ်ကို ဘယ်တုန်းကမျှ ဘယ်နည်းနှင့်မျှ ဆန့်ကျင်ရက်ခဲ့သူ မဟုတ်ပါ။

ဖေဖေ နေမကောင်းစဉ်နှင့် ဈာပနကိစ္စတုန်းက ကုန်ကျခဲ့ရသည့် ငွေတွေကို မေမေက စာရင်းနှင့်တစ်ကွ ပြန်ဆပ်စဉ်ကပဲကြည့်ပါ။ ဒေါ်ခင်ခင်သစ်က "မပေးရ"ဟု ပြောတာကို ဖွတ်မပေးဘဲ ငိုနေခဲ့သည်မို့ နေချိုပဲ အန်တီသစ်မယူ ယူအောင် ပြော၍ ပေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ဒီကလာစောင့်နေတာ၊ ကျော်က ဒီမှာပဲနေမယ်ဆိုလို့ သူ့အဖေလည်းရှိတယ်"

အိမ်စောင့်ထားခဲ့သည့် ကောင်မလေးတွေနှင့် ထိုက်ပါ ခုမှန်းလာကာ အိတ်လေးဘာလေး လာသယ်ဖော်ရသည်။ ဒေါ်ခင်ခင်သစ်တို့ မိသားစု လာမည်ဆိုတာကို သည်ကလေးမလေးများက တားဆီးဖို့ စိတ်ကူးရကြမှာ မဟုတ်ပါ။ ကျော် နိုင်ငံခြားသွားနေသည့် တစ်လျှောက်လုံး ဒေါ်ခင်ခင်သစ် ရန်ကုန်လာတိုင်း သည်အိမ်မှာပဲတည်းသည်။ အဲသည်ကတည်းက ငါတို့မရှိလည်း လက်ခံထားဟု ဒေါ်စီစီချိုက အိမ်မှာအမိန့်ပေးထားပြီးဖြစ်သည်။ တစ်ခါတလေ နေချို နယ်သွားလျှင် ဒေါ်စီစီချို လိုက်ရတုန်း ဒေါ်ခင်ခင်သစ် ရောက်လာလျှင် မတည်းဖြစ်မှာစိုး၍ပါ။

"ဝင်ဦးလေ ထွန်း"

"မင်း ပြန်တော့လေ"ဟု ပြောထွက်ပါ့မလား။ သူများသားသမီး ငယ်ငယ်ရွယ်ရွယ်။ သူ့မိဘများအဖို့မှာ ရွှေပေါ်မြတင် အချစ်တုံးအချစ်ခဲ။ သည်ခေတ်ထဲ ရှားပါးပစ္စည်းအဖြစ် အမွှမ်းတင်မဆုံး ဖြစ်နေရသည့် သားလိမ္မာလေး။ ညကလည်း တစ်ညလုံးမအိပ်ရ။ သည်နေ့လည်း တစ်နေ့လုံး ကားမောင်းလာ။ သူ့ကိစ္စလည်း လုံးဝမဟုတ်။ ကိုယ့်ကို ကူတာသက်သက်။ သည်လောက် တပင်တပန်း ဒုက္ခခံခဲ့သူကို အိမ်ပေါ်တက်ခွင့်လေးမှ မပေးလျှင် ကျေးဇူးကန်းလွန်းရာ ရောက်မည်။ သူ့ဘာသာ ...

"နေပစေတော့ မမ၊ ကျွန်တော် အိမ်ပဲတန်းပြန်ပြီး နားလိုက်တော့မယ်"လို့ ပြောလျှင်တော့ အကောင်းသားပေါ့။



ကိုယ်တော်လေးက အိမ်ထဲသို့ ဝင်လိုက်လာသည်။ ဧည့်ခန်းမှာ အကျအနထိုင်သည်။ ဒေါ်ခင်ခင်သစ် မျက်ဝန်းတွေက ထွန်းပေါ်မှာ သဲကြီးမဲကြီး။

"ကိုယ်တို့ သည်မှာလာပြောင်းနေတာ၊ ကျော်က သည်မှာပဲနေမယ်တဲ့၊ နေချိုဟာ တစ်နေ့နေ့တော့ သူ့အိမ်သူပြန်လာမှာပဲတဲ့၊ ခဏလာပြီး ပြန်ထွက်သွားရင် လူချင်းလွဲသွားမှာစိုးလို့တဲ့၊ သည်ကပဲ စောင့်မယ်ဆိုလို့ စီရယ်၊ အိမ်ရှင်လည်း ခွင့်မတောင်းရဘူး"

"ခွင့်တောင်းရမယ့်လူတွေလား သစ်ရယ်"

ဒုက္ခပါပဲ။ စီရယ် သစ်ရယ်တွေတော့ ဖြစ်ကုန်ကြပါပြီ။

"ထွန်း အအေးတစ်ခုခု သောက်ချင်လား၊ ကော်ဖီသောက်ချင်လား"

"ရနိုင်ရင် ဘလက်ခ်ကော်ဖီ သောက်ချင်တယ် မမ"

"ရမယ်၊ သံပရာရည်လေး ညှစ်ပေးရဦးမလား"

"ဟုတ်ကဲ့"

"ခဏစောင့်နော်"

ဒေါ်ခင်ခင်သစ် မျက်စိမျက်နှာ ပျက်လေ၏။ နေချိုကိုတစ်လှည့်၊ ထွန်းထွန်းကိုတစ်လှည့် ကြည့်သည်။ မရှုစိမ့်တာလုံးဝသိသာအောင်ပြသည်။ သူကလည်း ကျော့်မေမေလေ။

နေချို့အနေနှင့်ကျတော့ ကူညီသူကို သည်လောက်တော့ ဧည့်ဝတ်ကျေသင့်သည်။ ထွန်းထွန်းအနေနှင့်လည်း ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



လှပြီ။ ပင်ပန်းလက်စနှင့် ဆက်အပင်ပန်းခံ။ အိမ်တန်းပြန်ပြီး ထိုးအိပ်လျှင်လည်း ကောင်းသား။ နေချိုက အိမ်ပေါ်တက်ပါဦးလား ဆိုတာလောက် ညော်ဝတ်ပြုလျှင် ထွန်းဆိုသည့်ကောင်က ငြင်းရက်သူ မဟုတ်။ အိမ်ပေါ်မှာထိုင်မိတော့ ဘာသောက်မလဲ မေးမှတော့ ကိုယ်သောက်ချင်တာလေး ကိုယ်ပြောနိုင်သည်အထိ ရင်းနှီးခင်မင်ခဲ့ပြီးသား။ အိပ်ပျက်ပင်ပန်းလွန်းလို့ ဘလက်ခ်ကော်ဖီသောက်ပါရစေ ဆိုသူအတွက် လိုက်ဖက်သည့် သံပရာရည်လေး ထည့်ပေးတော့ ပိုမကောင်းဘူးလား။ ကောင်းရာကောင်းကြောင်း စီစဉ်တာတစ်ဖက်သားက လက်ခံရုံပဲ မဟုတ်လား။

အားလုံးသောဝါကျတွေသည် ဖြစ်ရိုးဖြစ်စဉ်တွေချည်းဖြစ်သည်။ သို့ပေမယ့် ဒေါ်ခင်ခင်သစ် နားမျက်စိထဲမှာတော့ ထူးခြားဆန်းပြားလို့ နေတော့သည်။ ဒါတောင် လက်တွေ့မှာ ထိုက် ဝင်ဖျော်ပေးလိုက်တာပါ။

"ဟော ... ကိုတိုင်းကျော်"

"အားတော့နာတယ် မစီ၊ ခင်ဗျားတို့သားအမိနှစ်ယောက် အိပ်တဲ့ မာစတာဘက်ဒ်ရွှန်(Master Bed room)ကို ကျွန်တော် တို့ အပိုင်စီးထားတာ၊ ကျော် အဲဒီအခန်းမှာပဲနေမယ်ဆိုလို့"

အားမနာ လျှာမကျိုးရန်ကောဟု ပြောလျှင် ဖြစ်၏။ သို့ပေမဲ့ ကျွန်တော် စီးကရက်သောက်မယ်ဆိုရုံနှင့် ငါးသုံးလုံးစီးကရက်ဘူးနှင့် ရွှန်ဆွန်မီးခြစ်ကို လျှောခနဲ ချပေးလိုက်သည့်ဖခင်။ သည်လောက်တော့ ပြုမူထားမှာ သေချာသည်။



"ရပါတယ်၊ အခန်းပိုတွေ ရှိသေးတာပဲ"

"အဲဒါတွေ ကောင်မလေးတွေကို ရှင်းခိုင်း၊ အိပ်ရာခင်းခိုင်းထားပါတယ် စီရယ်၊ ကျော်က သတင်းစာကြော်ငြာတွေ့ရင် နေချို ပြန်လာမှာတဲ့၊ နေချို့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ သတင်းစာကြော်ငြာကို ထိန်းထိန်းသိမ်းသိမ်း ထည့်လိုက်ပါတယ်၊ ကျေနပ်ရဲ့လား စီ"

"ကျေနပ်ပါတယ် သစ်ရဲ့"

ညှို့ခန်းမှာ အားလုံးစုထိုင်ဖြစ်ကြသည်။

"သားကို ဗေလီယမ်နှစ်လုံးကြီးများတောင် တိုက်ပြီးသိပ်ရတာ၊ အိပ်သွားတာတော့ နည်းနည်းကြာပြီ၊ အိပ်နေလို့၊ အိပ်ပျော်နေလို့၊ နေချို ပြန်ရောက်လာတာများသိရင် အိပ်ရာထဲကနေ ကင်းမြီးကောက်ပုံစံနဲ့ ခုန်ထွက်လာမှာ"

ဒေါ်ခင်ခင်သစ်က မရယ်ချင်သလိုပေမယ့် တမင်ရယ်၍ပြောတာ အနားရှိလူအားလုံး (ထွန်းထွန်း အပါအဝင်)သိစေချင်ပါလျက် ဖုံးဖိလေဟန်နှင့် သိအောင်ကိုပြောတာဖြစ်၏။

"ရော့ ... ထွန်း"

"ကျေးဇူးပဲ မမ"

စကားသွား စကားလာကို ကြည့်ရုံနှင့် ဦးတိုင်းကျော် ဒေါ်ခင်ခင်သစ် ဆိုတာ ထွန်းထွန်း သိလိုက်ပြီ။ ဒေါ်ခင်ခင်သစ်၏ မလိုတမာ မျက်စောင်းကြီးကိုလည်း တွေ့သည်။ စိတ်ဆိုး၏။ သည်လောက် ကဲကဲဆတ်နေဖို့ မလိုဟုထင်သည်။ စိတ်ထဲချဉ်ချဉ်ရှိသောကြောင့် လူငယ်စိတ်နှင့် မိုးလင်းအောင် ဆက်ထိုင်နေလိုက်ဖို့ စိတ်ကူးသည်။ ရွဲ့ပစ်လိုက်ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်သစ်နှင့် ထွန်းတို့အပြန်အလှန် ရန်စောင်မှုကို နေချို တွေ့သည်။ စိတ်လည်းညစ်၏။ ရယ်လည်းရယ်ချင်သည်။ သို့ပေမဲ့ ခုချိန်မှာ ဦးစားပေးလုပ်ရမည့် အလုပ်တစ်ခုရှိလေ၏။

✧ ❦ ✧

"ဦးမင်းခန့်ထယ် အိမ်ကပါလားရှင်"

"ဟုတ်ပါတယ် ခင်ဗျ"

"နေချိုနုနုပါ၊ အဲဒီဘက်က ဘယ်သူပါလဲ"

အချိန်မတော်ကြီးမို့ တော်တော်ကြာကြာခေါ်မှ လာကိုင်သည့် တယ်လီဖုန်း၏ တစ်ဖက်မှထူးသံက အိပ်ချင်မူးတူးကြီးပါ။

"ဖိုးအေးပါ"

"ဩော် ... ဦးရဲ့တူလေးလား၊ ဦးက ဘယ်လိုဖြစ်တာလဲ၊ ခု အိမ်မှာလား၊ ဆေးရုံမှာလား၊ စိုးရိမ်ရလား"

ဖိုးအေး သည်ဘက်မှာ ခေါင်းကုတ်နေမည်လားမသိပါ။

"မစိုးရိမ်ရဘူးလို့တော့ ပြောပါတယ်၊ ဆေးရုံမှာ"

"မနက်ကျရင် ဆေးရုံကို ဘယ်အချိန်သွားမလဲ၊ ဘယ်ဆေးရုံလဲ၊ ရန်ကုန်ဆေးရုံကြီးလား၊ အပြင်ဆေးတိုက်တစ်ခုခုလား"

ထွန်းထိုးလှုပ်ရှားသံတချို့ ကြားလိုက်ရသည်။



"ဒီမှာ နေချိုနုနု"

"ရှင်"

"မင်းက မင်းခန့်ထယ် ဆိုတဲ့ကောင်နဲ့ ဘယ်တုန်းကစပြီး ဘယ်လိုပတ်သက်ခဲ့လို့ ဒီကောင်က မင်းအတွက် ဒီလောက်လိုက်အကုန်ခံနေတာလဲ"

"ရှင် ... ဘယ်သူပါလဲရှင်"

"ဟွန်း ... အသံလေးက ချိုသားပဲ၊ ဒီအပြောမျိုးတွေနဲ့ ဖမ်းချုပ်ချင်ရင် မင်းခန့်ထယ်လိုကောင်မျိုးပဲရမယ်၊ ငါက နွဲ့နွဲ့ရဲ့မောင်ဝမ်းကွဲ"

"ရှင် ..."

"မင်းမလည်း တရှင်ရှင်နဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ငါက ဒီအိမ်ပေါ် တမင်လာနေနေတာ၊ နွဲ့နွဲ့ကို မင်းခန့်ထယ် သတ်ပေမယ့် ငါက ဒီကောင့်ကို ငါ့လက်နဲ့မသတ်ဘူးကွ၊ တရားဥပဒေအတိုင်း ကြိုးစင်ပို့မှာ၊ နွဲ့နွဲ့ရဲ့အကျိုလုံချည်တွေနဲ့ အလောင်းပတ်ဝန်းကျင်မှာ မင်းခန့်ထယ် လက်ဗွေပုံစံမရှိဘူး ဆိုပေမယ့် ...

"ဒီကောင် အိမ်ကိုပြန်လာတာ သေချာတယ်၊ ဘယ်သူမှမသိအောင် ကားကို ဘယ်မှာထားခဲ့မှန်း မသိဘူး၊ အိမ်ထဲခိုးဝင်လာတယ်၊ ပြီးတော့ ပြန်ခိုးထွက်သွားတာ ငါသိတယ်၊ ဒီကောင်က အဲဒါကို လေဆိပ်ကနေ သူ့ရုံးခန်းကို တန်းပြန်သွားပါတယ်လို့ အစစ်ခံထားတယ်၊ လူညာ

"အို ... အဲဒါ ရှင့်ညီမရဲ့ဂုဏ်သိက္ခာကို ဆည်းပေးတာ"

"ဘာပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေချို နှုတ်ခမ်းလေး စေ့ပစ်လိုက်ရသည်။ စကားများသွားမှာစိုးသည်။ ဦးက နေချို့ကို ကားပေးလိုက်ပြီး အိမ်ပြန်သွားတော့ ဒေါ်နွဲ့နွဲ့ခန့်ထယ်၏ မဖွယ်မရာ မြင်ကွင်းကြောင့် လူသတ်ချင်စိတ်ကိုထိန်း၍ (မကောင်းသောသူ အတွက်နှင့် လူကောင်းတစ်ယောက် ဘဝပျက်မခံနိုင်၍) ပြန်ထွက်လာခဲ့သည်ဟု နေချို သိထားသည်။ ရဲမှာ အစစ်ခံတော့ ဦးက အိမ်ကိုလုံးဝပြန်မရောက်ဘူး ဆိုပါလား။

"မင်း သိသလောက် ပြောပြစမ်း"

"ကျွန်မ ဘာမှမသိဘူး။ ရှင်က ဘယ့်နှယ်ကြောင့် အဲဒီအိမ်ပေါ် ရောက်နေရတာလဲ"

"ငါ နွဲ့နွဲ့ရဲ့မောင်ပဲ၊ နွဲ့နွဲ့မှာ မောင်အရင်းမရှိဘူး၊ ညီမအရင်းမရှိဘူး၊ ငါက ဝမ်းကွဲဆိုပေမယ့် နွဲ့နွဲ့မိဘတွေက ငါ့ကို ပြန်မွေးစားထားတာ၊ လင့်ပစ္စည်း မယားတစ်ဝက် ဆိုင်တယ်၊ မင်းခန့်ထယ် ချမ်းသာသမျှ နွဲ့နွဲ့ တစ်ဝက်ရမယ် ...

"အမွေဆိုတာ စုန်ပဲစုန်တယ်၊ မဆန်ဘူး၊ အဲဒါ မင်း သိလား၊ နွဲ့ပိုင်တဲ့တစ်ဝက်ကို ငါရမယ်၊ ဟိုကောင့်မိဘတွေက ချမ်းသာတိုင်း တိုက်တစ်လုံးကို ခွေးစားစားကျီးထိုးထိုး ပစ်ထားလို့ ငါကတက်နေတာပေါ့ ...

"အမွေဆိုင်ပြီး တရားစွဲရင် ဒီတိုက် ငါရမယ့်တိုက်ပဲ"

ဒီလူပြောတာ ဟုတ်များနေမလား။ ဦးပစ္စည်းတစ်ဝက် ဒေါ်နွဲ့နွဲ့ခန့်ထယ် ရသင့်တာ မှန်မည်ထင်သည်။ တကယ်ဆို ဖောက်ပြန်သောမိန်းမသည် ခင်ပွန်းသည် ရှာဖွေထားသော ပစ္စည်း



ဥစ္စာများအပေါ် ခံစားပိုင်ခွင့် မရှိဟု နေချို ထင်၏။ ဥပဒေက ဘယ်လိုရှိမည် မသိပါ။ ဦးကလည်း ပေးချင်မည် မထင်ပါ။ ကိုယ့်အပေါ် သစ္စာမရှိသည့်မိန်းမကို ဘယ်ယောကျ်ားက ပစ္စည်းတစ်ဝက် ခွဲပေးချင်မှာလဲ။

"မင်းခန့်ထယ် ဆိုတဲ့ကောင်က အဲဒီနေ့က လေဆိပ်ကို ဆန်နီစူပါဆလွန်းနဲ့သွားတာ ရုံးခန်းကိုပြန်ရောက်လာတော့ မာစီဒီးနဲ့၊ မာစီဒီးက အမြဲတမ်းစီးနေတာမဟုတ်ဘူး၊ အိမ်မှာထားတဲ့ကား ...

"မင်းခန့်ထယ် အိမ်ပြန်မရောက်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

"ကျွန်မကို ဒါတွေ ဘာဖြစ်လို့ လာပြောနေတာလဲ"

"နောက်တစ်နေ့ကျတော့ ဆန်နီစူပါဆလွန်းကို ယာဉ်မောင်းတစ်ယောက် လာပို့သွားတယ်လေ၊ ဘယ်သူပို့ခိုင်းတာထင်လဲ၊ နေချိုနုနုတဲ့"

"ရှင်ထင်တာတွေ အားလုံးမှားတယ်"

"ခိုင်လုံတဲ့ဌာနက သတင်းရရှိတာကွ"

"အဲသည် ခိုင်လုံတဲ့ဌာနဆိုတာ ဘာလဲ"

"ကိုသိန်းမောင်လေ၊ မင်းခန့်ထယ်ရဲ့ အတွင်းရေးမှူး၊ ငါနဲ့ခင်တယ်"

ယာဉ်မောင်းဦးလေးကြီး သွားပို့တော့ အတွင်းရေးမှူးမကလေးနှင့် တွေ့ခဲ့တာဟု ပြောသည်။ ကစ်တီပေါ့။ ကိုသိန်းမောင် မဖြစ်နိုင်ပါ။ ဦးလေးကြီးက အမျိုးသားဟု မပြောပါ။

"ရှင်ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွာ၊ ကိုသိန်းမောင်က လက်ခံထားလိုက်ရတာတော့ မဟုတ်ဘူး၊ ကစ်တီက လက်ခံထားလိုက်တာ ကစ်တီပြောလို့ ကိုသိန်းမောင် သိပြီး ငါသိတယ်၊ မင်းလည်း ဒီဓာတ်ရှုပ်ထဲက မလွတ်နိုင်ပါဘူး၊ ငါက ရဲမှာအစစ်ခံတော့မှာ၊ ကိုသိန်းမောင်ကလည်း သက်သေလိုက်မယ်"

မြတ်စွာဘုရား။

ဦး ဒုက္ခဖြစ်တော့မှာလား။ ဦးရဲ့အတွင်းရေးမှူးဆိုတာတွေက ဦးအပေါ်မှာ သစ္စာမရှိကြဘူးလား။ ဦးရဲ့ကောင်းကျိုးကို မလိုလားကြဘူးလား။ ဦးအတွက် ဆိုပြီးတော့များ ဖေးဖေးမမ မလုပ်ကြဘူးလား။ ဦးကျွေးသည့်ထမင်းကို စားနေကြတာ မဟုတ်ဘူးလား။ ဆန်ပေးလို့ ဆေးရသဘောမျိုး သူတို့ အလုပ်လုပ်ပေးနေလို့ လခပေးတာလို့ တန်ကြေးညှိနေကြသေးတာလား။ တကယ်ဆို ဦးက သူ့အလုပ်သမားတွေကို သူများတွေထက် အများကြီးပိုပြီး ကြည့်ရှုစောင့်ရှောက်ထားတာ။ အခွင့်အရေးနဲ့ လခတွေ အများကြီး ပိုပေးထားတာ။ သည်မျက်နှာလေးလည်း မထောက်ကြဘူးတဲ့လား။

"ဦးကို ဓားနဲ့ပေါက်တာ ရှင်ပဲဖြစ်ရမယ်"

ဒေါ်သဖြစ်ဖြစ်နှင့်ပြောပြီး တယ်လီဖုန်းကို ဆောင့်ချပစ်ခဲ့တော့သည်။ ဦးစံချိန်မှ တစ်ဆင့်ပဲ စုံစမ်းရပါတော့မည်။

"အန်တီသစ် နေကောင်းတယ်နော်"

တယ်လီဖုန်းချပြီးမှ စားပွဲမှာ လာထိုင်ပြီး နှုတ်ဆက်ရတော့သည်။

"ဘာဘက ဘယ်တုန်းက လိုက်လာတာလဲ"



"ချက်ချင်းပဲ သမီးရယ်၊ လှမ်းမှာလိုက်ရတာပေါ့၊ အန်တီသစ်က နေကောင်းပါတယ်၊ ကျော်သာ ဘာမှလဲမစားဘူး၊ ရေလည်းမချိုးဘူး၊ အိပ်လည်းမအိပ်ဘူး၊ မျက်စိကြီးကြောင်တောင်နဲ့ နေလိုက်တာ သုံးလေးရက်ကြာတော့ ဖျားလာရော၊ ဒီမှာနေမယ်ဆိုလို့ လာနေပြီး ဆရာဝန် အိမ်ပင့်၊ ဒရစ်ပ်တွေ ဘာတွေ သွင်းယူရတဲ့အထိ သမီးရယ်"

ချက်ချင်း မျက်ရည်ဝဲသည်မို့ သားဇော ကြီးရှာလွန်းသူ မိခင်ကြီးကို စောစောက အပြုအမူအတွက် ကလေးဆန်လှချည့်ဟု အပြစ်တင်ဖို့တောင် ခဲယဉ်းသွားရပါပြီ။

"နားလေ၊ သမီးတို့ နားကြတော့၊ စီလည်း နားလေ၊ သစ်တို့လည်း အိပ်ရာပြန်ဝင်မယ်၊ မိုးလင်းဖို့က လိုသေးတယ်"

"ညှို့သည် ပြန်တော့"ဟု ပြောင်ပြောင် မနှင်ရုံတစ်မည်။

ဒေါ်စီစီချိုက ထွန်းထွန်းကို ပြန်တော့ဟု ပြောမထွက်ပေမယ့် နားချင်ပြီမို့ ထိုင်ရာကထ၏။ တကယ်ဆို ထွန်းထွန်းလည်း သိပ်ပင်ပန်းနေတာ သူက မောင်းခဲ့ရသူမို့ ပိုလို့တောင် ပင်ပန်းနေသေးတာ။ ပြန်ဖို့ကောင်းပြီ။ အားလုံးလိုလို မတ်တတ်ထရပ်ကြသည့်တိုင် ထွန်းထွန်းက ခေါင်းလေးမော့၍ ငြိမ်သက်တုန်းပဲရှိသည်။ အိမ်ရှင်တွေအားလုံး ပြန်နားမည် ဆိုတာတောင် သူက တုတ်တုတ်မျှ မလှုပ်တာတော့လွန်ပြီ။ နေချို ထွန်းထွန်းကို စိတ်ပျက်အားနာနှင့် စိတ်လည်းရှုပ်စွာ ငုံ့ကြည့်၏။

"ဟောတော့ ... မေမေရေ၊ ထွန်းက အိပ်ပျော်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ မလှုပ်ကောင်းလား မှတ်ပါတယ်၊ ခများသနား စရာ၊ သူပဲ တစ်နေ့လုံး တစ်ညလုံး မောင်းလာတာ၊ ဘယ် မှာ တစ်မှေးရမှာလဲ၊ အိပ်ပစေတော့ဒီတိုင်း၊ နိုးလည်းမနေ နဲ့တော့"

ဒေါ်စီစီချိုက ပင်ကိုသဘောကောင်းရသည့်ကြားထဲ အားနာရမည့်သူမို့ သမီးပျိုရှိသည့်အိမ်မှာ လူပျိုယောကျ်ားလေး ညအိပ်ညနေလိုမျိုးပေမယ့် ခွင့်ပြုလိုက်တော့သည်။

"ဘယ်ဖြစ်မှာလဲ စီ၊ လူကြားလို့ နည်းနည်းမှမကောင်းဘူး၊ သမီးနာမည်ပျက်မှာပေါ့၊ သူက ဘယ်သူတဲ့၊ ဆွေမျိုးဆိုရင် တော့ ထားတော့"

"စီတို့သွားတည်းတဲ့ ဟိုတယ်ပိုင်ရှင်လေ"

"သမီးက ပြည်သူချစ်တဲ့အနုပညာရှင်၊ ခြေလှမ်းတစ်ချက် အမှားခံနိုင်တာ မဟုတ်ဘူး၊ ဆေးလူသိရင် တစ်ဆိတ်က တစ်အိတ်လုပ်ကြဦးမယ်"

"မနိုးရက်ဘူး သစ်ရဲ့၊ ခများ အားနာစရာ"

"ဒီလိုပဲ နိုးရမှာပေါ့၊ ကားခလည်း ပေးရဦးမယ့်ဟာ"

"ယူမှာမဟုတ်ဘူး၊ သူက ကူညီတာ"

"ဘယ်ဖြစ်မလဲ၊ မတန်တဆ ပေးလိုက်ရင် ယူမှာပေါ့"

"သူက သူဌေးပါ အန်တီသစ်၊ ဒီကားခလောက်ကို ယူမှာ မဟုတ်ဘူး"

"အဲဒီသူဌေးဆိုတဲ့ ပုဂ္ဂိုလ်လေး မက်မောလောက်တဲ့အတိုင်း တာထိ ပေးပါ့မယ်"



ဒေါ်ခင်ခင်သစ်က နည်းနည်းလေးမှ ကျေးဇူးမတင် နိုင်ပုံနှင့် သည်းသည်းလှုပ်နေ၏။

"ဘယ်လောက်ပေးရမလဲ၊ ကလော–ရန်ကုန် ကားခကို ဆယ်သိန်းပေးရမလားပြော၊ ပေးနိုင်တယ်"

"အန်တီသစ်ရယ်၊ အန်တီသစ်ရော ထွန်းရော သူဌေးတွေ ချည်းပါပဲ၊ တတ်နိုင်သူတွေချည်းပါပဲ၊ ဒါပေမဲ့ လောကကြီး မှာ ငွေနဲ့ဆပ်လို့မရတဲ့ ကျေးဇူးတရားတွေ ရှိပါတယ်"

ဆက်ပြောချင်သေးသည့် စကားတွေ ရှိပါသည်။

"ခုဆို အန်တီသစ်တို့ ကူညီခဲ့ဖူးတဲ့ ငွေကြေးအတိုင်းအတာ ကို နေချို ပြန်ဆပ်ပြီးပါပြီ။ ဒါပေမဲ့ အန်တီသစ်တို့ ကုန် ခဲ့ရတဲ့ ပိုက်ဆံတွေ ရောအင့် ... ဆိုပြီး ပြန်ပေးလိုက်ရုံနဲ့ အန်တီသစ်တို့ ကျေးဇူးတွေ ကျေသွားမလားရှင်"

ပြောချင်ပါသည်၊ သို့ပေမယ့် မျိုသိပ်လိုက်ပါ၏။

"ကူညီရှာတာပါ အန်တီသစ်ရယ်"

"ဘယ်ကောင်လဲကွ ကူညီတာ"

"ကျော်"

ကျော် အခန်းထဲက ထွက်လာသည်။ မျက်နှာက အဖျားသွေးဖြင့် ရဲရဲနီ၏။ လူက အားနည်းပုံနှင့် နည်းနည်းပါးပါး ယိုင်ထိုးယိုင်ထိုး ဖြစ်ချင်၏။

"နေချို"

နေချို့ဆီသို့ ယိမ်းယိမ်းယိုင်ယိုင်နှင့် လျှောက်လာ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လိုက်တာ နေချို၊ ဘယ်တွေသွားနေတာလဲ၊ နေချို့ကို ဘယ်ကောင်က အကူအညီပေးတာလဲ၊ ငါပြောထားတယ်လေ၊ နေချို့ကို ဘယ်သူမှ မကူညီရဘူးလို့ ပြောထားတယ်လေ၊ နေချို ဘာလုပ်ချင်လဲ၊ ငါလုပ်ပေးမယ်"

နေချို ပြေးတွဲလိုက်ဖို့ စိတ်ကူးမရှိပါ။ ပြေးမတွဲချင်ပါ။ ပြေးတွဲလိုက်ခြင်းသည် ဖေးမလိုခြင်းပေမယ့် ကျော်က အထင်တစ်မျိုး ရောက်သွားနိုင်သည်။ ဆီးဖက်ပြီး ပြန်မလွှတ်တော့ တာမျိုးလည်း ဖြစ်နိုင်သည်။ နေချို မသိမသာ ရှောင်တိမ်းသည်။ ဘေးကို နည်းနည်းဖယ်လိုက်ရင်း ထွန်းနားသို့ တိုးသလို ဖြစ်သွားသည်။

"ဒါ ဘယ်ကောင်လဲ"

"အို ... ကျော်"

ကျော် ... ထွန်းကို တွေ့သည်။ တွေ့တာနှင့် ဆွဲထိုးတော့သည်။

"ဟ ... ဘာလဲ"

ထွန်းခမျာ လန့်ဖျပ်နီးရှာ၏။

"ကျော်"

နေချို ဝင်ဆွဲခေါ်လာသည်။ ကျော် ရန်ထွက်၏။ ထွန်းထွန်းဆီ ပြေးသွားပြန်သည်။ ပြေးလည်းပြေး၊ ထိုးလည်းထိုး။ ထွန်းထွန်း အသာရှောင်ရုံနှင့် ကျော် အခြေပျက်သည်။ ထွန်းက ကျော့်ဖက်ပိုးကို တစ်ချက်အုပ်ကာ ကျော် ယိုင်သွားတုန်း ကုပ်မှ ကိုင်၍ ကုလားထိုင်ပေါ် ဆောင့်ချသည်။ ကျော့်ခမျာ ပုံလျက်သား။

"ဘယ်လိုလုပ်လိုက်တာလဲ ထွန်း"



"မင်းကလားကွ ... ငါ့ကို"

ကျော် ကုန်းထသည်။

"ထွန်း ... တော်နော်"

ကျော့်နားမှာ ဦးတိုင်းကျော် ရှိနေသည်။ ဒေါ်ခင်ခင်သစ် ထွန်းကို ပါးဝင်ရိုက်သည်။ ဒေါ်စီစီချိုက ဝင်ဆွဲသည်။ နေချိုက ကာကွယ်၏။ ထွန်းထွန်းအနေနှင့်ကျတော့ ဒေါ်ခင်ခင်သစ်ကို ပြန်ထိုးဖို့ခက်သည်။ ထွန်းထွန်း ပြန်မထိုးဘဲနေပေမယ့် ဒေါ်ခင်ခင်သစ်က ရန်းရင်းဆန်ခတ် ဖြစ်နေသည်။ နေချိုဆွဲပေမယ့် မနိုင်။ ဒေါ်စီစီချိုပါ နှစ်ယောက်ဝိုင်းဆွဲထားရသည်။

"အားနာလိုက်တာ ထွန်းရယ်"

"မင်း ပြန်သင့်ပြီဆိုတာ ခုထိ နားမလည်သေးဘူးလား၊ တရားဝင်နှင်မှ ပြန်တော့မှာလား"

ဦးတိုင်းကျော်က ဝင်ပြောရင်း မျက်နှာကြီးလည်း ရဲတွတ်နေသည်။ ကျော်ကလည်း ရန်းထနေ၏။ လူကြီးတစ်ယောက် အနေနှင့် သူပါရောပြီး ဝင်မထိုးမိအောင် မနည်းကြီးထိန်းလိုက်ရပုံပေါ်၏။

"ထွန်း ... အစစအရာရာအတွက် နေချို တောင်းပန်ပါတယ်"

"ရပါတယ် မမ၊ ကျွန်တော် သွားမယ်"

"နေချို့ကို ခွင့်လွှတ်ပါ ထွန်းရယ်"

"ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး"

ထွန်းထွန်း အိမ်ပေါ်မှ ဆင်းသွားသည့်တိုင် ဒေါ်ခင်ခင်သစ်ကို ဆွဲရတုန်း၊ ကျော့်ကို ဖိနေရတုန်း။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းရယ် ... နေချို အရမ်းအားနာတာပဲ။ သနားလိုက်တာ ထွန်းကို။ အဲသည်အတွက် ဘာနဲ့ပြန်ပေးဆပ်ရမလဲ ဟင်။

✧ ❦ ✧

နေချိုလေး။

သိပ်စိတ်ညစ်နေသတဲ့လား ကလေးလေးရယ်။ နေချိုဟာ ဦးအတွက်တော့ ကလေးလေးပါပဲ။ နုနယ်တယ်၊ အပြစ်ကင်းတယ်၊ ချစ်စဖွယ်အတိဖြစ်တယ်၊ နေချိုလေးရယ်၊ ဦးကတော့လေ နေချို့ထက် ဆယ့်သုံးနှစ်တိတိကြီးတယ်၊ လောလောလတ်လတ် ဇနီးသည် သေဆုံးထားတဲ့ မုဆိုးဖိုတစ်ဦး၊ ချန်ရစ်ခဲ့ခြင်းခံရတဲ့ အထီးကျန်လူသား။ နွဲ့ဟာ ဦးကို သစ္စာဖောက်ဖျက်ပြီးမှ အရှက်ပင်လယ်ကြောမှာ မျောချင်တိုင်း မျောစေတော့လို့ ရက်စက်စွာ ထားရစ်ခဲ့သူပါ။

ဦးအကြောင်းလေးတွေ သိချင်လိုက်တာတဲ့လား။

ဦးပြောရင် ကြွားရာရောက်မှာလည်း ရှက်ပါတယ်။ မင်းခန့်ထယ် ဆိုတဲ့ ယောကျာ်းဟာ ရုပ်ရှင်မင်းသားမဟုတ်၊ ဒါရိုက်တာမဟုတ်၊ တေးရေး တေးဆိုမဟုတ်၊ ပန်းချီဆရာမဟုတ်၊ စာရေးဆရာ ကဗျာဆရာလည်းမဟုတ်။ ပြည်သူသိတဲ့ အနုပညာတစ်မျိုးမျိုးနဲ့ အောင်မြင်ကျော်ကြားသူ မဟုတ်ပေမယ့် ဗဟုသုတရှိသူတိုင်း သေချာမသိဘူးဆိုရင်တောင် ကြားဖူးနားဝတော့ ရှိကြပါတယ်။ မြန်မာပြည် မြို့ကြီးတချို့မှာ Chain Stores ချိန်းစတိုး



(ကြိုးကွင်းဆက် စတိုးဆိုင်တွေ)၊ မိနီမားကတ်တွေ၊ ကုန်တိုက်တွေဆိုတာ အားလုံး "မင်းခန့်ထယ်" နာမည်နဲ့ချည်း။ ခုနောက်ဆုံး စီးပွားရေးတစ်ခု ထပ်တိုးပြန်တော့လည်း "မင်းခန့်ထယ်" ဗီဒီယိုထုတ်လုပ်ရေး။ သည်သားမွေးပြီးမှ စီးပွားက ထားစရာမရှိအောင် တက်လေခြင်းဆိုပြီး ဖေဖေ့လက်ငုတ် ဆောက်လုပ် ရေးကုမ္ပဏီ နာမည် 'မင်းခန့်ထယ်'ဖြစ်ခဲ့တာကတော့ လွန်ခဲ့သော နှစ်ပေါင်းများစွာ ဆယ်စုနှစ်စုကျော်လောက်တည်းက။

ခြောက်မိုင်ခွဲက တိုက်ကြီးနာမည်ကလည်း 'မင်းခန့်ထယ်'။

ဟိုနေရာလည်း မင်းခန့်ထယ်၊ သည်နေရာလည်း မင်းခန့်ထယ်။ မတွေ့ချင် မမြင်ချင် မကြားချင်လို့လည်း မရ။ မျက်စိရှေ့မှာ၊ နားထဲမှာ မင်းခန့်ထယ်။ မင်းခန့်ထယ် ဆိုတာ ဘယ်လိုလူစားကြီးပါလိမ့်ရယ်လို့ တကူးတက စိတ်ဝင်စားတဲ့လူလည်းရှိရဲ့။ နေချိုလေးရေ ... ဦးတို့မိသားစု၊ ဦးတို့အလွှာမှာ လူအများစု ရှက်တတ်ကြတာမျိုးလည်း ရှက်ရတယ်။ အများစုက အရေးမပါလို့ ရှက်စရာမဟုတ်ပါ ဆိုတာမျိုးလည်း ရှက်ရသေးတယ်။ သူတကာ အရှက်နည်းကြတဲ့ ကိစ္စလောက်ကို အရှက်သည်းပြရတဲ့ အလွှာထဲမှာ ဦးဟာ လူဖြစ်လို့လာခဲ့ရတယ်။

အများက အားကျချီးကျူးလေ နေစရာဘောင်ကျဉ်းလေပါ။ ခုချိန်မှာ ပြည်သူချစ်မင်းသမီးဖြစ်နေတဲ့ နေချိုလေးကို ကိုယ်ချင်းစာနိုင်မှာပါ။

ဖောက်ပြန်သူက ဇနီးမို့ ကိုယ်နဲ့ဘာဆိုင်သလို့ ရှောင်လွှဲထွက်လို့မရ၊ သူနဲ့ရောပြီး ကိုယ်ပါ ရှက်ရတဲ့အဖြစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးမယားဖောက်ပြန်လည်း ရှက်ရတယ်။ လူသတ်ခံရတာလည်း ရှက်ရတယ်။ 'ဟန်ဆောင်ကာ မူပို'တွေလို့ပြောရင်လည်း ခံရပါမယ်။ မင်းခန့်ထယ်ဇနီး လူသတ်ခံရခြင်းဆိုတာ အလွန်တရာ ရုပ်ဆိုးတဲ့ ရှက်ဖွယ်ကြီးတစ်ရပ်ဖြစ်တယ်။ သူ့ဘာသာ သွေးရိုးသားရိုးနဲ့ သေသလိုတောင် ဖုံးဖိခဲ့သေးတယ်။ ဒါပေမဲ့ သိကြတာပါပဲ။

အသတ်မခံရခင် နွဲ့ရဲ့မြင်ကွင်းက ပိုလို့ရှက်စရာကောင်းခဲ့တယ်။ ဦး ဘယ်သူ့ကိုမှ ပြောမပြရဲဘူး။ ဦးဟာ အိမ်ကို ပြန်မရောက်ပါဘူးလို့ ညာခဲ့တယ်။ ဦးပြန်လာတာကို သိတဲ့သူက သိတယ်။ တိုင်လည်းတိုင်တယ်။ ရှက်လွန်းလို့ ညာရတဲ့အဖြစ်မှာ ဦးဟာ 'လူညာ'ဆိုပြီး ပိုလို့ရှက်ခဲ့ရပြန်တယ်။ ကျောင်းဆရာမကြီးလုပ်ခဲ့တဲ့ မေမေဟာ ရှက်လွန်းလို့ အိမ်ပြင်တောင်မထွက်တော့ဘူး။

ဦးရဲ့ပတ်ဝန်းကျင် မှာ ဦးဟာ ဓားနဲ့ ချောင်းမြောင်းပေါက်သတ်ခံရခြင်းဟာ ရှက်စရာပဲ နေချိုလေးရယ်။ ဘယ်လိုမတော်မတရား မဟုတ်မမှန်တွေ ဖောက်ပြန်ထားလို့ ဘယ်လောက်မခံနိုင်တဲ့သူက အသက်ကို လုပ်ကြံတာလည်းဆိုပြီး အတွေးနယ်ချဲ့ကြတယ်။ ကိုယ်က ခံရသူဖြစ်ပါလျက် အရှက်ကွဲရပြန်တယ်။

ဦးတို့လောကမှာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တွေ့ကြရင် အသည်းပေါက်မတတ် ချစ်ကြတယ်၊ ကျောချင်းကပ်ကြတယ်၊ ရင်ချင်းအပ်ကြတယ်၊ သွေးစည်းကြတယ်၊ စည်းလုံးကြတယ်၊ အချစ်ကြီးချစ်ကြတယ်။ နည်းနည်းကလေးကွယ်၊ ကျောကလေး နည်းနည်းခိုင်းရုံနဲ့ မုန်းကြတယ်၊ ရွံကြတယ်၊



အော့နလုံးနာတယ်၊ ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုတယ်၊ မနာလိုဝန်တိုခြင်း ကြီးကြတယ်။ ဂုဏ်တုဂုဏ်ပြိုင် အလွန်များပြားတယ်။ တစ်ယောက်နဲ့တစ်ယောက် အမှားရှာလို့ထောက်ကြတယ်။ အဲဒါကြောင့် အသက်ရှူရင်တောင် စည်းချက်မှန်ရဲ့လားလို့ သတိနဲ့ရှူရတဲ့ပတ်ဝန်းကျင်မှာ ဦး ကြီးပြင်းခဲ့ရတယ်။

ရိုးသားစွာ ဖြူစင် ချစ်ခင်ကြသူတွေ မရှိကြတော့ဘူးလား။

ရှိတော့ရှိတယ်။ ရှားတယ်။

ဘဝချင်း ကိုယ်ချင်းစာလွန်းလို့ နေချိုလေးရဲ့ လေဆိပ်ရှုတင်လေးကို ဦး အတတ်နိုင်ဆုံး ဖုံးဖိအကူအညီပေးလိုက်တာပဲ။ အားလုံးနီးပါး ယုံကြည်ကောင်းပါရဲ့။ ခုအချိန်မှာ လူတကာ လက်ညှိုးထိုးစရာလိုဖြစ်နေတဲ့ ဦးဆီ နေချို မလာခဲ့ပါနဲ့၊ ဦးကို မကြည့်ချင်ပါနဲ့၊ သတင်းမမေးချင်ပါနဲ့၊ ပရိဂျူဆာနဲ့ မင်းသမီးဆိုတာ ရင်းတော့လည်း ရင်းနှီးရပါတယ်။ ရင်းလည်းမရင်းနှီးရပါဘူး။ ဒါကြောင့်မို့ နေသာသလိုနေပါ နေချိုလေးရယ်။ ဦးနေကောင်းပါတယ်။

နေချိုက မင်းခန့်ထယ်အိမ်သို့ မဆက်တော့ဘဲ ကိုစံချိန်အိမ်သို့ပဲ ဆက်သည်။ ကိုစံချိန်၊ မသင်းသင်းခိုင်တို့က အိမ်ခွဲနေသည်မို့ ထွန်းနှင့် တစ်အိမ်တည်းမဟုတ်ပါ။ ကိုစံချိန်ထံမှတစ်ဆင့် ဦး ပေးပို့လိုက်သည့် ကက်ဆက်ခွေလေးကိုပဲ နားထောင်ရတော့သည်။

"မလာပါနဲ့ မနေချို၊ ဘာမှလဲမဖြစ်လောက်ပါဘူး။ နေလို့လည်းကောင်းတယ်၊ လူတွေကလည်းသိပ်များတယ်၊ သတင်း

www.burmeseclassic.com

www.burmeseclassic.com



မေးအုပ်စုက ကြွားပြောရရင် ရှာသူကြီးအလျှုလောက်ရှိတယ်၊ ပါလာတဲ့ အပူအအေး အသီးအနှံတွေ ဆိုတာလည်း မင်္ဂလာဈေးနဲ့ ကီလီဈေးကို ဖောက်သည်သွင်းရမလောက်ပဲ ...

"အဲဒါတွေထဲက မကောင်းတတ်လို့ လာတဲ့သူတွေ၊ လာစပ်စုကြတာတွေ၊ ပွဲတစ်ခုလို လာကြည့်ချင်သူတွေက များတယ်၊ တကယ်စိုးရိမ်ပြီး သတင်းမေးတဲ့လူက သိပ်ရှားပါတယ် ...

"မင်းခန့်ထယ်ကလည်း မနေချို မလာစေချင်ဘူး၊ ပွဲတစ်ခုကနေ နှစ်ခုဖြစ်သွားမှာ စိုးတယ်တဲ့"

"နေချိုက ဦးကို နေကောင်းလား သတင်းလေးမှ မမေးရတော့ဘူးလား"

"နောက်တော့ မေးတာပေါ့ နေချို"

"ဦးအမှုက ဘယ်လိုဖြစ်မလဲဟင်"

"သူ တကယ်မသတ်ဘူးဆိုရင် ဘာဖြစ်စရာရှိလဲ"

"ဦးက တကယ်မသတ်ဘူး မဟုတ်လားဟင်"

"ဘုရားမှ သိမှာပဲ"

"ဦးစံချိန်ကပါ ဦးကို မသင်္ကာတာလား"

"မထင်တတ်ဘူးဗျာ၊ မဟုတ်ပါစေနဲ့ ဆုတောင်းနေရတာပဲ"

"ဦးကို ဓားနဲ့လှမ်းပေါက်တာရော ဘယ်သူဖြစ်မလဲ"

"အဲဒါကြောင့် ကျွန်တော် စိတ်ပူရတာပေါ့၊ မင်းခန့်ထယ်က နွံ့နွံ့ကို သတ်လိုက်လို့များ နွံ့နွံ့အဆက်က မင်းခန့်ထယ်ကို လာကလဲ့စားချေသလား၊ စဉ်းစားစရာဖြစ်နေပြီ"



"အို ... အဲဒီအချက်ကို ရဲတွေ မတွေးမိပါစေနဲ့"

"ဆုတောင်းလို့ရမလား၊ ရဲကတော့ ထောင့်စေ့အောင်တွေးမှာပဲ"

"ဘယ်သူ့ကိုမှ မဖမ်းသေးဘူးနော်"

"မဖမ်းသေးဘူး"

"တရားခံ မြန်မြန်မိပါစေ၊ ဦးလည်း မဟုတ်ပါစေနဲ့"

သည်အသက် သည်အရွယ်ကြီး ရောက်ကာမှ ကက်ဆက်ခွေထဲ စကားတွေပြောထည့်ပြီး နေချို နားထောင်ဖို့ ပို့ခိုင်းသည့် ကဗျာဆန်ဆန်အလုပ်ကို ကိုစံချိန် ရယ်ချင်နေမိသည်။ သနားလည်းသနား၏။ သူ့မှာ တကယ့်လူယုံရယ်လို့ မရှိတော့ဘူး ထင်ပါရဲ့။ သူ့အတွင်းရေးမှူးဆိုသည့် ကိုသိန်းမောင်က ထွက်သွားတုန်းက ကားတစ်စီး။ ပြန်လာတော့ ကားတစ်စီး ဆိုတာကို မည်သူမျှ သိရှိစစ်ဆေးခြင်းမရှိခင်ကတည်းက ရဲမှာ လိုလိုချင်ချင် အစစ်ခံသည်။ ကစ်တီကကျတော့ မိန်းမမို့ဟု ပြောရမလားမသိ။ သူ သိထားတာ နည်းနည်းဆိုလျှင် များများကြီးအောင်၍ အရေးတကြီး ပြောနေရတာကို အရသာတွေ့နေပုံရသည်။

အမှန်အတိုင်း ဖြစ်ရမှာပေမယ့် အတွင်းရေးမှူးဆိုသည့် အတွင်းလူနှစ်ဦးက ကိုယ့်ဆရာသမားကို ဖေးမဖို့ထက် သာသာထိုးထိုးလေး နှိပ်ကွပ်ဖို့သာ စိတ်သန်နေကြပုံရ၏။ မင်းခန့်ထယ် ဆေးရုံမှဆင်းလာလျှင် ...

"မင်း လူနှစ်ယောက်ကို သုံးလစာ မပေးတာဘူး၊ တစ်နှစ်စာပေးရမယ်ဆိုရင်တောင် ထုတ်ပစ်သင့်တယ်"ဟု အကြံဉာဏ်ပေးချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲ့အိမ်ပေါ်မှာ တက်နေတဲ့လူကရော ရှိသေးလား"

"ဖိုးအေး အသုံးမကျလို့ ဒီကောင်ရောက်လာတာ၊ ဖိုးအေးဆိုတဲ့ကောင်က တွေ့သမျှလူ ကြောက်ဖို့ပဲ၊ အိမ်ပေါ်တက်လာပြီး ငါ ဒီမှာနေမယ်ဆိုတာနဲ့ ထမင်းချက်ကျွေးနေတော့တယ် ...

"လောကကြီးဟာ သိပ်ဆန်းကျယ်တယ် မနေချို၊ လူထူးလူဆန်းတွေလည်းပေါတယ်၊ ဖိုးအေးလည်း သူ့နည်းသူ့ဟန်နဲ့ လူထူးလူဆန်းပဲ၊ ထမင်းပွဲရှေ့ရောက် ကျွေးနေသတဲ့ ဟိုလူကလည်း ဆန်းပါပေရဲ့ ...

"လူပြက်တွေ ပြောသလို ထူးပေ ဆန်းပေသည့် ဦးရေချမ်းရဲ့ညီဆိုသလိုပဲ၊ ကျွန်တော်နဲ့ မင်းခန့်ထယ်နဲ့ အိမ်ပေါ်က သွားမောင်းချတော့လည်း ပြေးဆင်းလိုက်တာ တန်းလို့ပါပဲ ...

"ရမလားလို့ လုပ်ကြည့်တာ၊ နွဲ့နွဲ့မောင်တော့ မှန်တယ်၊ ဒီကောင်က ဆေးကြောင်"

"သြော် ..."

"ထွန်းထွန်းကိုတော့ ..."

နေချို ကိုယ်ကလေး မတ်သွားမိသည်။

"ကလောပြန်ပြီး အလုပ်တွေ ဆက်လုပ်ဖို့ ကျွန်တော့်ယောက္ခမ ပြန်လွှတ်နေကယ်"

"နေကောင်းရဲ့လား"

"ကောင်းတယ်"



"နေချို သတိရတယ်လို့ပြောပေးပါ၊ သူ့ကျေးဇူးကိုလည်း မဆပ်ရသေးဘူး၊ ဘယ်လိုဆပ်ရမှန်းလဲ မသိဘူး"

"ကျွန်တော့်အစ်မ အကြီးဆုံး မင်္ဂလာဆောင်တုန်းက ကျွန်တော့်ဦးလေး ပြောတဲ့စကားကို ပြောပြရဦးမယ်၊ ကိုယ့်တူမ မင်္ဂလာဆောင်မို့ ထိုက်ထိုက်တန်တန်လက်ဖွဲ့ချင်တယ်တဲ့၊ သူ့သားက အဖေမှ ပိုက်ဆံမရှိဘဲ ထီလက်မှတ်ဝယ်လက်ဖွဲ့ပေါ့၊ ဒါမှ တစ်သိန်းဆိုလည်းဟုတ်၊ ငါးသောင်းဆိုလည်းဟုတ်တဲ့ ...

"အဲဒီတုန်းက ထီတစ်စောင်နှစ်ကျပ်ခေတ်၊ အများဆုံးဆုက တစ်သိန်း၊ ဦးလေးက ငွေလေးနှစ်ကျပ်နဲ့လည်း မကောင်းသေးပါဘူး၊ ဘာလက်ဖွဲ့ရမှန်းမသိလို့ မဖွဲ့တော့ဘူးတဲ့ ...

"အဲဒီလိုပဲပေါ့ မနေချို၊ ထွန်းထွန်း ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းမသိတဲ့တူတူ ဆပ်မနေပါနဲ့တော့"

ဦးစံချိန် ရယ်၏။ နေချိုပါ ရောနှောပြုံးပြခဲ့ရသည်။

"ကျွန်တော်နဲ့မဆိုင်ပေမယ့် မေးခွင့်ရှိရင် မေးချင်တာတစ်ခုရှိတယ်၊ စပ်စုတယ်လို့လည်း မထင်ပါနဲ့၊ တကယ်တော့လည်း စပ်စုတာပါပဲ"

"မေးပါ ဦးစံချိန်၊ မဖြေနိုင်တဲ့မေးခွန်းတွေဆိုလည်း မဖြေရုံပေါ့"

"အဲဒါဟုတ်တယ်၊ ကိုကျော်တိုင်းကျော်ဆိုတဲ့ လူတစ်ယောက်ရော"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်ပြန်သွားပါပြီ၊ ရန်ကုန်အိမ်ကိုပြောတာပါ၊ သူတို့ ရန်ကုန်မှာလည်း အိမ်ရှိပါတယ်၊ သူ့အဖေက နယ်ပြန်ပါ တယ်၊ သူ့အမေ ကျန်ရစ်ခဲ့ပါတယ်၊ သူနဲ့ ကျွန်မရဲ့အခြေ အနေက အလွန်အမင်းအားနာတတ်သော ကျေးဇူးတရား အလွန်သိတတ်သော မေမေက ခေါင်းကို ဒုတိယအကြိမ် ညိတ်ချဖို့ တည်းတည်းကလေးပဲ လိုတော့တယ် ...

"ကျော့ကျေးဇူးတွေ နေချို့အပေါ်မှာ အများကြီးရှိ ပါတယ်၊ ဘယ်နည်းနဲ့ပြန်ဆပ်ရမယ်ဆိုတာလည်း စဉ်းစား လို့မရသေးပါဘူး"

"ကျွန်တော့်ဦးလေးထုံးကို နှလုံးမူပေါ့ဗျာ"

နေချို ယဲ့ယဲ့ပြုံးလေ၏။

"ကျွန်တော် ပြန်မယ်၊ မင်းခန့်ဆီ ဘာမှာဦးမလဲ"

"ဦးရဲ့ကျေးဇူးတွေကိုလည်း ဘယ်နည်းနဲ့ဆပ်ရမယ်မှန်း စဉ်းစားလို့မရသေးပါဘူးလို့"

"ကျွန်တော့်ဦးလေးထုံးကို နှလုံးမူပါဆို"

သည်တစ်ခါတော့ နေချို စိတ်ညစ်ညစ်ကလေးနှင့် ရယ်မိပါလေတော့သည်။

✧ ❦ ✧



## အခန်း(၁၁)

"တောက် ...ကားကြီးသာ ရိုက်လိုက်ချင်တော့တာပဲကွာ"

ဒါရိုက်တာကြီးက ရိုက်ပြီးသားအခန်းတွေကို မော်နီ တာမှာ ပြန်ကြည့်ရင်း မကျေနိုင်မချမ်းနိုင် ဖြစ်နေသည်။

"ကားကြီးဆိုရင် ငါလည်း အကယ်ဒမီချိန်နိုင်တယ်၊ ဇာတ် ကားလည်း ချိန်တယ်"

"ကျွန်တော်တို့ရော ဆရာ"

မင်းသားနှစ်ယောက်က သံပြိုင်အော်မေးလိုက်သည်။

"ချိန်ကြလေ၊ မင်းသားတို့လိုချင်တဲ့ အကယ်ဒမီကို ဘေး လူက ဝင်ချိန်ပေးရမလား၊ ကိုယ့်ဘာသာချိန်မှ ရတော့မှာ ပေါ့"

"ချိန်တယ် ဆရာ"

"ကျွန်တော်လည်း ချိန်တယ်"

မင်းသားနှစ်ယောက်က ထမင်းစားနေကြသည့် ရုပ်ရှင်တွေ ဗီဒီယိုတွေကို တစ်ရက် ဘယ်ရွေ့ဘယ်မျှနှင့် ရိုက်ကူး ခွင့်ပေးကာ ငှားစားနေကြသည့် အိမ်တွေရှိသည်။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



ရယ်ဖို့လည်းကောင်းသည်။ အိမ်တစ်လုံးထဲမှာ သည်ဘက်ခန်းက ရန်ကုန်ဖြစ်နေပြီ၊ ဟိုဘက်ခန်းကို မော်လမြိုင်လုပ်ရိုက်ချင်ရိုက်ကြရသည်။ ခြံ၏ ဘယ်ဘက်က မင်းသမီးအိမ်၊ ညာဘက်က မင်းသားအိမ် ဖြစ်ချင်ဖြစ်နေတတ်သည်။ နေ့လယ်ဘက် ထမင်းစားချိန်မို့ မင်းသားနှစ်ယောက်က ကားရိုက်သည့်အိမ် ထမင်းစားခန်းမှာ စားသည်။ နေချိုက ကိုယ်အလေးချိန် လျှော့ချင်နေသူမို့ ထမင်းမစားဘဲ ကန်စွန်းရွက်ကြော်ချည်း တစ်ပန်းကန်စားသည်မို့ ဧည့်ခန်းကုလားထိုင်တွေမှာပဲ ထိုင်စားနေသည်။

ရှုတင်အဖွဲ့သားအားလုံးက ထမင်းကျွေးသည့် နေရာနားသို့ ရောက်နေကြသည်။ ဒါရိုက်တာကြီးကကျတော့ စားပြီးသွားပြီမို့ ဓမ်နီတာပြန်ကြည့်နေ၏။

“ဇာတ်လမ်းကလည်း တော်တော်ကောင်းတယ်”

“ဘယ်သူ့ဇာတ်လည်း ဆရာ”

“ဇာတ်ညွှန်းကတော့ ကိုယ်တို့လူပဲပေါ့၊ ဒါပေမဲ့ ဇာတ်ကျောရိုးကို ကိုယ်တို့ပရိုဂျူဆာ ဦးမင်းခန့်ထယ်က ချပေးတာ”

မင်းသားနှစ်လက်၊ မင်းသမီးတစ်လက် သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းပဲ ဖြစ်ပါ၏။ မင်းသားတစ်ယောက်က နိုင်ငံခြားသွားသည်။ စေ့စပ်ထားသည်။ မင်းသမီးက သွားကြိုသည်။ လေဆိပ်မှာ မင်းသားကို အမျိုးသမီးတစ်ဦးက နှုတ်ဆက်သည်။ မင်းသား၏သမီးလေး မွေးနေ့ပွဲကို ဖခင်နိုင်ငံခြားရောက်နေ၍ ဖခင်မပါဘဲ ကျင်းပလိုက်ရကြောင်း၊ မင်းသမီးကြားအောင် တမင်ပြောသည်။ မင်းသားနှင့်မင်းသမီး ပြဿနာဖြစ်ကြသည်။ မင်းသမီးက သူလက်ထပ်ရမည့်ယောကျ်ားသည် လူပျိုစစ်စစ်ဖြစ်ရမည်ဟု မဆိုလိုပါ။



မုဆိုးဖိုဖြစ်ချင်ဖြစ်နိုင်သည်။ တစ်ခုလပ်လည်းဖြစ်နိုင်သည်။ လက်ရှိအိမ်ထောင်မရှိဘဲ ကင်းရှင်းနေသူတော့ ဖြစ်ရမည်။ ပြီးတော့ ကိုယ်လက်မထပ်နိုင်သော မိန်းမသားတစ်ဦးဦးအပေါ်မှာ ကိုယ်ထိလက်ရောက် မကျူးကျော် မစော်ကားခဲ့ဖူးသူ ဖြစ်ရမည်။ ယောကျ်ားတစ်ယောက် ပေးသော ‘အတွေ့ကိုမရှောင်နိုင်လို့ မှားမိပါကြောင်း’ ဆင်ခြေကို လက်မခံလိုချေ။

ယောကျ်ားကောင်း ယောကျ်ားမြတ်ဟူသည် အတွေ့ကိုရှောင်ရှားနိုင်သည့် ဇွဲသတ္တိရှိရမည်။

မင်းသမီးက နယ်သို့ရှောင်ထွက်သွားရင်း ရိုးသားသောလူငယ်တစ်ယောက်နှင့် တွေ့သည်။ သံယောဇဉ်ဖြစ်မိပါ၏။ သို့ပေမဲ့ နောက်မင်းသားလေးက ငယ်လွန်းသည်။ ဆယ်ကျော်သက်အရွယ် ယောကျ်ားတစ်ဦး ပထမဆုံးအကြိမ် စိတ်ကစားမှုသည် ရာသက်ပန် ခိုင်မြဲနေလိမ့်မည်ဟု မင်းသမီး မယုံရဲပါချေ။ ထိုနှစ်ယောက်အနက်မှာ တစ်ယောက်ကို နောက်ဆုံးရွေးရသည့် ဇာတ်လမ်းဖြစ်လေ၏။ ဇာတ်သွားအနေနှင့် ရိုးစင်းသည်ဟုဆိုနိုင်ပါသည်။ သို့ပေမဲ့ ဇာတ်ကွက်တွေထဲမှာ ...

ဂုဏ်ပကာသန၊ လောက၏ဟန်ဆောင်အရေခြုံများကို လှောင်ထားသည်။ လူသားတို့ ထိန်းသိမ်းအပ်သည့် ကိုယ်ကျင့်တရား (ကျား,မ မဟူ) တို့ကို ပညာပေးထားသည်။ အချစ်စိတ်ဟူသည် အဆိပ်ပြင်း၏။ မြွေကိုက်ခံရသကဲ့သို့ မွန်တတ်သည်။ နောက်ဆုံးမှာ မိန်းမသားတစ်ဦး ဘဝခရီးအတွက် အားကိုးလောက်သော အဖော်မွန် ယောကျ်ားကောင်းကို မည်သည့်ဇာ မျိုးဖြင့် ရွေးသင့်ကြောင်းနှင့် နိဂုံးချုပ်ထားသည်မို့ ကြည့်ရတာ မြူး

www.burmeseclassic.com

www.burmeseclassic.com



သွက်ပြီး ကိုယ်ပါ ဇာတ်ထဲရောပါပြီး မျောသွားသည်။ အခန်းတိုလေးတွေ ကူးပြောင်းသွားပုံလှသည်။

ဒါရိုက်တာကြီး ကိုယ့်ဘာသာကိုယ်ရိုက်ပြီး ကိုယ့်ဘာသာ ကြိုက်မဆုံးရှိတော့၏။

"ထမင်းစားပြီးရိုက်မှာ နောက်ဆုံးခန်းနော်"

"ဟုတ်တယ်၊ ဒီညနေ ဇာတ်ခေါင်းခွဲပြီ"

စကားပြောမိုက်ခွက် ကိုင်ပေးရသူ စက်အဖွဲ့သားတစ်ဦးက ထမင်းစားပြီး ပြန်ရောက်နေပြီမို့ ဝင်ပြော၏။ ဗီဒီယိုတစ်ကားမှာ မင်းသားက အနုပညာကြေး အများကြီးရသည်။ ပြီးတော့ ဒါရိုက်တာနှင့် မင်းသမီးက မတိမ်းမယိမ်း ရကြသည်။ ဇာတ်ပို့ ဇာတ်ရံများခများတော့ နည်းပါးလွန်းပါ၏။ သူသူငါငါ သည်စနစ်ပဲမို့ မည်သည့်ဇာတ်ပို့ဇာတ်ရံကမျှ ပိုပေးပါ မတောင်းဆိုကြတော့ပါ။ ထောင်းလိုက်လျှင် တခြားသူနှင့် ရိုက်သွားနိုင်၏။ ဇာတ်သိမ်းပြီဆိုလျှင် မင်းသားတွေက ဇာတ်ပို့ဇာတ်ရံ စက်အဖွဲ့စသည်တို့ကို တချို့ကျတော့ မုန့်ဖိုးပိုက်ဆံပေးတတ်၏။ တချို့ကျတော့ အဝတ်အစား၊ အသုံးအဆောင်တို့ ဆုချလေ့ရှိသည်။

မင်းသမီးတွေကလည်း အလှပြင်ပစ္စည်း၊ အလှဆင်ပုတီးလက်ကောက်နှင့် မုန့်ဖိုးပဲဖိုး ပေးလေ့ရှိ၏။ နောက်ဆုံးနေ့ဆို ဇာတ်ကားတစ်ကားလုံး ပြီးသည့်နေ့မှာ ကိုယ်စီကိုယ်ငှ စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်လွတ်လပ်သွားကြတာမျိုးလည်း ဖြစ်လေ့ရှိကြ၏။

"တို့ပရိုဂျူဆာက ရိုက်ကွင်းကို တစ်ခါမှ မလာဘူးကွာ၊ လာကြည့်စေချင်တယ်၊ ဒီလောက် အဆင်ပြေတဲ့ကားကို"



ဒါရိုက်တာကြီးက မော်နီတာကြည့်ရင်း သူ့ကားသူ ကြိုက်မဆုံးဖြစ်နေ၏။

"စတော့မလား ဆရာ"

"မင်းသားတွေ ပြီးလို့လား"

"ပြီးပြီ"

"ဆေးလိပ်သောက်ကြပါဦး"

ဒါရိုက်တာကြီးက ဇာတ်ညွှန်းစာရွက်ကိုဖြန့်၏။

"မင်းသမီးရေ ... ဘယ်သူ့ကို ရွေးမှာလဲဟေ့"

"ဘယ်သူ့မှ မရွေးဘူးဆရာ"

မင်းသားတွေ ရယ်၏။

"ကိုထွန်း ... ခင်ဗျားက ဟိုဘက်မှာ ကလေးရထားတဲ့သူ"

"ကျွန်တော့်ကလေး မဟုတ်ဘူးလေ"

"ဒါပေမဲ့ ဟုတ်များနေမလား စုံစမ်းရတယ် ဆိုကတည်းက ကိုထွန်း သွားရှုပ်ထားလို့သာပေါ့"

"ပြဿနာပဲ"

"နောက်ဆုံးအကြိမ်အဖြစ် မင်းသမီးကို ပြန်ရလိုရငြား လာတောင်းပန်မယ်၊ ကိုထွန်းက ဧည့်ခန်းထဲမှာ ရပ်နေမယ်၊ မထိုင်ရဲဘူး၊ မင်းသမီးက အပေါ်ထပ်ကနေ ဧည့်သည်လာတယ်ဆိုလို့ ဆင်းလာမှာ၊ ကိုထွန်းကို လှေကားတစ်ဝက်နားအရောက်မှာ စတွေ့တယ်၊ မျက်နှာပျက်သွားတယ်၊ ကိုထွန်းက ရှေ့သုံးလှမ်းလောက်တိုးမယ်၊ မင်းသမီး လှေကားတစ်ဝက်မှာ ရပ်နေမယ်၊ မင်းသား ကိုယ့်အပြစ်တွေကို ခွင့်လွှတ်ပေးပါလို့ ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုရွေးမယ်ပေါ့"

"မပြောသေးဘူးဗျာ၊ ဒါမှ မင်းသားနှစ်ယောက်လုံးရဲ့ မျက်နှာမှာ မျှော်လင့်ချက်တွေ တလက်လက်တောက်နေမှာ၊ ကိုယ့်မရွေးဘူးဆိုတာ ကြိုသိနေရင် မျက်နှာမှာ မျှော်လင့်ချက် လျော့ပြီး သေနေမှာစိုးလို့"

"ကျွန်တော်ကရော"

"ကိုခေါင်က လက်လျှော့ပြီး ကိုယ့်မြို့ကိုယ်ပြန်မှာ။ မပြန်ခင် နှုတ်ဆက်ခဲ့ပါတယ်ဆိုတဲ့သဘောနဲ့ ခြံဝမှာ ပန်းစည်းလာထားမယ်၊ ကင်မရာက မင်းသမီးကိုချိန်မယ်၊ ညာဘက်ဆွဲသွားမယ်၊ ကိုထွဋ်ကိုရိုက်မယ်၊ ညာဘက်ဆက်ဆွဲသွားမယ်၊ မဖြတ်ဘူး၊ တစ်ဆက်တည်း နံရံက ပန်းချီကားကို ပြမယ်၊ ငှက်ကလေးနှစ်ကောင်၊ တစ်ကောင်က အကိုင်းမှာ နားကျန်ရစ်ခဲ့ပြီး တစ်ကောင်က ထပျံသွားတဲ့ ပန်းချီကားကို စတေနဲ့ပြမယ်၊ ညာဘက်ပဲဆက်ဆွဲမယ်၊ ပြတင်းပေါက်ရောက်မယ်၊ အဲဒီပြတင်းပေါက်ကနေ ခြံဝမှာ ပန်းစည်းလာထားနေတဲ့ ကိုခေါင့်ကိုရိုက်မယ်၊ သေးသေးလေးကနေ ဆွဲယူမယ် ...

"နံရံဘက်ကို ကင်မရာရောက်သွားရင် ကိုထွဋ် ထွက်လို့ရပြီ၊ ကိုခေါင်က ခြံတံခါးမှာ ပန်းစည်းတင်လျက်ပုံစံနဲ့စောင့်နေ၊ ထွက်မသွားနဲ့၊ အဲဒီပုံနဲ့ ရပ်မှာ"

"ခြံဝဆိုတော့ လမ်းမကြီးမှာ ကားဖြတ်တာရှိမယ် အာစရိ"

ဒေါက်ပုံဆရာက ပြောသည်။



"ရှိပစေ၊ ကားဖြတ်မှ သဘာဝကျမှာပေါ့၊ အဲဒါ လမ်းပဲ၊ လမ်းမှာ ကားသွားတာ ဆန်းမှမဆန်းတာ၊ ကိုခေါင့်ကို မကွယ်ရင် ပြီးတာပဲ"

"ကွယ်တော့ မကွယ်ပါဘူး"

"အိုကေ ... စမယ်"

"မင်းသမီးက ဘာလုပ်မှာလဲ"

ကင်မရာမင်းတွေကတောင် ဘယ်သူ့ရွေးမလဲ စိတ်ဝင်စားကြသည်။

"ဘာမှမလုပ်ဘူး၊ ကင်မရာ သူ့ကိုလွန်သွားရင် သူထွက်လို့ရပြီ။ ဒီအခန်းမှာ ကိုထွဋ်မျက်နှာရော အပြောရော၊ နေချိုနဲ့ ကိုခေါင်က မျက်နှာပြင် ခံစားမှုသပ်သပ်၊ ကိုထွဋ်က တောင်းပန်စကားပြောတော့ပြော အသံမယူဘူး၊ နောက်မှ ပြန်သွင်းမယ်၊ အသံကို အကောင်းဆုံး ဖြစ်ချင်လို့၊ ခု အသံမယူဘူး စမယ်"

"ဖိုက်၊ ဖိုး၊ သရီး၊ တူး၊ ဝမ်း ... အက်ရှင်"

အသံမယူသည်မို့ ဒါရိုက်တာကြီးက သရုပ်ဆောင်မှု ပီပြင်စေရန် ဝင်ပြောပေးသည်။

"စနေပြီ၊ မင်းသမီး ဆင်းလာမယ်၊ ဖြည်းဖြည်း မျက်နှာက သိပ်တော့ မသာယာဘူး၊ ဟုတ်ပြီ၊ နောက်ထပ် သုံးထစ် ဆင်း"

ဩော် ... လှေကားသုံးထစ် ဆင်းရပြန်ပြီဟု နေချို ကြကြဲဖန်ဖန် တွေးမိသည်။ ကလောမှာတုန်းကလည်း လှေကား သုံးထစ် ဆင်းခဲ့ဖူးပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးမျက်နှာ ကွက်ခနဲပျက်၊ ကောင်းတယ်၊ ရတယ်"

နေချို ရိုက်ကွင်းထဲမှ ထွက်လိုက်လို့ ရပါပြီ။ သို့ပေမဲ့ မီးထိုးမှန်ထိုး ကင်မရာတွေနှင့် လေ့ကားခြေရင်းမှာ ရှုပ်နေသည်။ ကင်မရာက ဖြည်းဖြည်းကွေ့၍ မင်းသားကိုထွင့်ဆီသို့ ရွေ့နေဆဲ ကျော့်ကို သတိရဖြစ်လိုက်သည်။

"ကျော် ... အဲဒီအချိန်မှာ ကျော်နဲ့ နေချိုနဲ့ စေ့စပ်ပြီးနေပြီ၊ ကျော်က ရည်းစားတွေကို မှုဉ်းဖြတ်နေပြီလို့ ပြောတယ်၊ ကျော် ပဂ္ဂိနဲ့ ဒီပြဿနာဖြစ်တဲ့အချိန်၊ ဒီထက်စောရင်တောင် နေချို ခွင့်လွှတ်နိုင်သေးတယ်"

"အဲဒီနေ့က ရောဘတ်မွေးနေ့၊ ကိုယ်တို့အားလုံးမူးနေကြတယ်"

"အတည်လေး"ဟု မခေါ်ရဲတော့ပါ။ အတည်လေး အခေါ်ခံရတိုင်း အသည်းနာတယ်ဟု နေချိုက ပြောထားသည်။

"မူးနေပါတယ်ဆိုတဲ့လူကို မစင်ကျွေးကြည့်ပါလား ကျော်စားမလားလို့၊ တို့ဥပမာ ရိုင်းရင်လည်း ခွင့်လွှတ်ပါ"

"မဟောင်းနိုင်တဲ့ လက်သုံးစကားကြီးနဲ့ ဆင်ခြေပေးရရင်တော့ ကိုယ်ကိုယ်တိုင်က အတွေ့ကိုမရှောင်နိုင်ခဲ့တာပါပဲ။ ဒါပေမဲ့ ပဂ္ဂိဟာ အပျက်ပျက် အစီးစီး မိန်းကလေးပါ၊ ကိုယ်က မိုက်တွင်းနက်ပြီး ခုန်ချမိတဲ့လူမိုက်၊ ခြေတစ်လှမ်းချမိလို့ ကိုယ့်ပိုင်နက်လား ပြန်စုံစမ်းရတာ၊ သူနဲ့လက်ထပ်တဲ့ကောင်နဲ့က ကိုယ့်မတိုင်ခင်ကတည်းက သူတို့ချင်းက အလွန်အကျွံပါ၊ ပြီးမှ ဒီကောင်က ကိုယ့်လိုလိုလွှဲချပြီးကွာချင်လို့ အကြောင်းပြတာ၊ အဲဒီကောင်ရဲ့ကလေးပဲ၊



ဒါကြောင့် ပဂ္ဂိက ကိုယ့်မှာတာဝန်မရှိပါဘူးလို့ ပြောတာ၊ မသေချာခင်က ရှစ်ဆယ်ရာခိုင်နှုန်း တာဝန်ကင်းတယ်လို့ ပြောခဲ့တဲ့စကားကို ခုပြင်တယ်၊ အဲဒီကလေး ကိုယ့်ကလေးလုံးဝမဟုတ်ဘူး၊ သေချာသွားပြီ"

ကျော့်ခမျာ နင်တစ်လုံး ငါတစ်လုံးတောင် မပြောရဲပါ။

မနေချို ခေါင်းခါ၏။ ကျော့်ကလေး ဟုတ်တာမဟုတ်တာက နေချို့အတွက် အရေးမကြီးပါ။ ကျော့်ကို သစ္စာဖောက်ဖျက်သူ၊ ကိုယ်ကျင့်တရား မထိန်းသူ၊ အတွေ့ကိုမရှောင်နိုင်သည့် ယောကျ်ားညံ့အဖြစ် နေချို လက်မခံချင်တော့တာဆိုတာ ကျော်သဘောပေါက်အောင် ထပ်ပြောရပါဦးမည်။

"စေ့စပ်ကြောင်းလမ်းပြီးတဲ့ လူတစ်ယောက် မူးလို့မရှောင်နိုင်ခဲ့ပါဘူးဆိုရင် အဲဒီလူနဲ့ လက်ထပ်ပြီးတဲ့အခါမှာ ကမ္ဘာပေါ်မှာ ရှိသမျှ မူးတတ်တဲ့ပစ္စည်းနဲ့ သေရည်တွေကို စုပေါင်းပြီး ပင်လယ်ထဲ သွားပစ်ရမလား၊ လူဦးရေသန်းပေါင်းငါးထောင်ထဲက အရွယ်ရောက် မိန်းမတိုင်းကိုပဲ လိုက်သတ်ရမလား၊ အရက်ဆိုတာဟာလည်း ကမ္ဘာပေါ်မှာ ရှိနေဦးမှာပဲ ...

"ကျော့်မှာ နေချိုနုနုဆိုတဲ့ ညီမရင်းတစ်ယောက်ရှိတယ်လို့ သဘောထားပါ၊ ဘဘကျော်နဲ့ အန်တီသစ်တို့မှာ သမီး တစ်ယောက်ရှိတယ်လို့ မှတ်ယူပါ၊ မိဘအရာမှာထား ပြီး ထာဝရ ဦးထိပ်မှာပန်ဆင်ထားပါ့မယ် ကျော်"

"စိတ်ကြီးလှချည်လား နေချိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



အတွေးဆုံးပေမယ့် လေ့ကားမှ ဆက်မဆင်းဖြစ်သေးပါ။ လေ့ကားခြေရင်းမှာ လူတွေများတုန်းပဲမို့ မင်းသားကိုထွင့်၏ အဲပြောနှင့် မျက်နှာကို ကြည့်လိုက်သည်။ ကင်မရာကညာဘက်ကို ဆွဲယူသွားသည်။ ကိုထွင့်က ငုံ့၍ထွက်၏။ သူ့ကျတော့ ဘယ်ဘက်ထွက်သွားရုံနှင့် လွတ်သည်။ မျက်စိက ဘာရယ်မဟုတ် ကိုထွင့်နောက် ပါသွားသည်။

"ကျော်"

အသံတိတ် နှုတ်ခမ်းလှုပ်ရုံ ခေါ်လိုက်ဖြစ်သည်။ ကျော် လိုက်လာပါလား။ လက်မလျှော့သေးဘူးပေါ့လေ။ ရှုတင်ရှိသည့်လိပ်စာကို ပေးမထားပါဘဲ သူ့နည်းသူ့ဟန်နှင့် စုံစမ်းကာ လိုက်ဖြစ်အောင် လိုက်လာခဲ့သည်ပေါ့လေ။

ကျော်ရယ် ... ကျော်နှင့် လမ်းခွဲရသည့်အတွက် တကယ်ပဲ ရင်ထဲမှာ နာကျင်ရပါ၏။ ကာယကံရှင်က ကိုယ်သာဖြစ်မနေလျှင် ကျော် ချစ်နေသူကို ကျော် ရစေချင်သည့်စေတနာ ပြည့်ဝစွာရှိပါသည်။

"ဟင် ... ထွန်း"

ထွန်းထွန်းက ကျော့်ဘေးနားမှာရပ်နေသည်။ သူတို့နှစ်ယောက် ချိန်းလာတာတော့ မဟုတ်ဘူးထင်ပါရဲ့။ ထွန်းကိုလည်း လိပ်စာပေးမထားပါ။ ဦးစံချိန်တောင် မသိ။ သည်အိမ်မှာ ကားရိုက်နေခဲ့တာ ဆယ်ရက်ရှိပြီ။ ရှေ့ကိုးရက်လုံးလုံး ဘယ်သူမှရောက်မလာပါဘဲ သည်နေ့ကျမှ သူတို့နှစ်ယောက်လုံး ရောက်လာတာ နောက်ဆုံးနေ့မှန်းသိလို့လည်း ဟုတ်မယ်မထင်ပါ။



"သိပ်ငယ်ပါသေးတယ် ထွန်းရယ်၊ ထွန်း တက္ကသိုလ်တက်ရဦးမယ်၊ အဲဒီအခါကျရင် ထွန်းချစ်တဲ့သူ နောက်တစ်ယောက် ထပ်တွေ့နိုင်ပါသေးတယ်၊ ခုဟာက ထွန်းရဲ့ပထမဆုံးအတွေ့အကြုံဖြစ်ပြီး အချစ်စိတ်တွေမွန်တိုင်း ခံစားနေရတာပါ၊ အရှိန်ပြေသွားတဲ့အခါ တစ်ချိန်တုန်းက မွှန်ခဲ့ဖူးတာကိုတောင် ထွန်း ကိုယ့်ဘာသာ ပြန်ရှက်နေနိုင်ပါတယ်"

"ဘယ်တော့မှ မရှက်ဘူး၊ အခု အချစ်စိတ် မွှန်နေတာဆိုလည်း မွှန်တယ်ဗျာ ဘာဖြစ်လဲ၊ မမကို ကျွန်တော် တစ်သက်လုံး မွှန်ထွန်နေအောင် ချစ်သွားမှာပဲ၊ ဘယ်တော့မှ အရှိန်မပြေဘူး"

"အချိန်က စကားပြောမှာပါ ထွန်းရယ်၊ စောင့်ကြည့်ပါဦး"

"အဲဒီလို စောင့်နေတုန်း ဟိုနိုင်ငံခြားပြန် ဦးကျော်တိုင်းကျော်က အနိုင်ရသွားမှာကို လုံးဝမခံနိုင်ဘူး၊ မမကို ကလောခိုးပြေးမယ်၊ လိုက်ခဲ့" တဲ့။

ကလေးဆိုး လူမိုက်လေးလို တစ်ဖွတ်ထိုးပြောခဲ့သည့် ထွန်း၊ ကျော်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေကာ နှစ်ယောက်သား နီးနီးကပ်ကပ်လည်း ရပ်နေရသည်။ မျက်နှာတွေကလည်း ခပ်မှုန်မှုန်။ စကားလည်း မပြောကြ။ လူလယ်ကောင်မို့ တစ်ယောက်နှင့်တစ်ယောက်တော့ ရန်စောင်မနေကြပါ။

"ထွန်းရေ ... ခြံဝကို လှမ်းကြည့်လိုက်ပါဦး၊ မင်းသား ကိုခေါင် ထွန်းနေရာက သရုပ်ဆောင်နေတယ်"ဟု ထွန်း ပြောချင်ပေမယ့် မကောင်းတတ်သည်မို့ မပြောဖြစ်တော့ပါ။ လူ

www.burmeseclassic.com

www.burmeseclassic.com



တွေများနေသည်။ ခြံဝကိုသာ လှမ်းကြည့်ဖြစ်လိုက်၏။ ကိုခေါင်က သံတံခါးမှာ ပန်းစည်ကိုညှပ်နေသည်။ ကင်မရာက ဖူးမ် zoom ဆွဲယူတော့ ကိုခေါင့်မျက်နှာ အမူအရာ ပေါ်လွင်မှာပါ။ နေချို့ အနေနှင့် ရိုးရိုးမျက်စိဖြင့် လှမ်းကြည့်ရတော့ သိပ်မသဲကွဲပါ။ ကိုခေါင် ခပ်မှိုင်မှိုင် လုပ်ပြနေမှန်းတော့ သိသည်။

"ဖြတ်ပြီကွာ ... ကားကလည်း"

ဒါရိုက်တာကြီးက ကားဖြတ်သွားလည်း သဘာဝ ကျပါသည်။ ဘယ်လောက်ပြောပြော ကင်မရာမင်းက သူ့ခတ်ပုံ အချိုးတကျထဲ အပိုအလျှံတွေ ဝင်လာတာ မကြိုက်ပုံနှင့် မျက်နှာ ရှုံ့မဲ့နေသည်။

"ဟာ ... ဆင်းလာပြန်ပြီ ဘယ်သူလဲ၊ ဒီမှာ ရိုက်နေတာ"

ဖြတ်သွားသည့်ကားက ခြံဝလွန်လွန်လေးမှာ ရပ်ပြီး လူတစ်ယောက် ဆင်းလာသည်။ ကင်မရာခွင်ထဲသို့ ရောက်လာသည်မို့ ကင်မရာမင်းက ထဆဲသည်။

"ဟော့လူ ... အဲဒါ ပရိုဂျူဆာ"

"ဟင် ..."

နေချို့ ကိုယ်ကလေး လန့်ခုန်သွားသလား ထင်လိုက်သည်။ ဒါရိုက်တာကြီးက "ပရိုဂျူဆာ"တဲ့။ ပရိုဂျူဆာဆိုတော့ ဦးမင်းခန့်ထယ်ပေါ့။ နေချို့ ခေါင်းကလေးငုံ၍ ကြည့်လိုက်၏။

ဟယ် ... ဦး။

ဦးမှ ဦးအစစ်ပါ။ ဦး ဆေးရုံမှာတုန်းကလည်း သတင်းမေး မသွားခဲ့ရ။ အိမ်ပြန်ရောက်တော့လည်း မသွားရ။ ဖုန်းဆက်တော့လည်း ဖိုးအေးက မရှိဘူးချည်းပြောတာ နေချို့



အတွက်ဆိုတာ နေချို့ သိသည်။ ဦးက ပြဿနာတွေကြားထဲ ရှုပ်ယှက်ခတ်နေချိန်မို့ သည်ဒုက္ခတွေထဲ နေချို့နာမည် ပါလာမှာစိုးရှာလို့ ရှောင်တာမှန်း နေချို့ သိပါသည်။ ဦးစံချိန်ကလည်း ဖုန်း မဆက်။ နေချို့ကဆက်တော့ သူ့ဇနီး သင်းသင်းခိုင် လာကိုင်ကာ အဖြေက မရေမရာ။ ဆက်ရသည့်သူက ရှက်လာသည်။ ဦးနှင့် လုံးဝအဆက်အသွယ် ပြတ်ခဲ့တာ တစ်လနီးပါးတောင် ရှိခဲ့ပါပြီ။

ဦး နည်းနည်းပိန်သွားရှာ၏။ ဦးက ခြံတံခါးကိုဖွင့် လိုက်သည်။

ဦး ...။

ရင်ထဲမှ အကျယ်ကြီး ခေါ်လိုက်သည်။ လှေကား ထစ်တွေကို ကျော်ဆင်းပစ်လိုက်သည်။ လှေကားရင်းမှာ ရှုပ်နေသည့် လူတွေကို တွန်းတိုက်ပစ်ခဲ့သည်။ အိမ်တံခါးဝနားမှာ ရပ်လျက် အံ့ဩဟန်နှင့် မျက်လုံးတွေ ကိုယ်စီပြူးနေကြသည့် ကျော်နှင့်ထွန်း ကို လက်နှစ်ဖက်ဖြင့် စုံဖယ်ခဲ့၏။ နေချို့ ခြံထဲသို့ရောက်ပါပြီ။

"ဦး ..."

အသံထွက်၍ ခေါ်လိုက်သည်။ မင်းခန့်ထယ်က ရောက်သည့်နေရာမှာ ရပ်နေ့လိုက်သည်။

"ဦး ... လာ ... လာ ... ကားပေါ်တက်၊ ပြန်မောင်း ...၊ ထွက် ... ထွက် ... ဦး"

ဦးလက်ကိုဆွဲ၍ ကိုယ်ကိုပါ တွန်းလိုက်၏။ မင်းခန့် ထယ် ပြန်ပါလာသည်။ ခြံဝမှ ပြန်ထွက်ကြ၏။ နှစ်ယောက်သား ကားပေါ်တက်တော့ မင်းသား ကိုခေါင်က ပြေးလိုက်လာသည်။

"ရော့ ..."

www.burmeseclassic.com

www.burmeseclassic.com



စောစောက တံခါးသံတိုင်တွေပေါ် သူချိတ်နေသည့် ပန်စည်းကို ကားထဲပစ်ထည့်၏။ ကားက ငူးခနဲ မောင်းထွက်လေတော့သည်။

✧ ❦ ✧

"အောက်မေ့လိုက်တာ ဦးရယ်၊ နေကောင်းရဲ့လားဟင်"

"နေချိုလေး ..."

"ရှင် ... ဦး"

"ဦး အမှုပြီးသွားပြီ"

"ဦးက လွတ်တာလားဟင်"

"ဦးမှ မသတ်ဘဲကွယ်"

"ဘယ်သူသတ်တာလဲ ဦး"

"ကိုသိန်းမောင်၊ ဦးရဲ့အတွင်းရေးမှူး"

"ဟောတော့"

"သူက နွဲ့ရဲ့ငယ်ရည်းစား၊ နွဲ့ကိုလည်း သိပ်ချစ်တယ်၊ နွဲ့က စည်းကမ်းကိုမရှိတာ၊ ငြိမ်ငြိမ်ကလေးနေပြပြီး လူမသိအောင် ကဲတတ်တဲ့အမျိုး၊ ဒါကြောင့် အိမ်မှာ အိမ်ဖော်မထားတာ ...

"သူ့အကျင့်က ဖောက်ပြန်ရမှ၊ ကိုသိန်းမောင်နဲ့လည်း မကင်းပါဘူး၊ သူပြောပေးလို့ ကိုသိန်းမောင်ကို ဦးက အတွင်းရေးမှူး ခန့်ခဲ့တာ၊ အဲဒီနေ့က ဦး လေဆိပ်သွားတော့ လစ်ပြီဆိုပြီး ကိုသိန်းမောင်က သူ့ဆီသွားတယ် ...



"ဦးက အရင်ရောက်ခဲ့ပြီးလို့ ပြန်ထွက်လာခဲ့ပြီးပြီ၊ ကိုသိန်းမောင်ကကျတော့ ဝရန်းသုန်းကားပုံစံနဲ့ကို တွေ့တာ၊ ဟိုကောင်က အောင်မြင့်တဲ့၊ ကိုသိန်းမောင် လာတာကို ဦးမှတ်လို့ ထွက်ပြေးသွားတယ်၊ အောင်မြင့်က ကိုသိန်းမောင်ကို မတွေ့လိုက်ဘူး၊ ကိုသိန်းမောင်က အောင်မြင့်ကို တွေ့လိုက်တယ်၊ နွဲ့နဲ့တွေ့တော့ စိတ်မထိန်းနိုင်ဘဲ သတ်တော့တာပဲ"

"ဦးကို ဓားနဲ့ပစ်တာကရော"

"အဲဒါက အောင်မြင့်၊ နွဲ့ကို ဦးသတ်တယ်မှတ်လို့ ဦးကို သေကြောင်းကြံတာ၊ နွဲ့မိဘတွေလည်း သနားစရာကောင်းတယ်၊ ရှက်လိုက်ကြတာ၊ ခုတော့ ဘူးပေါ်သလို ပေါ်ကုန်တာပေါ့၊ မေမေလည်း သနားပါတယ်၊ တစ်သက်နဲ့တစ်ကိုယ်မှာ လူကဲခတ် မှားလေခြင်း ...

"သားကို နွဲ့နဲ့ ပေးစားမိလေခြင်းဆိုပြီး ရင်ထုမနာဖြစ်ရှာတယ်"

"ဦးကရော ရှက်သေးလား"

"ရှက်စရာပေါ့ နေချိုလေးရယ်"

"မရှက်နဲ့သိလား၊ ဦးမှာ ဘာအပြစ်မှ မရှိဘဲ"

"ကဲ ... မရှက်တော့ဘူး"

"ဦးက ဒီနေ့ကျမှ ဘာလာလုပ်တာလဲ၊ ဟိုနေ့တွေတုန်းက တော့ မလာဘူး၊ ရှုတင်မှာ ကျော်ရော ထွန်းပါ ရှိ[illegible]တယ် ဦးရဲ့၊ ထွန်းက အရေးမကြီးဘူး၊ သွေးသိပ်မ[illegible]ဘူး၊ ကျော်

www.burmeseclassic.com

www.burmeseclassic.com



က သွေးဆူတယ်၊ လူလယ်ကောင်မှာ ဦးကို ထိုးလားကြိတ်လား လုပ်ချင်လုပ်မှာ ...

"အဲဒါကြောင့် ပြန် ... ပြန်ဆိုပြီး အတင်းပြန်ထွက်လာရတာ၊ ရှုတင်က လူတွေတော့ ဘာပြောကျန်ရစ်မလဲ မသိဘူး"

"နေချိုလေးကော ရှက်လို့လား"

"ခုမှတွေးပြီး ရှက်နေတယ်၊ လှေကားတွေကို တစ်ထစ်ကျော်လောက် ခုန်ဆင်းလာခဲ့တာ"

"မရှက်နဲ့သိလား၊ နေချိုမှာမှ အပြစ်မရှိဘဲ"

"ဟင် ... ဦးက သူများစကား ယူပြောတယ်"

နေချို ရယ်သံလွင်လွင်လေးက ကားထဲမှာ စီညံသွားတော့သည်။

"ဦးက သည်နေ့ နောက်ဆုံးနေ့မှန်းသိလို့ တမင်လာတာ"

"နောက်ဆုံးခန်းတောင် မရိုက်ခဲ့ရဘူး"

"နေချိုလေးက ဘယ်သူ့ကို ရွေးရမှာတဲ့လဲ"

"ဦးက ဇာတ်လမ်းမသိဘူးလား၊ ကျော်လုပ်တဲ့ ကိုထွန်ရှိကို ရွေးရမှာ"

"ခုရော ... နေချိုလေး ဘယ်သူ့ကို ရွေးလိုက်လဲ"

"မရွေးလိုက်ရဘူးလေ၊ နေချိုက ပြန်ချလာတော့ ရှုတင်အဖွဲ့ မောပြီးကျန်ပြီပေါ့၊ မနက်ဖြန်မှ ဆက်ရိုက်ပေးရတော့မယ်"

"နေချိုလေး"



"ရှင်"

"ခု ... ကားက ဘယ်ကို မောင်းနေလဲသိလား"

"မသိဘူးလေ၊ တစ်နေရာရာမှာ နေချိုကို မုန့်ကျွေးမလို့ မဟုတ်ဘူးလား"

"တစ်သက်လုံး ကျွေးတော့မလို့"

ရင်ထဲလှုပ်ခနဲ ခုန်သွားသည်။ နှလုံးခုန်သံက ဒိန်းဒိုင်း ထမြည်တော့သည်။

"နေချိုလေးကို ဦး ချစ်တယ်၊ ဦးအချစ်ကိုလည်း နားလည်ပေးပါ၊ လက်ခံပါ၊ ပြီးတော့ နေချိုကလည်း ပြန်ချစ်ပါလို့ အနူးအညွတ် တောင်းဆိုပါတယ်၊ ဦးရဲ့ အားနည်းချက်ဖြစ်တဲ့ အသက်ကြီးခြင်းနဲ့ မုဆိုးဖိုဆိုတဲ့ အမည်းစက်တွေကို ချစ်တဲ့စိတ်နဲ့ ဖျောက်ဖျက်ပေးပါလို့ ဦး တောင်းပန်ပါတယ်၊ ပြီးတော့ အလွန်တိုတောင်းတဲ့ အချိန်အတွင်းမှာ အသက်နဲ့အမျှ ပေါက်ပေါက်ကွဲကွဲ ချစ်သွားမိတဲ့ ဦးအချစ်ကိုလည်း ယုံပေးပါလို့ တောင်းပန်ချင်တယ်"

ပြောမယ့်ပြောတော့ တောက်လျှောက်ကြီး ပြောချသည်။ နေချို အသည်းတအေးအေးနှင့် ခေါင်းငုံ့နားထောင်ရတော့သည်။

"သိပ်ချစ်တာပဲ၊ မခွဲနိုင်တော့ဘူး၊ အမြန်ဆုံး လက်ထပ်ချင်တယ်"

ဦးရယ် ... ဦးမိန်းမ ကွယ်လွန်ထားတာ နှစ်လလောက် ရှိသေးတယ်လေ ဦးရယ်။ ဦးနဲ့ နေချိုနဲ့ တယ်လီဖုန်းထဲမှာ စကားအကြိမ်ပေါင်းများစွာ ပြောဆိုရင်းနှီးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လူချင်း ခုလိုမျက်နှာချင်းဆိုင်ပြီး စကားပြောဖြစ်တာ ဘယ်နှကြိမ်လဲလို့ လက်ချိုးရေတွက်ရင်တောင် ရနိုင်နေပါတယ်။ ဖြစ်ပါ့မလား ဦးရယ်။ မဖြစ်နိုင်ဘူး ထင်ပါတယ်။

အဲသည်စကားတွေကို ဦးကိုပြောချင်ပါသည်။ သို့ပေမဲ့ အသည်းထဲ အေးသလောက် လည်ချောင်းတွေက ခြောက်နေသည်။ စကားပြောခြင်းအလုပ်ကို နှုတ်ခမ်းနှစ်လွှာက မထမ်းဆောင်နိုင် ဖြစ်နေ၏။

"နေချိုလေးက အချိန်စောင့်ချင်သေးတယ်ဆိုလည်း လက်ဖျားနဲ့ မတို့ဘဲ အလုကြည့်ပြီး စောင့်ပါ့မယ်၊ ချစ်တယ် ဆိုတာလေးတစ်ခုပဲ ပြောထားပါ ဦးကြားချင်လွန်းလို့၊ ဒါလေးတစ်ခုတော့ ဦးကိုလှူပါ"

အချွဲစားနော်။ ချွဲတတ်ပါဘိခြင်း ဦးရယ်။ ဒါလေး တစ်ခုတော့ ဦးကိုလှူပါ ... တဲ့။

"ရေစက်ဆိုတာကို ဦးတော့ သိပ်ယုံသွားပြီ၊ နဖူးစာဆိုတာလည်း ယုံတယ်၊ နေချိုနဲ့ ဦးဟာ ဖူးစာစစ် ဖူးစာမှန်"

သြော် ... ကိုယ့်ဘက်ကိုယ်လည်း ယက်တတ်ပါဘိခြင်း။ ဘယ်သူက ချစ်ပါပြီပြောလို့ ဖူးစာစစ် ဖူးစာမှန်တွေ ဖြစ်ရတာလဲ။

"ချစ်တယ် မဟုတ်လားဟင်"

"ဟင့်အင်း"

ခေါင်းမော့ပေမယ့် ဦးကိုမကြည့်ဘဲ မျက်ကြောစင်းစင်းချလျက် အချိုဆုံးလေးပြုံးပြီး ခေါင်းခါပြလိုက်သည်။

"ခွေးမလေး"



ခေါ်ပြန်ပြီ။ ခွေးမလေးတဲ့။ ဦးရယ် ... ဦးကိုချစ်မိတာနဲ့ လူစင်စစ်ကလည်း ခွေးမလေး ဖြစ်ရပါပြီနော်။

ခုတော့ နေချို သိပါပြီ ဦးရယ်။ နေချို့ ရင်ထဲမှာ အရှိန်ပြင်းထန်တဲ့ မုန်တိုင်းတစ်ခု ကျရောက်ပါတယ်။ ရင်တွင်းပစ္စည်းတွေဟာ ပရမ်းပတာနဲ့ အထိန်းအသိမ်းမဲ့စွာ ပြန့်ကျဲလွင့်ပျံ့ခဲ့ပါတယ်။ တစ်စစီ တစ်ဖဲ့စီ ဖြစ်နေတဲ့ ရင်ခွင်ကြီးတစ်ခုလုံးရဲ့ အပဲ့အရွဲ့ကလေးတိုင်းမှာ ဦးရှိနေပါရောလား။ ဦးရဲ့ပုံရိပ်စွန်းထင်းနေပါရောလားလို့ နေချို သိလိုက်ရပါပြီ ဦးရယ်။ အံ့သြတုန်လှုပ်မိပေမယ့် ရှုံးသွပ်မတတ် ပေါက်ပေါက်ကွဲကွဲ စွဲမက်သွားမိပြီဖြစ်တဲ့ ဦးထံပါးက နေချို ရုန်းမထွက်နိုင်တော့ပါဘူး ဦးရယ်။

ဦးကိုချစ်တယ်။

"ချစ်တယ်လို့ ပြောကွာ"

ဟင့်အင်း ... ဆိုပေမယ့် သည်မျက်နှာက သည်လောက်ပြုံးနေတာကို ဦးဆိုတဲ့ လူလည်ကြီးက မသိဘဲနေမှာတဲ့လား။

"ပြောလေ"

"ဦးပြောတဲ့ အတိုင်းပဲ"

သည်တစ်ခါတော့ ခေါင်းလေးညိတ်ပြလိုက်သည်။

ဦးမျက်နှာကြီး ချိုကျသွားလိုက်ပုံက ပျားရည်မြစ်တစ်စင်း ဖြတ်စီးသလား ထင်ရသည်။ ဦးရယ် ... ငယ်နသွားလိုက်တာလည်း မပြောပါနဲ့တော့။ နသစ်လတ်ဆတ်ပြီး ပျိုမျစ်သွားလိုက်တာ။ ကံမကောင်း အကြောင်းမလှလို့ ထင်လိုက်ရတဲ့ အမည်းစက်ကလေးကိုတော့ ဦးပြောသလို အချစ်နဲ့ပဲ ဆေးကြောသန့်စင်ပေးလိုက်ပါတော့မယ်။ ချစ်ပါတယ် ဦးရယ်။ နေချိုလေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးကို ဘယ်တုန်းက စချစ်သွားမှန်းတော့ မသိပါဘူး။ သိတဲ့အချိန်မှာ ဘယ်လိုဖျက်လို့မှ မပျက်နိုင်အောင် ခိုင်မြဲစွာနစ်နေပါပြီ။

နေချို့ဘဝထဲမှာ ဦးရှိမှ ပြည့်စုံမှာပါ။ ဦးဘဝရဲ့လစ်ဟာနေတဲ့ ကွက်လပ်ကလေးမှာလည်း နေချိုက ဖြည့်ဆည်းပေးနိုင်တဲ့ ပါရမီဖြည့်ဘက်ပဲ ဖြစ်ချင်ပါတယ်။ နေချို့ကို တစ်သက်လုံး ဘယ်တော့မှ မမုန်းဘဲ ချစ်သွားပါ ဦးရယ်။

"ဘယ်သူ့အိမ်လဲ သိလား"

"ဟင့်အင်း"

"မေမေ့အိမ်၊ မေမေ့ကို ပြမလို့၊ ကျွန်တော် သိပ်ချစ်ရတဲ့ ကောင်မလေးကို ခေါ်ခဲ့ပြီလို့"

ကားက ခြံဝင်းတစ်ခုထဲသို့ ဝင်၏။ နေချို ကိုယ်လေးကို ကျုံ့လိုက်၏။ ခေါင်းငုံ့ကာ ဦးရင်ခွင်ထဲမှာ ပုန်းနေလိုက်တော့သည်။

အချစ်နှင့်ခြံတော့လည်း လုံလဲလိုက်ပါဘိခြင်းလေ။

အချစ်ဆိုတာ နှောင်ဖွဲ့တတ်တဲ့အရာ၊ တွယ်တာရစ်ပတ်တတ်တဲ့အရာ၊ သိုင်းဖွဲ့စိုးမိုးတတ်တဲ့အရာ။ ပြီးတော့ အဲသည့်အချစ်ဟာ နှလုံးသားနဲ့ ဘဝတစ်ခုကို လုံနေအောင်လည်း ခြံလွှမ်းပေးတတ်တဲ့အရာမို့ ဖွဲ့ရစ်သိုင်းခြံတတ်တဲ့ အဲသည်အချစ်ထဲမှာ ထာဝရ ယစ်မူးနစ်မျောလို့ နေပါရစေတော့ ဦးရယ်။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com